ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**လောကဓမ္မတာစံကြရာ**

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)

၁၃၇၉ ခုနှစ် နတ်တော်လပြည့်ကျော် ၂ ရက်၊ အင်္ဂါနေ့။ | Tuesday, 5 December 2017 | ၉၁၂၉

လူထုငြိမ်းချမ်းရေးလုပ်ရှားမှု (ရက်သတ္တပတ်)အခမ်းအနားများ ကော့သောင်းမြို့နှင့် တနင်္သာရီမြို့တို့တွင် ကျင်းပ

စာမျက်နှာ - ၃

၂၀၁၈ အာရှချန်ပီယံလိဂ်နှင့် AFC Cup ပြိုင်ပွဲ အုပ်စုမဲခွဲပွဲ ဒီဇင်ဘာ ၆ ရက် ကျင်းပမည်

စာမျက်နှာ - ၅

ဂျာမနီနှင့် ကနေဒါနိုင်ငံသားဧည့်သည်များ ၎င်းတို့၏ ကိုယ်ပိုင်မော်တော်ယာဉ်ဖြင့် လာရောက်လည်ပတ်

စာမျက်နှာ - ၇

ကလေးတိုင်းကို မိခင်ရင်ခွင်ဉ်သာ ကြီးပြင်းစေချင်၊ မလိုလားအပ်သည့် ကိုယ်ဝန်ရပြီး မွေးဖွားပြီးနောက် ကလေးတွေကို စွန့်ပစ်နေ

စာမျက်နှာ - ၈

မောင်တောဒေသ တရားဥပဒေစိုးမိုးမှု ပြန်လည်ရရှိဖို့ဆိုရင် အုပ်ချုပ်ရေးယန္တရားနိုင်မာအောင်လုပ်ရမယ်

စာမျက်နှာ - ၁၀

# ကမ္ဘာလှည့်ခရီးသွားများနှင့် အများပြည်သူကြည့်ရှုလေ့လာနိုင်ရန် မန္တလေးတိုင်းဒေသကြီးတွင် ဆင်စခန်းတစ်ခု ဖွင့်လှစ်မည်

**မန္တလေး ဒီဇင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရဲရွာရေအား လျှပ်စစ်စီမံကိန်းကားလမ်းပေါ်ရှိ မကျည်းအင်းကျေးရွာ ဝှက်ကားရေတံခွန်အနီး ၉ မိုင် ၃ ဖာလုံတွင် ကမ္ဘာလှည့်ခရီးသွားများနှင့် အများပြည်သူကြည့်ရှုလေ့လာနိုင်ရန် ဆင်စခန်းတစ်ခု ၂၀၁၈ ခုနှစ်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မြန်မာ့သစ်လုပ်ငန်း(မန္တလေးတိုင်းဒေသကြီး)ထံမှ သိရသည်။

"ဆင်စခန်းတည်ဆောက်နိုင်ဖို့အတွက် ပြီးခဲ့တဲ့ နိုဝင်ဘာလကတည်းကစပြီး အကောင်အထည်ဖော်ခဲ့တာပါ။ ဒီဇင်ဘာလကုန်ပိုင်း လောက်ဖွင့်ဖို့ ကျွန်တော်တို့ ကြိုးစားနေပါတယ်၊ ဝင်ကြေးအနေနဲ့ကတော့ အစိုးရကသတ်မှတ်ထားတဲ့ ဈေးနှုန်းအတိုင်းဖြစ်မှာပါ"ဟု မြန်မာ့ သစ်လုပ်ငန်း(မန္တလေးတိုင်းဒေသကြီး) မန်နေဂျာ ဦးအောင်မြင့်ဌေးက ပြောသည်။

မြန်မာနိုင်ငံတွင် ဆင်စခန်း ၁၀ ခုကျော် ရှိသည့်အနက် မန္တလေးတိုင်းဒေသကြီးတွင် သပိတ်ကျင်းဆင်စခန်းကို ကမ္ဘာလှည့်ခရီးသွားများ ကြည့်ရှုလေ့လာနိုင်ရန် ဖွင့်လှစ်ပေးခဲ့သော်လည်း ယခုဖျက်သိမ်းလိုက်သည့်အတွက် အဆိုပါနေရာအစား ယခု ဝှက်ကားရေတံခွန်အနီးတွင် ကမ္ဘာလှည့်ခရီးသွားများနှင့် အများ ပြည်သူကြည့်ရှုလေ့လာနိုင်ရန် ဖွင့်လှစ်ခြင်း ဖြစ်သည်။

"ဆင်တွေက စဉ့်ကူးကနီးတဲ့အတွက် စဉ့်ကူးကနေ ရွှေ့တာပြီးသွားပါပြီ၊ ဆင်တွေနဲ့ **စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳**



ပဲခူးတိုင်းဒေသကြီး သာဂရမြို့အနောက်ဘက် ၁၀ မိုင်ခန့်အကွာတွင် တည်ရှိသည့် ဖိုးကျားဆင်စခန်းကို တွေ့ရစဉ်။ *ဓာတ်ပုံ-ကြေးမုံ*

# ၁၉၉၆၊ ၉၇၊ ၉၈ ခုနှစ်ထုတ် မိုဒယ် အိုဟောင်းဘတ်စ်ကား ၂၉၆ စီး အပ်နှံမှု လက်ခံ

**ရန်ကုန် ဒီဇင်ဘာ ၄**

ရန်ကုန်မြို့ YBS ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းများတွင် ၁၉၉၆၊ ၉၇၊ ၉၈ ခုနှစ်ထုတ် မိုဒယ် အိုဟောင်း ခရီးသည်တင်ဘတ်စ်ကားများကို နိုဝင်ဘာ ၂၀ ရက် နောက်ဆုံးထား အပ်နှံစာရင်းပေးသွင်းရန် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA)က အသိပေးကြေညာပြီးနောက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ၂၉၆ စီး အပ်နှံမှု လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

လက်ရှိ YBS ယာဉ်လိုင်းများတွင် ပြေးဆွဲလျက်ရှိသည့် ၁၉၉၆၊ ၉၇၊ ၉၈ ခုနှစ်ထုတ် မိုဒယ် အိုဟောင်း ခရီးသည်တင်ဘတ်စ်ကား အစီး ၄၀၀ ကျော်ခန့်ရှိရာ ၂၉၆ စီး အပ်နှံရန် အဆိုပြုလာမှုရှိခဲ့ပြီး အပ်နှံမှုလုပ်ငန်းများကို **စာမျက်နှာ ၃ ကော်လံ ၄ သို့ ○**

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by FinanceAsia 2017

# ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၂) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်တော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံရေး ဆွေးနွေးပွဲများမှတစ်ဆင့် "ထာဝရငြိမ်းချမ်းရေး"ပန်းတိုင်သို့ ရောက်ရှိအောင် ပြည်ထောင်စု တိုင်းရင်းသား အားလုံးမှ နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ရေး။

(၅) စီးပွားရေး၏ အဓိက မောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိက ကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

## ကြေးမုံ

# ရောဂါကင်းဝေး စားသောက်ရေး

မျက်မှောက်ကာလ လူ့ဘောင်လောက၌ အများပြည်သူတို့ စိုးရိမ်ကြောက်လန့်မှုအရှိဆုံးကိစ္စမှာ မကူးစက်သောရောဂါတစ်မျိုးမျိုးဖြင့် အထူးကုဆေးခန်း၊ ဆေးရုံတို့တွင် တက်ရောက်ရမည့်အရေးပင်ဖြစ်သည်။ မကူးစက်သောရောဂါဆိုသည်မှာ သွေးတိုး၊ နှလုံး၊ ဆီးချို၊ သွေးချို၊ ကျောက်ကပ်၊ ကင်ဆာ စသည့် ခေတ်ပေါ်ရောဂါ သို့မဟုတ် ရောဂါဆန်းများဖြစ်ပါသည်။

ကျန်းမာရေး ဆိုစကားအရ "အနာသိလျှင် ဆေးရှိသည်"ဟု ဆိုသော်လည်း အဆိုပါရောဂါတစ်မျိုးမျိုးရှိလာပြီဆိုလျှင်ကား ရောဂါအနု၊ အရင့်အပေါ်မူတည်၍ စည်းစိမ်ဥစ္စာ အနေးနှင့် အမြန် ကုန်လွယ်ပြီး ရောဂါရင့်လျှင် အသက်ခန္ဓာ အချိန်မတိုင်မီ ပျက်သုဉ်းနိုင်ပါသည်။ ရောဂါတစ်မျိုးမျိုး အထူးသဖြင့် အထက်ပါရောဂါတို့ကို မည်သူမျှ ရလိုခြင်းမရှိပါ။ သို့သော် မျက်မှောက်ကာလ လူတို့နေထိုင်စားသောက်မှုပုံစံပြောင်းလဲလာမှုအရ အဆိုပါရောဂါတစ်မျိုးမျိုးမှာ သိသိသာသာဖြစ်စေ၊ မသိမသာဖြစ်စေ အရွယ်မရွေး၊ အချိန်မရွေး ဖြစ်တတ်ပါသည်။

ယခုအခါ အများပြည်သူတို့သည် ဝင်ငွေရရှိရေးနှင့် ဘဝအဆင့်အတန်း မြင့်မားရေးအတွက် လုပ်ငန်းခွင်၌ မရပ်မနားကျင်လည်လုပ်ကိုင်ကြရာတွင် မိမိ၏ ခန္ဓာကိုယ်ကျန်းမာရေးကို သတိမမူဖြစ်တတ်ကြပါသည်။ ထို့အပြင် ပြောင်းလဲလာသော လူမှုဘဝစားသောက်မှုပုံစံအသစ်အရ အသင့်စား အစားအသောက်များ၊ ကျန်းမာရေးနှင့် မညီညွတ်သည့် အစားအသောက်များကို သိလျက်နှင့်ဖြစ်စေ၊ မသိလျက်နှင့်ဖြစ်စေ စားသောက်ဖန်များလာသောအခါ အဆိုပါရောဂါတစ်မျိုးမျိုး အနည်းနှင့် အများ ဖြစ်တတ်ကြပါသည်။

ထိုကဲ့သို့သော အစားအသောက်နှင့်ပတ်သက်သည့် အန္တရာယ်အမျိုးမျိုးတို့ ဖြစ်စေနိုင်သည်ကို အများပြည်သူတို့ သိရှိကြသော်လည်း ရွေးချယ်စရာနည်းလမ်း နည်းပါးလှသဖြင့် ဖြစ်နိုင်သည်ဖြစ်စေ၊ မဖြစ်နိုင်သည်ဖြစ်စေ ရင်ဆိုင်ဇွတ်တိုး စားသောက်နေကြသည်က များပါသည်။ ထိုအရေးကို ကျန်းမာရေးဌာနက အစားအသောက်နှင့် ဆေးဝါးများ စစ်ဆေးရေးလုပ်ငန်းများဖြင့် ပြည်သူများ ကျန်းမာရေးအတွက် ကာကွယ်ဆောင်ရွက်ပေးနေသကဲ့သို့ စိုက်ပျိုးရေးဌာနကလည်း စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြင့် အန္တရာယ်ကင်းသည့် အစားအစာ ထုတ်လုပ်နိုင်ရေးအတွက် ဆော်ဩပေးနေသည်ကို တွေ့ရပါသည်။

ပြည်သူများ ဘေးအန္တရာယ်ကင်းစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း (Good Agriculture Practices-GAP)စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ကြရန် သီးနှံစိုက်ပျိုးသူများအား နှိုးဆော်အသိပေးနေသည်ကို တွေ့ရပါသည်။ သို့သော် အဆိုပါနည်းစနစ်ဖြင့် စိုက်ပျိုးသည့် စိုက်ခင်းများ နည်းပါးနေသေးသဖြင့် တွင်တွင်ကျယ်ကျယ် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာကြနိုင်ရေး ဆက်လက်အသိပေး ကူညီဆောင်ရွက်ပေးကြရန် လိုအပ်ပါသည်။

စိုက်ပျိုးသူများဘက်မှကြည့်လျှင် တွက်ခြေမကိုက်၊ ဈေးကွက်မရဟူ၍ ဆိုချင်ဆိုကြမည်။ စားသုံးသူများဘက်ကကြည့်လျှင် ကျန်းမာရေးနှင့် ညီညွတ်သည်မှန်သော်လည်း ဝင်ငွေ၊ ထွက်ငွေ ကာမိရေးအတွက် ဈေးနှုန်းသက်သာရာကိုသာ ရွေးချယ်ခြင်းဖြစ်ပေလိမ့်မည်။ အဓိကမှာ ပိုးသတ်ဆေးသုံးသည့် သီးနှံဈေးနှုန်းနှင့် ဓာတုကင်းလွတ်သည့် သီးနှံဈေးနှုန်း မကွာဟစေနိုင်ရန်အတွက် နည်းလမ်းရှာဖွေဆောင်ရွက်ခြင်းဖြင့် ပြည်သူလည်း ကျန်းမာ၊ တောင်သူလည်း တွက်ခြေကိုက်သည့် နည်းလမ်းကို ရှာဖွေကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ အများဆုံးစားသုံးသီးနှံ ၁၅ မျိုးအတွက် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်နည်းတို့ကို ထုတ်ပြန်အသိပေး ဆောင်ရွက်ပေးနေသည်။ နည်းပညာအကူအညီများကိုလည်း ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဟု သိရှိရသည်။ ဈေးနှုန်းကွာဟချက် ကြီးကြီးမားမားမရှိလျှင် စိုက်ပျိုးသူများဘက်က တိုးချဲ့စိုက်ပျိုးကြပြီး စားသုံးသူများဘက်ကလည်း မိမိတို့၏ကျန်းမာရေးကိုရှေးရှုကာ ဦးစားပေးရွေးချယ်စားသုံးဖို့ လိုပေမည်။

သို့ဖြစ်ရာ ပြည်သူကိုဦးစားပေးသောခေတ်တွင် အများပြည်သူ ကျန်းမာရေးအတွက် အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ဈေးကွက်စီးပွား တွက်ခြေကိုက်ရေးအတွက် ထုတ်လုပ်မှုစရိတ်သက်သာပြီး အရည်အသွေးပြည့်ဝကောင်းမွန်ရေးတို့ကို အချိုးညီမျှတစွာဖြင့် ဆောင်ရွက်ကာ GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ရေး အောင်မြင်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ ။

# NRPC စာစောင်ထုတ်ဝေနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး



**နေပြည်တော် ဒီဇင်ဘာ ၄**

ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ မူဝါဒများ၊ ဆောင်ရွက်ချက်များအား အများပြည်သူ သိရှိနိုင်ရေးအတွက် NRPC စာစောင် ထုတ်ဝေနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် အတိုင်ပင်ခံရုံး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အတွင်းရေးမှူး နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်က စာစောင်ထုတ်ဝေရေးအတွက် လိုအပ်သည့် ကော်မတီကို ဖွဲ့စည်းဆောင်ရွက်သွားရေး၊ မူဝါဒများနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြရေးတို့နှင့် စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် စာစောင်ထုတ်ဝေရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ငွေးက ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက စာစောင်တွင်ဖော်ပြမည့် မူဝါဒများ၊ ပါဝင်မည့် အကြောင်းအရာများ၊ ထုတ်ဝေမည့်ကာလ သတ်မှတ်ရေး စသည်တို့ကို ဆွေးနွေးကြသည်။ အစည်းအဝေးသို့ ငြိမ်းချမ်းရေးကော်မရှင် အဖွဲ့ဝင် ဦးအောင်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ဆောင်းသီးနှံ GAP စနစ် စိုက်ပျိုးရေး အသိပညာပေး



**ကမမောင်း ဒီဇင်ဘာ ၄။** ။ကမမောင်းမြို့ ကွင်းဒလကျေးရွာအုပ်စု ရေပူကျေးရွာတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်ပြီး ယခုနှစ် သီးထပ်တိုးချဲ့ဧရိယာများတွင် နွေးစပါး သီးထပ်စိုက်ပျိုးရေးနှင့် ဆောင်းသီးနှံ မတ်ပဲ အစားထိုး ပဲတီစိမ်း၊ ပဲပုပ်နှင့် နှမ်း GAP စနစ်ဖြင့် စိုက်ပျိုးရေးဆိုင်ရာ ပညာပေးဆောင်ရွက်ခြင်းကို နိုဝင်ဘာ နောက်ဆုံးပတ်က ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသက်ဆွေက စတင်ထွန်ယက်စိုက်ပျိုးချိန်မှစပြီး စားသုံးသူ လက်ဝယ်အရောက် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ရာတွင် ဘေးအန္တရာယ် ကင်းရှင်းရေး အသိပညာပေးဟောပြောပြီး စိုက်ခင်းများအား ကွင်းဆင်းစစ်ဆေးကာ လက်တွေ့ဆောင်ရွက်ပေးခဲ့သည်။

**အေးမျိုး(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၄**

ရန်ကုန်(ရွှေဈေး) ၉၂၈၅၀၀ - ၉၂၈၅၀၀၊ မန္တလေး(ရွှေဈေး) ၉၂၈၅၀၀ - ၉၂၈၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၇၆၅/၇၇၅ ကျပ်၊ | ၈၁၀/၈၂၀ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၈၁၅/၈၂၅ ကျပ်၊ | ၉၃၀/၉၃၅ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၇၇၀/၇၈၀ ကျပ်၊ | ၈၅၀/၈၆၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၈၅/၇၉၅ ကျပ်၊ | ၈၃၀/၈၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၄၃/၇၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၅၅/၇၇၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၃၄/၇၄၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၄. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၁၈. ၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၆. ၁၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၁. ၇၈၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၃၃. ၅၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၁၄၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၀၈. ၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅. ၈၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၂. ၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၂. ၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလဲ့သင်း၊ ဒေါ်စန္ဒာဝင်း

**သတင်းထောက်မှူး** - ဦးငွေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလဲ့

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေမြင့် (၄)ကြိမ်မြောက် ကမ္ဘာ့အင်တာနက်ညီလာခံတွင် ပါဝင်ဆွေးနွေး

**ဝူကျင့် ဒီဇင်ဘာ ၄**

(၄)ကြိမ်မြောက် ကမ္ဘာ့အင်တာနက်ညီလာခံ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက် ၁၁ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဇီကျန်းပြည်နယ် ဝူကျင့်မြို့ Xizha Scenic Spot ရှိ Shinetown မြေကွက်လပ်၌ ပြုလုပ်သည်။

သစ်ပင်စိုက်ပွဲတော်တွင် ညီလာခံသို့ တက်ရောက်လာကြသော နိုင်ငံတကာမှ အစိုးရကိုယ်စားလှယ်များနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေမြင့်က ညီလာခံအထိမ်းအမှတ် Phoenix သစ်ပင်ကို ပါဝင်စိုက်ပျိုးသည်။

မွန်းလွဲပိုင်းတွင် ကျင်းပသည့် Developing through Innovation and Sharing Digital Dividend အစီအစဉ်တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေမြင့်က The Effect of Social Media on Myanmar Society ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ Kissinger Associates မှ ဒုတိယဉက္ကဋ္ဌ Mr. Joshua Cooper Ramo၊ ကုလသမဂ္ဂ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင် ဒုတိယဉက္ကဋ္ဌ Mr. Peter Major၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဇီကျန်းပြည်နယ် ဒုတိယမြို့တော်ဝန် Mr. Feng Fei နှင့် တရုတ်အမျိုးသားရေးရာ ပြည်သူ့ကွန်ဂရက် စီးပွားရေးရာကော်မတီ ဒုတိယဉက္ကဋ္ဌ Mr. Xiong Qunli တို့ ပါဝင်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**




# လူထုငြိမ်းချမ်းရေးလှုပ်ရှားမှု (ရက်သတ္တပတ်)အခမ်းအနားများ ကော့သောင်းမြို့နှင့် တနင်္သာရီမြို့တို့တွင် ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၄**

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပြည်သူများပါဝင်မှု အရေးကြီးကြောင်း သိရှိစေရေးနှင့် ပြည်သူများပူးပေါင်းပါဝင်နိုင်ရေးအတွက် ရည်ရွယ်လျက် လူထုငြိမ်းချမ်းရေးလှုပ်ရှားမှု (ရက်သတ္တပတ်)အခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နှင့် တနင်္သာရီမြို့တို့တွင် ဒီဇင်ဘာ ၂ ရက်နှင့် ၃ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။



ကော့သောင်းမြို့ မဥ္ဇူသကခန်းမရှေ့၌ ဒီဇင်ဘာ ၂ ရက် ညနေ ၆ နာရီက ကျင်းပသည့် အခမ်းအနားတွင် ၈၈ မျိုးဆက် (ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)ကော့သောင်းတာဝန်ခံ ဦးထင်ကျော်ကျော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဆိုတော် လင်းလင်းနှင့် နောင်ရိုးတို့က ဒေသခံအဆိုတော်များနှင့်အတူ ငြိမ်းချမ်းရေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် ၈၈ မျိုးဆက် (ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)မှ ကိုမင်းကိုနိုင်နှင့် ကိုဂျင်မီတို့က လူထုငြိမ်းချမ်းရေးလှုပ်ရှားမှုနှင့် ပတ်သက်၍ ဟောပြောကြသည်။ တက်ရောက်လာသူများက နိုင်ငံငြိမ်းချမ်းရေးအတွက် ဖယောင်းတိုင်ထွန်းညှိ ဆုတောင်းကြပြီး ငြိမ်းချမ်းရေးသီချင်းများဖြင့် ဆက်လက်ဖျော်ဖြေခဲ့သည်။

၈၈ မျိုးဆက် (ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)မှ ကိုဂျင်မီက "ငြိမ်းချမ်းရေးမရတဲ့အတွက် မြန်မာပြည်ဟာ ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးခဲ့ဘူး၊ ငြိမ်းချမ်းရေးရမှသာ ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါတယ်၊ ဒါကြောင့် ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ အသိပညာတွေကို လူထုကိုမျှဝေခြင်းပဲ ဖြစ်ပါတယ်"ဟု ပြောသည်။

အခမ်းအနားတွင် ကာတွန်းမောင်မောင် ဖောင်တိန်နှင့် ကော့သောင်းမြို့ခံ ကာတွန်းဆရာများအဖွဲ့က ငြိမ်းချမ်းရေးကာတွန်းများကို အခမဲ့ရေးဆွဲပေးကြသည်။

အလားတူ လူထုငြိမ်းချမ်းရေးလှုပ်ရှားမှု(ရက်သတ္တပတ်)အစီအစဉ် တေးဂီတဖျော်ဖြေပွဲနှင့် ဟောပြောပွဲကို ဒီဇင်ဘာ ၃ ရက် ညနေ ၆ နာရီခွဲတွင် တနင်္သာရီမြို့ရှိ တနင်္သာရီခန်းမ၌ ပြုလုပ်ခဲ့သည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် တေးသံရှင် အဆိုတော် နောင်ရိုး၊ ကာကာ၊ ဘယ်ဝါနှင့် ဘိုဘိုထွဋ်တို့က ငြိမ်းချမ်းရေး လှုပ်ရှားမှုနှင့်ပတ်သက်သည့် တေးသီချင်းများကို သီဆိုဖျော်ဖြေခဲ့ကြသည်။ တစ်ချိန်တည်းမှာပဲ ကာတွန်းဆရာမောင်မောင်ဖောင်တိန်က ဒေသခံလူ့အဖွဲ့အစည်းများ၊ ကျောင်းသားအရွယ် ကလေးငယ်များနှင့် ငြိမ်းချမ်းရေးအမှတ်တံဆိပ်နှင့် ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခြင်း၊ ၎င်းအမှတ်တံဆိပ်၏ အနှစ်သာရကို အသေးစိတ်ရှင်းလင်းခြင်း၊ ကလေးငယ်များအား ၎င်းအမှတ်တံဆိပ် ပုံတူရေးဆွဲစေခြင်း၊ ကိုယ်ပိုင်စိတ်ကူးဉာဏ်ဖြင့် ငြိမ်းချမ်းရေးနှင့်ပတ်သက်သော စိတ်ကြိုက်ကာတွန်းပန်းချီရေးဆွဲစေပြီး ပန်းချီရေးဆွဲခြင်း၏ အကျိုးကို ချပြဆွေးနွေးပေးခဲ့သည်။

ထို့နောက် ကိုဂျင်မီနှင့် ကိုမင်းကိုနိုင်တို့က ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဟောပြောကြသည်။

ထို့နောက် ကိုဂျင်မီ ဦးဆောင်၍ ဟောပြောပွဲသို့ တက်ရောက်နားဆင်ခဲ့ကြသူများက ဖယောင်းတိုင်မီး ကိုယ်စီထွန်းညှိ၍ ကမ္ဘာမြေကြီး ငြိမ်းချမ်းပါစေ၊ (၂၁)ရာစုပင်လုံ အောင်မြင်ပါစေဟု ကြွေးကြော်၍ ဆုတောင်းခဲ့ကြသည်။

လျှပ်စစ်မီး ခေတ္တပိတ်လျက် ဖယောင်းတိုင်မီး ထွန်းညှိဆုတောင်းကြွေးကြော်စဉ် တေးသံရှင် ကာကာက ငြိမ်းချမ်းရေး ဆုတောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ယင်းနောက် တေးသံရှင်များက ငြိမ်းချမ်းရေး တေးသီချင်းများ ဆက်လက်သီဆို ဖျော်ဖြေပေးသကဲ့သို့ ဒေသခံပြည်သူများ တောင်းဆိုမှုအရ ကိုဂျင်မီကလည်း တေးသီချင်းများ သီဆိုခဲ့သည်။

တနင်္သာရီမြို့၌ လူထုငြိမ်းချမ်းရေးလှုပ်ရှားမှု (ရက်သတ္တပတ်) ဟောပြောပွဲကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်း၊ အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်ဆွေနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တနင်္သာရီမြို့နယ်မှ ပါတီဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ ပူးပေါင်းပံ့ပိုးဆောင်ရွက်ခဲ့ကြသည်။ အခမ်းအနားသို့ အင်အား ၆၀၀ ကျော် တက်ရောက်အားပေးခဲ့ကြသည်။

လူထုငြိမ်းချမ်းရေး လှုပ်ရှားမှု (ရက်သတ္တပတ်) အခမ်းအနားများကို တနင်္သာရီ တိုင်းဒေသကြီးအတွင်း မြိတ်၊ ကျွန်းစု၊ သရက်ချောင်း၊ ပုလော၊ ထားဝယ်၊ လောင်းလုံ၊ ကန်ဘောက်၊ ရေဖြူမြို့တို့တွင် ဒီဇင်ဘာ ၉ ရက်အထိ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)နှင့်**
**နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးခင်လတ် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>နိုင်ငံတော်သမ္မတရုံး |
| (ခ) ဦးကျော်ကျော်ဟန် | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးနှင့် လုံခြုံရေးဌာနကြီး<br>နိုင်ငံတော်သမ္မတရုံး |
| (ဂ) ဦးဗရတ်ဆင်း | ညွှန်ကြားရေးမှူးချုပ်<br>စီးပွားရေးရာဌာနကြီး<br>နိုင်ငံတော်သမ္မတရုံး |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (က) ဦးမျိုးသန့်ဖေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့်<br>ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ခ) ဦးစိုးဟန်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |

○ ၁၉၉၆၊ ၉၇၊ ၉၈ မှ

လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"အခုကကတော့ YRTA က ၉၆၊ ၉၇၊ ၉၈ မော်ဒယ် ဘတ်စ်ကားဟောင်း ၂၉၆ စီး အပ်နှံခွင့်ပြုဖို့ တင်ပြလာပါတယ်၊ အထက်က ခွင့်ပြုချထားပေးတဲ့အတွက် လက်ခံဆောင်ရွက်ပေးနေပါတယ်၊ အရင်ဆုံးအပ်တာက ရွှေစည်းခုံသည်ယာဉ်လိုင်းက ယာဉ်တွေပါ၊ စုစုပေါင်း ၂၉၆ စီး ဖြစ်ပါတယ်"ဟု ကညန(ရွာသာကြီး)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သက်တမ်း နှစ် ၂၀ နှင့်အထက် အိုဟောင်းဘတ်စ်ကားများအား အစားထိုးလဲလှယ်သည့်အစီအစဉ်အရ ၁၉၉၅ ခုနှစ် မော်ဒယ်နှင့်အောက် ခရီးသည်တင်ဘတ်စ်ကားများ အပ်နှံ၍ လူစီးယာဉ်စလစ်ထုတ်ပေးခြင်းကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှစတင် လက်ခံဆောင်ရွက်ပေးခဲ့ပြီး ယခုဆက်လက်၍ ၁၉၉၆၊ ၉၇၊ ၉၈ ခုနှစ်ထုတ် မော်ဒယ် အိုဟောင်း ခရီးသည်တင်ဘတ်စ်ကားများကိုလည်း ယခုနှစ်အတွင်း အပ်နှံမှုလက်ခံပေးသွားမည်ဖြစ်သည်။

YBS ယာဉ်လိုင်းများတွင် ပြေးဆွဲနေသော ဘတ်စ်ကားစီးရေမှာ အစီး ၄၀၀၀ ခန့်ရှိပြီး အပ်နှံပြီး ဘတ်စ်ကားဟောင်းများနေရာတွင် လက်ရှိအစိုးရက ဝယ်ယူထားသော ခရီးသည်တင်ယာဉ် အစီး ၁၀၀၀၊ ပုဂ္ဂလိကကုမ္ပဏီတို့က ဝယ်ယူထားသော ခရီးသည်တင်ယာဉ် အစီး ၁၀၀၀ ကျော်အပါအဝင် ကားသစ် အစီး ၂၆၀၀ ခန့် ဝင်ရောက်ပြေးဆွဲရန်ရှိရာ လက်ရှိတွင် အစိုးရအစီအစဉ်ဖြင့် တင်သွင်းလာသည့် ဘတ်စ်ကားအစီး ၁၀၀၀ အနက် အစီးရေ ၃၀၀ ခန့် ပြေးဆွဲရန် ကျန်ရှိနေသေးကြောင်း၊ ယာဉ်အဟောင်းများအပ်နှံ၍ ယာဉ်အသစ်များဖြင့် အစားထိုးပြေးဆွဲရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

**ဆုနှင်းလှဲ့**

# အခွန်ဆိုင်ရာ ဥပဒေမူကြမ်း အထက်လွှတ်တော်အတည်ပြုမှု သမ္မတ ထရမ့်အတွက် အောင်ပွဲတစ်ရပ်ဖြစ်စေ

**ဝါရှင်တန် ဒီဇင်ဘာ ၄**
အခွန်အတုပ်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေးဥပဒေမူကြမ်းတစ်ရပ်ကို အမေရိကန်အထက်လွှတ်တော်က အတည်ပြုပေးခဲ့ခြင်းသည် သမ္မတ ထရမ့်အတွက် အောင်ပွဲတစ်ရပ်ဖြစ်စေကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၄ ရက်တွင် သတင်းထုတ်ပြန်သည်။

**ပေါက်မြောက်**

စီးပွားရေးလုပ်ငန်းများနှင့် လူကုံထံများအတွက် အခွန်အကောက်လျှော့ချပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးမည်ဟူသော သမ္မတ ထရမ့်နှင့် ရီပတ်ဘလီကန်အမတ်များ၏ ရည်မှန်းချက်မှာ တစ်စိတ်တစ်ဒေသ ပေါက်မြောက်မှုရှိခြင်းဖြစ်ကြောင်း၊ သို့ရာတွင် အမေရိကန်နိုင်ငံသားတိုင်းအတွက်မူ အခွန်အတုပ်ဆိုင်ရာ ပြောင်းလဲမှု၏ အကျိုးရလဒ်များကို သူတစ်မျိုး ငါတစ်မျိုးသာလျှင် ရရှိမည်ဖြစ်ကြောင်း စီးပွားရေး လေ့လာဆန်းစစ်သူများက ပြောကြားသည်။

အမေရိကန်ပြည်ထောင်စု၌ ၁၉၈၀ ပြည့်နှစ်လွန်များနောက်ပိုင်း အခွန်ဆိုင်ရာ ဥပဒေများအား အကြီးကျယ်ဆုံး ပြောင်းလဲမှုတစ်ရပ်အဖြစ် အထက်လွှတ်တော်က အခွန်ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ဥပဒေမူကြမ်းတစ်ရပ်ကို ထောက်ခံမဲ ပွတ်ကာသီကာ အနိုင်ရရှိမှုဖြင့် ဒီဇင်ဘာ ၂ ရက်က အတည်ပြုပေးခဲ့သည်။

နိုင်ငံတော်၏ စီးပွားရေး ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် ပြုပြင်ပြောင်းလဲရေး အစီအစဉ်များအတွက် ဘဏ္ဍာငွေကြေး ထောက်ပံ့ပေးနိုင်စေရန် ဆောင်ရွက်ရာ၌ လာမည့်ဆယ်နှစ်တာကာလပတ်လုံး အမျိုးသား ကြွေးမြီ ဒေါ်လာ ၂၀ ထရီလီယံ ပမာဏတွင် နောက်ထပ်ဒေါ်လာ ၁ ဒသမ ၄ ထရီလီယံ တိုးစေလိမ့်မည်ဟု ရီပတ်ဘလီကန် အမတ်များက ဆိုကြသည်။

ကြီးကျယ်လှသည့် အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေး အစီအစဉ်သစ်ကို အထက်လွှတ်တော်က ထောက်ခံအတည်ပြုပေးခြင်းအတွက် ချီးကျူးပါကြောင်း သမ္မတထရမ့်က အိမ်ဖြူတော်မှ နယူးယောက်မြို့သို့ မထွက်ခွာမီ သတင်းထောက်များအား ပြောကြားသည်။

အခွန်ဆိုင်ရာ ဥပဒေသစ်နှင့် ပတ်သက်၍ အထက်လွှတ်တော်နှင့် အောက်လွှတ်တော် နှစ်ရပ်အကြား ဇွေစပ်ညှိနှိုင်းမှုများ ပြုလုပ်ပြီးစီးသည်နှင့် တစ်ပြိုင်နက်တည်းကုမ္ပဏီများ



*အခွန်ဆိုင်ရာ ဥပဒေမူကြမ်း အတည်ပြုခြင်းနှင့် ပတ်သက်၍ အထက်လွှတ်တော်အမတ်တစ်ဦးအား သတင်းထောက်များက မေးမြန်းကြစဉ်။*

အပေါ်စည်းကြပ်သည့် အခွန်နှုန်းထားသည် ၃၅ ရာခိုင်နှုန်းမှသည် ၂၀ ရာခိုင်နှုန်း အထိ လျှော့ချပေးနိုင်ရန် ဦးတည်ကြောင်း၊ အပြီးသတ် ဥပဒေပေါ်ထွက်လာချိန်တွင် ၂၀ ရာခိုင်နှုန်း သို့မဟုတ် ၂၂ ရာခိုင်နှုန်း လျှော့ချပေးမှုဖြစ်ပေါ်လာနိုင်ကြောင်း သမ္မတ ထရမ့်က ပြောကြားသည်။

အခွန်ဆိုင်ရာလျှော့ချပေးခြင်းဖြင့် အမေရိကန် ကုမ္ပဏီများအနေဖြင့် ပိုမိုရင်းနှီးမြှုပ်နှံမှု ပြုလုပ်လာနိုင်မည်ဖြစ်ပြီး အမျိုးသား စီးပွားရေးဘဝ တိုးတက်မှုကို အထောက်အကူပေးမည်ဖြစ်ကြောင်း ရီပတ်ဘလီကန် အမတ်များက ပြောကြားကြသည်။

**ရိုက်တာ**

## အကြမ်းဖက်မှု တိုက်ဖျက်ရေး ပါကစ္စတန်နှင့် ဆော်ဒီ အထူးတပ်ဖွဲ့ဝင်များ ပူးတွဲစစ်ရေးလေ့ကျင့်

**အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၄**
ဆော်ဒီအာရေဗျနိုင်ငံရှိ စစ်စခန်းတစ်ခု၌ ပါကစ္စတန်နှင့် ဆော်ဒီ အထူးတပ်ဖွဲ့ဝင်များ ပူးတွဲ၍ အကြမ်းဖက်မှု တိုက်ဖျက်ရေး စစ်ရေး လေ့ကျင့်မှုကို ပြုလုပ်လျက်ရှိကြောင်း ပါကစ္စတန် တပ်မတော်က ဒီဇင်ဘာ ၃ ရက်တွင် ပြောကြားသည်။

ယင်းပူးတွဲစစ်ရေး လေ့ကျင့်မှုတွင် ပါကစ္စတန် အထူးစစ်ဆင်ရေးလုပ်ငန်း တပ်ဖွဲ့ (အက်စ်အက်စ်ဂျီ)မှ အရာရှိ ၆၈ ဦးနှင့် စစ်သည်များပါဝင်ကြောင်း ပါကစ္စတန် တပ်မတော် ပြည်သူ့ဆက်ဆံရေးဌာနက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

အယ်ရှီဟတ်-၂ ဟု အမည်ပေးထားသည့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးတွဲစစ်ရေးလေ့ကျင့်မှုကို နိုဝင်ဘာ ၂၅ ရက်က ဆော်ဒီအာရေဗျနိုင်ငံ ရီယာဒ်ရှိ မင်းသားနာအိဖ်တပ်မြို့၌ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဒီဇင်ဘာ ၁၀ ရက်အထိ ဆက်လက်ပြုလုပ်သွားမည်ဟု ကြေညာချက်တွင် ဖော်ပြသည်။

အယ်-ရှီဟတ်-၁ အမည်ရှိ အကြမ်းဖက်မှု တိုက်ဖျက်ရေးပူးတွဲ စစ်ရေးလေ့ကျင့်မှုကို ၂၀၁၆ ခုနှစ်အတွင်းက ပါကစ္စတန်နိုင်ငံတွင် ပြုလုပ်ခဲ့သည်။

ပါကစ္စတန်နှင့် ဆော်ဒီအာရေဗျနိုင်ငံ တပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေရေးနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ အတွေ့အကြုံများ ဖလှယ်နိုင်ရေးတို့အတွက် ရည်ရွယ်ကာ ပူးတွဲစစ်ရေးလေ့ကျင့်ခြင်းဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံက ဦးဆောင်သည့် အကြမ်းဖက်မှု တိုက်ဖျက်ရေး ညွန့်ပေါင်းအဖွဲ့ကို ပါကစ္စတန်နိုင်ငံက အပြည့်အဝထောက်ခံကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

**ဆင်ဟွာ**



*ဂူအမ်ကျွန်းရှိ အင်ဒါဆန် လေတပ်စခန်း၌ ဖြန့်ကြက်ထားသော THAAD ဒုံးခွင်းဒုံး စနစ်ကို တွေ့ရစဉ်။*

## အမေရိကန် အနောက်ဘက် ကမ်းရိုးတန်းဒေသ၌ ဒုံးခွင်းဒုံးစနစ်များ ဖြန့်ကြက်ရန် နေရာရှာ

**ဆင်မီဗယ်လီ (ကာလီဖိုးနီးယား) ဒီဇင်ဘာ ၄**
အမေရိကန်ဒုံးလက်နက်ကာကွယ်ရေး အေဂျင်စီသည် ဒုံးခွင်းဒုံးများ ဖြန့်ကြက်နိုင်စေရေးအတွက် အနောက်ဘက်ကမ်းရိုးတန်းဒေသရှိ သင့်တော်ဖွယ်ရာနေရာများကို ပိုက်စိပ်တိုက် ရှာဖွေလျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၄ ရက်တွင် သတင်းထုတ်ပြန်သည်။

မြောက်ကိုရီးယားက ဒုံးကျည်စမ်းသပ်မှုများ ပြုလုပ်နေချိန်တွင် နိုင်ငံတော်ကာကွယ်ရေးအတွက် အမေရိကန်ပြည်ထောင်စုအတွင်း စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လာရကြောင်း၊သို့ဖြစ်၍ အနောက်ဘက်ကမ်းရိုးတန်းဒေသ၌ ဒုံးခွင်းဒုံးစနစ်များ ဖြန့်ကြက်နိုင်ရန် ဒုံးလက်နက်ကာကွယ်ရေး အေဂျင်စီက စီစဉ်ဆောင်ရွက်နေကြောင်း ကွန်ဂရက်လွှတ်တော် အမတ်နှစ်ဦး၏ ပြောကြားချက်များကို ကိုးကားလျက် သတင်းဌာနများက ရေးသားဖော်ပြသည်။

အနောက်ဘက်ကမ်းရိုးတန်းဒေသ၌ ဖြန့်ကြက်မည့် ဒုံးခွင်းဒုံးစနစ်များတွင် THAAD ပဲ့ထိန်းဒုံး တိုက်ဖျက်ရေးစနစ်ပါဝင်ဖွယ်ရှိကြောင်း၊ THAAD စနစ်မှာ တောင်ကိုရီးယားနိုင်ငံ၌ ဖြန့်ကြက်ထားသော ဒုံးကျည်ကာကွယ်ရေးစနစ်ပင်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ**

# ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့တွင် ဘင်္ဂလားဒေ့ရှ် အမျိုးသမီး တိုက်လေယာဉ်မှူး နှစ်ဦးပါဝင်

**ဒါကာ ဒီဇင်ဘာ ၄**
ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းမှု တပ်ဖွဲ့တွင် ဘင်္ဂလားဒေ့ရှ် အမျိုးသမီး တိုက်လေယာဉ်မှူးများအား ပထမဆုံးအကြိမ်အဖြစ် တာဝန်ထမ်းဆောင်ရန် ခွင့်ပြုပေးခဲ့ကြောင်း စစ်ဘက်တာဝန်ရှိသူများက ပြောကြားသည်။ **(ယာပုံ)**

**စေလွှတ်**

ကွန်ဂိုနိုင်ငံရှိ ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ရန် ပျံသန်းရေး လက်ထောက်နှစ်ဦးဖြစ်သည့် နေမာဟာကွစ်နှင့် တာမာနာဟီးအက်ဖ်တီ အမည်ရှိ အမျိုးသမီးနှစ်ဦးကို စေလွှတ်လိုက်ကြောင်း ဘင်္ဂလားဒေ့ရှ် တပ်မတော် ပြည်သူ့ဆက်ဆံရေးဌာန (အိုင်အက်စ်ပီအာရ်)က ဒီဇင်ဘာ ၃ ရက်တွင် ထုတ်ပြန်ကြေညာသည်။

နေမာနှင့်တာမာနာတို့နှစ်ဦးသည်ဘင်္ဂလားဒေ့ရှ် လေတပ်၏ ပထမဆုံးသော အမျိုးသမီးလေသူရဲများလည်း ဖြစ်ကြသည်။

ဘင်္ဂလားဒေ့ရှ် လေတပ် (ဘီအေအက်ဖ်)၏ ရွေးချယ်ရေးမူများနှင့်အညီ ၎င်းတို့နှစ်ဦး၏ ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးများအရ ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

၎င်းတို့နှစ်ဦး ဘင်္ဂလားဒေ့ရှ် လေတပ်ဖွဲ့၏ မတူညီသော လေယာဉ်အုပ်စုများ၌ တာဝန်များထမ်းဆောင်ခဲ့ကြပြီး ၆၅ နာရီ ရဟတ်ယာဉ်မောင်း လေ့ကျင့်ရေးသင်တန်း တက်ရောက် ပြီးမြောက်ခဲ့သူများဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

**စတင်ထမ်းဆောင်**

ဘင်္ဂလားဒေ့ရှ် လေတပ် (ဘီအေအက်ဖ်)သည် ကုလသမဂ္ဂ ငြိမ်းချမ်းမှုထိန်းသိမ်းရေး တပ်ဖွဲ့တွင် ပူးတွဲတာဝန်ထမ်းဆောင်ရန် ၎င်း၏ တပ်ဖွဲ့ဝင်များကို ၁၉၉၃ ခုနှစ်ကတည်းက စတင်စေလွှတ်ခဲ့ပြီး ဘော့စနီးယား-ဟာဇီဂိုဗီးနားဒေသ၌ ကုလသမဂ္ဂ ငြိမ်းချမ်းမှု ထိန်းသိမ်းရေး တပ်ဖွဲ့နှင့် ပူးတွဲကာ တာဝန်ထမ်းစေခဲ့သည်။

**ဆင်ဟွာ**



## ရေနံထုတ်လုပ်မှု ဆက်လက်လျှော့ချရေး အိုပက်နှင့် ရုရှား သဘောတူညီ

**ဗီယင်နာ ဒီဇင်ဘာ ၄**
ရေနံတင်ပို့ရောင်းချသောနိုင်ငံများအသင်း(အိုပက်)နှင့် ရုရှားဦးဆောင်သော အိုပက်အဖွဲ့ဝင်မဟုတ်သည့် နိုင်ငံများသည် ၂၀၁၈ ခုနှစ် ကုန်ဆုံးချိန်အထိ ရေနံထုတ်လုပ်မှု လျှော့ချထားခြင်းကို ဆက်လက် ပြုလုပ်သွားကြရန် သဘောတူညီကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဒီဇင်ဘာ ၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ရုရှားနိုင်ငံသည် ပထမဆုံးအကြိမ် ရေနံထုတ်လုပ်မှု လျှော့ချခြင်းကို ယခုနှစ်တွင် အိုပက်အဖွဲ့နှင့်အတူ ပြုလုပ်ခဲ့သည်။ ကမ္ဘာ့ရေနံ ဈေးကွက် တည်ငြိမ်ရေးနှင့် ရေနံဈေးနှုန်း ထိန်းညှိနိုင်ရေးအတွက် ရည်ရွယ်ကာ ရုရှားနိုင်ငံက လုပ်ဆောင်နေကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ကမ္ဘာတစ်ဝန်း၌ နိုင်ငံများ၏ ရေနံသိုလှောင်မှု ပိုမိုလျော့နည်းလာပြီး ရေနံတစ်စည်လျှင် ဒေါ်လာ ၆၀ အထက်တွင် ဈေးနှုန်းရှိနေစေရေးအတွက် ရုရှားနှင့် အိုပက်အဖွဲ့ဝင်မဟုတ်သော နိုင်ငံများက ကြိုးပမ်းလျက်ရှိကြသည်။

**ရိုက်တာ**

# တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) ခုနစ်မှု စီရင်ချက်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၄**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသာဌေးနှင့် ဦးမျိုးတင့်တို့ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးခန်း အမှတ် (၁) ၌ ရုံးထိုင်၍ တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) ခုနစ်မှုကို စီရင်ချက်ချမှတ်ခဲ့ပြီး ရာဇဝတ်အထွေထွေလျှောက်ထားမှု (စာချွန်တော်) နှစ်မှုနှင့် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) သုံးမှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# အင်ဒိုနီးရှားနိုင်ငံ နိုင်ငံရေး၊ ဥပဒေရေးရာနှင့် လုံခြုံရေးဆိုင်ရာ ညှိနှိုင်းရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၄**

အင်ဒိုနီးရှားနိုင်ငံ နိုင်ငံရေး၊ ဥပဒေရေးရာနှင့် လုံခြုံရေးဆိုင်ရာ ညှိနှိုင်းရေးဝန်ကြီး Mr.Wiranto ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိသည်။

ဧည့်သည်တော် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံရေး၊ ဥပဒေရေးရာနှင့် လုံခြုံရေးဆိုင်ရာ ညှိနှိုင်းရေးဝန်ကြီးနှင့်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဟန်၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံအမတ်ကြီး H.E.Dr.Ito Sumardi နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုကြသည်။

**သတင်းစဉ်**




# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် လန်ဒန်အခြေစိုက် နိုင်ငံတကာရှေ့နေများအဖွဲ့အစည်း၏ လူ့အခွင့်အရေးအဖွဲ့တို့ တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၄**

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်းပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးအေးသာအောင်သည် လန်ဒန်အခြေစိုက် နိုင်ငံတကာရှေ့နေများအဖွဲ့အစည်း၏ လူ့အခွင့်အရေးအဖွဲ့ (International Bar Association's Human Rights Institute- IBAHRI) မှ ညွှန်ကြားရေးမှူး Mr.Phillip Thamindjis နှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် (J)ဆောင် ဧည့်ခန်းမ ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာ မြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးလင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းချီ၊ ကာတွန်း၊ သရုပ်ဖော်ပိုစတာပြိုင်ပွဲ ဆုများချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၄**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပသော ပန်းချီ၊ ကာတွန်း၊ သရုပ်ဖော်ပိုစတာပြိုင်ပွဲ (၂၀၁၇) ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၉



နာရီတွင် ရန်ကုန်မြို့တော်ခန်းမရှိ ခန်းမကြီး၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး ကိုယ်စား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးက အဖွင့်အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြိုင်ပွဲတွင် ဆုများအကဲဖြတ်စိစစ်ရွေးချယ်ပေးကြသော ပန်းချီပညာရှင်များကိုယ်စား မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပု အစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဆြာနွယ်အားလည်းကောင်း၊ ကာတွန်းပညာရှင်များကိုယ်စား ဦးရွှေမင်းသားအားလည်းကောင်း၊ သရုပ်ဖော်ပိုစတာပညာရှင်များကိုယ်စား ဦးကျော်စွာအားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အလွတ်တန်းအဆင့်၊ တက္ကသိုလ်အဆင့်၊ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယ၊ အထူးဆုရရှိသော ကျောင်းသားကျောင်းသူများအား အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦး၊ တွဲဖက်အတွင်းရေးမှူး ဦးသန်း၊ ကော်မတီဝင် ဒေါ်မေမေသွယ်နှင့် ကော်မတီဝင် ဒေါ်သန်းမြင့်အောင်တို့က ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးနှင့် ကော်မတီဝင်များ၊ ပန်းချီ၊ ကာတွန်း၊ သရုပ်ဖော်ပိုစတာပညာရှင်ကြီးများသည် ဆုရရှိသူများနှင့်အတူ အမှတ်တရ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြပြီး ခန်းမကြီးအတွင်း ခင်းကျင်းပြသထားသည့် ပန်းချီ၊ ကာတွန်း၊ သရုပ်ဖော်ပိုစတာ ကားချပ်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ပန်းချီ၊ ကာတွန်း၊ သရုပ်ဖော်ပိုစတာပြိုင်ပွဲ (၂၀၁၇)တွင် အခြေခံပညာကျောင်းနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ၊ တက္ကသိုလ်အဆင့် ကျောင်းသား ကျောင်းသူများနှင့် အလွတ်တန်းအဆင့် ဝါသနာရှင်များ စုစုပေါင်း ၁၀၄၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုပေါင်း ၉၃ ဆု ပေးအပ်ချီးမြှင့်ခဲ့သည်။ ပြပွဲကို ဒီဇင်ဘာ ၄ ရက်မှ ၆ ရက်အထိ နေ့စဉ်နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ အဆိုပါခန်းမကြီး၌ ခင်းကျင်းပြသသွားမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူများအပြင် မည်သူမဆို လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

**စောသိန်းဝင်း**

**✻ ရှေ့ဖုံးမှ**

ဝန်ထမ်းတွေ နေဖို့ ထိုင်ဖို့လုပ်နေပါတယ်၊ ကမ္ဘာလှည့်ခရီးသွားတွေနဲ့ အများပြည်သူ ကြည့်ရှုလေ့လာနိုင်အောင် ဖွင့်လှစ်ခြင်း ဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန၏ နိုင်ငံတကာခရီးသွားဝင်ရောက်မှုစာရင်းများအရ ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ၃၇၄၂၂၁ဦး ဝင်ရောက်ခဲ့ပြီး တရုတ်၊ ထိုင်း၊ ပြင်သစ်၊ စပိန်၊ အီတလီ၊ ဂျာမနီ၊ အမေရိကန်၊အင်္ဂလန်စသည့် နိုင်ငံများအနက် တရုတ်၊ ထိုင်း၊ ပြင်သစ်နိုင်ငံမှ အများဆုံးဝင်ရောက်ခဲ့သည်။

ယခု ဖွင့်လှစ်မည့်ဆင်စခန်း၌ ဆင်ခြောက်ကောင်ဖြင့် ပြသသွားမည်ဖြစ်ကာ လာရောက်လည်ပတ်သူများအနေဖြင့် ဆင်များအစာကျွေးနိုင်ရန်နှင့် ဆင်စီးနင်းနိုင်ရန်အတွက် လမ်း စီစဉ်ပေးသွားမည်ဖြစ်ပြီး ဝင်ကြေးနှင့် ဆင်စီးသည့်နှုန်းထားများကို အခြားဆင်စခန်းများနည်းတူ ကောက်ခံသွားမည်ဖြစ်ကြောင်း မြန်မာ့သစ်လုပ်ငန်း (မန္တလေးတိုင်းဒေသကြီး)မှ သိရသည်။

**နဒီလှိုင်း**

# ၂၀၁၈ အာရှချန်ပီယံလိဂ်နှင့် AFC Cup ပြိုင်ပွဲ အုပ်စုမဲခွဲပွဲ ဒီဇင်ဘာ ၆ ရက် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၄**

မြန်မာကလပ်အသင်းများဖြစ်သည့် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၈ အာရှချန်ပီယံလိဂ် ခြေစစ်ပွဲနှင့် AFC Cup ပြိုင်ပွဲ အုပ်စုမဲခွဲပွဲအခမ်းအနားကို ဒီဇင်ဘာ ၆ ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် အာရှချန်ပီယံလိဂ်နှင့် AFC Cup ပြိုင်ပွဲကို ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းတွင် စတင်ကျင်းပမည်ဖြစ်ပြီး ခြေစစ်ပွဲများကို ဇန်နဝါရီလတွင် ကျင်းပမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် အာရှချန်ပီယံလိဂ်ပြိုင်ပွဲတွင် အကြိုခြေစစ်ပွဲ ပထမအဆင့်မှ စတင်ကစားရမည်ဖြစ်ပြီး နောက်ဆုံးအဆင့်သို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရရန် အကြိုခြေစစ်ပွဲ ပထမအဆင့်၊ ဒုတိယအဆင့်နှင့် Play-off အဆင့်တို့ ကစားရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ခြေစစ်ပွဲမအောင်ခဲ့ပါက AFC Cup ပြိုင်ပွဲ အုပ်စုအဆင့်တွင် ပြန်လည်ကစားရမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်၏ သတ်မှတ်ချက်အရ ရှမ်းယူနိုက်တက်အသင်းသည် အကြိုခြေစစ်ပွဲ ပထမအဆင့်တွင် ဖိလစ်ပိုင်လိဂ်ချန်ပီယံအသင်းနှင့် ကစားရမည်ဖြစ်ပြီး ယခုကျင်းပမည့် အုပ်စုမဲခွဲပွဲတွင် အတည်ပြုမည်ဖြစ်သည်။

ရန်ကုန်အသင်းသည် AFC Cup ပြိုင်ပွဲတွင် မူလ က ခြေစစ်ပွဲကစားရမည်ဖြစ်သော်လည်း တွေ့ဆုံမည့် တီမောနှင့် ဘရူနိုင်းကလပ်အသင်းမှာ နုတ်ထွက်သွားခဲ့၍ အုပ်စုအဆင့်သို့ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ AFC Cup ပြိုင်ပွဲ အုပ်စုအဆင့်တွင် ဇုန်အလိုက်ခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ်အသင်းများမှာ အာဆီယံဇုန်တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အာဆီယံဇုန်တွင် အသင်း ၁၂ သင်းပါဝင်မည်ဖြစ်ပြီး အုပ်စုသုံးစုခွဲ၍ ကျင်းပမည်ဖြစ်သည်။ အာဆီယံဇုန်တွင် မလေးရှား၊ ဗီယက်နမ်၊ မြန်မာ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် လာအိုကလပ်အသင်းတို့ ပါဝင်မည်ဖြစ်ပြီး မြန်မာ၊ မလေးရှား၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့မှာ နှစ်သင်းစီ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# စေတနာနှင့် ပညာ

## သိုက်စိုးထွန်း(နတ်ရွာ)

တစ်ခါတုန်းက ဗာရာဏသီပြည်ရဲ့မင်းဥယျာဉ်မှာ ဥယျာဉ်မှူးနဲ့ မျောက်တစ်အုပ် နေကြသတဲ့။ တစ်နေ့တော့ မြို့ထဲမှာ နက္ခတ်သဘင်ပွဲတော်ကြီး ခြိမ့်ခြိမ့်သဲသဲ ကျင်းပတယ်။ နက္ခတ်ပွဲက တီးလိုက်တဲ့ စည်တော်သံကလည်း ဥယျာဉ်ထဲအထိ ရောက်ရောက်လာတယ်။ စည်တော်သံကြားရတဲ့ ဥယျာဉ်မှူးမှာ ပွဲသွားချင်စိတ်တွေ ငယ်ထိပ်အထိ တက်လာတယ်။ မဖြစ်တော့ဘူး၊ သွားကို သွားမှ ဖြစ်တော့မယ်ပေါ့။

ပွဲသွားတာက ဟုတ်ပါပြီ၊ ဥယျာဉ်တော်ကို ရေလောင်း၊ ပေါင်းသင် စောင့်ရှောက်ဖို့ လွှဲထားခဲ့စရာ လူခွဲကလည်းမရှိ ဘယ့်နှယ်လုပ်ရပ့်။ ဒီအတိုင်းထားခဲ့လို့ အပင်တွေညှိုးကုန်မှဖြင့်လည်း ရာဇဝတ်တော်သင့်ရချေရဲ့။ သူစဉ်းစားတယ်။ နောက်ဆုံးတော့ ကြံရာမရတာနဲ့ ဥယျာဉ်ထဲက မျောက်တွေကိုပဲ အကူအညီတောင်းဖို့ အကြံရသွားတယ်။ ဟုတ်ပြီ၊ အကြံပိုင်ပြီဆိုပြီး ခေါင်းဆောင်မျောက်ကြီးကို အကူအညီတောင်းလိုက်တယ်။ မျောက်ကြီးကလည်း လက်ခံတယ်ဆိုပါတော့။ တောင်းတဲ့ အကူအညီကတော့ သူပွဲသွားနေတဲ့ကာလအတွင်းမှာ အပင်လေးတွေ ရေလောင်းပေးဖို့ပါ။ ရေလောင်းဖို့ အိုးတွေ၊ ခွက်တွေလည်း ပေးထားခဲ့တာပေါ့။ လိုအပ်တာတွေ စီစဉ်လို့ပြီးတာနဲ့ ဥယျာဉ်တော်ကို မျောက်တွေဆီမှာ စိတ်ချလက်ချအပ်ထားခဲ့ပြီးတော့ နက္ခတ်သဘင်ပွဲဆီ ချီတက်သွားတယ်။

ဥယျာဉ်မှူးသွားတော့ မျောက်ငယ်တွေက ရေလောင်းတယ်။ သူတို့ရေလောင်းတာကိုကြည့်ပြီး မျောက်ကြီးက ညွှန်ကြားချက်တွေပေးတယ်။ "ဟေ့ကောင်တွေ၊ မင်းတို့ ရေကို အရမ်းကာရော ဖြုန်းတီးမပစ်ကြနဲ့၊ နောက်ဆို ရေကရှားသွားနိုင်တယ်၊ သေသေချာချာချင့်ချိန်ပြီးမှ လောင်းကြ"တဲ့။ "ဟာ ဒါဆိုကျုပ်တို့က ဘယ်လိုလောင်းရမှာလဲ"လို့ ပြန်မေးတော့ "လွယ်ပါတယ်ကွာ၊ စနစ်တကျလည်း ဖြစ်သွားအောင်၊ ရေကို ချွေတာပြီးသားလည်း ဖြစ်သွားအောင် ပထမဆုံး ရေမလောင်းခင်မှာ အပင်ရဲ့အမြစ်ကို ဆွဲနုတ်ကြည့်လိုက်၊ အမြစ်ရှည်တဲ့ အပင်ဆိုရင် ရေများများလောင်း၊ အမြစ်တိုရင် ရေနည်းနည်းပဲလောင်း"လို့ ဩဝါဒ ခြွေလိုက်တယ်။ မျောက်ငယ်တွေကလည်း မျောက်ကြီးပြောတဲ့အတိုင်းပဲ အပင်ကိုနုတ်ကြည့်လိုက်၊ ရေလောင်းလိုက် လုပ်ကြသတဲ့။

မျောက်တစ်သင်းရဲ့ လုပ်ရပ်ကြောင့် မင်းဥယျာဉ်တစ်ခုလုံးလည်း ညှိုးခြောက်နွမ်းရော်သွားမှာပေါ့။ ဒါကို မြင်သွားတဲ့ ပညာရှိယောက်ျားက ဒီလိုပြောတယ်။

နဝေ အနတ္ထကုသလေန၊ အတ္ထစရိယာ သုခါဝဟာ။
ဟာပေတိ အတ္ထံ ဒုမ္မေဓော၊ ကပိ အာရာမိကော ယထာ။

ဒုမ္မေဓော-ပညာမရှိသောသူသည်၊ အတ္တံ-အကျိုးစီးပွားကို၊ ကရိယာမိတိ-ပြုအံ့ဟူ၍၊ အတ္တံ-အကျိုးစီးပွားကို၊ ဟာပေတိ-ယုတ်စေတတ်၏၊ တသ္မာ-ထို့ကြောင့်၊ အနတ္ထကုသလေန-အကျိုးရှိသည်၌ မလိမ္မာသောသူသည်၊ အတ္ထစရိယာ-ချမ်းသာနှစ်ပါးဟူသော အကျိုးစီးပွားကို ကျင့်ခြင်းသည်၊ န သုခါဝဟာ-ချမ်းသာကိုဆောင်ရွက်ခြင်းငှာ မတတ်နိုင်၊ အာရာမိကော-ဥယျာဉ်စောင့်ဖြစ်သော၊ ကပိ-မျောက်သည်၊ အတ္ထံ-အကျိုးစီးပွားကို၊ ကရိယာမိတိ-ပြုအံ့ဟူ၍၊ အနတ္ထမေဝ-အကျိုးမဲ့ကိုသာလျှင်၊ ကရောတိ ယထာ-ပြုသကဲ့သို့၊ ဧဝံ တထာ-ထို့အတူ၊ ယောကောစိ- အမှတ်မရှိသော၊ အနတ္ထကုသလော-အကျိုးမရှိသည်၌ လိမ္မာသောသူသည်၊ တစ်နည်း-အကျိုးရှိသည်၌ မလိမ္မာသောသူသည်၊ အတ္ထစရိယံ-အကျိုးစီးပွားကိုကျင့်ခြင်းကို၊ အာဝဟိတုံ-ဆောင်ရွက်ခြင်းငှာ၊ န သက္ကာ-မတတ်နိုင်။ (အတ္ထကာမဝဂ်၊ အာရာမဒူသကဇာတ်)

ဒီဇာတ်ကြောင်းနဲ့ ပတ်သက်ပြီး မယဒေဝလင်္ကာသစ်မှာ မာန်လည်ဆရာတော်ကြီးက "ပညာသမ္ပဇဉ်၊ ဉာဏ်မယှဉ်ဘဲ၊ ဥယျာဉ်သည်မိုက်၊ စရိုက်မကောင်း၊ မျောက်အပေါင်းတို့၊ ရေလောင်းခိုင်းမှား၊ ကျိုးပျက်ပြား၏၊ တရားအမြစ်၊ စစ်သောတမူ၊ အရင်းယူက၊ ခိုင်းသူအမိုက်၊ ကဲ့ရဲ့ထိုက်၏"လို့ ရေးဖွဲ့တော်မူခဲ့ပါတယ်။

မျောက်ကြီးရဲ့လုပ်ရပ်ကိုကြည့်ရင် ဥယျာဉ်မှူးလွှဲထားခဲ့တဲ့ တာဝန်ကို လိုလိုလားလား ဆောင်ရွက်ခဲ့တယ် ဆိုတာကို တွေ့ရမှာပါ။ မိတ်ဆွေပေးတဲ့တာဝန်ကို လိုလိုလားလား တက်တက်ကြွကြွ ဆောင်ရွက်ရုံသာမက လောင်းမယ့် ရေတွေကိုပါ အလဟဿမဖြစ်အောင် စီမံပေးချင်တဲ့ စေတနာလည်း သူ့မှာရှိခဲ့ပါတယ်။ ဒီစေတနာတွေ၊ မေတ္တာတွေပေါ်မှာ ဉာဏ်ပညာလေးနဲ့ မထိန်းနိုင်လိုက်လို့သာ ရလဒ်က ဆိုးရွားသွားခဲ့တာပါ။ မှားသွားတဲ့အမှားက ပြန်လည်ပြုပြင် ဖာထေးလို့ရနိုင်တဲ့အမှားမျိုး မဟုတ်ပါ။ ပြန်ပြီး အဖတ်ဆယ်လို့ မရတော့တဲ့အမှား။

ကျွန်တော်တို့ရဲ့ဘဝတွေမှာလည်း တစ်ခါတစ်ခါမှာ ကိုယ်က စိတ်ရင်းစေတနာအမှန်နဲ့ လုပ်ကိုင်ဆောင်ရွက်ပေးလိုက်တဲ့ အလုပ်တစ်ခုက တစ်ဖက်လူ၊ တစ်ဖက်အသိုင်းအဝိုင်းအတွက် အလွန်တရာ ဆိုးရွားတဲ့ရလဒ်တွေ ဖြစ်ပေါ်သွားတာမျိုးတွေ ရှိတတ်ကြပါတယ်။

ဒီအကြောင်းလေးဖတ်မိတော့ အဖွဲ့အစည်းတစ်ခုကို ဦးဆောင်ဦးရွက်ပြုတဲ့သူတွေ အောင်မြင်မှုရဖို့အတွက် စိတ်ရင်းစေတနာကောင်းဖို့က အရေးကြီးသလား၊ ကိုယ်လုပ်တဲ့ နယ်ပယ်နဲ့ပတ်သက်တဲ့ လုပ်ငန်းကိစ္စအဝဝကို ကျွမ်းကျင်ပိုင်နိုင်နေဖို့က ပိုအရေးကြီးသလားဆိုတဲ့အချက်ကို သူငယ်ချင်းတွေနဲ့ ဆွေးနွေးဖြစ်ခဲ့တာလေးတွေကို ပြန်သတိရမိပါတယ်။

> **❝ စေတနာနဲ့ ပညာ ဘယ်ဟာက အရေးကြီးသလဲဆိုတဲ့အကြောင်းကို ပြန်ဆက်ရမယ်ဆိုရင်တော့ နှစ်ခုစလုံး အရေးကြီးတယ်လို့ပဲ ကောက်ချက်ဆွဲရမှာပါ။ ပညာတွေတတ်ပြီး စိတ်ရင်းစေတနာမမှန်ကန်ရင်လည်း စဉ်းလဲကောက်ကျစ်တဲ့လုပ်ရပ်တွေကို ကျူးလွန်လာနိုင်စရာရှိပါတယ် ❞**

အဲဒီစကားဝိုင်းမှာတုန်းကတော့ တော်မှ၊ တတ်မှ အောင်မြင်နိုင်မယ်လို့ မှတ်ချက်ပေးတဲ့သူတွေရှိသလို ပညာတော်ပြီး စိတ်ရင်းစေတနာ ယုတ်ညံ့တဲ့သူတွေဟာ သူတို့ရဲ့ ရည်မှန်းချက်ပန်းတိုင်ကိုရောက်ဖို့ စွမ်းနိုင်ကောင်း စွမ်းနိုင်ကြပေမယ့် သူကျင်လည်ရာပတ်ဝန်းကျင်၊ သူ့အသိုင်းအဝိုင်းက ပုဂ္ဂိုလ်တွေကို သူလျှောက်လှမ်းရာ ခရီးလမ်းမှာ လိုရင်လိုသလို အသုံးချပြီး မလိုရင်မလိုသလို ပစ်ပယ်တာတွေ၊ အလွန်အကျူးနှိပ်စက်ကလူ ပြုမူတာတွေ စတဲ့လုပ်ရပ်တွေ ကျူးလွန်လေ့ရှိကြတာမို့ ဒီလိုပုဂ္ဂိုလ်မျိုးကိုတော့ မလိုလားဘူးလို့ ဆိုသူကဆိုကြပြန်ပါတယ်။ စိတ်ရင်းကောင်းတဲ့ သူတွေကတော့ သူနားမလည်တဲ့ကိစ္စတစ်ခု ကြုံလာရင်လည်း နားလည်တတ်ကျွမ်းတဲ့သူဆီမှာ နည်းနာနိဿယ ခံယူပြီး အဲဒီအခြေအနေအပေါ်မှာ ရပ်တည်ချက် မှန်မှန်ကန်ကန်နဲ့ ရလဒ်ကောင်းတစ်ခုရအောင် ဆုံးဖြတ်သွားနိုင်လိမ့်မယ်လို့ ထောက်ပြပြောဆိုတဲ့သူလည်းရှိခဲ့တယ်။

အဲဒီအချိန်တုန်းက စိတ်ရင်းစေတနာဖြူစင်မွန်မြတ်ဖို့ကသာ တော်ခြင်း၊ မတော်ခြင်းထက် ပိုအရေးကြီးတယ်ဆိုတဲ့ဘက်က ရပ်တည်ခဲ့ပါတယ်။ ပညာရဲ့သဘောနဲ့ ပတ်သက်ပြီး အဲဒီအချိန်က ခံယူယုံကြည်ခဲ့တဲ့ အချက်ကလည်း အကောင်းအဆိုး အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားသုံးသပ်ခြင်းဆိုတာထက် အကြောင်းအရာ အချက်အလက်တွေ၊ နည်းပညာတွေ၊ စည်းမျဉ်းစည်းကမ်းတွေ၊ မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေကို နှံ့စပ်သိမြင်ခြင်း ဆိုတဲ့ အချက်တွေကိုပဲ တတ်ကျွမ်းခြင်း၊ တစ်နည်းအားဖြင့် ပညာတတ်ခြင်းလို့ ယုံကြည်ခဲ့မိတာ။ ဒီတော့ စိတ်ရင်း စေတနာကသာ ပဓာနကျပြီး အကြောင်းအရာ အချက်အလက်တွေကို နှံ့စပ်သိမြင်ဖို့အတွက်ကတော့ တိုးတက်နေတဲ့ ICT ခေတ်ကြီးမှာ ဘာမှမခက်ဘူး။ ကိုယ်သိချင်တဲ့ အကြောင်းအရာ အချက်အလက် မှန်သမျှကို မိုဘိုင်းဖုန်းတစ်လုံး၊ တက်ဘလက် တစ်ခုရှိနေရုံနဲ့ အလွယ်တကူရနိုင်တာမို့ စိတ်ရင်းစေတနာ ကောင်းဖို့ကသာ အခရာကျတယ်လို့ လက်ခံယုံကြည် ပြောဆိုခဲ့ကြတယ်။

ဒါပေမယ့် အထက်မှာပြောခဲ့တဲ့ အာရာမဒူသကဇာတ်ကိုဖတ်ပြီးတဲ့နောက်မှာတော့ စိတ်ရင်းစေတနာ ကောင်းရုံသက်သက်မျှနဲ့ ရလဒ်ကောင်းတွေကို ဖော်ဆောင်နိုင်မှာမဟုတ်ဘူးဆိုတာကို ထင်ထင်ရှားရှား သိမြင်လာခဲ့တယ်။ ပညာဉာဏ်နဲ့ ဆင်ခြင်တုံတရားတို့ရဲ့အရေးပါမှုတွေကိုလည်း ပိုလို့ပိုလို့ စဉ်းစားဆင်ခြင်မိလာတယ်။ "ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ၊ ပြီးနိုင်စွာ၏၊ ပညာမသုံး၊ နှလုံးမပျောင်း၊ လက်ရုံးကောင်းကား၊ တစ်ကြောင်းမျှသာ၊ စူးပမာသို့၊ လိုရာကိစ္စ၊ များမကျတည့်" လို့ မန်လည်ဆရာတော်ကြီးက မိန့်ဆိုတော်မူခဲ့ပါတယ်။ ပညာကင်းသူတို့အတွက်လည်း "မရှိပညာ၊ ဤလူ့ရွာ၌၊ ကျမ်းစာနီတိ၊ တတ်မသိက၊ မျက်စိစုံကန်း၊ လူ့ဖြစ်ဆန်းမျှ၊ ပေါက်ပန်းပမာ၊ မှတ်တို့ရာ၏"လို့ မိန့်တော်မူပြန်ပါတယ်။ ပညာမဲ့သူတို့အတွက်ကတော့ အမြင်အာရုံကွယ်ပျောက်နေတာနဲ့ အတူတူပါပဲတဲ့လေ။

အကြီးအကဲ ဦးဆောင်ဦးရွက်ပြုရသူတို့မှာ ဖြစ်ပွားလေ့ရှိတဲ့ အဂတိတရားလေးပါးကို ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟရယ်လို့ အလွယ်တကူမှတ်သားမိကြပေမယ့် သာစည်မြို့ ဓမ္မာလင်္ကာရ ရေအားလျှပ်စစ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကဝိန္ဒာစာရကတော့ ရှင်းလင်းလွယ်ကူစွာမှတ်သားနိုင်အောင်-

(၁) ဆက်စပ်နွယ်ဝင် သံယောဇဉ်ဖြင့် ချစ်ခင်ခြင်းကြောင့် မလားရောက်အပ်သော ဆန္ဒာဂတိ၊
(၂) မိမိကိန်းသူ တစ်ပါးသူကို ဖြူစင်စိတ်ပျက်အနေခက်အောင် နှိပ်စက်ဖျက်ဆီး မုန်းတီးတတ်သော ဒေါသကြောင့် မလားရောက်အပ်သော ဒေါသာဂတိ၊
(၃) လာမည့်ဘေးရန် ပူပန်စိုးနှောင့် ကြောင့်ကြတွေးတောကာ ကြောက်ရွံ့ခြင်းကြောင့် မလားရောက်အပ်သော ဘယာဂတိ၊
(၄) ဓမ္မ-အဓမ္မ သဘာဝကို ကျနဝေဖန် အမှားအမှန်ကို သိရန်ခဲယဉ်း ပညာဉာဏ်ကင်းကွာမိန်းမောတွေဝေကာ ဘာလုပ်ရမှန်းမသိ မောဟဖိစီးခြင်းကြောင့် မလားရောက်အပ်သော မောဟာဂတိရယ်လို့ ဖွင့်ဆိုရှင်းပြတော်မူခဲ့ပါတယ်။

ဒီနေရာမှာ ဓမ္မ-အဓမ္မ သဘာဝကို ကျနဝေဖန် အမှားအမှန်ကို သိရန်ခဲယဉ်း ပညာဉာဏ်ကင်းကွာမိန်းမောတွေဝေကာ ဘာလုပ်ရမှန်းမသိ မောဟဖိစီးခြင်းကြောင့် မလားရောက်အပ်သော မောဟာဂတိရယ်လို့ မောဟာဂတိကို ဖွင့်ဆိုရှင်းပြထားတဲ့အချက်ကလေးကတကယ့်ကို သတိမူစရာ အချက်တစ်ခု ဖြစ်ပါတယ်။ ဒီအဂတိဟာ ကျူးလွန်သူကိုယ်တိုင်တောင် ကျူးလွန်မိမှန်း မသိဘဲ ကျူးလွန်မိသွားတဲ့ အဖြစ်မျိုးလည်း ရှိနိုင်ပါတယ်။

အဂတိလို့ဆိုလိုက်တာနဲ့ လာဘ်ပေးလာဘ်ယူမှုကိုသာ ပြေးမြင်တတ်ကြပါတယ်။ ချစ်ခြင်း၊ မုန်းခြင်းကြောင့် အမှားမှား အယွင်းယွင်းလုပ်လိုက်မိကြတဲ့ ဆန္ဒာဂတိနှင့် ဒေါသာဂတိရယ်၊ ကိုယ့်ထက်အာဏာပါဝါကြီးမြင့်တဲ့ သူက ခိုင်းလိုက်ရုံနဲ့ မလွှဲသာမရှောင်သာ လုပ်ကိုင်ဆောင်ရွက်ကြရတဲ့ ဘယာဂတိရယ်၊ ကိုယ်ကိုယ်တိုင်က ဘာကို ဆုံးဖြတ်လို့ဆုံးဖြတ်ရမှန်းမသိအောင် ပညာဉာဏ်ကင်းနေတဲ့အချိန်မှာ ဆုံးဖြတ်လိုက်မိတဲ့ မောဟာဂတိရယ်ကို သတိမမူ ဂူမမြင်ဖြစ်သွားတတ်ကြပါတယ်။

စေတနာနဲ့ ပညာ ဘယ်ဟာက အရေးကြီးသလဲဆိုတဲ့ အကြောင်းကို ပြန်ဆက်ရမယ်ဆိုရင်တော့ နှစ်ခုစလုံး အရေးကြီးတယ်လို့ပဲ ကောက်ချက်ဆွဲရမှာပါ။ ပညာတွေတတ်ပြီး စိတ်ရင်းစေတနာမမှန်ကန်ရင်လည်း စဉ်းလဲကောက်ကျစ်တဲ့ လုပ်ရပ်တွေကို ကျူးလွန်လာနိုင်စရာရှိပါတယ်။ စိတ်ရင်းစေတနာတွေ ကောင်းနေပြီးတော့ ပညာဉာဏ်ကနည်းနေရင်လည်း အထက်ကပြောခဲ့တဲ့ မျောက်ကြီးရဲ့အဖြစ်လို အမှားမှား အယွင်းယွင်းတွေ ဆုံးဖြတ်လုပ်ကိုင်မိလျက်သား ဖြစ်သွားနိုင်ပါတယ်။ တစ်ခုပဲရှိပြီး နောက်တစ်ခုမရှိတဲ့သူဟာ လုပ်ကိုင်ဆောင်ရွက်သမျှ တစ်ဖက်စောင်းနင်းတွေဖြစ်သွားဖို့ အလားအလာများနေမှာပါ။

ဒါကြောင့် ဘဝအောင်မြင်ရေးအတွက်ဆိုရင် စေတနာနဲ့ ပညာဟာ ငှက်တစ်ကောင်ရဲ့ တောင်ပံနှစ်ဖက်လို၊ လေယာဉ်တစ်စင်းရဲ့ ဘယ်တောင်ပံနဲ့ ညာတောင်ပံလို နှစ်ခုစလုံး မရှိမဖြစ် အရေးကြီးပါတယ်လို့ ဆိုလိုက်ပါရစေခင်ဗျာ။ ။

## ကျောက်မြောင်းဒေသထွက် အလှဆင်ပန်းအိုးစဉ့်ထည်များ ရောင်းအားကောင်းလျက်ရှိ

**ကျောက်မြောင်း ဒီဇင်ဘာ ၄**

ကျောက်မြောင်းမြို့ နွယ်ငြိမ်းနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ထွက်ရှိသော စဉ့်အိုးနှင့် အလှဆင်စဉ့်ထည်များကို မိရိုးဖလာလုပ်ငန်းအဖြစ် ထုတ်လုပ်လုပ်ကိုင်လျက်ရှိရာ ယခုအခါ အိမ်တွင်းအလှဆင်နှင့် ဟိုတယ်၊ မိုတယ်များတွင် အသုံးများလာသော အလှဆင်ပန်းအိုးများ၊ စဉ့်အိုးကြီးများ ထုတ်လုပ်ရောင်းချမှု ကောင်းမွန်လျက်ရှိကြောင်း ကျောက်မြောင်းမြို့ စဉ့်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

"စဉ့်အိုးတွေကို အရွယ်အစားကတော့ ဆိုဒ်စုံ ထုတ်လုပ်ပါတယ်၊ အိုးဆိုရင် အသေးဆုံး ငါးပိဿာဝင်အိုးကနေ ပိဿာချိန် ၁၅၀ ဝင်အိုးအထိ ထုတ်လုပ်ပါတယ်၊ အော်ဒါမှာတဲ့သူရှိရင်လည်း ပိဿာ ၂၀၀ ဝင်အိုးအထိ ထုတ်လုပ်ပေးပါတယ်၊ ပုံမှန်အတိုင်းဆိုရင်တော့ ပိဿာ ၁၅၀ ဝင်အိုးအထိ လုပ်ပါတယ်၊ အိုးလုပ်တဲ့ ဆရာတစ်ယောက်ရဲ့ တစ်ရက်ဝင်ငွေက ကျပ် ၇၀၀၀ လောက်အထိရှိတယ်၊ တပည့်ဆိုရင်တော့ ကျပ် ၅၀၀၀ လောက်အထိ ဝင်ငွေရှိတယ်၊ ပန်းအိုးတွေ၊ အလှဆင်တဲ့ပန်းဒီဇိုင်နာတွေဆိုရင် ဝင်ငွေကောင်းကြပြီး တစ်ရက်ဝင်ငွေ ကျပ် ၁၅၀၀၀ လောက်အထိ ရကြတယ်၊ စဉ့်လုပ်ငန်းက ရွှံ့အဆင့်ကနေ အိုးတစ်လုံးထွက်လာတဲ့အထိဆိုရင် ရာသီဥတုသာယာရင် ၁၅ ရက်ကနေ ရက် ၂၀ လောက်ကြာတယ်၊ ရာသီဥတုဖောက်ပြန်ပြီး မိုးကျတယ်ဆိုရင်တော့ တစ်လနီးပါးလောက်ကြာတယ်၊ အခုနောက်ပိုင်းမှာတော့ စဉ့်အိုးဈေးကွက်က ရောင်းအားကျလာတယ်၊ ဒါပေမယ့် အိမ်တွင်းအလှဆင်နဲ့ ဟိုတယ်၊ မိုတယ်တွေမှာ အသုံးများလာတဲ့ အလှဆင်ပန်းအိုးတွေ၊ အလှဆင် စဉ့်အိုးကြီးတွေကတော့ ရောင်းအားကောင်းလာတယ်လို့ ပြောရမှာပါ"ဟု နွယ်ငြိမ်းကျေးရွာ (မောင်မောင်တုတ်)စဉ့်အိုးလုပ်ငန်းမှ ဦးမြင့်စိုးက ပြောသည်။

ကျောက်မြောင်းမြို့နယ် နွယ်ငြိမ်း၊ ရွှေခွန်၊ မတိုက်၊ မလားကျေးရွာတို့မှ ထုတ်လုပ်သည့် စဉ့်ပန်းအိုး ဆိုဒ်အသေးဆုံးကို ငွေကျပ် ၃၀၀၀ မှ သရိုးကိုင်၊ ကနုတ်ထည့်ထားသည့် ဖောင်းကြွများဖြင့်လုပ်ရသော အကြီးဆုံးပန်းအိုးဆိုဒ်ကြီးများကို အမြင့်ဆုံးဈေး ငွေကျပ် ၇၀၀၀၀ အထိ ဈေးနှုန်းရှိပြီး ဆယ်ပိဿာဝင်အိုးတစ်လုံးကို ငွေကျပ် ၂၀၀၀ လောက်မှ ပိဿာ ၁၅၀ ဝင်အိုးကြီးတစ်လုံးကို ငွေကျပ် ၂၅၀၀၀ အထိ ဈေးရှိကြောင်း သိရသည်။



**ဝင်းဦး(ဇေယျာတိုင်း)**

# အကြိမ်(၄၀)မြောက် မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်း အဖွဲ့အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးပွဲများ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၄**

အကြိမ်(၄၀)မြောက် မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်း အဖွဲ့အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ အင်းလျားလိတ်ဟိုတယ်၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ မဟာမဲခေါင်ဒေသခွဲအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်အဆင့်ရှိ အဆင့်မြင့်အရာရှိကြီးများနှင့် ခရီးသွားလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ ကျွမ်းကျင်ပညာရှင် Ms. Rhodara Concepcion နှင့် ကိုယ်စားလှယ်များ၊ မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံးမှ အမှုဆောင်ဒါရိုက်တာ Mr. Jens Thraenhart၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများဖြစ်သော ဟန်းစ်ဆိုက်ဒယ်၊ Lux Dev၊ Swiss Contact နှင့် GIZ တို့မှ ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်း မဟာဗျူဟာအစီအစဉ် (၂၀၁၆-၂၀၂၅) ကို အပြီးသတ် ရေးဆွဲ အတည်ပြုနိုင်ခဲ့သောကြောင့် မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်းညှိနှိုင်းရေးမှူးရုံးတို့အတွက် ဂုဏ်ယူပါကြောင်း၊ အဆိုပါ (၁၀)နှစ်တာ မဟာဗျူဟာအစီအစဉ်သည် မဟာမဲခေါင်ဒေသခွဲအဖွဲ့ဝင် နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် အခြားခရီးသွားလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်သူများ အားလုံးအတွက် လမ်းညွှန်တစ်ခုလည်းဖြစ်ပါကြောင်း၊ ဤမဟာဗျူဟာအစီအစဉ်သည် မဟာမဲခေါင်ဒေသခွဲအဖွဲ့ဝင်နိုင်ငံအသီးသီး၏ ခရီးသွားလုပ်ငန်း မဟာဗျူဟာများ၊ မဟာမဲခေါင်ဒေသခွဲ မဟာဗျူဟာမူဘောင်(၂၀၁၂-၂၀၂၂)များနှင့် လိုက်လျောညီထွေရှိပြီး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်၊ ခရီးသွားလုပ်ငန်းအခြေခံအဆောက်အအုံများမြှင့်တင်ရန်၊ ဝန်ဆောင်မှုများမြှင့်တင်ရန်၊ ဈေးကွက်ရှာဖွေမြှင့်တင်ရန်၊ ဒေသတွင်းသွားလာမှုလွယ်ကူစေရန်စသော အဓိက မဟာဗျူဟာငါးရပ်ဖြင့် မဟာမဲခေါင်ဒေသခွဲ၏ စုစည်းမှု၊ ကြွယ်ဝချမ်းသာမှုနှင့် ဒေသတွင်း သာတူညီမျှရှိမှုတို့ကို ဖော်ဆောင်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်က အစည်းအဝေး၏ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အစည်းအဝေးကို အစီ



အစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

ယခုကျင်းပသည့် အကြိမ်(၄၀)မြောက် မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးတွင် မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်မှုအစီအစဉ်(၂၀၁၅-၂၀၂၀)အား အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ဒေသတွင်းခရီးသွားလုပ်ငန်း စာရင်းဇယားစံနှုန်းများညီညွတ်ရေးကိစ္စ၊ မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်းအဖွဲ့၏ ၂၀၁၈ လုပ်ငန်းအစီအစဉ်များ၊ ၂၀၁၈ ခုနှစ်အတွင်း ထိုင်းနိုင်ငံ၌ကျင်းပမည့် မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ်နှင့် (၄၁)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပရေးကိစ္စ၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်း အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းဆိုင်ရာကိစ္စများ၊ မဟာမဲခေါင်ဒေသခွဲ အဖွဲ့ဝင်နိုင်ငံများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများအကြား ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြသည်။

မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေးများကို အဖွဲ့ဝင်နိုင်ငံများတွင် အက္ခရာစဉ်အလိုက် တစ်နှစ်လျှင်နှစ်ကြိမ်ကျင်းပလျက်ရှိပြီး ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့အစည်းအဝေးနှင့် အခြားဆက်စပ်အစည်းအဝေးပွဲများကိုပါ ပူးတွဲကျင်းပလေ့ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ဗဟိုဝန်ထမ်းတက္ကသိုလ် ပြည်သူ့ဝန်ထမ်းအကယ်ဒမီများ၏ ပညာရပ်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၄**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Academy-CSA) များ၏ တက္ကသိုလ်အကြံပေးအဖွဲ့များ၊ တက္ကသိုလ်ပညာရပ်အဖွဲ့များ ပညာရပ်ဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၆/၂၀၁၇)ကို ယနေ့မွန်းလွဲ ၁ နာရီခွဲက ပြည်ထောင်စုရာထူးဝန်အဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် ပြည်သူ့ဝန်ထမ်းအကယ်ဒမီပညာရေး၊ လေ့ကျင့်သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တက္ကသိုလ်အကြံပေးအဖွဲ့ အဖွဲ့ဝင်များက အကြံပြုတင်ပြခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက အကြံပြု တင်ပြချက်များအပေါ် သုံးသပ်၍ လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဝင်းမော်၊ ဦးသန်းထွန်း၊ ဒေါက်တာ ဦးပွား၊ ဗဟိုဝန်ထမ်းတက္ကသိုလ်၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီများ၏ အကြံပေးအဖွဲ့ဝင်များ၊ တက္ကသိုလ်ပညာရပ်အဖွဲ့များ၊ ဤအဖွဲ့ရှိ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် ကွပ်ကဲမှုအောက်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

### ❖ ကျောဖုံးမှ

ပြည်ပကစားသမားများဖြင့် ပေါင်းစပ်ဖွဲ့စည်းခဲ့သော်လည်း နိုင်ငံခြားသားကစားသမားများမှာ လေ့ကျင့်ရက် အနည်းငယ်သာရှိသေး၍ ပုံစံကောင်းပြသနိုင်ရန် ရှန်းကန်ခဲ့ရသည်။

မြန်မာ ယူ-၂၃ အသင်းသည် ဆန်းဆက်နိုင်(ဂိုး)၊ နန်းဝေမင်း၊ ထိုက်ထိုက်အောင်၊ စိုးမိုးကျော်၊ စည်သူအောင်၊ ရန်နိုင်ဦး၊ လွင်မိုးအောင်၊ လှိုင်းဘိုဘို၊ မောင်မောင်လွင်၊ သန်းပိုင်၊ အောင်ကောင်းမာန်တို့ဖြင့် ပွဲထွက်ခဲ့ပြီး MNL ညွှန့်ပေါင်းအသင်းမှာမူ သီဟစည်သူ(ဂိုး)၊ ဇော်မင်းထွန်း၊ ဒေးဗစ်ဒန်း၊ မိုက်ကယ်၊ မိုကာလူး၊ ကျော်ကိုကို၊ ခရစ္စတိုဖာ၊ ရန်အောင်ကျော်စသည့် ကစားသမားများကို အသုံးပြုခဲ့သည်။ မြန်မာယူ-၂၃ အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သော်လည်း MNL ညွှန့်ပေါင်းအသင်းမှာမူ ပြိုင်ဘက်အသင်း၏ အမှားစောင့်ကာ တိုက်စစ်ဆင်ခဲ့သည်။ ခြောက်မိနစ်တွင် မြန်မာယူ-၂၃ အသင်း တောင်ပံကစားသမား မောင်မောင်လွင် အနီးကပ်ပိတ်ခွင့်ရသော်လည်း တိုင်ထိထွက်ခဲ့၍ နစ်နာခဲ့ရသည်။

အပိုင်အခွင့်အရေးကို အသုံးမချနိုင်ခဲ့သည့် မောင်မောင်လွင်သည် ၂၃ မိနစ်တွင် သန်းပိုင် ဖြတ်ပို့သောဘောလုံးကို ပိတ်သွင်းကာ မြန်မာယူ-၂၃ အသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် MNL ညွှန့်ပေါင်းအသင်း ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း တိုက်စစ်မှူးများဖြစ်သည့် ကျော်ကိုကိုနှင့် ခရစ္စတိုဖာတို့ ခြေမပေါ်၍ တိုက်စစ်မှာမထိရောက်ခဲ့ပေ။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားများ အပြောင်းအလဲပြုလုပ်ခဲ့ပြီး မြန်မာ ယူ-၂၃ အသင်းမှာလည်း တိုက်စစ်တွဲလုံးကို အပြောင်းအလဲလုပ်ကာ ယူ-၁၉ ကစားသမားများဖြစ်သည့် ဝင်းနိုင်ထွန်းနှင့် ပြည့်စုံနိုင်အတွဲကို အသုံးပြုခဲ့သည်။ ကြည်လင်း၊ ဇင်မင်းထွန်းနှင့် အီမန်နျူရယ်တို့၏ တိုက်စစ်တွဲလုံးနှင့် တင်ဝင်းအောင်နှင့် မင်းမင်းသူတို့၏ ကွင်းလယ်ကြောင့် MNL ညွှန့်ပေါင်းအသင်း တိုက်စစ်ကစားပုံ ပိုကောင်းလာပြီး ၇၄ မိနစ်တွင် အီမန်နျူရယ်က ချေပဂိုးပြန်သွင်းခဲ့သည်။ သရေကျပြီးနောက်ပိုင်းတွင် MNL ညွှန့်ပေါင်းအသင်းက ပွဲကိုထိန်းကစားသွားပြီး မြန်မာယူ-၂၃ အသင်း ဂိုးထပ်ရရန် ကြိုးပမ်းခဲ့သော်လည်း MNL ညွှန့်ပေါင်းအသင်း ခံစစ်ကိုမကျော်နိုင်၍ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

ခြေစမ်းပွဲဒုတိယပွဲအဖြစ် ဒီဇင်ဘာ ၆ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ မြန်မာယူ-၂၁ အသင်းနှင့် MNL ညွှန့်ပေါင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွှန့်**

# ဂျာမနီနှင့် ကနေဒါနိုင်ငံသားဧည့်သည်များ ၎င်းတို့၏ ကိုယ်ပိုင်မော်တော်ယာဉ်ဖြင့် လာရောက်လည်ပတ်

**နေပြည်တော် ဒီဇင်ဘာ ၄**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ဂျာမနီနိုင်ငံသား ကမ္ဘာလှည့်ခရီးသွားဧည့်သည် ခုနစ်ဦးသည် ဒီဇင်ဘာ ၆ ရက်တွင် ၎င်းတို့၏ ကိုယ်ပိုင်မော်တော်ယာဉ် သုံးစီးဖြင့် မြဝတီမြို့မှတစ်ဆင့် မြန်မာနိုင်ငံသို့ ဝင်ရောက်ပြီး မြဝတီ-ဖြူး-(၁၁၅)မိုင်-အင်းလေး-ပင်းတယ-မန္တလေး-ပုပ္ပါး-ပုဂံ-မကွေး-ပြည်-ငပလီ-ဂွ-ရေကြည်-ပန်းတနော်-ရန်ကုန် ခရီးစဉ်များကို သွားရောက်၍ ခရီးစဉ်တစ်လျှောက်ရှိ ခရီးသွားဆွဲဆောင်မှုရှိသော နေရာများကို လည်ပတ်ခဲ့ကြပြီး နိုဝင်ဘာ ၂၁ ရက်တွင် မြဝတီမြို့မှတစ်ဆင့်



မဲဆောက်မြို့သို့ ပြန်လည် ထွက်ခွာသွားကြသည်။

ထို့အပြင် ကနေဒါနိုင်ငံသား ဧည့်သည်တစ်ဦးသည် ၎င်း၏ ကိုယ်ပိုင်မော်တော်ဆိုင်ကယ် တစ်စီးဖြင့် နိုဝင်ဘာ ၆ ရက်မှ ၂၇ ရက်အထိ ရန်ကုန်-တောင်ငူ-နေပြည်တော်-လွိုင်ကော်-ညောင်ရွှေ-အင်းလေး-ပင်းတယ-မန္တလေး-ပုဂံ-မုံရွာ-ဂန့်ဂေါ-ကလေး-တမူးမြို့များသို့ သွားရောက်လည်ပတ်ခဲ့သည်။

ခရီးသွားပွင့်လင်းရာသီရောက်ရှိလာသည်နှင့်အညီ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံသို့ အပြည်ပြည်ဆိုင်ရာလေကြောင်း၊ ရေကြောင်းဝင်ပေါက်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှတစ်ဆင့် အုပ်စုလိုက်၊ တစ်ဦးချင်းအလိုက်သော်လည်းကောင်း၊ ကိုယ်ပိုင်မော်တော်ယာဉ်၊ ဆိုင်ကယ်၊ စက်ဘီးများဖြင့်လည်းကောင်း စဉ်ဆက်မပြတ်ဝင်ရောက်လေ့လာ လည်ပတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကျား၊ မ အခြေပြုအကြမ်းဖက်မှုဆိုင်ရာ (ဆင့်ပွား) သင်တန်းဖွင့်

**မော်လမြိုင် ဒီဇင်ဘာ ၄**

မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့က ကြီးမှူးဖွင့်လှစ်သော ကျား၊ မ အခြေပြုအကြမ်းဖက်မှုဆိုင်ရာ(ဆင့်ပွား) သင်တန်း(၁/၂၀၁၇)ဖွင့်ပွဲကို ဒီဇင်ဘာ ၄ ရက်က မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ ဖွင့်လှစ်ရာ သင်တန်းဖွင့်ပွဲသို့ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးကိုယ်စား ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သောင်းဝင်း တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်း၊ (ဦးစီး)ဒုတိယရဲမှူး မျိုးမြင့်၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့ လက်အောက် ခြောက်မြို့နယ်မှ မြို့နယ်ရဲတပ်ဖွဲ့မှူးများနှင့် စခန်းမှူးများ၊ ဖိတ်ကြားထားသော မိတ်ဖက်အဖွဲ့အစည်းများမှ ရဲအရာရှိကြီးများ၊ သင်တန်းနည်းပြဆရာများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

# ကလေးတိုင်းကို မိခင်ရင်ခွင်၌သာ ကြီးပြင်းစေချင်၊ မလိုလားအပ်သည့်ကိုယ်ဝန်ရပြီး မွေးဖွားပြီးနောက် ကလေးတွေကို စွန့်ပစ်နေ



မြန်မာနိုင်ငံအမျိုးသမီးရေးရာကော်မတီ၊ မွေးကင်းစကလေးငယ်များစွန့်ပစ်ခြင်းမှ ကာကွယ်တားဆီးရေးအဖွဲ့က ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း ကျင်းပခဲ့သည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ပြခန်းဖွင့်လှစ်ပြီး ဉာဏ်စမ်းပဟေဠိ အစီအစဉ်များနှင့် လူငယ်ဆိုင်ရာအသိပညာပေး အစီအစဉ်များကို ကျင်းပခဲ့သည်။

မွေးကင်းစကလေးငယ်များစွန့်ပစ်ခြင်းမှ ကာကွယ်တားဆီးရေးအဖွဲ့ဝင် ဒေါက်တာ ဒေါ်ပြုံးမိုအိက မလိုလားအပ်သည့် ကိုယ်ဝန်ရပြီး မွေးဖွားပြီးနောက် ကလေးများကို စွန့်ပစ်ကြကြောင်း၊ ကလေးတိုင်းကို မိခင်ရင်ခွင်မှာသာ ကြီးပြင်းစေချင်ကြောင်း ပြောကြားသည်။

"ကျွန်မတို့အနေနဲ့ ကလေးတိုင်း ကလေးတိုင်းကို မိဘရင်ခွင်မှာပဲ ကြီးပြင်းစေချင်ပါတယ်၊ ကလေးတွေဆိုတာ တစ်ချိန်မှာ အနာဂတ်နိုင်ငံကို ခေါင်းဆောင်မယ့်သူတွေဆိုတော့ သူတို့ကိုစိတ်ဒဏ်ရာနဲ့ ဘဝကို မစစေချင်ဘူး၊ ဒီလိုမလိုလားအပ်တဲ့ ကိုယ်ဝန်ဆောင်မှု ဖြစ်တာတွေကို ကာကွယ်တားဆီးနိုင်ရင် ကလေးတွေ စွန့်ပစ်တာတွေကို ကာကွယ်တားဆီးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်၊ ဒီလိုဖြစ်စဉ်တွေ လူငယ်တွေ ပတ်ဝန်းကျင်အဖြစ်များတာကြောင့် ဆင်ခြင်သတိရှိသွားတဲ့အခါ မလိုလားအပ်တဲ့ ကိုယ်ဝန်ဆောင်မှုတွေ မရှိတော့ဘဲ ကလေးစွန့်ပစ်ရတဲ့အဖြစ်ကို မရောက်တော့ဘူးလို့ ယူဆပါတယ်" ဟု ပြောသည်။

ထို့ပြင် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် အသိပညာပေးအစီအစဉ်များ ပြုလုပ်ပြီး လက်ကမ်းစာစောင်များ မျှဝေပေးခြင်း၊ ပညာရေးအစီအစဉ် ဉာဏ်စမ်းပဟေဠိများကို ဖတ်၍ ဖြေဆိုစေခြင်းနှင့် မှန်လျှင် လက်ဆောင်ပစ္စည်းများ ပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ဤသို့ဖြင့် အသိပညာတစ်ခုခုရရှိသွားပြီး သားဆက်ခြားသည့် နည်းလမ်းများကို သိရှိသွားမည်ဖြစ်ကြောင်း ဒေါက်တာ ဒေါ်ပြုံးမိုအိက ပြောကြားသည်။

အဆိုပါအဖွဲ့နှင့်အတူ ရုပ်ရှင်သရုပ်ဆောင် ခိုင်နှင်းဝေ ပရဟိတအဖွဲ့ကလည်း သက်ငယ်မုဒိမ်းမှုများပပျောက်ရေးနှင့် ပတ်သက်ပြီး ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။




ရုပ်ရှင်သရုပ်ဆောင် ခိုင်နှင်းဝေက "သက်ငယ်မုဒိမ်းမှုတွေ ပပျောက်ဖို့၊ စွန့်ပစ်ခံကလေးတွေ လျော့ကျဖို့နဲ့ ပတ်သက်ပြီး ကူညီပေးတာပါ၊ ပြဇာတ်တိုလေးတွေ၊ တေးသရုပ်ဖော်တွေကိုစီစဉ်ခဲ့ပါတယ်၊ သက်ငယ်မုဒိမ်းဘာကြောင့်ဖြစ်သလဲဆိုတာ အသိပညာပေးချင်တာပါ" ဟု ပြောသည်။

နယ်ရောမြို့ပါမကျန် အသုံးပြုမှု တွင်ကျယ်လျက်ရှိသည့် လူမှုကွန်ရက် စာမျက်နှာထက်တွင် မကြာခဏဆိုသလို တွေ့မြင်နေရသည့် မွေးကင်းစမှာပင် စွန့်ပစ်ခြင်းခံနေရသည့် ကလေးများ၏ သတင်းဓာတ်ပုံများ ဖော်ပြနေမှုများ၊ သက်ငယ်မုဒိမ်းမှုများအကြောင်းကို စိတ်မချမ်းမြေ့ဖွယ် တွေ့မြင်နေရသည်။

မြန်မာနိုင်ငံသာမက ကမ္ဘာ့နိုင်ငံများတွင် မိန်းကလေးငယ်များအနေဖြင့် မိမိ၏ အပျိုစင်ဘဝကို တန်ဖိုးထားမှု လျော့ရဲလာခြင်း၊ လက်မထပ်ဘဲအတူနေသည့် ယဉ်ကျေးမှု ကူးစက်လာခြင်း၊ လိင်မှုကိစ္စဆိုင်ရာ ဝက်ဘ်ဆိုက်များ၊ စာအုပ်စာစောင်များ လူငယ်လူရွယ်များနှင့် လက်လှမ်းတမီနေရာတွင် အလွယ်တကူရရှိနေခြင်း၊ လူမှုကွန်ရက်များကို တွင်တွင်ကျယ်ကျယ်အသုံးပြုရာမှ လူတန်းစားမျိုးစုံနှင့် ကျယ်ပြန့်စွာ နီးစပ်ပတ်သက်လာသည်နှင့်အမျှ ယုံကြည်မှု အလွဲသုံးမှုများရှိလာခြင်းစသည်တို့ အပါအဝင် အကြောင်းအရာမျိုးစုံဖြင့် အတူနေမှုများ ဖြစ်လာရာမှ မလိုလားအပ်သည့် ကိုယ်ဝန်ဆောင်မှုများမှတစ်ဆင့် ကလေးများကို အလွယ်တကူစွန့်ပစ်ခြင်း၊ သက်ငယ်မုဒိမ်းမှုများကျူးလွန်ခြင်း စသည်တို့ကို ယခုကဲ့သို့ အသိပညာပေးမှုများဖြင့် လူငယ်ထု၏ လိင်မှုဆိုင်ရာအမြင်များကို မှန်ကန်အောင် ပြောင်းလဲလျှော့ချနိုင်မည်ဖြစ်သည်။

**ဝင်းစန္ဒီမော်**

■

# ပြည်သူအများ စိတ်အပန်းဖြေ အသိပညာကြွယ်ဝရေး ရည်ရွယ်ကာ ဖျော်ဖြေပေးခဲ့ကြသည့် အနုပညာ၊ အတတ်ပညာရှင်များ၏ ပီတိစကားသံများ

**လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်မှ အနုပညာလှုပ်ရှားမှုအစီအစဉ်များသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဦးဆောင်မှုအောက်တွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်( ရန်ကုန်)၊ အနုပညာအထက်တန်းကျောင်း(ရန်ကုန်)၊ အမျိုးသားပြတိုက် (ရန်ကုန်)နှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ မသန်စွမ်းကလေးငယ်များ၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။ ပွဲတော်သို့ လာရောက်ကြည့်ရှုသူ ပြည်သူအများစိတ်အပန်းဖြေ အသိပညာကြွယ်ဝရေး ရည်ရွယ်ကာ ဖျော်ဖြေပေးခဲ့ကြသည့် အနုပညာ၊ အတတ်ပညာရှင်များ၏ ပီတိစကားသံများကိုလည်း ပွဲတော်အမှတ်တရစကားများအဖြစ် ပြန်လည်ရေးသားဖော်ပြလိုက်ပါသည်။**

**ဦးလှိုင်ဝင်းမောင်**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**အနုပညာဦးစီးဌာန**
**သာသနာရေးနှင့်**
**ယဉ်ကျေးမှုဝန်ကြီးဌာန**

ဒီပွဲတော်မှာ ကျွန်တော်တို့က ယဉ်ကျေးမှုအခန်းကဏ္ဍကနေ ပါဝင်ပြသခြင်းဖြစ်တယ်။ ယဉ်ကျေးမှုဆိုတာက နိုင်ငံရဲ့မျက်နှာစာပါ။ ဖျော်ဖြေပွဲတွေကနေတစ်ဆင့် လူငယ်တွေရဲ့ စိတ်ထဲမှာ တို့လူမျိုးတွေမှာ ဒီလိုယဉ်ကျေးမှုတွေရှိတယ်ဆိုတဲ့ အသိအမြင်တွေ ရရှိသွားမှာ ဖြစ်ပါတယ်။ ရရှိမယ်လို့လည်း ထင်ပါတယ်။ နောက်ကျေနပ်စရာလေးတစ်ခု ရှိတယ်။ မနေ့က ဆရာမတစ်ယောက် စိန်လက်ကောက်လေး ကျပျောက်သွားတယ်။ ဒါကို ကောက်ရတဲ့ ကလေးမလေး တစ်ယောက်က စိန်လက်ကောက်ကို ပြန်လာအပ်ပါတယ်။ လာပြန်အပ်သူလေးတွေက တက္ကသိုလ်ကျောင်းသူလေးတွေ ဖြစ်နေတယ်။ အဲဒါကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့လူမျိုးတွေရဲ့ စာရိတ္တမဏ္ဍိုင်က ကောင်းနေတယ်ဆိုတာကို လူငယ်တွေက သက်သေပြလိုက်တာ ဖြစ်ပါတယ်။ ဒါဒီပွဲမှာ အမှတ်တရလေးပါ။ ကျွန်တော်တို့လူမျိုးတွေဟာ ယဉ်ကျေးမှုမြင့်မားသလို စိတ်ဓာတ်ပိုင်းဆိုင်ရာလည်း ကောင်းမွန်တာကို တွေ့ရပါတယ်။ အဓိက ကတော့ ဒီပွဲတော်ဟာ လူငယ်တွေကို အသိအမြင် ပိုပြီးတော့ ကျယ်သွားစေသလို ကိုယ့်နိုင်ငံကို ချစ်ပြီး မိမိကိုယ်ကို တိုးတက်အောင် ကြိုးစားချင်တဲ့ စိတ်တွေရှိလာစေတယ်လို့ ယုံကြည်ပါတယ်။

**ကိုဇေယျာလင်း**
**အနုပညာရှင် (၁)**

ဒီလိုပွဲမျိုးတွေ ကျင်းပတာဟာ လူငယ်တွေအတွက် အများကြီး အထောက်အကူပြုတယ်လို့ ထင်ပါတယ်။ လူငယ်တွေအတွက် အတွေ့အကြုံတွေ၊ ဗဟုသုတတွေ ဖလှယ်ခွင့်ရပါတယ်။ တင်ဆက်ခွင့်၊ လေ့လာခွင့်တွေ ရပါတယ်။ မျိုးဆက်သစ်လူငယ်တွေအတွက် အလွန်ကောင်းမွန်တဲ့ ပွဲတော်တစ်ခုပါ။ နောင်လည်း ဒီလိုပွဲမျိုးတွေ အများကြီးလုပ်ပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်။

**ဒေါ်သန္တာလင်း**
**ကထိက၊ အနုပညာတက္ကသိုလ်**

အခုလိုအနုပညာ၊ စာပေကဏ္ဍနဲ့ အားကစားကဏ္ဍပါမကျန် ဘက်စုံ၊ ကဏ္ဍစုံမှာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေတဲ့ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကြီးမှာ ကျွန်မချစ်တဲ့ အနုပညာနဲ့ တစ်ထောင့်တစ်နေရာက ပါဝင်ခွင့်ရလို့ ဝမ်းသာပါတယ်။ ပြီးတော့ ဒီပွဲတော်ကြီးဟာ အောင်မြင်တယ်လို့ မြင်ပါတယ်။ လာရောက်တဲ့ ပရိသတ်တွေကို အပြင်ထွက်ပြီး လေ့လာတော့ စိတ်ပါဝင်စားစွာနဲ့ အိုင်တီနည်းပညာ ပြခန်းတွေကို လေ့လာနေကြတာတွေ့ရတယ်။ အနုပညာကိုလည်း အမြတ်တနိုး လာရောက်ကြည့်ရှုကြတာ တွေ့ရတယ်။ နောက်နှစ် နောက်နှစ်တွေမှာလည်း ပွဲတော်ကြီးကို ပြုလုပ်စေချင်ပါတယ်။

**ဒေါ်ဝတ်ရည်လှိုင်(အနုပညာဦးစီးဌာန)**

ညီမက ဒီနေ့ဖျော်ဖြေပွဲမှာ ရုပ်သေးရုပ်လေးတွေနဲ့ ကပြရမှာပါ။ ဒီရုပ်သေးရုပ်ပညာဆိုတာ ဟိုးအရင်ကတည်းက ရှိခဲ့တဲ့ မြန်မာ့သုခုမပညာတစ်ရပ်ပါ။ အခုလိုလူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်မှာ ရုပ်သေးရုပ်လေးတွေနဲ့ ပါဝင်ဖျော်ဖြေခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ နောက်နှစ်မှာလည်း အခုလို လူငယ်ပွဲလေးတွေ လုပ်ပေးဖို့ အကြံပြုချင်ပါတယ်။ အနုပညာဝါသနာပါတဲ့ လူငယ်တွေ အနေနဲ့ ရန်ကုန်၊ မန္တလေးမြို့တွေမှာ လာရောက် သင်တန်းတက်ကြဖို့ ဖိတ်ခေါ်ပါတယ်။ အနုပညာကို ချစ်ခင်မြတ်နိုးပေးကြပါလို့ ပြောချင်ပါတယ်။ အခုလို ပွဲတော်ကျင်းပပေးတဲ့အတွက် ကျွန်မတို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်တွေအားလုံးကိုယ်စား ဝမ်းသာကျေးဇူးတင်ပါတယ်လို့ ပြောပါရစေရှင်။

**ဒေါ်မြင့်မြင့်မာ(အနုပညာဦးစီးဌာန)**

ဒီပွဲတော်မှာ တိုင်းရင်းသားလူမျိုးပေါင်းစုံရဲ့ အကတွေ၊ ယဉ်ကျေးမှုတွေ၊ ရိုးရာဓလေ့တွေကို တစ်နေရာတည်းမှာ လေ့လာခွင့်ရကြတော့ အသိအမြင်တွေလည်း ကြွယ်ဝမယ်။ ယဉ်ကျေးမှုနဲ့ပတ်သက်ပြီး အသိပညာဖွံ့ဖြိုးလာမယ်။ ယဉ်ကျေးမှုအမွေအနှစ်တွေ ပပျောက်မှာ မဟုတ်တော့ဘူးလို့လည်း ယုံကြည်ပါတယ်။ ပွဲတော်ကိုလာပြီး တစ်ခန်းဝင်တစ်ခန်းထွက်နဲ့ လေ့လာနေကြတာ တွေ့ရတော့ ဝမ်းသာပီတိဖြစ်ရပါတယ်။ ဒီလိုပွဲတော်တွေ အမြဲကျင်းပနိုင်ပါစေလို့ ဆုတောင်းပါတယ်။


ဦးလှိုင်ဝင်းမောင်


ကိုဇေယျာလင်း


ဒေါ်သန္တာလင်း


ဒေါ်ဝတ်ရည်လှိုင်

**တွေ့ဆုံမေးမြန်း-ခင်ဇာလီ**
**ဓာတ်ပုံ-အေးမင်းသူ**

■

## ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာလ ၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၉ ပါ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ဟောပြောဆွေးနွေးသွားမည့် ရန်ကုန်တက္ကသိုလ်ပါမောက္ခများ၏ စကားသံများ တွေ့ဆုံမေးမြန်းခန်းပါ ဒေါက်တာ နီဝင်းဇော် အစား ဒေါက်တာ ဏီဝင်းဇော် ဟုလည်းကောင်း၊ ပုံစာတွင် ဒေါက်တာနီလာကြူ၏ ပုံအား ဒေါက်တာပိုးပိုး ဟုလည်းကောင်း၊ ဒေါက်တာပိုးပိုး၏ ပုံအား ဒေါက်တာနီလာကြူ ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

**သတင်းစဉ်**

### ❂ ရခိုင်ပြည်နယ်မှ

ဒီဒေသမှာရှိတဲ့ ပျက်စီးဆုံးရှုံးမှုတွေရှိနေတဲ့ ကျေးရွာတွေကို ပြန်လည်တည်ဆောက်မှုတွေ ဆောင်ရွက်သွားကြဖို့ဖြစ်ပါတယ်။ ထောက်ပံ့တဲ့အခါမှာ ဝေးလံခေါင်းပါးတဲ့ ဒေသတွေ၊ မြေပြင်အနေအထားအရ နေ့ချင်းပြန်သွားလို့ရတဲ့ နေရာတွေကို ရွေးပါတယ်။ ရွေးပြီးတဲ့အခါမှာ အခုမောင်တောမြို့နယ်မှာ ဒုတိယအသုတ်အနေနဲ့ ဆောင်ရွက်တာက ဒီငါးခူရကျေးရွာ ဖြစ်ပါတယ်။ ငါးခူရမှာ ဒေသခံရခိုင်တိုင်းရင်းသားတွေ၊ ဟိန္ဒူဘာသာဝင်တွေနဲ့ အစ္စလမ်ဘာသာဝင်တွေရှိတယ်။ ကျေးရွာတစ်ရွာတည်းမှာပဲ အတူနေပြီးတော့ ဈေးတွေဆိုလည်း အတူတူသုံးကြတယ်။ စာသင်ကျောင်းမှာဆိုလည်း အတူတူတက်ကြတယ်။ ဒီလိုမျိုးရှိတဲ့ ရွာဖြစ်တာကြောင့်မို့လို့ ဒီရွာကိုအရင်ဆုံး ဦးစားပေးအနေနဲ့ ရွေးရခြင်းဖြစ်ပါတယ်။

UEHRD programs အစီအစဉ်နဲ့ ဒီလိုဆောင်ရွက်ပေးနေတဲ့ နေရာမှာ ကျွန်တော်တို့က သတင်းစကားနှစ်ခုကို အဓိကပါးလိုပါတယ်။ နံပါတ်တစ် သတင်းစကားက ဒေသခံတိုင်းရင်းသားလူမျိုးတွေအနေနဲ့ သူတို့ ဒေသခံတိုင်းရင်းသားတစ်ခုတည်းတင်မဟုတ်ဘူး၊ ကျွန်တော်တို့က တစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူလူထုတစ်ရပ်လုံးက သူတို့အတွက်ဝိုင်းဝန်းပံ့ပိုးပေးနေတယ်ဆိုတာကို ပြချင်တာရယ်၊ တစ်ဖက်က နိုင်ငံတကာက စွပ်စွဲနေသလို ကျွန်တော်တို့က အစ္စလမ်ဘာသာဝင်တွေကို ခွဲခြားဆက်ဆံနေတယ်ဆိုတာ မရှိဘူးဆိုတာကို ပြချင်တဲ့ သတင်းစကားလည်း တစ်ချက်အပါအဝင်ဖြစ်ပါတယ်။

ကျွန်တော်တို့ စီမံကိန်းရဲ့ ရည်ရွယ်ချက်က ရည်ရွယ်ချက်နှစ်ခု ရှိပါတယ်။ ဒေသခံတိုင်းရင်းသားတွေအတွက်လည်း တစ်နိုင်ငံလုံးက ဝိုင်းဝန်းရပ်တည်နေတယ်ဆိုတာကို ပြချင်တာရယ်၊ ဒုတိယရည်ရွယ်ချက်က အစ္စလမ်ဘာသာဝင်တွေအတွက်ကိုလည်း ကျွန်တော်တို့ဒေသခံတွေနည်းတူ အားလုံးတန်းတူ ဆောင်ရွက်ပေးနေတယ်ဆိုတာကို ပြချင်တဲ့ မက်ဆေ့ချ်နှစ်ခုနဲ့ ဒီနေ့လုပ်ငန်းကို ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်တဲ့အခါမှာ တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တည်း ဆောင်ရွက်လို့မရပါဘူး။ ပြည်သူလူထုတစ်ရပ်လုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှ တိုးတက်အောင်မြင်နိုင်မှာဖြစ်ပါတယ်။ အထူးသဖြင့် အခုလို လိုအပ်မှုရှိနေတဲ့ ကာလမှာ အနာဂတ်ရဲ့မျိုးဆက်သစ်ဖြစ်တဲ့ လူငယ်တွေရဲ့ တက်တက်ကြွကြွပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ သူတို့ရဲ့ အခက်အခဲတွေကို ကြံ့ကြံ့ခံရင်ဆိုင်ပြီး ပူးပေါင်းဆောင်ရွက်မှုတွေဟာ တကယ်ကို အံ့သြချီးကျူးစရာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ထပ်ပြီးပြောချင်တာက ဘာပြောပြော ဒီဒေသကိုလာတဲ့အခါမှာ အနည်းနဲ့အများဆိုသလို စိုးရိမ်ပူပန်မှုတွေရှိကြတယ်။ သို့သော်ငြားလည်း လူငယ်တွေ လာခဲ့ကြတယ်။ ဒါကြောင့် နိုင်ငံတော်ကိုယ်စားရော၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနအနေနဲ့ပါ ကျေးဇူးတင်ပါတယ်။ ယုံယုံကြည်ကြည် စေလွှတ်ပေးတဲ့ မိဘတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**ဒေါ်စန်းစန်းအေး(ရခိုင်တိုင်းရင်းသူ) ငါးခူရကျေးရွာ**

ကျွန်မမှာ မိသားစု ခြောက်ဦးရှိပါတယ်။ ဒီမှာ ရခိုင်တိုင်းရင်းသားက ၁၀၀ ကျော်လောက်ရှိတယ်။ အချို့တွေကတော့ ထွက်သွားကြပြီ။ ကျောင်းတက်တဲ့သူလည်း နည်းနေတယ်။ အခု UEHRD လူငယ်တွေက ဆီ၊ ဆန်၊ ဆား၊ ငရုတ်၊ အာလူး၊ ပဲ စတာတွေကို လာပေးပါတယ်။ အဲဒါလေးတွေနဲ့ စားနေရတယ်။ အခု အလုပ်မရှိပါဘူး။ အရင်တုန်းက ဈေးဆိုင်တွေ ဘာတွေရောင်းတယ်။ ခုတော့ မရှိတော့ပါဘူး။ အကြမ်းဖက်ဖြစ်စဉ်တုန်းက သူတို့ ARSA တွေက ခေါင်းစွပ်အမည်းတွေစွပ်ပြီး စခန်းက သူတွေနဲ့ အပြန်အလှန်လာပြီးတော့ ပစ်ကြတယ်။ အဲဒီတုန်းက ကျွန်မတို့ ညဘက် ၁၁ နာရီလောက်မှာ ဒီစခန်းထဲကို ဝင်ပြီးတော့ ပြေးကြရပါတယ်။ ဒီရွာမှာက ဟိန္ဒူ ဘင်္ဂါလီ၊ ရခိုင် သုံးစုနေကြပါတယ်။ အရင်တုန်းက ဘာသာချင်း မတူလည်း အေးအေးချမ်းချမ်းရှိပါတယ်။ တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန် ရှိကြပါတယ်။ သူတို့မှာ မရှိရင်လည်း တောင်းတယ်။ ချေးငှားပါတယ်။ သူတို့ကလည်း အပြန်အလှန် ကူညီပါတယ်။ အခု ဒီမှာ ထွက်မပြေးဘဲ ကျန်နေခဲ့တဲ့ ဘင်္ဂါလီတွေနဲ့ အေးအေးချမ်းချမ်းရှိပါတယ်။

**ဦးအီစွတ်(အစ္စလမ်ဘာသာဝင်)ငါးခူရကျေးရွာ**

ကျွန်တော် ငါးခူရအရှေ့ဘက် ကပ္ပကောင်းမှာ နေပါတယ်။ ကျွန်တော်တို့ကို အဖွဲ့အစည်းတွေက ဆန်၊ ဆီ၊ ပဲ၊ အာလူး၊ နို့မှုန့်၊ ကြက်သွန် စတာတွေကို ပေးပါတယ်။ အကုန်ကူညီပေးပြီးတော့ လိုအပ်ချက်စာရင်း၊ ဇယားတွေကောက်တယ်။ ထပ်ပြီးတော့ ဘာလိုမလဲဆိုတာတွေ မေးပါတယ်။ အခု အကြမ်းဖက်မှုဖြစ်စဉ်မှာ မပါတဲ့သူတွေပဲ နေတာပါ။ ပါတဲ့သူတွေက ထွက်ပြေးသွားပါတယ်။ ဒီမှာ ရခိုင်တိုင်းရင်းသားရှိတယ်၊ ဟိန္ဒူရှိတယ်၊ ကျွန်တော်တို့ မူဆလင်ရှိတယ်။ အေးအေးချမ်းချမ်းပဲ အတူတကွနေထိုင်ပါတယ်။ ကျွန်တော်တို့ ကပ္ပကောင်းက အရင်ကလည်း အေးအေးဆေးဆေး၊ အခုလည်း အေးအေးဆေးဆေးပါပဲ။ အခုလို ကူညီပေးတာ အများကြီးကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ကို ရေရှည်စီးပွားရေးတွေ တည်ထောင်ပေးဖို့ လိုပါတယ်။ ကျွန်တော်တို့ စပါးရိတ်လို့မရပါဘူး။ စပါးရိတ်ပေးရင် ပိုအဆင်ပြေပါတယ်။ အဓိကက ပုစွန်တာလုပ်ငန်း၊ လယ်လုပ်ငန်းတွေ လုပ်ကိုင်ခွင့်ရဖို့ ကူညီပေးစေချင်ပါတယ်။

**မော်နူရောလ်စွန်း(ဟိန္ဒူဘာသာဝင်) ငါးခူရကျေးရွာ**

ကျွန်တော်က ဟိန္ဒူရွာမှာ ရာအိမ်မှူးလုပ်နေပါတယ်။ အခုရွာမှာက ဟိန္ဒူဘာသာဝင် ၆၀၀ ကျော်လောက်ရှိပါတယ်။ အခုလူငယ်အဖွဲ့တွေက စားသောက်စရာတွေ၊ အဝတ်အထည်တွေ အစုံပေးပါတယ်၊ ကျွန်တော့်မိသားစုက ၄၅ ဦးရှိတဲ့အတွက် ခုနစ်ယူနစ်ရပါတယ်၊ လူငယ်တွေက အိမ်ထောင်စု စာရင်းကောက်တာရယ် နေရထိုင်ရတာ အဆင်ပြေမှု ရှိ၊ မရှိမေးပါတယ်။ အခုလိုအကူအညီတွေ လာပေးတာ လေးကြိမ်လောက်ရှိပါပြီ။ အခုလိုလာရောက်လှူဒါန်းပေးတဲ့အတွက် လူငယ်တွေကိုကျေးဇူးအထူးတင်ပါတယ်။ အခုအကူအညီပေးတာက ရတဲ့အစားအသောက်တွေနဲ့ အဆင်ပြေတယ်။ အကြမ်းဖက်သမားတွေကို တော့ကြောက်နေရပါတယ်။ လောလောဆယ် အလုပ်အကိုင် မရှိပါဘူး။ ရွာပတ်ဝန်းကျင်မှာလောက်ပဲ ငါးရှာဖားရှာ ထွက်ရတော့ သိပ်အဆင်မပြေပါဘူး။

ပြဿနာမတက်ခင်တုန်းကတော့ ငါးရှာ၊ ဖားရှာထွက်ရတာအဆင်ပြေပါတယ်။ အရင်တုန်းက ကျွန်တော်တို့ ရွာသားတွေက ငါးဖမ်းတယ်၊ ဆံပင်ညှပ်တယ်၊ တချို့တွေက မောင်တောမှာ သွားအလုပ်လုပ်တယ်။ မလေးရှားသွားအလုပ်လုပ်တဲ့သူတွေလည်း ရှိတယ်။ အခုကျတော့ အလုပ်မရှိကြပါဘူး။ စားသောက်ဖို့ကျတော့ အစိုးရဆီက ထောက်ပံ့ပေးမှပဲ အဆင်ပြေမှာပါ။ တာဝန်ရှိတဲ့သူတွေကို တောင်းဆိုလိုတာက ကျွန်တော်တို့ကို ငါးရှား ဖားရှာ ထွက်ခွင့်ပေးဖို့ပါပဲ။ တချို့အိမ်ထောင်စု စာရင်းမှာမပါသေးတဲ့သူတွေရှိပါသေးတယ်။ အဲဒါကိုလည်း လုပ်ဆောင်ပေးချင်ပါတယ်။ ကျွန်တော်တို့ရွာမှာ ဟိန္ဒူဘာသာဝင်၊ ရခိုင်တိုင်းရင်းသား၊ မူဆလင်ဘာသာဝင်တွေနေကြပါတယ်။ ပြဿနာ မဖြစ်ခင်တုန်းက စုပေါင်းနေထိုင်ခဲ့ကြပါတယ်။ ခုဟာက သံသယစိတ် နည်းနည်းရှိသွားကြတာပေ့ါ။ ARSA အကြမ်းဖက်တွေကြောင့် ကျွန်တော်တို့ ဟိန္ဒူဘာသာဝင်တွေ အယောက်တစ်ရာ ကျော်ကျော်လောက် ခမောင်းဆိပ်မှာ အသတ်ခံခဲ့ရပါတယ်။



UEHRD စေတနာ့ဝန်ထမ်းလူငယ်များ ငါးခူရကျေးရွာရှိ ဟိန္ဒူဘာသာဝင်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

**မန်းအောင်နိုင်ကြည်(အဖွဲ့ ၃ ခေါင်းဆောင်)**
**UEHRD စေတနာ့ဝန်ထမ်းလူငယ်**

ကျွန်တော်က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်မှာ နေထိုင်ပါတယ်။ ကရင်-ဗမာ လူမျိုးဖြစ်ပါတယ်။ အခုလူငယ်အစီအစဉ်မှာ လျှောက်ဖြစ်တဲ့ ရည်ရွယ်ချက်က လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး စေတနာ့လူငယ်ဝန်ထမ်း ရက် ၂၀ ပြည်ထောင်စုစီမံကိန်းကို စိတ်ဝင်စားမှုရှိလို့ပါ။ ဘာကြောင့်လဲဆို ဟိန္ဒူ မူဆလင်၊ ရခိုင်၊ ဗမာ စတဲ့ ကျွန်တော်တို့တွေမှာ တူညီတဲ့ လူသားဖြစ်တယ်ဆိုတဲ့ စံတန်ဖိုးနှုန်းထားချင်းက တူနေပါတယ်။ အဲဒီစံတန်ဖိုးနှုန်း တွေတူနေတာကိုပဲ ကျွန်တော်တို့က လေးစားတာပါ။ လူသားဖြစ်တဲ့အတွက် ကျွန်တော်တို့က လူသားချင်းစာနာထောက်ထားမှုအရ ကူညီချင်တဲ့ စိတ်နဲ့ပဲ UEHRD ကို ဆက်သွယ်ပြီး လျှောက်ဖြစ်တာပါ။

သင်တန်းပေးတာကတော့ camp သွင်းသလိုပါပဲ။ ကျွန်တော်တို့ကို save and security တွေသင်တယ်။ survey ဆင်းပုံဆင်းနည်းတွေသင်တယ်။ ဒေတာ ကောက်ပုံကောက်နည်းတွေသင်တယ်။ ကုန်ပစ္စည်းတွေကို distribution လုပ်ပုံ လုပ်နည်းတွေသင်တယ်။ နောက်တစ်ခါ ပြဿနာရပ်တိုင်းမှာ ဘေးထွက်ဆိုးကျိုးတွေဖြစ်လာစေမယ့် အပြောအဆို အလုပ်အကိုင်အနေအထိုင်တွေကို ဖြစ်မလာအောင်လို့ ကျွန်တော်တို့ကို ကောင်းကောင်းသင်ပေးပါတယ်။ နောက်ရှေးဦးသူနာပြုစုနည်းတွေကိုလည်း သင်ပါတယ်။ အင်မတန်ကို ကောင်းမွန်တဲ့သင်တန်းတစ်ရပ်ပါ။

ကျွန်တော်တို့ မောင်တောရောက်တော့ အုပ်စု သုံးခု ခွဲလိုက်ပါတယ်။ ကျွန်တော်က အုပ်စု ၃ ရဲ့ ခေါင်းဆောင်အဖြစ် ဆောင်ရွက်ရတယ်။ ဘာတွေကို အဓိကထားပြီး ဆောင်ရွက်ရလဲဆိုတော့ စာရင်းဇယားအချက်အလက်တွေ ကောက်ရတယ်။ အိမ်ထောင်စု စာရင်းတွေကောက်ရပါတယ်။ လက်ရှိ ကျွန်တော်တို့ကောက်ယူတဲ့အချိန်မှာ ရှိတဲ့ လူစာရင်း အတိအကျကိုပဲ ကျွန်တော်တို့ယူပါတယ်။ လူဦးရေစာရင်း အတိအကျကောက်ပြီး ဘာသာမခြား၊ လူမျိုးမခြား ထောက်ပံ့ကူညီပေးပါတယ်။ UEHRD မှာ ကျွန်တော်တို့ပူးပေါင်း ပါဝင်ခွင့်ရတဲ့အတွက် ကျွန်တော်တို့ ပျော်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီအဖွဲ့မှာ ဆရာဝန်တွေလည်းပါတယ်။ ရခိုင်၊ ရှမ်း၊ ကရင်၊ တိုင်းရင်းသား ပေါင်းစုံပါဝင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ စုပေါင်းလုပ်ကိုင်နိုင်ခြင်းဆိုတဲ့ team work ကလေးတစ်ခုကို ကျွန်တော်တို့ လူငယ်ဘဝကတည်းက အတွေ့အကြုံကောင်းတွေရတယ်။ စည်းစည်းလုံးလုံးနေထိုင်တတ်တယ်။ နောက်ပြီးတော့ ကျွန်တော်တို့က ဘာသာမခြား အစွန်းမရောက်တဲ့စိတ်ဆိုတာကိုလည်း အခုကတည်းက မွေးမြူထားနိုင်တယ်။ အချိန်တိုတောင်းသော်လည်း ကျွန်တော်တို့ စိတ်ကို တစ်ခါတည်းပြုပြင်ထိန်းသိမ်းပေးလိုက်တဲ့အတွက် ကျွန်တော်တို့အတွက် အင်မတန်မှ အကျိုးကျေးဇူးကြီးပါတယ်။ ဒီလိုညီအစ်ကိုမောင်နှမတွေနဲ့အတူ လက်တွဲလုပ်ရတဲ့အတွက် ကိုယ့်ကိုယ်ကိုယ်ဂုဏ်ယူပါတယ်။

ဒီအစီအစဉ်ကောင်းကိုတော့ လူငယ်တိုင်းပါဝင်သင့်ပါတယ်လို့မြင်ပါတယ်။ ဘာကြောင့်ဆို UEHRD အစီအစဉ်မှာ ဘာကိုမှ ကန့်သတ်ထားခြင်းမရှိပါဘူး။ လူငယ်တိုင်းလူငယ်တိုင်းပါဝင်ကြပါ။ အင်မတန်းကောင်းတဲ့ အစီအစဉ်ဖြစ်ပါတယ်။ ဒါကြောင့်မို့ သူငယ်ချင်းများ ညီအစ်ကိုမောင်နှမများ အားလုံးကို ကျွန်တော်တို့နဲ့အတူ လက်တွဲဖို့ ဖိတ်ခေါ်ပါတယ်။ လက်တွဲပြီးလာရောက်လုပ်ကိုင်ပါလို့လည်း တိုက်တွန်းချင်ပါတယ်။ **တွေ့ဆုံမေးမြန်း-သတင်းအဖွဲ့**
**ဓာတ်ပုံ-ဖိုးထောင်**

## ပြန်လည်လက်ခံရေးစခန်းအဖြစ် အသုံးပြုနိုင်ရန် အဆောက်အအုံများ ပြုပြင်ခြင်းနှင့် အသစ်ထပ်မံ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၄**

ဩဂုတ် ၂၅ ရက်တွင် ဖြစ်ပွားခဲ့သော မောင်တောဒေသအကြမ်းဖက်မှုဖြစ်စဉ် နောက်ပိုင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ခွာရောက်ရှိနေကြသော ဘင်္ဂါလီ၊ ဟိန္ဒူဘာသာဝင်များအား ပြန်လည်လက်ခံရာတွင် မောင်တောမြို့နယ် တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းအဖြစ် အသုံးပြုနိုင်ရန် တောင်ပြိုနယ်မြေ ရဲစခန်းဝင်းအတွင်း အဆောက်အအုံများ ပြုပြင်ခြင်းနှင့် အသစ်ထပ်မံ တည်ဆောက်ခြင်းလုပ်ငန်းများကို UEHRD ကော်မတီ၏ ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းအဖွဲ့က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် အလျား ပေ ၁၂၀၊ အနံ ပေ ၃၀ ရှိသော ခြောက်ခန်းတွဲ အဆောက်အအုံ သုံးလုံး၊ အလျား ပေ ၆၀၊ အနံ ၁၈ ပေရှိ သစ်သားဖြင့် ဆောက်လုပ်ထားသော ဝန်ထမ်းအိပ်ဆောင် တစ်လုံးနှင့် အလျား ပေ ၄၀၊ အနံ ပေ ၂၀ ရှိသော ဝန်ထမ်းအိပ်ဆောင် တစ်လုံး၊ အလျားပေ ၂၀၊ အနံ ပေ ၂၀ ရှိသော အုတ်တိုက် ဝန်ထမ်းအိပ်ဆောင် တစ်လုံးတို့ကို လတ်တလော ပြုပြင်ဆောင်ရွက်လျက်ရှိပြီး အလျားပေ ၄၀၊ အနံ ပေ ၃၀ နှင့် အမြင့် ၁၀ ပေရှိ သစ်သားရှင်းလင်းဆောင်တစ်လုံး၊ ရေချိုးခန်း လေးခန်းနှင့် အိမ်သာလေးခန်းပါ အလျား ၄၈ ပေ၊ အနံ ခြောက်ပေရှိသော ရှစ်ခန်းတွဲ အဆောင်လေးလုံး၊ အလျား ၁၅ ပေ၊ အနံ ရှစ်ပေ၊ အမြင့် လေးပေရှိ Ground Tank တစ်လုံး၊ ရေ ၁၂၀၀ ဂါလန်ဆံ့ Overhead Tank နှစ်လုံး၊ အလျား ပေ ၆၀၊ အနံ ပေ ၃၀ ၊ အမြင့် ၁၁ ပေရှိသော ထမင်းချက်၊ ထမင်းစားဆောင် တစ်လုံး၊ စက်ရေတွင်း နှစ်တွင်းနှင့် အဆောက်အအုံများရှေ့ရှိ လမ်းများ ကျောက်ခင်းခြင်းကို အသစ်ထပ်မံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များတွင် တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများရုံးခန်းအဖြစ် အသုံးပြုရန် Modular House ၃၁ လုံး၊ ဝန်ထမ်းများ နေထိုင်နိုင်ရန် Modular House ရှစ်လုံးနှင့် တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့် သူများအား ခေတ္တထားရှိရန် Modular House ၄၁ လုံး စုစုပေါင်း Modular House အလုံး ၈၀ အား ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းအဖွဲ့က အလျား ပေ ၁၂၀၊ အနံ ပေ ၃၀ ရှိ ဘားတိုက် နှစ်လုံးပြုပြင်ခြင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက Modular House များ တည်ဆောက်နိုင်ရေးအတွက် ပစ္စည်းစုပုံခြင်း၊ မြေကြီးလုပ်ငန်းများ စတင်ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## မောင်တောမြို့နယ်၌ တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၄**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ကိုင်းကြီး (တိုင်းရင်းသား)ကျေးရွာ၊ ကန်သာယာ(တိုင်းရင်းသား)ကျေးရွာနှင့် ဝေသာလီ(တိုင်းရင်းသား)ကျေးရွာတို့တွင် နွားတစ်ကောင်၊ ဆိတ်နှစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ ကြိမ်ချောင်း (ရောနှော)ကျေးရွာ၊ မင်းခမောင်း(တိုင်းရင်းသား)ကျေးရွာနှင့် တမန်းသား (တိုင်းရင်းသား) ကျေးရွာတို့တွင် နွားနှစ်ကောင်၊ ဆိတ်တစ်ကောင်၊ ငါးခူရစခန်း ပတ်ဝန်းကျင်ရှိ ရေမျက်တောင် (တိုင်းရင်းသား)ကျေးရွာ၊ ကပ္ပကောင်း(တိုင်းရင်းသား)ကျေးရွာ၊ ငါးခူရ(ရောနှော)ကျေးရွာတို့တွင် နွားတစ်ကောင်၊ ဆိတ်သုံးကောင်တို့အား ကာကွယ်ကုသဆေးများ ထိုးနှံပေးပြီး စုစုပေါင်း စခန်းသုံးခု၏ ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားလေးကောင်နှင့် ဆိတ်ခြောက်ကောင်တို့အား ကာကွယ်ကုသပေးခြင်း၊ ဆိတ်သုံးကောင် တို့အား ဆေးကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၁၅ ကောင်တို့အား ကာကွယ်ကုသဆေးထိုးနှံပေးခြင်းနှင့် ဆိတ် ၆၇၈ ကောင်တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်သတင်း

# မောင်တောဒေသ တရားဥပဒေစိုးမိုးမှု ပြန်လည်ရရှိဖို့ဆိုရင် အုပ်ချုပ်ရေးယန္တရား ခိုင်မာအောင် လုပ်ရမယ်

**ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း ဩဂုတ်လ ၂၅ ရက်နေ့က ဖြစ်ပွားခဲ့သော ARSA အစွန်းရောက်အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားခဲ့သည်မှာ ယခုအခါ သုံးလကျော်ရှိပြီဖြစ်သည်။ ဖြစ်စဉ်ဖြစ်ပွားမှုကြောင့် ဒေသအုပ်ချုပ်မှုပိုင်းဆိုင်ရာ၊ စီးပွားရေးပိုင်းဆိုင်ရာ၊ ပညာရေးပိုင်းဆိုင်ရာ၊ လမ်းပန်းဆက်သွယ်မှုပိုင်းဆိုင်ရာ၊ ဒေသဖွံ့ဖြိုးမှုပိုင်းဆိုင်ရာမှအစ ပြည်သူများနေရပ်စွန့်ခွာသည်အထိ ပုံမှန်အခြေအနေများမှ သွေဖည်မှုများဖြစ်ပေါ်ခဲ့သည်။ ယင်းပြောင်းလဲသွေဖည်ခဲ့မှုအခြေအနေများနှင့်ပတ်သက်၍ ပုံမှန်ပြန်လည် လည်ပတ်နိုင်ရေး နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရ၏ လမ်းညွှန်မှုများနှင့်အတူ ဒေသဆိုင်ရာတာဝန်ရှိသူများ မြေပြင်ကွင်းဆင်းအရှိန်အဟုန်မြင့် ဆောင်ရွက်နေသည်မှာ လတ်တလောအခြေအနေတစ်ရပ်အထိ အကောင်အထည်ဖော်နေပြီဖြစ်သည်။ မောင်တောဒေသ ဖွံ့ဖြိုးမှုကဏ္ဍများနှင့်ပတ်သက်၍ ကိုင်တွယ်ဆောင်ရွက်နေသော မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်အား သတင်းအဖွဲ့က တွေ့ဆုံမေးမြန်းထားပါသည်။**



မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်

**မေး- မောင်တောဒေသမှာ ဩဂုတ်လ ၂၅ ရက်နေ့ ဖြစ်စဉ်ဖြစ်ပွားခဲ့တာ သုံးလကျော်ခဲ့ပါပြီ။ ဖြစ်စဉ်ဖြစ်ပွားပြီး အုပ်ချုပ်မှုပိုင်းဆိုင်ရာကအစ ဆောင်ရွက်ပေးနိုင်ခဲ့တဲ့ လုပ်ငန်းစဉ်တွေကို သိပါရစေ။**

ဖြေ- ဩဂုတ်လ ၂၅ ရက်နေ့ဖြစ်စဉ်ဖြစ်ပွားပြီး လုံခြုံရေးကဏ္ဍကို တာဝန်ယူဆောင်ရွက်နေတဲ့ အဖွဲ့အစည်းအသီးသီးတွေနဲ့ ဟန်ချက်ညီညီပူးပေါင်းပြီး ဒေသတွင်းလုံခြုံမှုရှိအောင် ထိန်းချုပ်နိုင်ခဲ့ပါတယ်။ တရားဥပဒေစိုးမိုးမှုအပိုင်းကို ဆက်လက်အကောင်အထည်ဖော်တယ်။ လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေး ရရှိလာတဲ့အချိန်မှာ ဖြစ်စဉ်ကြောင့် ထိခိုက်မှုရှိခဲ့တဲ့ ဒေသတွင်းနေ ပြည်သူတွေကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေကို ခွဲခြားမှုမရှိဘဲထောက်ပံ့မှုတွေ ဆက်လက်ဆောင်ရွက်ပေးနေသလို ပြန်လည်ထူထောင်ရေးကိစ္စကိုလည်း တစ်ပြိုင်နက်တည်း ဆောင်ရွက်လျက်ရှိပါတယ်။

ဖြစ်စဉ်ကြောင့် ထိခိုက်တဲ့ဧရိယာတွေမှာ လိုအပ်တဲ့ စာရင်းဇယား အချက်အလက်တွေကို ဌာနဆိုင်ရာနဲ့ လုံခြုံရေးအဖွဲ့အစည်းတွေ အကူအညီရယူပြီး အဖွဲ့စနစ်နဲ့ စနစ်တကျကောက်ယူပြီး ပြည်နယ်အစိုးရကို တင်ပြခဲ့တယ်။ ရရှိလာတဲ့အချက်အလက်တွေအပေါ် မူတည်ပြီး လတ်တလောလိုအပ်တဲ့ စားနပ်ရိက္ခာ ထောက်ပံ့မှုအပိုင်းကို ဆက်လက်လုပ်ဆောင်ပေးနိုင်ခဲ့တယ်။

ဖြစ်စဉ်ဖြစ်နေတဲ့ ကာလအတွင်းမှာ ကျေးရွာတွေက နေရပ်စွန့်ခွာတဲ့ ပြည်သူတွေကို စုရပ်အသီးသီး သတ်မှတ်ပြီး တစ်နေရာတည်း စုပေါင်းထောက်ပံ့နိုင်ခဲ့တယ်။ အခုချိန်မှာ ဒေသပြန်လည်တည်ငြိမ်လာပြီဖြစ်လို့ မိမိတို့ရဲ့ မူလကျေးရွာတွေကို ပြန်လည်ရောက်ရှိလာပြီမို့ ကျေးရွာအရောက် ရိက္ခာထောက်ပံ့ပေးမှုတွေ ဆောင်ရွက်ခဲ့တယ်။ ဆောင်ရွက်တဲ့အခါမှာလည်း တိုင်းရင်းသားတွေရော၊ ဟိန္ဒူဘာသာဝင်နဲ့ အစ္စလမ်ဘာသာဝင်တွေ အားလုံးကို လူဦးရေအပေါ် မှာမူတည်ပြီး သတ်မှတ်ထားတဲ့စံနှုန်းအတိုင်း မျှတစွာထောက်ပံ့ပေးခဲ့ပါတယ်။

ဒီလိုလူသားချင်းစာနာမှုဆိုင်ရာ ကူညီပြီးနောက် ပြန်လည်ထူထောင်ရေးအပိုင်း၊ ပြန်လည်နေရာချထားရေးအပိုင်းတွေကို ဆောင်ရွက်နေတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ တချို့မူလကျေးရွာတွေမှာ ပြန်လည် နေထိုင်နိုင်ဖို့ လုံခြုံမှု၊ ရေရှည်ဘဝရပ်တည်မှုအပါအဝင် ဒေသတစ်ခုလုံးအတွက် အကျိုးရှိမယ့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်တွေကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးနေပါတယ်။ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးကအစ အင်မတန်မှ ဝေးလံခေါင်ဖျားတဲ့နေရာတွေ လုံခြုံမှုအရ ခက်ခဲတဲ့ကျေးရွာတွေကို သင့်လျော်သလိုရွှေ့ပြောင်းပေးခြင်း၊ စုစည်းပေးခြင်းအပြင် လိုအပ်တဲ့ အခြေခံအဆောက်အအုံတွေ ဆောက်လုပ်ပေးနေတယ်။ လောလောဆယ်မှာတော့ ကျေးရွာသစ် ၁၂ ရွာ လျာထားတယ်။ လတ်တလော အိမ်ခြေနည်းပြီး လုံခြုံမှုပိုင်းဆိုင်ရာ အထောက်အကူမပြုနိုင်တဲ့ ကျေးရွာတွေကို ရှိပြီးသားကျေးရွာတွေနဲ့ ပေါင်းစပ်ပေးတယ်။ မြို၊ ခမီ၊ ရခိုင်သူ့ကျေးရွာအလိုက် လမ်းပန်းဆက်သွယ်ရေးပေါ် မူတည်ပြီး ရွှေ့ပြောင်းရေးကိစ္စအတွက် တည်ဆောက်ရေးလုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။

**မေး- တစ်ဖက်နိုင်ငံ ထွက်ပြေးသွားတဲ့သူတွေကို ပြန်လက်ခံဖို့ ပြင်ဆင်နေပြီလို့ သိရပါတယ်။ ပြန်လက်ခံပေးမှုအပိုင်းနဲ့ စတင်အကောင်အထည်ဖော်မယ့်အချိန် ပြောပြပေးပါဦး။**

ဖြေ- ပြန်လည်လက်ခံရေးအပိုင်းအနေနဲ့ နိုင်ငံတော်အဆင့်မှာ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ သဘောတူစာချုပ်ချုပ်ဆိုထားပြီးသားလည်း ဖြစ်ပါတယ်။ အဲဒီအပေါ် မှာ ချမှတ်ပေးထားတဲ့ နိုင်ငံတော်ပေါ် လစီအရ ပြည်နယ်အစိုးရအဖွဲ့ကတစ်ဆင့် ပေးအပ်တဲ့တာဝန်ကို အထက်လမ်းညွှန်မှုနဲ့အတူ လုပ်ဆောင်သွားမှာပါ။ ပြန်လည်လက်ခံရေးနဲ့ပတ်သက်ပြီး တစ်ဖက်နိုင်ငံ ကုန်းလမ်းကြောင်းကလာမယ့်သူတွေကို တောင်ပြိုလက်ဝဲမြို့ လက်ခံစိစစ်ရေးစခန်း၊ ရေလမ်းကြောင်းကလာမယ့်အဖွဲ့တွေကို ငါးခူရစိစစ်ရေးစခန်းမှာ စိစစ်လက်ခံဖို့ ဆောင်ရွက်နေပါတယ်။ စိစစ်လက်ခံပြီးတော့မှ ရက်အတိုင်းအတာ တစ်ခုအထိထားပြီး နေရာချထားရေးလုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ စတင်လက်ခံမှု အပိုင်းအနေနဲ့ကတော့ နိုင်ငံတော်အဆင့်မှာ သဘောတူထားတဲ့အတိုင်း အမြန်ဆုံး အကောင်အထည်ဖော်နိုင်အောင် လုပ်ငန်းတွေစတင်နေပါပြီ။ တောင်ပြိုလက်ဝဲမှာ အဆောက်အအုံပြုပြင်တာတွေ၊ အသစ်ဆောက်လုပ်တာတွေ၊ မြေပြင်ရှင်းလင်းတာတွေ ဆောင်ရွက်နေတာ အတိုင်းအတာတစ်ခုထိ ပြီးစီးနေပါပြီ။ လက်ခံမယ့်အပိုင်းက နှစ်နိုင်ငံသဘောတူညီထားတဲ့ သဘောတူစာချုပ်အတိုင်း လက်ခံပြီးတော့မှ နိုင်ငံတော်က ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

**မေး- မောင်တောခရိုင်အတွင်းမှာ ကျေးရွာသစ်တွေ ပြန်လည်တည်ဆောက်ပေးနေတယ်လို့ သိရပါတယ်။ ဘယ်လိုပုံစံမျိုး တည်ဆောက်ပေးနေပါသလဲ။**

ဖြေ- ဒီမောင်တောခရိုင်အတွင်း ကျေးရွာသစ်တည်ဆောက်ပေးတဲ့အခါ စုစည်းကျေးရွာ ၁၂ ရွာ မြေနေရာ သတ်မှတ်လျာထားပြီးဖြစ်ပါတယ်။ အဲဒီထဲက ကျေးရွာခြောက်ရွာကို ပန္နက်လည်းရိုက်ပြီးပြီ။ အဆောက်အအုံတွေ စတင်တည်ဆောက်ဖို့ မြေပြင်မှာ ပြုပြင်တာ၊ ဖောင်ဒေးရှင်းလုပ်တာ ဒါတွေကိုစတင်ဆောင်ရွက်နေပါပြီ။ စတင်အကောင်အထည်ဖော်တဲ့အပေါ် မှာ အစောဆုံးဆောင်ရွက်တဲ့ကုမ္ပဏီတွေဆို မတ်လ ၃၁ ရက်နေ့မှာအပြီး ဆောင်ရွက်ဖို့ တွန်းအားပေးထားသလို၊ ဒေသအခြေအနေအရ ကုမ္ပဏီတွေအတွက် လုပ်သာကိုင်သာရှိအောင် လိုအပ်တဲ့လုံခြုံရေးအပိုင်း၊ သယ်ယူပို့ဆောင်ရေးအပိုင်း၊ လုပ်သားလိုအပ်ချက်ကအစ အုပ်ချုပ်ရေးအဖွဲ့က တတ်နိုင်သလောက် ပူးပေါင်းဆောင်ရွက် ဖြည့်ဆည်းပေးနေပါတယ်။ အများစုကတော့ နတလကတည်ဆောက်ပေးနေတဲ့ တစ်ထပ်တိုက်အိမ်ပုံစံ အများစု ပါဝင်ပါတယ်။ အဲဒီလို ကျေးရွာသစ်တည်တဲ့အခါမှာ တိုင်းရင်းသားမျိုးနွယ်စုတွေရဲ့ ရိုးရာလည်းမပျောက်ပျက်အောင် သူတို့ရဲ့ရိုးရာအိမ်ပုံစံကိုလည်း ပြတိုက်သဖွယ် ထည့်သွင်းတည်ဆောက်မှုတွေ လုပ်ဆောင်သွားမှာပါ။

**မေး- မောင်တောဒေသ မီးလောင်ပြင်ကျေးရွာတွေနဲ့ ပတ်သက်လို့ ဘယ်လို အကောင်အထည်ဖော်သွားဖို့ စီမံထားပါသလဲ။**

ဖြေ- အကြမ်းဖက်အဖွဲ့တွေ မီးရှို့ခဲ့တဲ့ မီးလောင်ပြင်ကျေးရွာတွေနဲ့ပတ်သက်လို့ စနစ်တကျ ပြန်လည်ထူထောင်ရေးကိစ္စတွေ ဆောင်ရွက်တဲ့အခါမှာ မူလအခြေအနေအတိုင်း ဆောင်ရွက်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ မီးလောင်ပြင်တွေမှာ ပစ္စည်းတွေနဲ့ လူမရှိသော်လည်း သတင်းအရ လုံခြုံရေးအဖွဲ့အစည်းတွေနဲ့ ဝင်ရောက်ရှင်းလင်းတဲ့အခါ လက်လုပ်သေနတ်တွေ၊ လက်လုပ်မိုင်းတွေ မြှုပ်နှံထားတာကို ထပ်မံတွေ့ရတယ်။ ဒါကြောင့် ပုံမှန် အခြေအနေအတိုင်း ဆက်သွားလို့မရတဲ့အတွက် လုံခြုံရေးအရ အထောက်အကူပြုတဲ့ ကျေးရွာတွေ စနစ်တကျဖွဲ့စည်းတည်ရှိမှုဟာ ဒေသဖွံ့ဖြိုးရေးနဲ့ လုံခြုံရေးကို တိုက်ရိုက်ပတ်သက်နေတာဖြစ်လို့ မီးလောင်ပြင်တွေနဲ့ပတ်သက်ပြီး နေရာစနစ်တကျရှင်းလင်းမယ်၊ ပြန်ပြီးနေရာချထားမယ်ဆိုရင်လည်း ကျေးရွာပုံစံအတိုင်း စနစ်တကျချပြီး ဆောင်ရွက်ပေးဖို့ စီစဉ်သွားမှာဖြစ်ပါတယ်။ အခုချိန်မှာမီးလောင်ပြင်ကို ပြည်နယ်အစိုးရကနေ ထောက်ပံ့ပေးတဲ့ စက်ယန္တရားတွေနဲ့ တတ်နိုင်သလောက် ရှင်းလင်းဆောင်ရွက်နေပါတယ်။

**မေး- လတ်တလော မောင်တောခရိုင်အတွင်းမှာ မိုးစပါး ရိတ်သိမ်းခြွေလှေ့မှုလုပ်ငန်းစဉ်တွေ ဆောင်ရွက်နေတယ်လို့ သိရပါတယ်။ ပြီးစီးမှုအပိုင်း ဘယ်လောက်ရှိနေပါပြီလဲ။**

ဖြေ- ဒေသတွင်းဖြစ်စဉ်ကြောင့် ရိတ်သိမ်းသူမဲ့ မိုးစပါးဧကခြောက်သောင်းကျော်လောက် လျာထားတွက်ချက်ထားတာရှိပါတယ်။ ရိတ်သိမ်းခြွေလှေ့တာ အခုဆို တစ်လကျော်လောက်ရှိနေပါပြီ။ မောင်တော တောင်ပိုင်းရော၊ မြောက်ပိုင်းရော တင်းပေါင်း တစ်သိန်းလေးသောင်းလောက် ရိတ်သိမ်းပြီးဖြစ်ပါတယ်။ အခြောက်ခံ နေလှန်းတာ၊ ပြန်ခြင်တွယ်တာကအစ ပြည်နယ်အစိုးရကြီးကြပ်မှုနဲ့ ရောင်းချမှုလုပ်ငန်းတွေကို လုပ်ဆောင်နေပါတယ်။ လတ်တလောမှာ မောင်တောမြောက်ပိုင်းနဲ့ တောင်ပိုင်းမှာ ရိတ်သိမ်းခြွေလှေ့စက်အကြီး ၄၈ စီး၊ အုပ်ချုပ်မှုယာဉ်အစီး ၂၀ နဲ့ ဆောင်ရွက်ပေးနေပါတယ်။ ရိတ်သိမ်းခြွေလှေ့မှုလုပ်ငန်းတွေကို လုံခြုံရေးအဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းပြီး အတတ်နိုင်ဆုံး ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး- မောင်တောဒေသ လမ်းပန်းဆက်သွယ်ရေး တိုးတက်နှေးကွေးမှုအပေါ် ပြည်သူတချို့က ဝေဖန်တာတွေ ကြားသိနေရပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး စီမံဆောင်ရွက်ထားမှုအပိုင်းတွေရှိရင်လည်း သိပါစေ။**

ဖြေ- မောင်တောဒေသလမ်းပိုင်းနဲ့ ပတ်သက်လို့ မိုးတွင်းကာလမှာ ပျက်စီးခဲ့တဲ့လမ်းတွေကို သက်ဆိုင်ရာ လမ်းဦးစီးဌာနက ပြည်ထောင်စုအဆင့်၊ ပြည်နယ်အစိုးရအဖွဲ့ သီးခြားဘတ်ဂျက်နဲ့ လမ်းပြုပြင်မှုအပိုင်းကို လတ်တလောအသုံးပြုလို့ရအောင် ပြုပြင်မှုအပိုင်းတွေ ဆောင်ရွက်နေသလို နိုင်ငံတော်အဆင့် တာဝန်ပေးထားတဲ့ ကုမ္ပဏီတွေကလည်း မြေပြင်မှာကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းတွေ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ တခြားလမ်းပိုင်းအနေနဲ့ လမ်းအထူးအဖွဲ့ ၁၇ ကတာဝန်ယူပြီး အင်းဒင်-ကျောက်ပန္တ-စေတီပြင် တောင်ကျော်လမ်း ဖောက်လုပ်နေတာ အခုဆိုရင် လမ်းအူကြောင်းပေါက်သွားတဲ့အနေအထားရှိပါပြီ။ အလားတူ မောင်တောမြောက်ခြမ်းမှာ ကြိမ်ချောင်း-ဂုပ္ပိလမ်းဖောက်လုပ်နေမှုကလည်း ခရီးပေါက်နေပါပြီ။ အဲဒီလို တောင်ကျော်လမ်းနှစ်လမ်း စတင်အကောင်အထည်ဖော်နေသလို အဓိကမဟာဗျူဟာလမ်းဖြစ်တဲ့ အငူမော်-မောင်တောလမ်းပိုင်းကိုတော့ Survey လုပ်နေပါပြီ။ ဒါ့အပြင် မောင်တောနဲ့ ကြိမ်ချောင်း၊ ကြိမ်ချောင်း-ဗန္ဒုလ၊ ကြိမ်ချောင်း-တောင်ပြို၊ လောင်းတုံ-ငါးခူရလမ်းပိုင်းတွေကိုလည်း မဟာဗျူဟာလမ်းအဖြစ်သတ်မှတ်ပြီး အဆင့်မြင့်လမ်းလုပ်ငန်းတွေ ဆောင်ရွက်သွားမှာဖြစ်သလို လုံခြုံရေးအဖွဲ့အစည်းတွေနဲ့ ကြိမ်ချောင်း-ကျီးကန်းပြင် အနောက်ခြမ်းမှာရှိတဲ့ လုံခြုံမှုအရ သွားလာမှု အလွန်ခက်ခဲတဲ့ နေရာတွေမှာ သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်ဖို့ စီစဉ်နေပါတယ်။ လမ်းကွန်ရက်တွေအားလုံးပြီးသွားရင်တော့ မောင်တောခရိုင်အတွင်းမှာရှိတဲ့ လမ်းတော်တော်များများဟာ ကောင်းမွန်မယ့်အခြေအနေမျိုးဖြစ်လာမှာဖြစ်တဲ့အတွက် ဖွံ့ဖြိုးတိုးတက်မှုက ဒီထက်ပိုပြီး ကောင်းလာဖို့ အများကြီးမျှော်လင့်ထားပါတယ်။

သတင်းအဖွဲ့၊ ဓာတ်ပုံ- မင်းထက်

**မေး- လျှပ်စစ်ကဏ္ဍအနေနဲ့ ရသေ့တောင်-ဘူးသီးတောင်-မောင်တော မဟာဓာတ်အားလိုင်း စတင်အကောင်အထည်ဖော်နေပြီလို့ သိရတယ်။ မောင်တောဒေသမှာ မဟာဓာတ်အားလိုင်းသုံးစွဲခွင့် ဘယ်အချိန်လောက် ရနိုင်မလဲ။**

ဖြေ- လက်ရှိအခြေအနေမှာ ဘူးသီးတောင်နဲ့ မောင်တောကို မီးစက်နဲ့ပေးနေပါတယ်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့ဖြစ်စဉ်နောက်ပိုင်း ည ၆ နာရီကနေ နံနက် ၆ နာရီအထိ တစ်ညလုံးမီးပေးနေတာ အခုချိန်ထိဖြစ်ပါတယ်။ နိုင်ငံတော်ကစီစဉ်နေတဲ့ မဟာဓာတ်အားလိုင်းကတော့ လာမယ့် ၂၀၁၈ ခုနှစ်မတ်လမှာ ရသေ့တောင်၊ ဇွန်လပိုင်းလောက်မှာ ဘူးသီးတောင်နဲ့ ဒီဇင်ဘာလမှာ မောင်တော ရမယ်လို့သိရပါတယ်။ လျှပ်စစ်ကဏ္ဍတိုးတက်လာမှာဖြစ်သလို ဆက်သွယ်ရေးလမ်းပိုင်းအနေနဲ့ မနှစ်ကဖွင့်လှစ်ပေးနိုင်ခဲ့တဲ့ ဘူးသီးတောင်-ပန်ဇင်းချောင်းတံတား၊ လတ်တလော အကောင်အထည်ဖော်နေတဲ့ စိုင်းဒင်တံတား၊ ရသေ့တောင်တံတားတွေဟာ ဒီဘတ်ဂျက်မှာ သက်ဆိုင်ရာဌာနတွေက တွန်းအားပေးဆောင်ရွက်နေတာဖြစ်တဲ့အတွက် လာမယ့် ၂၀၁၈ ခုနှစ်မှာရန်ကုန်ကနေ မောင်တောအထိ နေ့ချင်းပေါက်နိုင်တဲ့ လမ်းကြောင်းဖြစ်သွားမှာ ဖြစ်တဲ့အတွက် ဆက်သွယ်ရေးအရသော်လည်းကောင်း၊ လျှပ်စစ်ကဏ္ဍအရသော်လည်းကောင်း အခြေခံလိုအပ်ချက်နှစ်ရပ်လုံး ပြည့်စုံပြီဆိုရင် ဒီမောင်တောနယ်စပ်ဒေသတစ်ခုလုံးဟာ မျှော်လင့်ထားတာထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမယ်လို့ ယုံကြည်ပါတယ်။



မောင်တောဒေသတွင် ရိတ်သိမ်းခြွေလှေ့ပြီး မိုးစပါးများ အခြောက်ခံသိမ်းဆည်းနေမှုမြင်ကွင်း။

**မေး- ဖြစ်စဉ်ကြောင့် အခြေခံပညာကျောင်းအားလုံးနီးပါး သင်ကြားမှုရပ်ဆိုင်းခဲ့တယ်လို့ သိရပါတယ်။ လတ်တလော ကျောင်းတွေပြန်လည်ဖွင့်လှစ်ပေးနေမှုအပိုင်းကိုလည်း ပြောပြပေးပါဦး။**

ဖြေ- မောင်တောဒေသမှာ အခြေခံပညာအထက်တန်းကျောင်းအနေနဲ့ ကျောင်းပေါင်း ၄၀၀ ကျော်ရှိပါတယ်။ လောလောဆယ် အခြေအနေပေးရင်ပေးသလို ဒေသလိုက်လိုက်လံဖွင့်လှစ်ပေးနေတာဖြစ်လို့ လတ်တလောမှာတော့ ကျောင်းထက်ဝက်ကျော် ပြန်လည်ဖွင့်လှစ်ပေးထားပြီးဖြစ်ပါတယ်။ အဆောက်အအုံပိုင်းအနေနဲ့လည်း ပျက်စီးသွားတာရှိသလို၊ မပျက်စီးဘူးဆိုရင်လည်း ကျောင်းနေမယ့်မိသားစုရဲ့ ကျောင်းသားတွေ ရှိ၊ မရှိ ကြည့်ရပါမယ်။ ကျောင်းသားတွေလည်းမရှိဘူး၊ အဆောက်အအုံပိုင်းဆိုင်ရာလည်း ပျက်စီးနေတယ်ဆိုရင်တော့ လောလောဆယ်ဖွင့်လှစ်ပေးနိုင်ခြင်း မရှိသေးပါဘူး။ ကျောင်းရှိတယ်၊ ကျောင်းတက်မယ့်သူမရှိဘူးဆိုလည်း ဆိုင်းငံ့အနေနဲ့ထားရမယ့်သဘောပါ။ စာမျက်နှာ ၁၁ သို့ »»

## ရခိုင်ပြည်နယ်သတင်း

# စစ်တွေမြို့ ဓညဝတီအားကစားကွင်း ကယ်ဆယ်ရေးစခန်းတွင် ရောက်ရှိခိုလှုံနေသည့် ဟိန္ဒူဘာသာဝင်များ မိမိနေရပ်သို့ ပြန်လည်သွားရောက်ရန် မောင်တောမြို့သို့ရောက်ရှိ

**စစ်တွေ ဒီဇင်ဘာ ၄**

စစ်တွေမြို့ ဓညဝတီအားကစားကွင်း ကယ်ဆယ်ရေးစခန်း၌ ရောက်ရှိခိုလှုံနေသည့် ဟိန္ဒူဘာသာဝင်များသည် မောင်တောဒေသ တည်ငြိမ်အေးချမ်းလာပြီဖြစ်သည့်အတွက် ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းတွင် ပြည်တွင်းရေကြောင်းပိုင် အောင်တံခွန်(၆)သင်္ဘောဖြင့် မိမိနေရပ်သို့ ပြန်လည်ထွက်ခွာသွားကြပြီဖြစ်သည်။

"ကျွန်တော်တို့ စစ်တွေမြို့နယ်မှာ ကယ်ဆယ်ရေးစခန်း ၃၁ ခု ဖွင့်လှစ်ပြီးတော့ မောင်တောဒေသက နေရပ်စွန့်ခွာလာတဲ့သူတွေကို နေရာချပေးခဲ့ပါတယ်၊ အစိုးရက နယ်မြေတည်ငြိမ်ရေး၊ လုံခြုံရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတွေ လုပ်ဆောင်ပေးပြီးတော့ နယ်မြေတည်ငြိမ်လာတဲ့အခါ မိမိဒေသကို ပြန်လိုတဲ့ တိုင်းရင်းသားတွေနဲ့ ဟိန္ဒူဘာသာဝင်တွေကို ကျွန်တော်တို့ပြည်နယ်အစိုးရအစီအစဉ်နဲ့ ပြန်လည်ပို့ဆောင်ပေးပါတယ်၊ ဒီနေ့အထိကယ်ဆယ်ရေးစခန်း ၃၁ ခုမှာ ဟိန္ဒူဘာသာဝင်တွေ နေထိုင်တဲ့ ကယ်ဆယ်ရေးစခန်း တစ်ခုပဲကျန်ပါတယ်၊ အဲဒီအထဲမှာ မနေ့ကဆိုရင် အိမ်ထောင်စု ၉၈ စု၊ လူဦးရေ ၃၄၈ ဦး ပြန်သွားပါပြီ၊ ကျန်တဲ့အိမ်ထောင်စု ၃၆ စု၊ လူဦးရေ ၁၂၃ ဦးကို မနက်ဖြန် သင်္ဘောနဲ့ပို့ပေးဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်၊ ဒါဆိုရင် စစ်တွေမြို့ကို နေရပ်စွန့်ခွာလာတဲ့သူတွေ အကုန်လုံး မိမိတို့နေရပ်ဒေသကို ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့ပြီဖြစ်ပါတယ်"ဟု ပြည်နယ်အစိုးရအဖွဲ့ရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးတင်လတ်က ပြောသည်။

"ကျွန်တော်က ဟိန္ဒူကယ်ဆယ်ရေးစခန်းက ခေါင်းဆောင် ဦးနီမောင်ပါ၊ ဒီမှာကျန်နေတဲ့ အိမ်ထောင်စု ၃၆ စု၊ လူဦးရေ ၁၂၃ ဦးက မနက်ဖြန် မောင်တောကို ပြန်ဖို့စီစဉ်နေပါတယ်၊ မနေ့ကအဖွဲ့တွေကို မောင်တောမြို့ကို သွားရောက်ပို့ဆောင်ပေးခဲ့ပါတယ်၊ အခုပြန်လာပြီး မနက်ဖြန် ပြန်ဖို့အတွက် စီစဉ်နေတာပါ၊ ပြည်နယ်အစိုးရကတော့ ပြန်သွားတဲ့သူတွေကို ကယ်ဆယ်ရေးစခန်းက ကားခြောက်စီးနဲ့ သင်္ဘောဆိပ်ကို ပို့ဆောင်ပေးပါတယ်၊ သင်္ဘောပေါ်မှာ နေ့လယ်စာစားဖို့အတွက်နဲ့ ဘူးသီးတောင်ကနေ မောင်တောမြို့မှာနေထိုင်ဖို့ စီစဉ်ထားတဲ့နေရာအထိကို ရောက်အောင်ကူညီပေးကြပါတယ်၊ ကျွန်တော်တို့ကို အခုလိုကူညီဆောင်ရွက်ပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်"ဟု ၎င်းကပြောသည်။

စစ်တွေ ဓညဝတီအားကစားကွင်း ကယ်ဆယ်ရေးစခန်းမှ ပြောင်းရွှေ့လာသည့် ဟိန္ဒူဘာသာဝင်များသည် လက်ရှိအချိန်တွင် မောင်တောခရိုင်ရုံးဘေးရှိ ယာယီဆောက်လုပ်ထားသည့် တန်းလျားများတွင် နေထိုင်လျက်ရှိသည်။

မောင်တောသို့ ပြန်လည်ရောက်ရှိလာသည့် ဟိန္ဒူဘာသာဝင်များနှင့်ပတ်သက်၍ မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က "စစ်တွေ ဓညဝတီအားကစားကွင်းမှာ ခေတ္တနေထိုင်နေတဲ့ ဟိန္ဒူဘာသာဝင်တွေကို ပြည်နယ်အစိုးရအစီအစဉ်နဲ့ မနေ့က ဘူးသီးတောင်ကို ပြန်လည်ပို့ဆောင်ပေးတယ်၊ ကျွန်တော်တို့ ပို့ဆောင်လက်ခံမယ့်အဖွဲ့တွေရယ်၊ နေရာချထားမယ့်အဖွဲ့တွေရယ် စနစ်တကျစီစဉ်ပြီးကားတွေနဲ့ ဘူးသီးတောင်ကို သွားရောက်ခေါ်ယူခဲ့တယ်၊ ည ၉ နာရီလောက်မှာ မောင်တောကို ရောက်တယ်၊ ညည့်လည်းနက်နေပြီဖြစ်တာကြောင့် စားရေးသောက်ရေး နေရာထိုင်ခင်းကအစ စီစဉ်ပေးခဲ့ပါတယ်"ဟု ပြောသည်။

ပြန်လည်ရောက်ရှိလာသည့် ဟိန္ဒူဘာသာဝင်များသည် မောင်တောမြို့ ရပ်ကွက်(၁)၊ လေးမိုင်ရပ်ကွက်၊ ရပ်ကွက်(၄)၊ လက်သာရွာနှင့် ရွှေဇားကျေးရွာအုပ်စုတို့တွင် နေထိုင်ကြသူများဖြစ်ပြီး ဩဂုတ် ၂၅ ရက် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ကြောက်ရွံ့ကာ စစ်တွေမြို့သို့ တိမ်းရှောင်ခဲ့ကြသူများဖြစ်သည်။

အကြမ်းဖက်ဖြစ်စဉ်ဖြစ်ပွားပြီး နယ်မြေလုံခြုံမှု အခြေအနေကြောင့် မောင်တောဒေသမှ ဘူးသီးတောင်၊ စစ်တွေနှင့် အခြားဒေသများသို့ ခေတ္တတိမ်းရှောင်သွားကြသည့် ရခိုင်တိုင်းရင်းသားအများစုသည် နေရပ်သို့ ပြန်လည်ရောက်ရှိနေကြသကဲ့သို့ ယခုအခါတွင် ဟိန္ဒူဘာသာဝင်များလည်း မောင်တောမြို့သို့ ပြန်လည်ရောက်ရှိလာပြီဖြစ်သည်။

"တချို့နေရာတွေမှာတော့ သူတို့အိမ်တွေ မီးလောင်သွားတာရှိတယ်၊ မီးမလောင်တဲ့နေရာတွေကိုတော့ သူတို့ရဲ့ အုပ်ချုပ်ရေးကိစ္စ၊ နေထိုင်မှုကိစ္စတွေ စီစဉ်ပြီးသွားရင် အိမ်တိုင်ရာရောက် ပြန်လည်ပို့ဆောင်ပေးမယ်၊ လိုအပ်တဲ့ အထောက်အပံ့တွေကိုလည်း ဆက်တိုက်ပေးသွားပါမယ်၊ မီးလောင်သွားတဲ့နေရာတွေကိုလည်း ပြည်နယ်အစိုးရကို တင်ပြပြီး အိမ်ရာကွက်တွေကို စနစ်တကျ အကွက်ရိုက်ပြီး ပြန်လည်နေရာချထားပေးသွားဖို့ စီစဉ်ထားပါတယ်၊ ဖြစ်စဉ်ဖြစ်သွားတဲ့နေရာမှာ ရခိုင်တိုင်းရင်းသားလည်းရှိမယ်၊ ဟိန္ဒူဘာသာဝင်တွေလည်းရှိမယ်၊ အစ္စလမ်ဘာသာဝင်တွေလည်း ရှိနေမယ်၊ နောက် အိမ်တွေလည်းရှိနေမယ်ဆိုရင် သူတို့သုံးဦးသုံးဖလှယ်ကို ညှိနှိုင်းပေးပြီး ညီညီညွတ်ညွတ် အေးအေးဆေးဆေးနေထိုင်နိုင်ဖို့ စားသောက်ရေး၊ လုံခြုံရေး ပိုင်းကအစ စနစ်တကျတာဝန်ယူပြီး ပြန်လည်ပို့ဆောင်ပေးသွားမယ်"ဟု ဦးရဲထွဋ်က ပြောသည်။

မောင်တောမြို့ ယာယီကယ်ဆယ်ရေးတန်းလျားသို့ ရောက်ရှိနေသူများသည် လက်ရှိတွင် နေရပ်သို့ ပြန်လည်နေထိုင်ခြင်းမရှိသေးချေ။

ဦးရဲထွဋ်က "လက်ရှိအချိန်ထိတော့ ပြန်တာမရှိသေးပါဘူး၊ သူတို့ရဲ့မူလနေအိမ်တွေကို သန့်ရှင်းရေးလုပ်တာတို့ ပျက်စီးနေရင် ပြန်ပြင်တာတွေရှိတော့ အုပ်ချုပ်မှုကိစ္စ အဆင်ပြေအောင်လို့ ကျွန်တော်တို့ဒီမှာယာယီထားပေးထားပါတယ်"ဟု ပြောသည်။

မောင်တောမြို့ မူလနေရာ၊ မိမိနေရပ်သို့ ပြန်လည်အခြေချနေထိုင်ရန် စိုးရိမ်နေသူအချို့ရှိနေသော်လည်း မောင်တောဒေသမှ စွန့်ခွာသူများအားလုံးနီးပါး နေရပ်သို့ ပြန်လည်ရောက်ရှိနေပြီဖြစ်ကြောင်း မောင်တောခရိုင်အုပ်ချုပ်ရေးမှူး၏ ပြောကြားချက်အရ သိရသည်။

"သူတို့တွေရဲ့ နေရပ်ကိုပြန်ပို့ပေးဖို့က သူတို့ရဲ့စိုးရိမ်စိတ်အခြေအနေအပေါ်မှာပဲ မူတည်ပါတယ်၊ စိုးရိမ်စိတ်ပပျောက်လျော့နည်းသွားအောင်လည်း ကျွန်တော်တို့ အားပေးနှစ်သိမ့်မှုတွေ ပြုလုပ်ပေးသွားပါမယ်၊ မြေပြင်မှာလည်း အမှန်တကယ် လုံခြုံမှုရှိနေတယ်၊ အစ္စလမ်ဘာသာဝင်တွေနဲ့ နေလို့မရတော့ဘူးဆိုတဲ့ စိုးရိမ်စိတ်တွေကို ကျွန်တော်တို့ ဖျောက်ပေးပြီးရင် အစ္စလမ်ဘာသာဝင်တွေနဲ့ ရင်းရင်းနှီးနှီး ထိတွေ့စေပြီးတော့မှ ပြောဆိုဆက်ဆံမှုတွေ လုပ်ဖို့ ကျွန်တော်တို့အနေနဲ့ ဆောင်ရွက်ပေးသွားပါမယ်၊ မောင်တောဒေသကနေ ခေတ္တနေရပ်စွန့်ခွာသူတွေက ဒီမောင်တောဒေသကို အားလုံးနီးပါး ပြန်လည်ရောက်ရှိနေပါပြီ"ဟု မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က ပြောသည်။

**တင်ထွန်း(ပြန်/ဆက်)နှင့် သတင်းအဖွဲ့၊**
**ဓာတ်ပုံ- ဖိုးထောင်**



**စစ်တွေမြို့ ဓညဝတီအားကစားကွင်း ကယ်ဆယ်ရေးစခန်းမှ ဟိန္ဒူဘာသာဝင်များ မောင်တောခရိုင်အုပ်ချုပ်ရေးမှူးရုံးဘေးရှိ ယာယီတန်းလျားသို့ ဒီဇင်ဘာ ၃ ရက် ည ၉ နာရီက ရောက်ရှိလာစဉ်။**

**»» စာမျက်နှာ ၁၀ မှ**

ကျောင်းသားလည်းရှိ၊ ကျောင်းတွေလည်း ပျက်စီးမှုမရှိဘူးဆိုရင်တော့ လုံခြုံရေးအခြေအနေပေါ်မူတည်ပြီး ကျောင်းတွေ အမြန်ဆုံးဖွင့်လှစ်ပေးနိုင်အောင် စီစဉ်နေပါတယ်။

**မေး- မောင်တာဒေသ ကုန်သွယ်ရောင်းဝယ်မှုဆိုင်ရာ ဈေးတွေ ပြန်လည်ဖွင့်လှစ်ပေးနေမှုအခြေအနေနဲ့ ပတ်သက်လို့ ရှင်းပြပေးပါဦး။**

ဖြေ- မောင်တောခရိုင်အတွင်း ရပ်ရွာပုံကျဈေးဆိုပြီး အရင်က ကျေးရွာတိုင်းရှိပါတယ်။ လက်ရှိအခြေအနေမှာ ဒီဈေးတွေက စနစ်တကျစည်ပင်ဥပဒေနဲ့အညီ ညီညွတ်ခြင်းလည်းမရှိဘူး။ ဒါကြောင့် နိုင်ငံတော်က စီစဉ်ပေးတဲ့ ဈေးတွေမှာ စနစ်တကျ ရောင်းဝယ်ဖောက်ကားလို့ရအောင် ဆက်ပြီးစီစဉ်နေပါတယ်။ တချို့ကျေးရွာတွေနဲ့ မြို့အုပ်ချုပ်ရေးမှူးရုံးစိုက်တဲ့ မြို့တွေဆို စည်ပင်သာယာ ကွပ်ကဲမှုအောက်မှာ အကောင်အထည်ဖော်ဖို့ရှိပါတယ်။ အလားတူ စည်ပင်သာယာရဲ့ ကြီးကြပ်မှုအောက်မှာရှိတဲ့ဈေးတွေ ပြန်လည်ဖွင့်လှစ်နိုင်ဖို့ ဆောင်ရွက်နေပါတယ်။ မောင်တောမြို့မဈေးကြီးကတော့ ၂၄ နာရီဖွင့်တယ်ဆိုပေမယ့်လည်း သား၊ ငါးဈေးနဲ့ ဟင်းသီးဟင်းရွက်ဈေး ရပ်ကွက်တိုင်းမှာ သီးသန့်သဘောမျိုးရှိပါတယ်။ မြို့မဈေးက အဝတ်အထည်နဲ့ လူသုံးကုန်ပစ္စည်းတွေကို တစ်နေကုန်ရောင်းတာဖြစ်သလို ဖွံ့ဖြိုးတိုးတက်မှုဟာ ပြည်မဘက်လို မဟုတ်တဲ့အတွက် အိမ်ဆိုင်အများစုကိုပဲ အားပြုနေကြရတယ်။ ရပ်ကွက်ဈေးကိုပဲ အားပြုတာဖြစ်တဲ့အတွက် မြို့မဈေးဟာ အရင်လိုစည်ကားမှုမရှိဘူး။ မြို့မဈေးကြီးဟာ မောင်တောမြို့ရဲ့ အထင်ကရဈေးကြီးဖြစ်တာကြောင့် ဖွံ့ဖြိုးတိုးတက်မှုပြယုဂ်တစ်ခုအနေနဲ့ စီမံဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး- ခရိုင်အုပ်ချုပ်ရေးမှူးတစ်ဦးအနေနဲ့ မောင်တောဖြစ်စဉ်ပေါ်မှာ ဘယ်လိုသုံးသပ်ပါသလဲ။ ဖြစ်စဉ်နဲ့ပတ်သက်ပြီး ပြည်သူကို ဘာပြောချင်ပါသလဲ။**

ဖြေ- ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်စေချင်တယ်ဆိုရင် ဒေသတွင်းမှာဖြစ်ပေါ်နေတဲ့ ဖြစ်စဉ်အားလုံး အမှန်အတိုင်းရှုမြင်ပေးဖို့လိုပါတယ်။ ရှုမြင်တဲ့အချက်ပေါ်မှာ ဘာတွေပူးပေါင်းဆောင်ရွက်ပေးရမလဲဆိုတာကို ပူးပေါင်းဆောင်ရွက်မှုအပိုင်းမှာ စိတ်ရင်းစေတနာအမှန်နဲ့ ပါဝင်ဖို့လိုပါတယ်။ ပဋိပက္ခဖြစ်တဲ့ ဒေသတစ်ခုမှာ ဖြစ်စဉ်အခြေအနေပေါ်မူတည်ပြီး လိုရာဆွဲတွေးတာတွေလည်းရှိသလို တစ်ဖက်သတ်စဉ်းစားတာတွေလည်းရှိတယ်။ အားလုံးဖြစ်စဉ်အမှန်ကို အမှန်အတိုင်းမြင်ပြီး ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ဒီဒေသနဲ့ပတ်သက်ပြီး ယုံကြည်မှုတိုးတက်လာမှာပါ။ ယုံကြည်မှုကြောင့် ဖြစ်ပေါ်လာတဲ့ပဋိပက္ခကြောင့်ပဲ ဒေသတွင်းမှာ လုံခြုံရေးကိုထိခိုက်တယ်။ လုံခြုံရေးထိခိုက်လို့ တရားဥပဒေစိုးမိုးရေး အားနည်းတယ်။ တရားဥပဒေစိုးမိုးရေး အားနည်းလာတာဖြစ်တာကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်တယ်။ လူတိုင်းဖွံ့ဖြိုးတိုးတက်ချင်တယ်ဆိုတဲ့စိတ်ရှိတယ်ဆိုရင် ဒီဒေသနဲ့ပတ်သက်တဲ့ လိုအပ်ချက်တွေအားလုံး စိတ်ရင်းအမှန်နဲ့ ပူးပေါင်းပါဝင်ဖို့လိုပါတယ်။ ဘာသာရေးတစ်ခုကို အကြောင်းပြတဲ့ အကြမ်းဖက်မှုတစ်ခုဟာ အကြမ်းဖက်ပဲဖြစ်ပါတယ်။ ဘာသာရေးနဲ့ မဆိုင်ပါဘူး။ ဘာသာရေးကို အခြားနည်းလမ်းနဲ့ အသုံးချတဲ့လူပုဂ္ဂိုလ်နဲ့ပဲ ပတ်သက်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကလည်း ဒီမိုကရေစီအစိုးရလက်ထက်ဖြစ်တဲ့အတွက် ဥပဒေနဲ့အညီပဲ ဆောင်ရွက်ရမှာပါ။ ဆောင်ရွက်တဲ့အပိုင်းမှာလည်း အယုတ် အလတ် အမြတ်မရွေး မျက်ကွယ်ပြု လုပ်တာမဟုတ်တဲ့အတွက် ဖြစ်စဉ်အခြေအနေပေါ်မူတည်ပြီး ပြည်သူတွေအပေါ် ဥပဒေနဲ့အညီ ဆောင်ရွက်နေပါတယ်။ ပူးပေါင်းဆောင်ရွက်မယ့်သူကလည်း ဥပဒေနဲ့အညီသာ ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။

**မေး- မောင်တောဒေသ တရားဥပဒေစိုးမိုးမှုအပိုင်း အားနည်းတယ်လို့ ဝေဖန်မှုတွေရှိနေပါတယ်။ အဲဒါနဲ့ပတ်သက်လို့ တာဝန်ရှိသူတစ်ဦးအနေနဲ့ ဘာပြောချင်ပါသလဲ။**

ဖြေ- မောင်တောဒေသ တရားဥပဒေစိုးမိုးမှုအပိုင်း ပြန်လည်ရရှိဖို့ဆိုရင် အုပ်ချုပ်ရေးယန္တရားကို ခိုင်မာအောင်လုပ်ရမယ်။ အုပ်ချုပ်ရေးယန္တရားဟာ ဥပဒေအတိုင်းသွားတာဖြစ်တဲ့အတွက် ဥပဒေရဲ့ အာဏာစက် ရဖို့လိုပါတယ်။ အုပ်ချုပ်ရေးယန္တရားမခိုင်မာဘဲ တရားဥပဒေစိုးမိုးနိုင်ဖို့ မလွယ်ကူပါဘူး။ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေက ချမှတ်ထားတဲ့မူဝါဒတွေ၊ စည်းမျဉ်းစည်းကမ်းတွေ၊ ပြဋ္ဌာန်းထားတဲ့ဥပဒေကို တိတိကျကျ လိုက်နာဖို့လိုပါတယ်။ မလိုက်နာရင်လည်း ပြတ်ပြတ်သားသား အရေးယူရမှာပါ။ ဒါမှသာ တရားဥပဒေစိုးမိုးရေး မဏ္ဍိုင်ဆိုတာ ခိုင်မာလာမှာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးမဏ္ဍိုင် ခိုင်မာလာပြီဆိုရင် လုံခြုံမှုမရှိဘူးဆိုတဲ့ အယူအဆဟာလည်း ထည့်တွက်စရာမလိုတော့တဲ့ အခြေအနေဖြစ်သွားပါတယ်။

နိုင်ငံတော်ရဲ့ မူဝါဒအရ အုပ်ချုပ်ရေးမှူးအသစ်တွေ ရွေးချယ်ဖို့ ပြန်လည်ဆောင်ရွက်နေတယ်။ ကျေးရွာတွေနဲ့ပတ်သက်ပြီး ယခင့်ယခင်က အုပ်ချုပ်ရေးအဖွဲ့အစည်းတွေ ဌာနဆိုင်ရာတွေ ရောက်ရှိမှုအားနည်းတာလည်းပါတယ်။ အခက်အခဲတချို့ကြောင့်လည်းပါတယ်။ ထိတွေ့မှုကင်းကွာခဲ့တာဖြစ်တဲ့အတွက် ကျေးရွာတွေနဲ့ပတ်သက်တာတွေ အုပ်ချုပ်ရေးအဖွဲ့အစည်းပေါ်မှာ အားကိုးယုံကြည်မှုလျော့နည်းတာတွေပါတယ်။ ဒါကြောင့် ကျေးရွာတွေနဲ့ ပတ်သက်ပြီး အုပ်ချုပ်ရေးအဖွဲ့အစည်းတွေ အဆက်မပြတ်ထိတွေ့ရပါမယ်။ လိုအပ်ချက်တွေပံ့ပိုးမယ်။ စနစ်တကျ စာရင်းကောက်ခံပြုစုတာတွေလုပ်မယ်။ ရေတို၊ ရေရှည်စီမံချက်တွေရေးဆွဲပြီးရင် ပြည်နယ်အစိုးရအဖွဲ့ကို တင်ပြတယ်။ ကျေးရွာတွေမှာလည်း မြို့နယ်ကချမှတ်ထားတဲ့ မူဝါဒအတိုင်း အကောင်အထည်ဖော်ဆောက်ရွက်ဖို့ တွန်းအားပေးကြပ်မတ်မယ်။ ဥပဒေနဲ့အညီ အုပ်ချုပ်မယ်။ ဥပဒေပြင်ပရောက်ရင် ထိရောက်စွာအရေးယူမယ်။ အလားတူ ကျေးရွာတွင်းနေထိုင်သူတွေကလည်း ချမှတ်ထားတဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးက အုပ်ချုပ်တဲ့ နည်းစနစ်အမှန်အတိုင်းကို ဥပဒေနဲ့အညီ နေထိုင်ဖို့လိုတယ်။ ကျေးရွာအတွင်း ဝက်ပါသဖွယ်ဖြစ်နေတဲ့ ခြံစည်းရိုးတွေ၊ ရွာတွေမှာ ဝင်လမ်း၊ ထွက်လမ်းမရှိတာတွေ၊ ကျန်းမာရေးနဲ့ မညီညွတ်တာတွေ၊ အိမ်တည်ဆောက်မှု စနစ်မကျတာတွေဟာ မြေပြင်မှာရှိတဲ့ အုပ်ချုပ်ရေးယန္တရားမှာ ပါဝင်ဆောင်ရွက်နေကြတဲ့ ဌာနဆိုင်ရာအသီးသီးရဲ့ အားနည်းချက်တွေကြောင့်ဖြစ်ပါတယ်။ ဒါတွေကို စနစ်တကျပြန်လည်ပြုပြင်မယ်၊ အုပ်ချုပ်သူကလည်း ဥပဒေနဲ့အညီ အုပ်ချုပ်မယ်၊ ပြည်သူတွေကလည်း လိုက်ပါဆောင်ရွက်လာမယ်ဆိုရင် ဒီဒေသမှာ တရားဥပဒေစိုးမိုးမှုအပိုင်းက ပြောစရာမလိုအောင် ကောင်းသွားမှာဖြစ်ပါတယ်။

# တရားမဝင်သစ်များ သယ်ဆောင်လာမှု ရေပူစစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိ

**ရန်ကုန် ဒီဇင်ဘာ ၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်မှုများကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၃ ရက်က Toyota Alphard ယာဉ်ပေါ်တွင် တရားမဝင်သစ်များ သယ်ဆောင်လာမှုကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက သိမ်းဆည်းမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက မန္တလေးနှင့် မူဆယ်မြို့သို့ သွားရောက်မည့် ယာဉ်များအား စစ်ဆေးမှုများဆောင်ရွက်စဉ် Toyota Alphard ယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်၏နောက်ခန်းအတွင်း မိုးကာစများဖြင့် ဖုံးအုပ်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွဲသားရွေသစ် အတုံး ၃၀ (၁ ဒသမ ၁၄၄၂ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၈ ဒသမ ၄၃၂ သန်းခန့်)အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၃ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁ ဒသမ ၄၂၂ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၂၀၅ သန်းခန့်)စုစုပေါင်း တားဆီးမှု ၁၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉ ဒသမ ၆၂၇ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



ဒီဇင်ဘာ ၃ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၁၅ စီး၊ သွင်းကုန် ၉၉၅ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၅ စီး၊ သွင်းကုန် ၁၂၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**၀၀၁**

# တောင်တွင်းကြီးမြို့ စားသောက်ဆိုင်၌ ဓားခုတ်မှုဖြစ်ပွား

**တောင်တွင်းကြီး ဒီဇင်ဘာ ၄။** ။ တောင်တွင်းကြီးမြို့ မောင်းတိုင် ၂ ရပ်ကွက်နေ ရဲနိုင်ဦး (၃၂)နှစ်သည် ရဲသူဝင်း(၂၉)နှစ်၊ စောထွန်းဝင်း(၂၈)နှစ်တို့နှင့်အတူ မောင်းတိုင် ၁ ရပ်ကွက် ဂန္ထဝင်စားသောက်ဆိုင်၌ ဒီဇင်ဘာ ၃ ရက်က ဘီယာသောက်နေစဉ် ထွန်းထွန်းဝင်း(ခ)ချက်ကြီး (၃၅)နှစ် တောင်ပြင် ၂ ရပ်ကွက်နေသူနှင့် အမည်မသိလူလေးဦးမှာ တုတ်၊ ဓား၊ သံတုတ်များ ကိုင်ဆောင်၍ ဆိုင်အတွင်းသို့ ဝင်လာကာ ထွန်းထွန်းဝင်း(ခ)ချက်ကြီးက ရဲနိုင်ဦးအား ဓားဖြင့်ခုတ်ရာ ယာနားထင်အထက် ပြတ်ရှဒဏ်ရာရရှိပြီး ကျန်လေးဦးမှ တုတ်များဖြင့် ရဲသူဝင်းနှင့် စောထွန်းဝင်းတို့အားရိုက်ရာ ရဲသူဝင်းတွင် မျက်ခုံးနှစ်ခုကြား ပေါက်ပြဲဒဏ်ရာ၊ ဝမ်းဗိုက်နာကျင်ဒဏ်ရာရရှိ၍ စောထွန်းဝင်းတွင် နှာခေါင်းပေါက်ပြဲဒဏ်ရာ ရရှိခဲ့သဖြင့် ထွန်းထွန်းဝင်း(ခ)ချက်ကြီးနှင့် အမည်မသိလူလေးဦးအား ဥပဒေအရအရေးယူပေးရန် တိုင်တန်းသဖြင့် တောင်တွင်းကြီးမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **၅၈၀**



# မီးဖို မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**ငပုတော ဒီဇင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ကျောက်ပုံကျေးရွာအုပ်စု ရွာသစ်ကျေးရွာတွင် ဒီဇင်ဘာ ၄ ရက် နံနက် ၈ နာရီခွဲခန့်က နော်ဖိုးဒါးနေအိမ်မှ မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ နော်ဖိုးဒါး(၄၈)နှစ်သည် ထမင်းချက်ပြီး ရွာထဲသို့ အစည်းအဝေး တက်ရောက်ရန် သွားနေစဉ် ၎င်းနေအိမ် မီးဖို မီးကြွင်းမီးကျန်မှ တစ်ဆင့်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ ဘေးပတ်ဝန်းကျင်ရှိလူများမှ ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ပြီး နေအိမ်ကိုးလုံးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သည်။ သို့ဖြစ်၍ မီးအားပေါ့ဆစွာအသုံးပြုသူ နော်ဖိုးဒါးအား စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှမင်းထွဋ်(ပြန်/ဆက်)**

# မိုင်းဟောင်းတစ်လုံး ပေါက်ကွဲပြီး လူတစ်ဦးဒဏ်ရာရ

**ဗန်းမော် ဒီဇင်ဘာ ၄**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဒေါ့ဖုန်းယန်မြို့ မံမော်ကျေးရွာတွင် နေအိမ်ခြံဝင်းအဟောင်း၌ ပျက်စီးနေသော ခြံစည်းရိုးနှင့်ခြုံများ ခုတ်ထွင်ရှင်းလင်းမီးရှို့ရာ မိုင်းဟောင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့၍ လူတစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၄ ရက် နံနက် ၉ နာရီခွဲခန့်က မံမော်ကျေးရွာအုပ်စု မံမော်ကျေးရွာနေ ဦးပေါ်ဆေးဟောင်း(၆၃)နှစ်သည် အစွန်လယ်တောသွားလမ်းဘေးရှိ နေအိမ်ခြံဝင်းအဟောင်းတွင် ပျက်စီးနေသော ခြံစည်းရိုးနှင့်ခြုံများ ခုတ်ထွင်ရှင်းလင်းမီးရှို့ရာမှ မိုင်းဟောင်းတစ်လုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။

ပေါက်ကွဲမှုကြောင့် ဦးပေါ်ဆေးဟောင်း၏ ဝဲဘက်ပေါင်တွင် မိုင်းစထိမှန်ဒဏ်ရာတစ်ချက်၊ ဝဲဘက်ဒူးခေါင်းအောက်တွင် မိုင်းစထိမှန်ဒဏ်ရာတစ်ချက်၊ ဝဲဘက်ရင်အုံတွင် မိုင်းစထိမှန် ဒဏ်ရာတစ်ချက်၊ ဝဲဘက်ပေါင်ရင်းတွင် မိုင်းစထိမှန်ဒဏ်ရာတစ်ချက်(စိုးရိမ်ရ)များ ရရှိခဲ့ပြီး အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူနိုင်ရန်အတွက် ဒေါ့ဖုန်းယန်မြို့ လူမှုကူညီရေးအသင်းမှ မော်တော်ယာဉ်ဖြင့် ဗန်းမော်မြို့ စစ်မြေပြင် ဆေးတပ်ရင်းဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# တိုက်ကြီးတွင် အုတ်လုပ်ရန် စုပုံထားသော မြေစာပုံပြိုကျ၍ အမျိုးသမီးတစ်ဦး သေဆုံး

**တိုက်ကြီး ဒီဇင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဆင်စခန်းကျေးရွာအုပ်စုတွင် ဒီဇင်ဘာ ၄ ရက် နံနက် ၆ နာရီခွဲက အမျိုးသမီးတစ်ဦး မြေပိမိ၍သေဆုံးကြောင်း တိုက်ကြီးမြို့မရဲစခန်းမှ သိရသည်။

သေဆုံးသူ မညွန့်ညွန့်စိန်(၃၇)နှစ် စပါးကြွယ်ရွာ ကိုယ်ဝန်ဆောင်ကျေးရွာအုပ်စု ပေါင်းတည်မြို့နေသူမှာ အကိုဝမ်းကွဲတော်စပ်သူ ကိုဝင်းဇော်နှင့်အတူ အုတ်ကွင်းတွင် အုတ်ရိုက်ရန် စုပုံထားသည့် ၁၂ ပေခန့်ရှိ မြေစာပုံမှ မြေများသယ်ယူစဉ် မြေစာပုံပြိုကျပိသဖြင့် ကိုဝင်းဇော်နှင့်အတူ အုတ်လုပ်သားများက မြေများအား ဝိုင်းဝန်းဖယ်ရှားကာ မညွန့်ညွန့်စိန်အား ဖော်ယူခဲ့ပြီး ကိုဝင်းဇော် အုတ်တဲသို့ သယ်ယူထားကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဓမ္မတာတိုင်း ဟုတ်၊ မဟုတ် စစ်ဆေးနိုင်ရန် တိုက်ကြီးမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ထွန်းလှိုင် (မြိုင်)**

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၄**

မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေးတောင်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၁၀ နာရီခွဲက အမရပူရမြို့နယ် မြစ်ငယ်မြို့



အောင်အောင်နှင့် တိုးတိုးဝင်းတို့အား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ရန်ကုန်-မန္တလေးကားလမ်း မြစ်ငယ်တံတားထိပ်အနီး ရွှေလာဘ်စံလက်ဖက်ရည်ဆိုင်၌ အောင်အောင်နှင့် တိုးတိုးဝင်းတို့ စီးနင်းလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ အောင်အောင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၅ ပြားနှင့် လက်ကိုင်ဖုန်းနှစ်လုံးကိုလည်းကောင်း၊ ကွင်းဆက်အရ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာ အမှတ် ၃ ရပ်ကွက်နေ အေးမောင်ထွန်း(ခ)ကုလားကြီး၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ ဇော်ဇော်မင်း(ခ)ချစ်မင်းနှင့် ဇော်ဝင်းထွန်း တို့အား တွေ့ရှိပြီး အေးမောင်ထွန်း(ခ) ကုလားကြီး၏ မော်တော်ဆိုင်ကယ် တူးဘောက်စ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၃၀၊ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေး အကြေမှုန့် ၂၈ ဂရမ်၊ မော်တော်ဆိုင်ကယ်နှစ်စီးနှင့် လက်ကိုင်ဖုန်းလေးလုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံ ဘန်ကောက်မြို့ မြန်မာသံရုံးတွင် မသင်္ကာဖွယ်အထုပ်တစ်ခု တွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၄**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ မြန်မာသံရုံးဟောင်းအတွင်းရှိ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးသည့် ရုံးအတွင်း မသင်္ကာဖွယ်ရာ ပလတ်စတစ်အထုပ်တစ်ခုကို ယနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီခန့်က တွေ့ရှိသဖြင့် ထိုင်းရဲတပ်ဖွဲ့ဝင်များအား အကြောင်းကြားပြီး စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ထိုသို့ စစ်ဆေးရာတွင် အထုပ်အတွင်း နာရီနှင့် ပလတ်စတစ်ပိုက်အား တိပ်များဖြင့်ပတ်ကာ ပလတ်စတစ်ပိုက်အတွင်း ဆန်များထည့်ထားသည့် fake bomb ဖြစ်ကြောင်းသိရသည်။

မြန်မာသံရုံးမှ တာဝန်ရှိသူများအနေဖြင့် သံရုံးနှင့်ဝန်ထမ်းအိမ်ရာ လုံခြုံရေးအပါအဝင် နိုင်ငံကူးလက်မှတ်ထုတ်ပေးသည့်ရုံးခန်း လုံခြုံရေးတို့ကို အထူးဂရုပြုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပဲခူးတွင် ရထားသံလမ်းတံခါးအား ဆိုင်ကယ်ဖြင့်ဝင်တိုက်မိကာ လူနှစ်ဦးသေဆုံး

**ပဲခူး ဒီဇင်ဘာ ၄**

ပဲခူးမြို့မရဲစခန်း မြောက်ဘက်နှစ်မိုင်ခန့်အကွာ ကလိကျေးရွာ ရန်ကုန်-မန္တလေးကားလမ်းတွင် ယနေ့နံနက် ၃ နာရီခန့်က ရထားသံလမ်းတံခါးအား ဝင်ရောက်တိုက်မိရာမှ လူနှစ်ဦးသေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘုရားကြီးမြို့မှ ပဲခူးမြို့သို့ ဒိုက်ဦးမြို့နယ်မှ အမျိုးသားသုံးဦး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်သည် ရထားသံလမ်းကူး အပိတ်၊ အဖွင့်တံခါးအား ဝင်ရောက်တိုက်မိလဲကျတိမ်းမှောက်ခဲ့ရာ ချစ်ကို(၂၅)နှစ်နှင့် ကိုဝေ(၁၉)နှစ်တို့နှစ်ဦးမှာ ဦးခေါင်းထက်ခြမ်းကွဲ ဒဏ်ရာဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး အောင်သီဟ (၁၆)နှစ်မှာ ဦးခေါင်းပေါက်ပြဲသွေးထွက် သတိမေ့ကာ (အတွင်းလူနာ စိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ပဲခူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

**ဇော်ရှင်း(ဥဿာ)**

# တရုတ်နိုင်ငံသို့ မိခင်နှင့်အတူ နှစ်နှစ်အရွယ်ကလေး ရောင်းစားခံရ

**မြစ်ကြီးနား ဒီဇင်ဘာ ၄**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ရွှေညောင်ပင်ရပ်ကွက်တွင် နေထိုင်သော မိခင်နှင့်အတူ ကလေးငယ်အား တရုတ်နိုင်ငံသို့ ကျပ်သိန်း ၆၀ ခန့်ဖြင့် ရောင်းစားခံရသည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း မြစ်ကြီးနားမြို့ အမှတ်(၁၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ သိရသည်။



မနီနီဝင်း

တရုတ်နိုင်ငံရှိ စက်ရုံများတွင် အလုပ်လုပ်ရန် တစ်လလျှင် မြန်မာငွေကျပ်သုံးသိန်းခန့် ရရှိမည်ဖြစ်ကြောင်း မနီနီဝင်းက ဖုန်းဖြင့် ဆက်သွယ်ပြောဆိုလာသဖြင့် လိုက်သွားရာမှ ရောင်းစားခံရခြင်းဖြစ်သည်။

"အမိက က ဆင်းရဲတော့ လိမ်ပြီးခေါ်တာကို တကယ်မှတ်ပြီး လိုက်သွားတာပါ၊ ပါသွားတဲ့ကလေးက နှစ်နှစ်၊ ဒီမှာလည်း ၁၁ နှစ်အရွယ် ကလေးတစ်ယောက် ကျန်ခဲ့တယ်၊ အမျိုးသားကလည်း ဆုံးသွားပြီ၊ လူကုန်ကူးခံရတဲ့ သားအမိကိုတော့ ရှာမတွေ့သေးဘူး၊ တရုတ်-မြန်မာ နှစ်နိုင်ငံဆက်သွယ်ရေးရုံးကနေတစ်ဆင့် ရှာခိုင်းထားပါတယ်" ဟု မြစ်ကြီးနားမြို့နယ် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲအုပ်လှိုင်စိုးက ပြောသည်။

မနီနီဝင်းအား စစ်မေးရာမှ မဆောင်းမီးနှင့် နှစ်နှစ်အရွယ်ကလေးအား နိုဝင်ဘာ ၂၅ ရက်က ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မီးပွိုင့်လမ်းဆုံတွင် ချိန်းဆို၍ လိုင်းကားဖြင့် ကန်ပိုက်တီမြို့သို့ ခေါ်ဆောင်သွားပြီး တရားမဝင်လမ်းကြောင်းမှတစ်ဆင့် တရုတ်နိုင်ငံ ထိန်ချုံးမြို့၌ အသင့်စောင့်ဆိုင်းနေသော တရုတ်အမျိုးသမီးတစ်ဦးထံ ယွမ်ငွေ သုံးသောင်းဖြင့် ရောင်းစားခဲ့ပြီး ပြန်လာခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး**

# တစ်ပတ်အတွင်း အားကစားသတင်းသုံးသပ်ချက်

**ဒီရက်သတ္တပတ်အတွင်းမှာတော့ ဥရောပလိဂ် ကလပ်ပွဲစဉ်တွေရဲ့ ကြားပွဲ၊ ပုံမှန် စနေ၊ တနင်္ဂနွေမှာ ကစားနေကျပွဲစဉ်တွေလည်း ရှိနေတဲ့အပြင် ကမ္ဘာ့ဖလား အုပ်စုမဲခွဲမှုလည်းပြုလုပ်ခဲ့တာကိုတွေ့ရပါတယ်။ စီးရီးအေမှာ နာပိုလီကို ဂျူဗင်တပ်က အနိုင်ကစားနိုင်ခဲ့လို့ ပွဲက ပိုပြီးမြိုင်လာခဲ့ပေမယ့် ရီးယဲလ်ကတော့ ဘာစီလိုနာရဲ့ ခြေချော်မှုကို အခွင့်အရေးမယူနိုင်လို့ နည်းပြ ဇီဒန်းကတောင် စိတ်ပျက်ကြောင်း ပေါ်ပေါ်ထင်ထင်ပြသခဲ့ပါတယ်။**

**မေလဲ့သင်း - စုစည်းသည်**

### ၂၀၁၈ကမ္ဘာ့ဖလားရဲ့ အစခရီး

၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲအောင် အသင်းတွေ စုံစုံညီညီ အဖြေထွက်လာတာပြီး ရက်သတ္တနှစ်ပတ်အကြာ ဒီဇင်ဘာ ၁ ရက်မှာတော့ ကမ္ဘာ့ဖလားမဲခွဲရွေးချယ်မှုပွဲကို နှင်းတွေ ဖွေးဖွေးလှုပ်အောင် ကျဆင်းနေတဲ့ ရုရှားနိုင်ငံရဲ့ မြို့တော် မော်စကိုမှာ ကျင်းပခဲ့ပါတယ်။ ကမ္ဘာ့ဖလားခြေစစ်ပွဲအောင် အသင်း ၃၁ သင်းနဲ့အတူ အိမ်ရှင် ရုရှား အသင်းတို့အတွက် အုပ်စုပွဲစဉ်တွေကို မဲနှိုက်ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ အသင်း ၃၂ သင်းကို ကမ္ဘာ့အဆင့် သတ်မှတ်ချက်










အလိုက် ဦးစားပေး ၁၊ ၂ ၊၃၊ ၄ဆိုပြီး အိုးလေးအိုးထဲ ခွဲပြီး တစ်အုပ်စုမှာ အိုးတစ်အိုးစီက အသင်းတစ်ခုကို ရွေးချယ်တဲ့စနစ်ကို ကျင့်သုံးတာဖြစ်ပါတယ်။

ဒီနေရာမှာ ပြောစရာရှိတာက အိမ်ရှင်အသင်းတွေဟာ ကမ္ဘာ့အဆင့် ဘယ်လောက်ပဲရှိရှိ ဦးစားပေးအဆင့်(၁)ရ အသင်း (တစ်နည်းပြောရရင် အိုး(၁)မှာ ထည့်သွင်းခံရတဲ့အသင်း)အဖြစ် သတ်မှတ်ခံရတာပါ။ ဒါဟာ အိမ်ရှင်လုပ်တဲ့ အသင်းတိုင်းရရှိတဲ့ အထူးအခွင့်အရေးတစ်ရပ် ဖြစ်ပါတယ်။ အိုး(၁)မှာကတော့ အိမ်ရှင် ရုရှား၊ ကမ္ဘာ့အဆင့်အမြင့်ဆုံးနေရာမှာ ရှိနေကြတဲ့ ဂျာမနီ၊ ဘရာဇီး၊ ပေါ်တူဂီ၊ အာဂျင်တီးနား၊ ဘယ်လ်ဂျီယံ၊ ပေါ်တူဂီ၊ ပိုလန်၊ ပြင်သစ်တို့ကို ထည့်သွင်းထားပါတယ်။ ပြင်သစ်ဟာ မဲခွဲဆုံးဖြတ်ချိန်မှာ ကမ္ဘာ့အဆင့် (၉)အထိ ကျဆင်းသွားပေမယ့် ဖီဖာက အစောပိုင်းက ကြေညာခဲ့သလို အောက်တိုဘာလ ကမ္ဘာ့အဆင့် သတ်မှတ်ချက်အတိုင်းသာ ရယူခဲ့လို့ အိုး(၁)မှာ ထည့်သွင်းခံရတဲ့ အသင်းဖြစ်နေတာပါ။ မဲခွဲပွဲကို ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနိုနဲ့ ဂန္ထဝင်ကစားသမားဟောင်းတွေဖြစ်တဲ့ ပီလီ၊ မာရာဒိုနာနဲ့ ရိုနယ်လ်ဒိုတို့လို ဘောလုံးလောကရဲ့ နာမည်ကျော်တွေအပြင် ရုရှားသမ္မတ ဗလာဒီမာပူတင်ကိုပါ တွေ့မြင်ခဲ့ရပါတယ်။ အင်ဖန်တီနိုက အကောင်းဆုံးသော ကမ္ဘာ့ဖလားပွဲစဉ် ဖြစ်လာရမယ်လို့ ကြွေးကြော်သွားခဲ့သလို ရုရှားသမ္မတ ပူတင်ကလည်း မျှတမှုရှိတဲ့ ကမ္ဘာ့ဖလားဖြစ်စေရမယ်လို့ အာမခံချက်ပေးခဲ့ပါတယ်။

### မဲခွဲမှုအရ

အုပ်စု(က)မှာတော့ အိမ်ရှင် ရုရှား၊ ဥရုဂွေး၊ အီဂျစ်၊ ဆော်ဒီအာရေဗျ။

အုပ်စု(ခ)မှာတော့ ပေါ်တူဂီ၊ စပိန်၊ အီရန်၊ မော်ရိုကို။

အုပ်စု(ဂ)မှာတော့ ပြင်သစ်၊ ပီရူး၊ ဒိန်းမတ်၊ ဩစတြေးလျ။

အုပ်စု(ဃ)မှာတော့ အာဂျင်တီးနား၊ ခရိုအေးရှား၊ အိုက်စလန်၊ နိုင်ဂျီးရီးယား။

အုပ်စု(င)မှာတော ဘရာဇီး၊ ဆွစ်ဇာလန်၊ ကော်စတာရီကာ၊ ဆားဘီးယား။

အုပ်စု(စ)မှာတော့ ဂျာမနီ၊ မက္ကဆီကို၊ ဆွီဒင်၊ တောင်ကိုရီးယား။

အုပ်စု(ဆ)မှာတော့ ဘယ်လ်ဂျီယံ၊ အင်္ဂလန်၊ တူနီးရှား၊ ပနားမား။

အုပ်စု(ဇ)မှာတော့ ပိုလန်၊ ကိုလံဘီယာ၊ ဆီနီဂေါ၊ ဂျပန်တို့ ကျရောက်ခဲ့ရတာကို တွေ့ရပါတယ်။

ဒီအုပ်စုအနေအထားတွေကို ကြည့်ပြီး ယေဘုယျအဖြေထုတ်ရရင် ပြင်သစ်ပါဝင်တဲ့ အုပ်စု(ဂ)က အချောင်ဆုံးလို့ ဆိုရမှာဖြစ်ပြီး လွယ်မလိုနဲ့ ခက်မယ့်အုပ်စုကတော့ အာဂျင်တီးနားပါဝင်တဲ့ အုပ်စု(ဃ)နဲ့ ဘရာဇီးပါတဲ့ အုပ်စု(င)တို့ ဖြစ်လာဖို့ရှိပါတယ်။ အာဂျင်တီးနားအသင်းအနေနဲ့ အုပ်စုဗိုလ်ဖြစ်ဖို့ အသေအချာရုန်းမှ ရနိုင်မှာဖြစ်ပြီး ကျန်သုံးသင်းဆိုတာကလည်း သူ့နယ်ပယ်မှာ သူခြေစွာတဲ့အသင်းတွေ ဖြစ်နေတာကိုတော့ သတိပြုရမှာဖြစ်ပါတယ်။ ဒါပေမယ့် ၂၀၁၈ ကမ္ဘာ့ဖလားမှာ အီတလီ၊ နယ်သာလန်၊ အမေရိကန်၊ ချီလီတို့လို အစဉ်အလာရှိတဲ့ အသင်းတွေ ပါဝင်လာခြင်းမရှိပေမယ့် အိုက်စလန်၊ ပနားမားတို့လို တစ်ကြိမ်တစ်ခါမျှ ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်ဖူးခြင်းမရှိတဲ့ မျက်နှာသစ်အသင်းတွေလည်း တက်ရောက်လာနိုင်ခဲ့တာကို တွေ့ရပါတယ်။

### အာဆင်နယ်ရဲ့ ဇန်နဝါရီနောက်ပိုင်း ပထမဦးဆုံး အိမ်ကွင်းရှုံးနိမ့်မှု

အာဆင်နယ်နဲ့ မန်ယူတို့ရဲ့ ပရီမီယာလိဂ်ပွဲစဉ်ကတော့ အစဉ်အလာပိုင်းအရရော လတ်တလော အနေအထားတွေကြောင့်ပါ ပရိသတ်စိတ်ဝင်စားမှု မြင့်တက်ခဲ့ပေမယ့် ရလဒ်ပိုင်းကတော့ အားလုံးသိရှိပြီးဖြစ်တဲ့အတိုင်း အာဆင်နယ်က မန်ယူကို သုံးဂိုး-တစ်ဂိုးနဲ့ အရေးနိမ့်သွားခဲ့တာပါ။ နှစ်ဖက်အသင်းနည်းပြတွေက သူတို့အသင်းကို အတောင့်တင်းဆုံး အခင်းအကျင်း၊ စိတ်တိုင်းကျ နည်းဗျူဟာတွေ ခင်းကျင်းပြီး ရင်ဆိုင်သွားခဲ့ပေမယ့် ရလဒ်ကို အဆုံးအဖြတ်ပေးသွားတာက ဂိုးသမားနေရာရယ်၊ ခံစစ်ပိုင်းရယ်လို့ ပြောရမှာပါ။

အာဆင်နယ်ရဲ့ နောက်တန်းက မလိုအပ်ဘဲ ဘောလုံးကို ကိုင်ကစားလွန်း၊ မသေသပ်တဲ့ ဘောလုံးအပေးအယူတွေကြောင့် မန်ယူအသင်းကို စောစောစီးစီးပဲ နှစ်ဂိုးခွင့်ပြုခဲ့ရတာဖြစ်ပါတယ်။ ပထမဂိုးနဲ့ ဒုတိယဂိုးပေးလိုက်ရတဲ့အနေအထားဟာ တစ်ထပ်တည်းနီးပါးကို ထပ်တူကျခဲ့တာကလည်း အာဆင်နယ်နောက်တန်းခံစစ် ပေါ့လျော့လွန်းတယ်ဆိုတဲ့ စကားလုံးအပြင် အခြားမရှိပါဘူး။

အာဆင်နယ်အနေနဲ့ နှစ်ဂိုးပေးခဲ့ရပြီးနောက် ချေပဂိုးတွေရဖို့ တောက်လျှောက်ဖိကစားကာ ဂိုးသွင်းခွင့်တွေ အကြိမ်ကြိမ်ရခဲ့ပေမယ့် မန်ယူဂိုးသမား ဒီဂီယာက အံ့အားသင့်ဖွယ်ကောင်းလောက်အောင် လက်စွမ်းပြကာကွယ်သွားခဲ့လို့ ၄၉ မိနစ်မှာ လာကာဇက်သွင်းယူခဲ့တဲ့ ဂိုးတစ်ဂိုးသာ ပြန်ရခဲ့ပါတယ်။ ဒီဂီယာဟာ ကိုလာစီနစ်၊ ဘယ်လာရင်တို့ရဲ့ အပိုင်ကန်သွင်းခွင့်တွေကို ကာကွယ်နိုင်ခဲ့သလို ကိုယ့်ဂိုးကိုယ်သွင်းမိမလို ဖြစ်ခဲ့တဲ့ လူကာကူရဲ့ အမှားကိုလည်း တားဆီးနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် လင်းဂတ်က တတိယဂိုးကို ထပ်သွင်းနိုင်ခဲ့တာကြောင့် ပွဲက ပြီးသလောက်ဖြစ်သွားခဲ့ပါတယ်။ ပွဲချိန် ၇၄ မိနစ်မှာတော့ ကစားပုံကြမ်းတဲ့ မန်ယူကွင်းလယ်လူ ပေါလ်ပေါ့ဘာ တိုက်ရိုက်အနီကတ်နဲ့ ထုတ်ပယ်ခံခဲ့ရပြီး အာဆင်နယ်ဟာ မိနစ် ၂၀ နီးပါး လူတစ်ယောက်အသာနဲ့ ကစားခဲ့ရပေမယ့် မန်ယူဂိုးသမား ဒီဂီယာကောင်းလွန်းတာကြောင့် နောက်ထပ်ဂိုးတွေထပ်မရတော့ဘဲ သုံးဂိုး-တစ်ဂိုးနဲ့ အရေးနိမ့်သွားခဲ့တာဖြစ်ပါတယ်။

ရှုံးပွဲကြုံခဲ့ရတဲ့ အာဆင်နယ်အနေနဲ့တော့ ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း ဝက်ဖို့ဒ်ကို အိမ်ကွင်းမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ အရေးနိမ့်ပြီးနောက်ပိုင်း အိမ်ကွင်းရှုံးပွဲမရှိ စံချိန်တစ်ရပ် ကျိုးပျက်သွားခဲ့ရပါတယ်။ မန်ယူအသင်းကတော့ အာဆင်နယ်ရဲ့ အိမ်ကွင်းမှာ အာဆင်နယ်ကို ဘယ်အသင်းထက်မဆို အနိုင်ရတဲ့ စံချိန်တစ်ရပ်ကို ရရှိသွားခဲ့ပါတယ်။ အာဆင်နယ်အနေနဲ့ ဒီပွဲမှာ အဓိကများတဲ့အချက်က ခံစစ်ဖြစ်ခဲ့ပြီး မဖြစ်သင့်တဲ့ အမှားနှစ်ကြိမ်ကြောင့် နောက်ကလိုက်ကစားခဲ့ရပြီး ကောင်းရှုံးကြီး ဖြစ်ခဲ့ရတာပါ။ ခုတော့ အာဆင်နယ်အနေနဲ့ အသင်းကြီး အချင်းချင်းတွေ့ဆုံတဲ့ပွဲမှာ ဘယ်လိုအမှားအယွင်းမှ ဖြစ်လို့မရဘူးဆိုတာ သိသွားလောက်ပါပြီ။ မန်ယူဟာ စနေနေ့ ကစားတဲ့ပွဲမှာ နိုင်ပွဲရခဲ့ပေမယ့် မန်စီးတီးကလည်း ဝက်စ်ဟမ်းကို နိုင်သွားတာကြောင့် ရမှတ်ကွာဟချက်ကို လျှော့ချနိုင်ခြင်းမရှိခဲ့ပါဘူး။

### အခွင့်အရေးမယူနိုင်တဲ့ ရီးယဲလ်

ဘာစီလိုနာဟာ အစောပွဲမှာ ဆယ်လ်တာဗီဂိုနဲ့ပွဲမှာ နှစ်ဂိုးစီ သရေကျခဲ့တာကြောင့် ရီးယဲလ်အနေနဲ့ ဘာကာနဲ့ ရမှတ်ဟနိုင်ဖို့ တစ်ခုခု စွမ်းဆောင်ပြနိုင်ဖို့ မျှော်လင့်ခဲ့ပေမယ့် ဘီဘာအိုကို ဂိုးမရှိ သရေသာ ကစားခဲ့တာကြောင့် အခွင့်အရေးမယူနိုင်တဲ့ ရီးယဲလ်လို့သာ ပြောရတော့မှာ ဖြစ်ပါတယ်။ ရီးယဲလ်ဟာ ဘောလုံးပိုင်ဆိုင်မှု၊ ဂိုးပေါက်ခြိမ်းခြောက်မှုတွေ များစွာပြုလုပ်နိုင်ပေမယ့် မိနစ် ၉၀ လုံး ဂိုးပေါက် ပျောက်နေခဲ့တာဖြစ်ပါတယ်။ စီရိုနယ်လ်ဒိုနဲ့ ဘင်ဇီမာတို့ရဲ့ ကန်သွင်းချက်တွေ တိုင်ထိ ထွက်ခဲ့သလို ဝီလျံနဲ့ အဒူရစ်ဇ်တို့ ကန်ချက်တွေကိုလည်း ရီးယဲလ်ဂိုးသမား နာဗက်စ်ကာကွယ်နိုင်ခဲ့ပါတယ်။ ဇီဒန်းကတော့ ရီးယဲလ်အသင်းရဲ့ ဂိုးရနည်းနေမှုကို စိတ်ပျက်နေတဲ့ပုံစံမျိုး ပွဲအပြီးမှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။ ရီးယဲလ်ဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ရမှတ် ၃၄ မှတ်နဲ့ အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့ပေမယ့် ဒီနှစ်တော့ ရမှတ် ၂၈ မှတ်နဲ့ အဆင့်(၄)နေရာအထိ ရောက်ရှိနေတာဖြစ်ပါတယ်။ ဒါတောင် ဘာစီလိုနာတိုက်စစ်မှူး ဆွာရက်ဇ်ရဲ့ ဂိုးတစ်ဂိုးကို ဒိုင်က လူကျွံဘောဆိုပြီး မှားယွင်းသတ်မှတ်ခဲ့လို့ ရီးယဲလ်နဲ့ ဘာကာကြား အမှတ်ကွာဟမှု ထပ်များမသွားခဲ့တာဖြစ်ပါတယ်။ ဇီဒန်းက အက်သလက်တီကိုနဲ့ သရေကျခဲ့တဲ့ ပွဲမှာ ဘာစီလိုနာလည်း အမှတ်လျှော့လာဦးမှာပါလို့ ဆိုခဲ့ပြီး တကယ်တမ်းလည်း ဘာကာ နှစ်ပွဲဆက် သရေကျခဲ့ပေမယ့် ဒီအခြေအနေကို ရီးယဲလ် အခွင့်အရေးမယူနိုင်ခဲ့တာကတော့ ဆိုးပါတယ်။

ဒီဇင်ဘာ ၆ ရက်နေ့ နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားကြမည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၆)

| | | |
|---|---|---|
| မန်ယူ | - | စီအက်စ်ကေအေ |
| ဘင်ဖီကာ | - | ဘေဆယ်လ် |
| ဆဲလ်တစ် | - | အန်ဒါလက်ချ် |
| ဘိုင်ယန်မြူးနစ် | - | ပီအက်စ်ဂျီ |
| ရိုးမား | - | ကာရာဘတ် |
| ချယ်လ်ဆီး | - | အက်သလက်တီကို |
| ဘာစီလိုနာ | - | စပို့တင်းလစ္စဘွန်း |
| အိုလံပီယာကို့စ် | - | ဂျူဗင်တပ် |

(ခိုင်ဝင်း)

ပီအက်စ်ဂျီရဲ့ ပထမဦးဆုံးလိဂ်ပွဲအရှုံး

ပီအက်စ်ဂျီကတော့ အသင်းငယ်လေး စတြားစ်ဘော့ဂ်ကို ရှုံးနိမ့်မှုနဲ့အတူ ယခုနှစ်ဘောလုံးရာသီ ပထမဦးဆုံးလိဂ် အရှုံးကို စတင်ခံစားလိုက်ရပါတယ်။ ပီအက်စ်ဂျီအနေနဲ့ အိမ်ရှင် စတြားစ်ဘော့ဂ်ကို ဘောလုံး ပိုင်ဆိုင်မှု အသားနဲ့ ကစားနိုင်ခဲ့ ပေမယ့် လျင်မြန်လွန်းတဲ့ အိမ်ရှင်အသင်းရဲ့ တန်ပြန်တိုက်စစ်ကို မထိန်းနိုင်ခဲ့တာကြောင့် ရှုံးခဲ့ရတာဖြစ်ပါတယ်။ ဒါပေမယ့် ပီအက်စ်ဂျီဟာ ဇယားထိပ်ကို ရမှတ်ကိုးမှတ်အကွာနဲ့ လွတ်လွတ်ကျွတ်ကျွတ် ဦးဆောင်နေဆဲဖြစ်ပြီး ရှုံးပွဲကြုံခဲ့ရပြီဆိုတာကလွဲရင် ဖိအားဝင်လာဖို့တော့ မရှိပါဘူး။

### နိဂုံး

စီးရီးအေမှာတော့ အင်တာမီလန်က ချီယေဗိုကို ငါးဂိုးပြတ်နဲ့ အနိုင်ကစားနိုင်ခဲ့ပြီးနောက် အမှတ်ပေးဇယား ထိပ်ဆုံးနေရာကို ရောက်လာပါတယ်။ ကြားရက်တွေမှာလည်း ချန်ပီယံလိဂ်၊ ယူရိုပါလိဂ်တို့လို ပွဲစဉ်တွေ ရှိနေပါသေးပေမယ့် နောက်တစ်ဆင့်တက်ရောက်နိုင်ဖို့ မျှော်လင့်ချက်ရှိတဲ့ အသင်းတွေရဲ့ ခြေကုန်ထုတ်မှုကို မြင်တွေ့ရဖွယ်ရှိပြီး နောက်တစ်ဆင့်ကို တက်ရောက်ခွင့်ရထားပြီးသား အုပ်စုဗိုလ်သေချာနေတဲ့ အသင်းတွေကတော့ သာမန်လောက်သာ ယှဉ်ပြိုင်သွားမယ်ဆိုတာကို သတိပြုရပါမယ်။ နောက်တစ်ပတ်ပွဲစဉ်တွေမှာတော့ စီးရီးအေမှာ ဂျူဗင်တပ်နဲ့ အင်တာမီလန်၊ ပရီမီယာလိဂ်မှာ မန်ယူနဲ့ မန်စီးတီး၊ လာလီဂါမှာ ရီးယဲလ်မက်ဒရစ်နဲ့ ဆီဗီလာတို့ တွေ့ဆုံဦးမှာဖြစ်လို့ အကြိတ်အနယ်ရှိတဲ့ လိဂ်ပွဲစဉ်တွေကို ထပ်မံမြင်တွေ့ရဖို့ရှိနေပါတယ်။ ။

# လူသွားစင်္ကြံလမ်းလေးတွေပြန်ပေးပါ

သန်းဖြိုးနိုင်(ကညင်ကျိုး)




ပြောင်းလဲတိုးတက်လာသည့် ခေတ်နှင့်အညီ ယခုဆိုလျှင် နိုင်ငံတစ်ဝန်းရှိ အဝေးပြေးလမ်းမများကို နိုင်ငံတကာမှ လမ်းသတ်မှတ်ချက်များနှင့်အညီ ဖြစ်စေရန် တိုးချဲ့ခင်းကျင်းခြင်း၊ မြို့ပြစနစ်များကိုကောင်းမွန်သည်ထက်ကောင်းစေရန် ပြုပြင်ခြင်းများဆောင်ရွက်နေသည့် ကာလဖြစ်သည်။

ကျွန်ုပ်တို့နိုင်ငံတွင် ယခင်ရှိပြီးသား ပြည်ထောင်စုလမ်းမကြီး (လမ်းဟောင်း)ကို ဒေသတွင်းရှိ အခြားသောနိုင်ငံများနှင့် ချိတ်ဆက်သွားလာနိုင်ရေးအတွက် အဆင့်မီစေရန် လေးလမ်းသွားအဖြစ် လမ်းဘေး ဘယ်၊ ညာတိုးချဲ့ခြင်း၊ နိုင်လွန်ကတ္တရာများခင်းကျင်းခြင်း၊ ယခင်နှစ်ပေါင်းရှည်ကြာစွာ တည်ရှိခဲ့သည့် တံတားကျဉ်းများအား တိုးချဲ့ဆောက်လုပ်ခြင်းများ ဆောင်ရွက်နေချိန်ဖြစ်သည်။ထို့အပြင် လမ်းဖြတ်သန်းရာ မြို့ကြီးမြို့ငယ်များကိုလည်း မြို့ပြစနစ်တွင်ပါဝင်ရမည့် သတ်မှတ်ချက်များအတိုင်း လမ်းဘေးလူသွားစင်္ကြံများ၊ ကားရပ်နားရန်နေရာများကို ခွဲခွဲခြားခြားပြုလုပ်ပေးရန်စတင်ပြုပြင်ဆောင်ရွက်နေကြချိန်ဖြစ်သည်။

**ရန်ကုန်နှင့် မန္တလေးမြို့ကြီးများမှာ လူသွားစင်္ကြံကိုရှာ**

ထိုအချိန်ကာလအတွင်းတွင် ပြည်သူအများအနေဖြင့် အဓိကအလိုအပ်ဆုံးအရာတစ်ခုကို ပြောပါဆိုလျှင် အများပြည်သူ အခြေခံလူတန်းစားများအတွက် လူသွားစင်္ကြံများကို တူတူတန်တန်ပြန်လည်ဖော်ဆောင်ပေးရန် ဆန္ဒရှိနေသည့်ကိစ္စကိုပင် ပြောရမည်ထင်သည်။ အကြောင်းမှာ ယနေ့မြန်မာနိုင်ငံ၏ လူဦးရေ၏ ဆယ်ပုံပုံလျှင် တစ်ပုံခန့်နေထိုင်သည့် စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့ကြီးကို လေ့လာကြည့်လျှင် မြင်နိုင်ပါသည်။

မြို့ကြီး၏ အဓိကကျသည့်နေရာများတွင် အချို့နေရာများတွင်ရှိသော်လည်း အမှန်တကယ် လက်တွေ့တွင်မူ လူအများစုမှာ လမ်းပျောက်နေဆဲဖြစ်သည်။ စင်္ကြံလမ်းများပေါ်တွင် အများပြည်သူများမှာလွတ်လွတ်လပ်လပ်သွားလာနိုင်သည့် အခြေအနေမျိုးမရှိသေးသည်ကို မြင်ရနိုင်ပြီး ဈေးများခင်းကျင်းရောင်းချနေသည်ကိုတွေ့ရမည်ဖြစ်သည်။ အခြားကျန်သည့်မြို့နယ်များတွင်မူ သာ၍ဆိုးသည်ကို မြင်ရမည်ဖြစ်သည်။ ထို့အပြင်ယဉ်ကျေးမှုမြို့တော်ဖြစ်သည့် မန္တလေးမြို့ကို လေ့လာကြည့်လျှင်လည်း အလားတူပင်ဖြစ်သည်။ နေရာအတော်များများတွင် လူသွားစင်္ကြံများမရှိသည်ကို တွေ့ကြရမည်ဖြစ်သည်။

**ကိုယ်ကျိုးအတ္တများအတွက် တိုးချဲ့ခင်းကျင်းလာကြ**

လူသွားစင်္ကြံရှိသည့်နေရာများကို လေ့လာကြည့်ပါကလည်း ကားလမ်းနံဘေးရှိ အိမ်များမှ ထိုလမ်းပေါ်တွင် ဆိုင်များတိုးချဲ့ခင်းထားခြင်း၊ ပစ္စည်းများချထားခြင်း၊ သစ်ပင်၊ အလှပင်များစိုက်ထားခြင်းများ ပြုလုပ်ထားသည်ကိုတွေ့ကြရမည်သာဖြစ်သည်။ စာရေးသူအဓိကပြောချင်သည်မှာ ရန်ကုန်မြို့ကြီးနှင့် မန္တလေးမြို့ကြီးများကိုပင် မဟုတ်ဘဲနိုင်ငံအတွင်းရှိ အခြားသောမြို့အတော်များများတွင်လည်း အလားတူဖြစ်သည်။ မြို့ခံပြည်သူများဖြစ်သည့် ကားလမ်းဘေးနေထိုင်သူများ၊ ဈေးရောင်းသူများမှ လူသွားစင်္ကြံကို လူအများ သွားလာ၍မရအောင် ပြုလုပ်နေကြသယောင် ထင်မိနေသည်။ ၎င်းတို့ကိုယ်ကျိုးအတ္တ၊ ၎င်းတို့စီးပွားရေးအတွက် မိမိတို့နေထိုင်သည့် အိမ်ပရဝဏ်ထက် ကျော်လွန်ကာ ကျူးကျော်နေကြသည်က များနေသည်ကို တွေ့ရသည်။

ထိုအဖြစ်ကို စည်ပင်သာယာရေး၊ ပြည်တွင်းအခွန်နှင့်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဝန်ထမ်းများကလည်း မတားမြစ်ကြသယောင်ဖြစ်နေသည်။ မိမိတို့အိမ်ရှေ့၊ ဆိုင်ရှေ့ရှိ ရေမြောင်းပေါ်တွင် ခွလျက်တည်ဆောက်ပေးထားသည့် လူသွားစင်္ကြံနေရာကို အများပြည်သူသွားလာစရာအဖြစ် မသတ်မှတ်ကြတော့ဘဲ ၎င်းတို့ကိုယ်ပိုင်နေရာအဖြစ် တဖြည်းဖြည်းမြင်လာနေကြသည်။

**ယနေ့လက်ရှိကာလ ဆောင်ရွက်မှုများအပေါ်အမြင်ရှာ**

ထိုကိစ္စနှင့်ပတ်သက်ပြီး ဥပမာအားဖြင့် ယနေ့အချိန်တွင် မြင်တွေ့ရသည့်ကိစ္စတစ်ခုနှင့်ယှဉ်ပြီး တင်ပြရလျှင် ယခင်လမ်းဟောင်းဖြစ်သည့် ပြည်ထောင်စုလမ်းမကြီးကို ယခုအခါလေးလမ်းသွား နိုင်လွန်ကတ္တရာလမ်းအဖြစ်တိုးချဲ့ခင်းကျင်းခြင်းနှင့်အတူ လမ်းတစ်လျှောက်ရှိ တံတားများကိုလည်း သတ်မှတ်အကျယ်အတိုင်းရရှိရန် တစ်ခုချင်း ပြန်လည်တိုးချဲ့နေချိန်နှင့် ထပ်တူကျစွာပင် ဖြတ်သန်းသွားရာ မြို့များကိုလည်း မြို့ပြတစ်ခု၏ အင်္ဂါရပ်နှင့် ကိုက်ညီစေရန် လမ်းနယ်နိမိတ်အစွန်တွင် ရေမြောင်းများ ပြန်လည်တူးဖော်ခြင်း၊ လမ်းဘေးလူသွားလမ်းစင်္ကြံ တည်ဆောက်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နေချိန်ဖြစ်သည်။

ထိုသို့ပြုလုပ်ရာတွင် ယာဉ်အရေအတွက် ပေါများလာသည်နှင့်အမျှ ကုန်စည်စီးဆင်းမှုအတွက် နေ့စဉ်ဖြတ်သန်းမောင်းနှင်နေကြသည့် ကုန်တင်ထွေလာယာဉ်ကြီးများ၊ အိမ်စီးမော်တော်ယာဉ်ငယ်များအတွက် ပြည်သူအများနေထိုင်သည့် မြို့များအတွင်းမှ ဖြတ်သန်းသွားလျှင် အန္တရာယ်ကင်းစွာမောင်းနှင်နိုင်ရေးအတွက် မြို့တွင်းလမ်းများကို ချဲ့ပေးခြင်း၊ ခြေကျင်သွားလာနေကြသည့် ပြည်သူများအတွက်လည်း ယာဉ်တိုက်ခိုက်မှုကြောင့် အသက်များသေကျေပျက်စီးဆုံးရှုံးမှုများမှ ကာကွယ်နိုင်ရေးလူသွားစင်္ကြံများ ပြန်လည်ဖော်ဆောင်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိနေသည့် အချိန်ကာလတစ်ခုဖြစ်သည်။

**အမှားကိုအမှန်ပြုပြီး အများစုက မလိုက်နာ**

သို့သော်လည်း မြင်ရတွေ့ရသည့်အဖြစ်များမှာ မြို့ခံလူထုများမှာမူ ထိုအချက်ကို သဘောပေါက်ခြင်းမရှိကြဘဲ ရှေ့ကလုပ်ပေးကြသူများ မပြီးသေးမီမှာပင် ၎င်းတို့က နောက်မှ လမ်းဘေးရေမြောင်းများကို ၎င်းတို့အစီအစဉ်ဖြင့် သစ်ဝါးများခင်းခြင်း၊ ကွန်ကရစ်ဖြင့် ခင်းခြင်းများကို ၎င်းတို့အစီအစဉ်ဖြင့် မညီမညာပြုလုပ်ကာ ၎င်းတို့ ဈေးရောင်းကောင်းစေရေးကိုသာ ဦးတည်ပြီး ပြန်လည်ခင်းကျင်းနေကြစမြဲပင်ဖြစ်သည်။ ထိုနေရာပရဝဏ်သည် ပြည်သူအများသွားလာရမည့်နေရာ၊ အန္တရာယ်ကင်းစွာ လမ်းလျှောက်ကြရမည့်နေရာအဖြစ် မသတ်မှတ်တတ်ကြသေးပေ။

အမှန်ဆိုလျှင် ထိုလမ်းဘေးလူသွားစင်္ကြံလမ်းများမှာ ယခင်တရားဥပဒေစိုးမိုးမှုရှိခဲ့သည့် ကာလတွင် စနစ်တကျရှိခဲ့ပြီး ခေတ်ကာလ တဖြည်းဖြည်းကြာမြင့်ခဲ့ပြီးချိန်တွင် တစ်စတစ်စနှင့် သူ့ထက်ငါ မိမိတို့အိမ်ပိုင်နက်မှ ကားလမ်းအထိ ကျူးကျော်ကာ အဆောက်အအုံဆောက်လုပ်ခြင်းများအထိ ပြုလုပ်ခဲ့ကြရာမှ အချိန်ကြာမြင့်ခဲ့ချိန်တွင် ၎င်းတို့ပြုလုပ်ခွင့်ရှိသည်ဟု ထင်မြင်လာခဲ့ကြခြင်းပင်ဖြစ်သည်။

**လေ့လာစရာထုတ်ပြန်ထားပြီး ဥပဒေပါပြဋ္ဌာန်းချက်များ**

အမှန်ဆိုလျှင် ထိုကိစ္စနှင့်ပတ်သက်ပြီး ပြည်သူများလိုက်နာကြရမည့် ဥပဒေပါပြဋ္ဌာန်းချက်အများအပြားရှိသည်။ ထိုအချက်များကို စည်ပင်သာယာရေးဥပဒေထဲတွင် ပြည့်ပြည့်စုံစုံ တိတိပပပြဋ္ဌာန်းထားပေးသည်။ စည်ပင်သာယာဥပဒေတွင် မြို့တစ်ခု၏ သန့်ရှင်းသာယာလှပရေးနှင့် တည်ဆောက်ရေးအကြောင်းများ ပါဝင်သည်။

အုပ်ချုပ်ရေးအပိုင်းမှ လိုက်နာအကောင်အထည်ဖော်ပေးကြရမည့်အချက်များ ပါဝင်သလိုပြည်သူများဘက်မှလိုက်နာကြရမည့် အချက်များလည်းပါဝင်ပါသည်။ ဥပမာအားဖြင့် အမှိုက်များစွန့်ပစ်ခြင်းစနစ်တွင် ပြည်သူများမှ မိမိအိမ်တွင်းနှင့် မိမိအိမ်ဝန်းကျင်ရှိ အမှိုက်များကို သိမ်းဆည်းထုပ်ပိုးကာ အသင့်ပြင်ထားကြရမည်။ ထိုအမှိုက်များကို စည်ပင်သာယာရေးအဖွဲ့က အချိန်မှန်သိမ်းဆည်းကြရမည်ဟု ပါရှိသလို ပတ်ဝန်းကျင်ကို သန့်ရှင်းရေးနှင့် အလေးထားဂရုပြုဆက်ဆံတတ်ရေးတို့အတွက် ပါဝင်သည်။

၎င်းအပြင် လမ်းသွားလမ်းလာများနှင့် ခရီးသွားပြည်သူများကို အလေးထားခြင်းများနှင့် ရေစီးရေလာကောင်းမွန်စေခြင်းများအတွက်လည်း မိမိတို့အိမ်ရှေ့ပရဝဏ်မှကျော်လွန်ပြီး ရေမြောင်းများအပေါ်တွင် ကျူးကျော်နေထိုင်ခြင်း၊ ဈေးရောင်းချခြင်းနှင့် ရေမြောင်းများကို ပိတ်ဆို့စေခြင်းများ မပြုလုပ်ကြရသည်အထိ ပါဝင်ထားသည်။

ထို့အပြင် မြို့ပြစနစ်သန့်ရှင်းသာယာလှပစေရေးအတွက် အုပ်ချုပ်သူအပိုင်းဘက်မှလည်း ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း စစ်ဆေးကြပ်မတ်အကောင်အထည်ဖော်ပေးကာ ပြည်သူများဖောက်ဖျက်ပါကလည်းအရေးယူကြရသည့် အပိုင်းများအထိ ပါဝင်လေသည်။ ထိုသို့အရေးယူသည်ဆိုရာတွင်လည်း ဥပဒေပါပြဋ္ဌာန်းချက်များကို ဖောက်ဖျက်သည့် ပြည်သူများကိုချည်းပင် မဆိုလိုပါ။ အုပ်ချုပ်ရေးအပိုင်းမှ ဥပဒေပါအတိုင်းလိုက်ပါ စစ်ဆေးအကောင်အထည်မဖော်သည့် ဝန်ထမ်းများကိုပါ အရေးယူခြင်းများဆောင်ရွက်ကြရခြင်းတို့အထိပါဝင်ထားသည်။

**ပြည်သူအများကြုံနေရသည့် ယာဉ်အန္တရာယ်**

သို့သော်လည်း ယနေ့အချိန်တွင် အဆိုပါဥပဒေပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ပေးကြရမည့် ဌာနဆိုင်ရာများနှင့် လိုက်နာကြရမည့် မြို့ခံပြည်သူများ၏ အကောင်အထည်ဖော်လိုက်နာမှု အားနည်းခြင်းများကြောင့် ပြည်သူအများစုမှာ လမ်းလျှောက်စရာမရှိဘဲ လမ်းပျောက်နေကြရသည်မှာ နှစ်ပေါင်းအတော်ပင်ကြာမြင့်နေပြီဖြစ်သည်။ မြို့အတော်များများတွင် လမ်းဘေးလူသွားစင်္ကြံမရှိသည့်အတွက် ရှိသော်လည်း ပိတ်ဆို့ကာရံတားဆီးထားကြသည့်အတွက် ပြည်သူအများစုမှာ ကားလမ်းအပေါ်မှသာ ဆင်းလျှောက်ကြရသည်။ ထိုအခါယာဉ်တိုက်ခိုက်မှုများနှင့်ကြုံကြရသည်။ မြို့မှာလည်း သန့်ရှင်းမှုမရှိဖြစ်ရသည့်အပြင် သာသာယာယာလည်းမရှိလှပေ။

**ဝိုင်းဝန်းပူးပေါင်းဆောင်ရွက် အနာဂတ်မျိုးဆက်သစ်တို့အတွက်**

သို့အတွက် နိဂုံးချုပ်အားဖြင့် တင်ပြလိုရင်းမှာ မြို့နေကားလမ်းမဘေးမှ ပြည်သူများနှင့် ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ပေးကြမည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အများပြည်သူအကျိုးအတွက်ငှာ ရှေးရှုပြီး ယခင်ကာလတုန်းက စနစ်တကျရှိခဲ့ဖူးသည့် လူသွားစင်္ကြံလမ်းများကို ပြန်လည်ဖော်ဆောင်ပေးကြပါ၊ မြို့ပြစနစ် တည်ဆောက်ခြင်းတွင် အဓိကကျသည့် သန့်ရှင်းသာယာလှပစေမည့် အဓိကအခြေခံဖြစ်သည့် ထိုလူသွားစင်္ကြံလမ်းများအပေါ်မှ အများပြည်သူများ အန္တရာယ်ကင်း ဘေးရှင်းစွာ ပျော်ပျော်ရွှင်ရွှင်လျှောက်လှမ်းနိုင်စေရန် ဝိုင်းဝန်းကူညီပေးကြပါ၊ မြို့ပြဥပဒေပါပြဋ္ဌာန်းချက်များကိုလိုက်နာကြပြီး တရားဥပဒေကိုလေးစားလိုက်နာပေးကြပါလို့ စိတ်ကောင်းစေတနာဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ။

# သဘာဝ သယံဇာတ အရင်းအမြစ်များ ထိခိုက်ပျက်စီးစေမည့် ကိစ္စရပ်များကို ထိထိရောက်ရောက် ဟန့်တားအရေးယူသွားမည်

**မုံရွာ ဒီဇင်ဘာ ၄**

သဘာဝသယံဇာတအရင်းအမြစ်များကို ထိခိုက်ပျက်စီးစေမည့်ကိစ္စရပ်များကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိထိရောက်ရောက်ဟန့်တား အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီး ဦးကမ်ဇာမုံက ပြောကြားသည်။

"လူသားတွေအပါအဝင် သက်ရှိများရဲ့ ဘဝရှင်သန်ရပ်တည်နိုင်ဖို့အတွက် တန်ဖိုးရှိလှတဲ့ သဘာဝဂေဟစနစ်များနဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို ဘက်ပေါင်းစုံက ထိန်းသိမ်းကာကွယ်ဖို့ အထူးလိုအပ်တဲ့အလျောက် သဘာဝသယံဇာတအရင်းအမြစ်တွေကို ထိခိုက်ပျက်စီးစေမယ့် ကိစ္စရပ်တွေကို ဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ ထိထိရောက်ရောက် ဟန့်တားအရေးယူဆောင်ရွက်သွားမှာဖြစ်သလို ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကို ကဏ္ဍအားလုံးမှာ ပေါင်းစပ်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်၊ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ပြည်သူတွေအနေနဲ့လည်း မိမိတို့ တတ်နိုင်တဲ့အပိုင်းကနေ ဖြစ်နိုင်သမျှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြဖို့ တိုက်တွန်းလိုပါတယ်" ဟု ဦးကမ်ဇာမုံက ပြောကြားသည်။

ပတ်ဝန်းကျင်ပျက်စီးရခြင်း၏ အဓိကအကြောင်းရင်းမှာလူသားများ၏ ပြုမူနေထိုင်မှုများကြောင့် ပျက်စီးနေရပြီး ပျက်စီးနေသော ပတ်ဝန်းကျင်ကို ပြန်လည်ကုစားရန် အားလုံးတွင် တာဝန်ရှိပြီး သဘာဝပတ်ဝန်းကျင် ပြုပြင်ပြောင်းလဲရန်ဆိုသည်မှာ ရှုံးနေသည့် စစ်ပွဲကို အနိုင်တိုက်ယူရသည့် သဘောဖြစ်ကြောင်း ဦးကမ်ဇာမုံက ဆိုသည်။

မြန်မာနိုင်ငံသည် ၂၀၀၈ ခုနှစ်က ဖြစ်ပွားသော နာဂစ်ဆိုင်ကလုန်းမုန်တိုင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ခံစားခဲ့ရသောလွန်ကဲသည့် အပူလှိုင်းများနှင့် ၂၀၁၅ ခုနှစ်တွင် ကြုံတွေ့ရသည့် ရေကြီးရေလျှံမှုများကဲ့သို့ မကြာမီကဖြစ်ခဲ့သော ဖြစ်ရပ်များသည် အများပြည်သူ၏ ပတ်ဝန်းကျင်နှင့် လူမှုစီးပွားရေးများအပေါ် အကျိုးသက်ရောက်မှုများလည်းရှိခဲ့ကြောင်း သိရသည်။

လက်ရှိမြန်မာနိုင်ငံ၏ သစ်တောလက်ကျန်ဧရိယာများအနက် စစ်ကိုင်းတိုင်းဒေသကြီးသည် သစ်တောပိုင်ဆိုင်မှု အများဆုံးတိုင်းဒေသကြီးတစ်ခုဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဘေးမဲ့တောများ၊ အမျိုးသားဥယျာဉ်များ၊ သဘာဝကြိုးဝိုင်းများ၊ သဘာဝနယ်မြေများကို သတ်မှတ်ထိန်းသိမ်းထားပြီးဖြစ်သလို နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် လက်ရှိတွင် သဘာဝထိန်းသိမ်းရေးနယ်မြေ ခုနစ်ခုကို အာဆီယံအမွေ အနှစ် ဥယျာဉ်များအဖြစ် သတ်မှတ်ကာကွယ်ထိန်းသိမ်းလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ကျွဲ၊ နွား ခွာနာ၊ လျှာနာရောဂါကင်းဝေးစေရေး ကာကွယ်ဆေးများ ကွင်းဆင်းထိုးနှံပေး

**ညောင်ဦး ဒီဇင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့(OIE) တို့ ပူးပေါင်း၍ ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ မွေးမြူထားရှိသော ကျွဲ၊ နွား တိရစ္ဆာန်များ ခွာနာ၊ လျှာနာရောဂါ မဖြစ်ပွားစေရန်နှင့် ရောဂါဖြစ်ပွားမှုများ လျော့နည်းကျဆင်းလာစေရန်တို့ကို ရည်ရွယ်၍ ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက ညောင်ဦးမြို့နယ် ငါ့သရောက်မြို့အတွင်းရှိ ကျေးရွာများဖြစ်သည့် ဖြူကြီးကျေးရွာ၊ စက်စက်ယိုကျေးရွာ၊ မျက်ခါးတောကျေးရွာ၊ ဖလန်ကန်ကျေးရွာ၊ ကူတောကျေးရွာနှင့် ကြို့ပင်သာကျေးရွာများတွင် ဒေသခံပြည်သူများ မွေးမြူထားရှိသည့် ကျွဲ၊ နွား တိရစ္ဆာန်များအား တစ်အိမ်တက်ဆင်း ခွာနာ၊ လျှာနာ ရောဂါကာကွယ်ဆေးများ အခမဲ့ ကွင်းဆင်းထိုးနှံ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျွဲ၊ နွား တိရစ္ဆာန်များအား ခွာနာ၊ လျှာနာ ရောဂါကင်းဝေးစေရေး ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းကို ညောင်ဦးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့ (OIE) နှင့် ပူးပေါင်း၍ ညောင်ဦးမြို့နယ်အတွင်း ၂၀၁၆ ခုနှစ်မှ စတင်ကာ ၂၀၂၀ ပြည့်နှစ်အထိ ငါးနှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စီမံကိန်းကာလအတွင်း ကာကွယ်ဆေး ကွင်းဆင်းထိုးနှံပေးခြင်းလုပ်ငန်းကို ပထမအကြိမ်တွင် ကျေးရွာပေါင်း ၄၂ ရွာအား ကာကွယ်ဆေးထိုးနှံပြီး ကျွဲ၊ နွားကောင်ရေ ၉၀၀၀ ကျော် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း၊ ဒုတိယအကြိမ်တွင် ကျေးရွာပေါင်း ၄၅ ရွာမှ ကျွဲ၊ နွားကောင်ရေ ၈၀၀၀ ကျော်ခန့် ထိုးနှံပြီးစီးခဲ့ကြောင်းနှင့် ယခုတတိယအကြိမ်တွင် နိုဝင်ဘာ ၂၅ ရက်မှ စတင်ကာ ဒီဇင်ဘာ ၆ ရက်အထိ ကျေးရွာပေါင်း ၆၂ ရွာအား ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိပြီး ကျွဲ၊ နွားကောင်ရေ ၁၃၀၀၀ ခန့် ထိုးနှံဆောင်ရွက်ပြီးစီးရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန (ငါ့သရောက်မြို့တာဝန်ခံ) တိရစ္ဆာန်ဆရာဝန် ဒေါက်တာ သန်းထွန်းစိန်ထံမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## မုံရွာမြို့ရှိ စည်ပင်သာယာဈေးကြီးသုံးခုတွင် မီးဘေးဇာတ်တိုက်လေ့ကျင့်

**မုံရွာ ဒီဇင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ စည်ပင်သာယာဈေးကြီး သုံးခုတွင် မီးဘေးကြိုတင် ကာကွယ်ရေးအတွက် မီးဘေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၃ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။



မုံရွာမြို့သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ လွှတ်တော်ရုံးနှင့် တိုင်းဒေသကြီးအဆင့် ရုံးများစိုက်ရာ မြို့တစ်မြို့ဖြစ်ရာ လူဦးရေများပြားပြီး မြို့ပေါ်ရပ်ကွက်များတွင် ဈေးကြီးရှစ်ခုရှိရာ အကြီးဆုံးဈေးများဖြစ်သော ချင်းတွင်းရတနာဈေး၊ မြသလ္လာဈေးနှင့် သီရိရတနာဈေးတို့တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ယာဉ်ထိန်းတပ်ဖွဲ့၊ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာရုံးတို့ပူးပေါင်းပြီး မီးဘေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

မုံရွာမြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးညီညီဇော်က "အခုကာလက ပွင့်လင်းရာသီလည်းရောက်လာပါပြီ၊ နေရာအနှံ့အပြားမှာလည်း မီးလောင်မှုဖြစ်စဉ်တွေ ဖြစ်လာနေတဲ့အတွက် အများပြည်သူ ရောင်းဝယ်ဖောက်ကားနေတဲ့ စည်ပင်သာယာဈေးကြီးတွေကို မီးဘေး ကြိုတင်ကာကွယ်ရေးအနေနဲ့က ဒီကနေ့မှာ ဌာနလေးခုပေါင်းပြီးတော့ ဇာတ်တိုက်လေ့ကျင့်မှုလုပ်ဆောင်တာပါ၊ မီးဘေးကြိုတင်ကာကွယ်ရေး အပိုင်းကတော့ ရှေ့လာမယ့်အပတ်ထဲမှာ ဈေးအတွင်းမှာရှိတဲ့ ဆိုင်ခန်းတွေအလိုက် မီးသုံးစွဲမှုတွေကိုလိုက်လံပြီး စစ်ဆေးမယ်၊ လိုအပ်ချက်တွေရှိနေရင်လည်း အကြံပြုချက်တွေကို ထုတ်ပြန်ပေးမှာပါ၊ မီးလောင်မှုအများစုဟာ လူတွေရဲ့ပေါ့ဆမှုကြောင့်ဖြစ်ပွားတာ အများဆုံးပါပဲ၊ တချို့ကဆောင်းဥတု၊ မိုးဥတုတွေမှာ မီးမလောင်နိုင်ဘူးဆိုပြီး ပေါ့လျော့နေတဲ့အပိုင်းမှာ မီးကိုပေါ့ပေါ့ဆဆ သုံးစွဲရာမှ တစ်ဆင့်မီးလောင်မှုတွေ ဖြစ်ပွားတာကိုတွေ့ရတယ်၊ ပြည်သူတွေကို အချိန်မရွေး၊ ရာသီမရွေး မီးလောင်မှုတွေနဲ့ ကြုံတွေ့လာနိုင်တယ်ဆိုတဲ့ အချက်တွေကို သိရှိအောင်လို့ အသိပညာပေးတဲ့အနေနဲ့ လိုက်လံစစ်ဆေးရင်း အကြံပြုပေးနေပါတယ်၊ ပြည်သူတွေအနေနဲ့လည်း ကျွန်တော်တို့ပြောတဲ့အချက်တွေကို အကုန်လုံးမလိုက်နာရင်တောင်မှ တစ်ချက်နှစ်ချက်လောက် လိုက်နာနိုင်ရင် မီးလောင်မှုတွေ လျော့နည်းလာနိုင်ပါတယ်" ဟု ပြောသည်။

မုံရွာမြို့ပေါ်ရှိ ဈေးကြီးသုံးဈေးမှ ချင်းတွင်းရတနာဈေးကြီးသည် ယခင်က မီးလောင်ကျွမ်းမှုတစ်ကြိမ် ဖြစ်ပွားကာ ကြီးမားသောဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ပြီး၊ သီရိရတနာဈေးကြီးသည် မီးလောင်ကျွမ်းမှုတစ်ကြိမ်နှင့် မီးလန့်မှု နှစ်ကြိမ် ဖြစ်ပွားခဲ့သဖြင့် နှစ်စဉ် မီးဘေးလုံခြုံရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဆင်းပွဲကျင်းပ

**အောင်လံ ဒီဇင်ဘာ ၄**

အောင်လံမြို့နယ် ညောင်ပင်ဆိပ်ကျေးရွာတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် စနစ်တကျ မီးငြိမ်းသတ်နိုင်ရေးတို့အတွက် မြို့နယ်မီးသတ်ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းအမှတ်စဉ် (၁/၂၀၁၇)ဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃ ရက် နံနက် ၁၀ နာရီက ညောင်ပင်ဆိပ် အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်းက သင်တန်းဆင်းအမှာစကားပြောကြားကာ သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်နှင့် ထူးချွန်ဆုများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဟန်စိန်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းသိန်းထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၅၀ တို့ တက်ရောက်ခဲ့ကြသည်။

**သိန်းလွင်(အောင်လံ)**

## ပန်းတံခါးပန်းချီပြပွဲ မန္တလေးတွင်ပြသ

**အောင်မြေသာစံ ဒီဇင်ဘာ ၄**

ကလေးမြို့ ရေဆေးဝါသနာရှင်များ၏ ဒုတိယခြေလှမ်းအဖြစ် ပန်းတံခါးပန်းချီပြပွဲ ဖွင့်ပွဲကို ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတောင် ပန်းချီပြခန်း၌ ကျင်းပသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ဒုတိယပါမောက္ခချုပ်ဦးသစ်လွင်စိုး၊ မန္တလေး ရေဆေးပန်းချီပညာရှင်များအသင်းမှ ဦးခင်မောင်စန်းနှင့်ပန်းချီပညာရှင်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ပန်းချီပညာ အထူးပြုကျောင်းသား၊ ကျောင်းသူများ၊ မန္တလေးပန်းချီပန်းပုကျောင်းမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်အားပေး ကြည့်ရှုကြသည်။

ပန်းတံခါးပန်းချီပြပွဲတွင် ကလေးမြို့မှ ရေဆေးပန်းချီဝါသနာရှင် ဆရာအောင်မောင်း၊ ဆရာ လှကြည်၊ ဆရာထွန်းမြင့်ဦး၊ ဆရာကိုကိုအောင်၊ ဆရာကြည်ခိုင်မင်း၊ ဆရာသိန်းနိုင်၊ ဆရာအောင်မျိုးတို့၏ရေဆေးလက်ရာမွန် ပန်းချီကား ၇၀ ကို ဒီဇင်ဘာ ၃ ရက်မှ ၇ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသမည်ဖြစ်ပြီး လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**



## အမျိုးသမီးစက်ချုပ်(အခမဲ့) သင်တန်းဖွင့်ပွဲကျင်းပ

**ပြည်ကြီးတံခွန် ဒီဇင်ဘာ ၄**

World Vision Myanmar နှင့် ရတနာလူငယ်ဖွံ့ဖြိုးရေးစင်တာ အလုပ်အမှုဆောင်အဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော အမျိုးသမီးစက်ချုပ်(အခမဲ့)သင်တန်း အမှတ်စဉ် (၁/၂၀၁၇) သင်တန်းဆင်းပွဲနှင့် (၂/၂၀၁၇) သင်တန်းဖွင့်ပွဲကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (၇) ရပ်ကွက် ၆၈ လမ်းနှင့် ကျန်စစ်သားလမ်းထောင့်ရှိ ရတနာလူငယ်ဖွံ့ဖြိုးရေးစင်တာတွင် ဒီဇင်ဘာ ၄ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအေးမြိုင်နှင့် ရတနာလူငယ်ဖွံ့ဖြိုးရေးစင်တာ ဒုတိယဥက္ကဋ္ဌ ဦးထွန်းတို့က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက်(၁/၂၀၁၇) သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ၊ ဂုဏ်ပြုလက်ဆောင်များနှင့် သင်တန်းထူးချွန်ဆုများအား တာဝန်ရှိသူအသီးသီးက ပေးအပ်ချီးမြှင့်သည်။ ၎င်းနောက် သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

"အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေး တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရရှိစေရန် ရည်ရွယ်ပြီး အမျိုးသမီးစက်ချုပ် သင်တန်းကို အခမဲ့ဖွင့်လှစ်ပေးတာပါ၊ အခုအမှတ်စဉ် (၁/၂၀၁၇) သင်တန်းဆင်းပြီး (၂/၂၀၁၇) ဖွင့်လှစ်တာပါ၊ သင်တန်းကာလ ခြောက်လပါ၊ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ထိ ဖွင့်လှစ်သင်ကြားလျက်ရှိပါတယ်၊ သင်တန်းသူ ၂၅ ဦးထိ လက်ခံမှာပါ၊ မည်သူမဆို အခမဲ့ လာရောက် သင်ကြားနိုင်ပါတယ်၊ သင်တန်း တက်ရောက်လိုသူများအနေနဲ့ ပြည်ကြီးတံခွန်မြို့နယ် (၇)ရပ်ကွက် ၆၈ လမ်းနဲ့ ကျန်စစ်သားလမ်းထောင့်ရှိ ရတနာလူငယ်ဖွံ့ဖြိုးရေး စင်တာသို့ လာရောက်စာရင်းပေးသွင်းနိုင်ပါတယ်" ဟု ရတနာလူငယ်ဖွံ့ဖြိုးရေးစင်တာ ဒုတိယဥက္ကဋ္ဌဦးထွန်းက ပြောကြားသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# (၂၅)ကြိမ်မြောက် ရှမ်းစာပေဆုပေးပွဲနှင့် ရှမ်းနှစ်သစ်ကူး ငွေရတုအထိမ်းအမှတ်ပွဲကျင်းပ



**ပဲခူး ဒီဇင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီးအတွင်း မှီတင်းနေထိုင်ကြသော ရှမ်းတိုင်းရင်းသားများ စုပေါင်း၍ (၂၅)ကြိမ်မြောက် ရှမ်းစာပေဆုပေးပွဲနှင့် ရှမ်းနှစ်သစ်ကူး ငွေရတုအထိမ်းအမှတ်ပွဲတော်ကို ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီက ကျောက်တံခါးမြို့နယ် ကင်မွန်းအင်းကျေးရွာအုပ်စု သပြေတန်း ရှမ်းကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ကရင်တိုင်းရင်းသားရေးရာဝန်ကြီး နော်ပွယ်စေးက မြန်မာနိုင်ငံတွင် မတူညီကွဲပြားသော တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်ကြပြီး လူမျိုးတိုင်းတွင် မတူကွဲပြားသော ရိုးရာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် စာပေများရှိသောကြောင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှုနှင့် စာပေအား မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ရမည်မှာ တိုင်းရင်းသားလူမျိုးများ၏ အဓိကတာဝန်ပင်ဖြစ်ကြောင်း၊ တိုင်းရင်းသားအရေးဆိုင်ရာကိစ္စရပ်များ၊ လူမျိုးနှင့်စာပေ မပပျောက်စေရေးအတွက် ပခုံးပြောင်းတာဝန်ထမ်းဆောင်မည့် လူငယ်များ အားဖြည့်ပါဝင်ဆောင်ရွက်နိုင်စေရန်နှင့် လက်တွဲခေါ်ရန် လိုအပ်ကြောင်း၊ လူငယ်များကလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး ကြိုးပမ်းဆောင်ရွက်သွားရန်၊ တိုင်းရင်းသားအားလုံး မျှော်လင့်တောင့်တနေသော ဖက်ဒရယ်ပြည်ထောင်စုကြီးအား တည်ထောင်ရာတွင် ရှမ်းတိုင်းရင်းသားများက ကျရာနေရာမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ပဲခူးတိုင်းဒေသကြီး ရှမ်းစာပေနှင့် ယဉ်ကျေးမှုဥက္ကဋ္ဌနှင့် ကျောက်တံခါးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့က အမှာစကားအသီးသီး ပြောကြားပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးက ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်းသိရသည်။

**တင်စိုး(ပဲခူး)**

# ၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း မြန်မာနိုင်ငံ၏ပို့ကုန်၊ သွင်းကုန် အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၄**

၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် စက်တင်ဘာလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၉၀ ဒသမ ၄၀ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၆၇ ဒသမ ၀၅ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၅၇ ဒသမ ၄၅ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၀၉ ဒသမ ၀၂ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၈၂ ဒသမ ၃၀ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၉၁ ဒသမ ၃၂ သန်း ဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စက်တင်ဘာလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၂၄၈ ဒသမ ၇၇ သန်း ဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၂၆၆ ဒသမ ၁၃ သန်း ဖြစ်ပေါ်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၉၂၃ ဒသမ ၀၀ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၃၀၈ ဒသမ ၀၇ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၂၃၁ ဒသမ ၀၇ သန်း တင်ပို့နိုင်ခဲ့သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၆၄၀ ဒသမ ၆၇ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ် လာ ၁၄၅၄ ဒသမ ၂၂ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၀၉၄ ဒသမ ၈၉ သန်းဖြစ်သဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏမှာ ၁၆၃၂၅ ဒသမ ၉၆ သန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၈၆၃ ဒသမ ၈၂ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့က လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။

**သတင်းစဉ်**



# လမ်းဘေးဝဲယာ ပျံ့ကျဲရောင်းသည်များအား မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး၌ တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၄**

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် သီရိရတနာ (၄)ဈေးနှင့် ခေမာကျောင်းလမ်း၊ ခေမာ (၁) လမ်းဘေး ဝဲယာမှ ပျံ့ကျဲရောင်းသည်များအား လမ်းအသုံးချသွားလာသော ပြည်သူများ အခက်အခဲ မဖြစ်စေရန် ဒီဇင်ဘာ ၂ ရက် နံနက် ၁၁ နာရီက အရှေ့ပိုင်းခရိုင် ဈေးများဌာန ဌာနစုမှူး ဦးမင်းအုန်းသွင်၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးခင်မောင်လွင်တို့က တွေ့ဆုံဆွေးနွေးမှာကြားကြောင်း သိရသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် သီရိရတနာ(၄)ဈေးနှင့် ခေမာကျောင်းလမ်း၊ ခေမာ(၁) လမ်းဘေး ဝဲယာမှပျံ့ကျဲရောင်းသည်များအား သတ်မှတ်စည်းမျဉ်းစည်းကမ်းနှင့်အညီ မိသားစု စားဝတ်နေရေးအတွက် ပျားလည်းစွဲသာ ရှဉ့်လည်းလျှောက်သာဖြစ်ဖို့လိုကြောင်း၊ သို့မှသာ လမ်းအသုံးချသွားလာခြင်း၊ အရေးပေါ်ကိစ္စ ဖြစ်လာလျှင် လွယ်ကူချောမွေ့စွာ ဖြေရှင်းနိုင်သလို မိသားစု စားဝတ်နေရေးလည်း အဆင်ပြေမှာဖြစ်ကြောင်း ဈေးများဌာနစုမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ ဆွေးနွေးပြောကြားသည်။

ယင်းသို့ တွေ့ဆုံဆွေးနွေးရာတွင် သီရိရတနာ(၄)ဈေးတာဝန်ခံ ဦးထွန်းထွန်းဝင်းနှင့် ဝန်ထမ်းများ၊ ခေမာကျောင်းလမ်းနှင့် ခေမာ(၁) လမ်းဝဲယာမှ ပျံ့ကျဲရောင်းသည်များ တက်ရောက်ကြကြောင်း သိရသည်။

**ထွန်းဝင်း**

# ရှားတောမြို့တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဖွင့်

**ရှားတော ဒီဇင်ဘာ ၄**

မိမိမြို့နယ်အတွင်း ဘေးအန္တရာယ်တစ်ခုခု ဖြစ်ပွားပေါ်လာပါက ကြိုတင်ကာကွယ်နိုင်ရန်နှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ လွိုင်ကော်ခရိုင်၊ ရှားတောမြို့နယ် မီးသတ်ဦးစီးဌာနရုံးတွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၄ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်နိုင်မှ သင်တန်းအဖွင့်စကားပြောကြားပြီး မြို့နယ်(လ. ဝ. က) ဦးစီးမှူး ဦးကျော်ဝင်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးပြည့်ဖြိုးမောင်က သင်တန်းသားများအား တူညီဝတ်စုံများ ပေးအပ်ခဲ့ကြသည်။

ယင်းသင်တန်းသည် ရှားတောမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာမှ သင်တန်းသားစုစုပေါင်း ၅၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလ လေးပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စကားပြောစွမ်းရည်နှင့်အတွေးအခေါ် မြင့်မားစေရေး အတွေးမျဉ်းပြိုင်များ ပြိုင်ပွဲကျင်းပ

**မြဝတီ ဒီဇင်ဘာ ၄**

ကျောင်းသားလူငယ်များ အပြောအဆိုစွမ်းရည်နှင့် အတွေးအခေါ်များ မြင့်မားလာစေရေး ရည်ရွယ်ကျင်းပသည့် အထက်တန်းအဆင့် အတွေးမျဉ်းပြိုင်များ ပြိုင်ပွဲကို မြဝတီခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ Community Center ခန်းမ၌ ဒီဇင်ဘာ ၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်သိန်းသန်းဌေးက ကျောင်းသားကျောင်းသူများ အနေဖြင့် စကားပြောခြင်း အတတ်ပညာစွမ်းရည်ကိုပြည့်ဝစွာ ရရှိရေးနှင့် ပြိုင်ပွဲအတွက် သိမှတ်ဖွယ်ရာများ ရှာဖွေဖတ်ရှုစေသည့်အတွက် အသိပညာ ဗဟုသုတ တိုးပွားစေပြီး အတွေးအခေါ်မြင့်မားစေရေးအတွက် ကျင်းပရခြင်းဖြစ်ပါကြောင်းပြောကြားသည်။

ပြိုင်ပွဲတွင် မြို့ပေါ်နှင့်ကျေးရွာများရှိ ကျောင်းခြောက်ကျောင်းမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး "ခေတ်မီစွာ ဝတ်စားဆင်ယင်ခြင်းက ကောင်းတယ်"၊ "ခေတ်မီစွာ ဝတ်စားဆင်ယင်ခြင်းက မကောင်းဘူး"၊ "အင်တာနက်သုံးတာ ကောင်းတယ်၊" "အင်တာနက်သုံးတာ မကောင်းဘူး၊" "ခရီးသွားတာကောင်းတယ်၊" "ခရီးသွားတာ မကောင်းဘူး" ခေါင်းစဉ်များဖြင့် ယှဉ်ပြိုင်ခြင်းဖြစ်သည်။

တစ်ဖွဲ့လျှင် သုံးယောက်စီဖြင့် ၁၅ မိနစ်ယှဉ်ပြိုင်ရပြီး ဒိုင်များအဖြစ် မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးသက်ဦးနိုင်၊ ကရင်ပြည်နယ်စာကြည့်တိုက်များဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဦး နှင့် မြို့မိမြို့ဖ ဦးသန့်ဇင်တို့က ဆောင်ရွက်ပေးခဲ့ပြီး ဆုရရှိသည့် အဖွဲ့များအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# အမျိုးသမီးနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုဆန့်ကျင်သည့် ၁၆ ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနားကျင်းပ

**မြိတ် ဒီဇင်ဘာ ၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် မြန်မာနိုင်ငံအမျိုးသမီးများအဖွဲ့ချုပ်(ရန်ကုန်) ထားဝယ်အမျိုးသမီးသမဂ္ဂနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေးကွန်ရက်(မြိတ်)တို့ ပူးပေါင်း၍ အမျိုးသမီးနှင့်မိန်းကလေးငယ်များအပေါ်အကြမ်းဖက်မှု ဆန့်ကျင်သည့် ၁၆ ရက်တာလှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၃ ရက် နံနက် ၈ နာရီက မြိတ်မြို့ ကမ်းနားလမ်းရှိ ပုလဲရတနာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးကော်မတီဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝေက အဖွင့်အမှာစကားပြောကြားသည်။

အမျိုးသမီးများ အကြမ်းဖက်မှု ဆန့်ကျင်ရေးလုပ်ငန်းလက်ထောက်တာဝန်ခံ(ထားဝယ် အမျိုးသမီးသမဂ္ဂ)မှ မပြုံးမာလွင်က အပြည်ပြည်ဆိုင်ရာအမျိုးသမီးများအပေါ်အကြမ်းဖက်မှုဆန့်ကျင်ရေးနေ့ ဖြစ်ပေါ်လာခြင်းနောက်ခံသမိုင်းကြောင်းကို ပြောကြားသည်။

ထို့နောက် ပင်တိုင်ဆွေးနွေးခြင်းနှင့် အမေးအဖြေကဏ္ဍကိုကျင်းပရာ အမျိုးသမီးများ အဖွဲ့ချုပ်(မြန်မာနိုင်ငံ)မှ နန့်ဌေးဌေး၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်ကြည်အေး၊ ထားဝယ်အမျိုးသမီးသမဂ္ဂမှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်မာလာ၊ တနင်္သာရီတိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးနှင့်တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် ဦးအောင်နိုင်ဦး၊ အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)မှ မူဝါဒရေးရာဦးဆောင်အဖွဲ့ဝင် မော်မီးမီးနှင့် မြိတ်ခရိုင်ဥပဒေအရာရှိ ဒေါ်အစ္စတာဒွန်းတို့က ဦးဆောင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဇော်မျိုးနိုင်(ပြန်/ဆက်)**

# ဘောလခဲမြို့တွင် ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ဘောလခဲ ဒီဇင်ဘာ ၄**

ကယားပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ကလေးစာပေပွဲတော်ကို ဒီဇင်ဘာ ၉ ရက်တွင် ဘောလခဲမြို့ စောလဖော်ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့်အယူအဆများထက်မြက်လာစေပြီး တီထွင်ဖန်တီးလိုစိတ်များရင့်သန်လာစေရန်၊ကလေးများစာပေနှင့်ရင်းနှီးပြီးစာဖတ်ဝါသနာပါလာစေရန်နှင့်ကလေးများ၏ ပျော်ရွှင်မှုကိုဖန်တီးပေးရန် ရည်ရွယ်၍ကျင်းပမည်ဖြစ်ရာ ကလေးစာပေပွဲတော်တွင်ပုံပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပူဖောင်းညှပ်ပြိုင်ပွဲ၊ ဖိနပ်စီးပြိုင်ပွဲ၊ ခွက်နင်းပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ ခါးလှည့်ကွင်းပြိုင်ပွဲ၊ ကလေးစာပေပြပွဲ၊ စာအုပ်ရောင်းပွဲနှင့် စာပေဟောပြောပွဲ အစီအစဉ်ကိုထည့်သွင်းကာ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# အသက်ကယ်ဗျူရိုကရေစီ

ဇာနည်စိုးထွန်း

အင်္ဂလိပ်စကား Bureaucracy မြန်မာအသံထွက် ဗျူရိုကရေစီသည် Each under the Control of Chief အဆင့်ဆင့်ထား၍ အုပ်ချုပ်သောစနစ်ဟု အဓိပ္ပာယ်ရပြီး စနစ်ကျ၍ ကျစ်လျစ်တိကျမှန်ကန်သော အုပ်ချုပ်စီမံရေး စနစ်ကိုပြဆိုခြင်းဖြစ်သောကြောင့် အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် အမှန်ပင်ကောင်းမွန်၍ လိုအပ်သော စနစ်တစ်ရပ်ဖြစ်ပါသည်။ သို့သော် ရာထူး၊ အာဏာနှင့် လုပ်ပိုင်ခွင့်ရှိသူ တချို့(အတော်များများဟုပင် ဆိုနိုင်ပါသည်)၏ ကိုယ်ကျိုးစီးပွားအခြေပြုလွဲမှားစွာ ကျင့်သုံးပြုမူနေမှုကြောင့် ဗျူရိုကရေစီသည် အတ္တစိတ်နှင့် ကိုယ်ကျိုးစီးပွားကိုအခြေပြုသော ညစ်ပတ်ကောက်ကျစ် ယုတ်ညံ့သော အကျင့်ဆိုးစနစ်ဆိုးတစ်ရပ်အဖြစ် နာမည်ဆိုးဖြင့် လူသိများပြီး လူအများ၏ ရွံ့မုန်းရှုတ်ချမှုကို ခံယူနေလျက်ရှိသည်။ ဗျူရိုကရေစီစနစ်ကို ဆိုးယုတ်ကောက်ကျစ်စွာ ပြုမူကျင့်သုံးပြီးကိုယ်ကျိုးရှာသော ဆိုးသွမ်းယုတ်ညံ့သူ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်ကိုမမှန်မကန်အသုံးပြုသူများကိုလည်း ဗျူရိုကရက်ဟု ဝေဖန်ရှုတ်ချကြပါသည်။ ဗျူရိုကရက်သည် ဩဇာအာဏာအလွန်ကြီးမားလာသော အခါတွင်မူ အာဏာရှင်အဖြစ် ရောက်ရှိသွားတတ်သည်။

### စိတ်ပညာလေ့လာချက်များ

စိတ်ပညာလေ့လာချက်များအရ ဗျူရိုကရက်များ၊ အာဏာရှင်များသည် ငယ်စဉ်ကဆင်းရဲချို့တဲ့ ကျပ်တည်းစွာ ကြီးပြင်း လာခဲ့ကြရသူများ၊ မိသားစုအတွင်း၌ လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုအသိုင်းအဝိုင်းအတွင်း၌ လည်းကောင်း ပစ်ပယ်ဖိနှိပ်ခံခဲ့ရသူများ၊ ပညာရေးအဆင့်နိမ့်ကျ၍ ဘဝကိုခက်ခဲကြမ်းတမ်းစွာဖြတ်သန်းတည်ဆောက်ခဲ့ကြရသူများ ဖြစ်ကြသည်ဟု မှတ်ချက်ပြုကြသည်။ အများသိကြသော နာဇီဂျာမန်အာဏာရှင် အဒေါ့ဖ်ဟစ်တလာသည် ထင်ရှားသော ဥပမာသာဓကတစ်ခုဖြစ်ခဲ့သည်။

သို့သော် ဗျူရိုကရေစီဟူသော အဆင့်ဆင့်စိစစ်စစ်ဆေး အုပ်ချုပ်စီမံရသောစနစ်နှင့် လုပ်ငန်းနည်းစဉ်များကို စိတ်နှလုံးဖြူစင်မွန်မြတ်စွာ၊ စိတ်ရင်းစေတနာမှန်ကန်စွာ ကျင့်သုံးသလို လိုအပ်သော အရည်အချင်း အတွေ့အကြုံများဖြင့် တိကျကျွမ်းကျင်စွာ ကျင့်သုံးခဲ့လျှင်မူ ထိုနာမည်ဆိုးဖြင့် ကျော်ကြားနေသော ဗျူရိုကရေစီစနစ်သည် လူသားများကို အကျိုးပြု၍ တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်စေရန် တစ်ခန်းတစ်ကဏ္ဍမှ လုပ်ဆောင်ပေးနိုင်ကြောင်း လက်တွေ့ သမိုင်းဖြစ်ရပ် သာဓကများစွာရှိခဲ့သည်။

၁၉၆၀ ပြည့်နှစ်ပိုင်းက အမေရိကန်ပြည်ထောင်စုတွင် ကျော်ကြားခဲ့သော သာလီဒိုမိုက် (Thalidomide)နှင့် FDA ဆေးဝါးနှင့် အစားအစာကြီးကြပ်ကွပ်ကဲရေးအဖွဲ့မှ Dr. Frances Oldham Kelsey အမည်ရှိ ဆေးဝါးကျွမ်းကျင်ပညာရှင်အမှုထမ်းတစ်ဦး၏ ဖြစ်ရပ်သည် သမိုင်းတွင်ခဲ့သော၊ လူအများ အမှတ်တရတသသပြောဆို မဆုံးနိုင်အောင်ဖြစ်ခဲ့သော အသက်ကယ်ဗျူရိုကရေစီ ဖြစ်ရပ်ပင်ဖြစ်ပါတော့သည်။



### သာလီဒိုမိုက်အိပ်ဆေးနှင့်ဆက်စပ်

၁၉၆၀ ပြည့်နှစ်တွင် ဂျာမနီဆေးဝါးထုတ်လုပ်ရောင်းချရေးကုမ္ပဏီတစ်ခုဖြစ်သော ချီမီဂရုနင်ချော Grinenthal Gmbh မှ သာလီဒိုမိုက် Thalidomide အမည်ရှိအိပ်ဆေးတစ်မျိုးကို ထုတ်လုပ်ခဲ့ပြီး ထိုဆေးသည် ကိုယ်ဝန်ဆောင်အမျိုးသမီးများတွင် ဖြစ်လေ့ဖြစ်ထရှိသော Morning Sickness (ကိုယ်ဝန်ဆောင်စဉ် အော့အန်ခြင်း)ကို သက်သာစေသော ထူးခြားသည့် အကျိုးအာနိသင်ကြောင့် အမှန်လူကြိုက်များ ရောင်းကောင်းသော အိပ်ဆေးနှင့် စိတ်ငြိမ်ဆေး Tranquillizer အပြင် အနာသက်သာစေသောဆေး Pain-Killer အဖြစ်လည်း ဆရာဝန်များ၏ ဆေးညွှန်းဖြင့် ရောင်းချရသော ဆေးဝါးဖြစ်လာသည်။

သာလီဒိုမိုက်ကို ကနေဒါ၊ ဩစတြေးလျ၊ အင်္ဂလန်နှင့် ဥရောပနိုင်ငံပေါင်း နှစ်ဆယ်ကျော်တွင်လည်းကောင်း၊ အာဖရိကနိုင်ငံများတွင်လည်းကောင်း ထောက်ခံချက်ရရှိထားပြီးလည်း ဖြစ်သည်။

၁၉၆၁ ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် တစ်ဦးနှင့် တစ်ဦး မသိကြသော ဂျာမနီနိုင်ငံမှ သူငယ်နာကု ဆရာဝန်တစ်ယောက်နှင့် ဩစတြေးလျနိုင်ငံမှ မီးယပ်နှင့် သားဖွားဆရာဝန်တစ်ဦးတို့သည် သီးခြားစမ်းသပ်မှုများကို ပြုလုပ်ရင်း လတ်တလော နိုင်ငံအတော်များများတွင် ဖြစ်ပွားလာနေသော ဝမ်းတွင်းပါ ခြေပြတ်လက်ပြတ်ကလေးများ မွေးဖွားသောရောဂါ Phocomelia သည် သာလီဒိုမိုက်အိပ်ဆေးနှင့်ဆက်စပ်မှုရှိကြောင်း ရှာဖွေတွေ့ရှိလာကြသည်။

### ကမ္ဘာတစ်ဝန်းထိတ်လန့်တုန်လှုပ်မှု

သာလီဒိုမိုက်ကို သောက်သုံးခဲ့သော ကိုယ်ဝန်ဆောင်မိခင်များသည် ခြေလက်မပါဘဲ ပင်လယ်ဖျံကဲ့သို့ ပျော့တိပျော့ဖတ်အသားစိုင်များသာ ပါရှိလာသော ကလေးငယ်များ မွေးဖွားလာကြမှုသည် သာလီဒိုမိုက်ကို ရောင်းချနေသောနိုင်ငံများတွင် ဖြစ်ပေါ်လာနေပြီး ဆေးဝါးလောကကို ပြင်းထန်စွာ ဂယက်ရိုက်ခဲ့သည်။ စစ်ဆေးချက်အရ ဂျာမန်ပြည်ထောင်စုတစ်ခုလုံးမှာပင်လျှင် ကိုယ်ဝန်ဆောင်မိခင်အပါအဝင် လူတစ်သန်းခန့်က သာလီဒိုမိုက်ကို သောက်သုံးခဲ့ကြောင်း တွေ့ရှိရသည်။ ၁၉၆၁ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း Phocomelia ခြေလက်အင်္ဂါမပါသော ကလေးငယ်ပေါင်း ၁၂,၀၀၀ ခန့် မွေးဖွားလာကြပြီး သာလီဒိုမိုက်၏ ဘေးထွက်ဆိုးကျိုး သက်ရောက်မှုကြောင့်ဖြစ်ကြောင်း သက်သေပြနိုင်ခဲ့သည်။ ကနေဒါ၊ ဩစတြေးလျ၊ ဥရောပနိုင်ငံများနှင့် အာဖရိကနိုင်ငံများတွင် သာလီဒိုမိုက်သုံးစွဲခြင်းကို အရေးတကြီး တားမြစ်လိုက်ကြပြီး ရောင်းချ နေသော ဆေးကောင်တာ များမှ ချက်ချင်းရုပ်သိမ်းလိုက်ကြသည်။

သတင်းမီဒီယာများ၏ နောက်တစ်ဆင့်တူးဖော်စုံစမ်းတွေ့ရှိချက်အရ ထိုဆေးဝါးကို ရောင်းချခွင့်မပြုမီတွင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများသည် ၎င်းဆေးဝါးမှ ဖြစ်ပွားလာနိုင်သော ဘေးထွက်ဆိုးကျိုးသက် ရောက်မှုနှင့်ဘေးကင်းလုံခြုံစိတ်ချရမှုမရှိ၍ တိကျသေချာစွာ စစ်ဆေးခြင်းမပြုခဲ့ကြောင်းတွေ့ရှိလာကြသော အခါ ကမ္ဘာတစ်ဝန်း ထိတ်လန့်တုန်လှုပ်မှုများ ဖြစ်ပေါ်လာကြပြီး ပြည်သူလူထု၏ ပြင်းထန်သော ဒေါသပေါက်ကွဲမှုကြီး ဖြစ်ပေါ်လာသောအခါ သာလီဒိုမိုက်ရောင်းချမှုအတွက် ကြီးမားသော လျော်ကြေးပေးဆောင်ရမှုများရှိလာခဲ့သည်။

### သင်ခန်းစာတစ်ရပ်

သာလီဒိုမိုက် ဖြစ်ရပ်သည် ဆေးဝါးလောကနှင့်စစ်ဆေးကြီးကြပ်ကွပ်ကဲသော အဖွဲ့အစည်းများအတွက် အရုပ်ဆိုးသော ဖြစ်ရပ်တစ်ခုဖြစ်ခဲ့ပြီး နာကျင်စွာ ပေးဆပ်လိုက်ရသော အရင်းအနှီးကြီးမားလှသည့် သင်ခန်းစာတစ်ရပ်ဖြစ်လည်းဖြစ်ခဲ့ပါသည်။ ဆေးပညာလောကမှ လိုက်နာရမည့် ဟယ်ဆင်ကီးကျင့်ဝတ် သဘောတူညီချက်ကို ချိုးဖောက်လိုက်သော ဖြစ်ရပ်လည်းဖြစ်ခဲ့ပါသည်။

သို့သော် ထိုဖြစ်ရပ်ဆိုးများသည် အမေရိကန်ပြည်ထောင်စုတွင်မူ ဒေါက်တာ ဖရန်စစ်အိုဟန်ကယ်စီ အမည်ရှိ အမေရိကန်အစားအစာနှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးအဖွဲ့ FDAမှ တာဝန်ယူ စစ်ဆေးပေးရသော ပညာရှင်တစ်ဦး၏ ဗျူရိုကရေစီလုပ်ရပ်ကြောင့် လုံးဝရှောင်လွှဲနိုင်ခဲ့သည်ကို သမိုင်းတွင် ဖြစ်ရပ်တစ်ခုအဖြစ် ကျော်ကြား မှတ်တမ်းကျန်ရစ်ခဲ့ပါသည်။

### အမျိုးသားသူရဲကောင်း

အမေရိကန်ပြည်ထောင်စုတွင် သာလီဒိုမိုက်ဆေးကို Merell မာရယ်လ်ဟူသော ကုမ္ပဏီက ဖြန့်ချိရောင်းချခွင့်ရရှိထားသည်။ နိုင်ငံအတော်များများတွင် သာလီဒိုမိုက်ကို အတည်ပြုပြီး ဆိုင်တင်ရောင်းချခွင့်ပြုနေပြီဖြစ်သော်လည်း ဒေါက်တာကယ်စီကမူ ထိုဆေးကိုလူများများတွင် ထပ်မံစမ်းသပ်စစ်ဆေးရန် လိုသေးသည်ဟုဆိုကာ အတည်ပြုထောက်ခံ ချက်မပေးသင့်ကြောင်း ငြင်းဆန်ခဲ့သည်။ ထိုအချိန်တွင် သာလီဒိုမိုက်ဆေးကို အမေရိကန်ပြည်ထောင်စုတစ်ဝန်းတွင် ဆရာဝန် ၁၀၀၀ ကျော်အား ဆေးလုံးတစ်သန်းကျော် အခမဲ့ပေးဝေသုံးစွဲနေပြီဖြစ်သည်။

Merell ဆေးကုမ္ပဏီနှင့်တကွ အထက်ပိုင်းမှ ဩဇာအာဏာရှိသူများ၏ ဖိအားပေးခြင်း၊ အကျပ်ကိုင် ခြိမ်းခြောက်ခြင်းမျိုးစုံကို ကြံ့ကြံ့ခံရင်ဆိုင်လျက် ဒေါက်တာကယ်စီသည် သာလီဒိုမိုက်ကို အမေရိကန် ပြည်ထောင်စုတွင် ဖြန့်ချိရောင်းချခွင့်ပြုရန် ထောက်ခံအတည်ပြုချက်လုံးဝမပေးဘဲ ဗျူရိုကရေစီနည်းဗျူဟာကို အသုံးပြုလျက် အချိန်ဆွဲထားခဲ့သည်။ သာလီဒိုမိုက်နှင့် ပတ်သက်သော ထိတ်လန့်စရာဖြစ်ရပ်များ ကမ္ဘာတစ်ဝန်းပေါ်ထွက်လာသောအခါ ဒေါက်တာဖရန်စစ်ကယ်စီသည် အမေရိကန်စားသုံးသူ သန်းပေါင်းများစွာ၏ ကျေးဇူးရှင်အမျိုးသားသူရဲကောင်း ဖြစ်လာပါတော့သည်။

### နာမည်ကျော်သမိုင်းတင်

၁၉၆၁ ခုနှစ်တွင် ထိုစဉ်က အမေရိကန်ပြည်ထောင်စု၏ သမ္မတဖြစ်သော ဂျွန်အက်ဖ်ကနေဒီက ဒေါက်တာဖရန်စစ်ကယ်စီကို အရပ်သားများအတွက် အမြင့်ဆုံးဂုဏ်ထူးဆောင်ဘွဲ့နှင့် ဆုတံဆိပ်ဖြစ်သော သမ္မတ၏ ရွှေတံဆိပ်ဆု Distinguished Federal Civilian Service Award ကို ချီးမြှင့်ခဲ့သည်။ သူ၏ထူးခြားပြောင်မြောက်သော စွမ်းဆောင်ချက်အတွက် ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ပါသည်။

အမေရိကန်လွှတ်တော်တွင်လည်း နာမည်ကျော် Kefauver-Harris Arendment ဟူသော စားသုံးသူကာကွယ်ရေးနှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဥပဒေပြင်ဆင်ချက်ကို ပြဋ္ဌာန်းခဲ့ကာ ပိုမိုတင်းကျပ်တိကျသော စစ်ဆေးကြီးကြပ်ကွပ်ကဲမှုများကို ကျင့်သုံးစေခဲ့ပါသည်။ နာမည်ကျော် သမိုင်းတင်ခဲ့သည့် အသက်ကယ်ဗျူရိုကရေစီဖြစ်ပါတော့သည်။ ။

## ကျိုင်းတုံကလေးစာပေပွဲတော် ဒုတိယနေ့ ပါဝင်ဆင်နွှဲသည့် ကလေးများဖြင့် စည်ကားများပြား

**ကျိုင်းတုံ ဒီဇင်ဘာ ၄**

ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ဒုတိယနေ့ကို ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီက ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ကျင်းပလျက်ရှိရာ ပြိုင်ပွဲဝင် ကလေးများနှင့် ပွဲတော်လာရောက်သည့် ပရိသတ်များအား အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ ကလေးစာပေပွဲတော်ကို ကလေးများ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရေး၊ စာပေဖတ်ရှုမှု အလေ့အကျင့်ကောင်းများ တိုးပွားရရှိရေး၊ တီထွင်ဖန်တီးမှုဉာဏ်ရည်ဉာဏ်သွေးများ ထက်မြက်လာစေရေး စသည့် ရည်ရွယ် ချက်များဖြင့် နှစ်ရက်တာ ကျင်းပပေးလျက်ရှိကြောင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွဲဖက် ပြည်နယ် ကျိုင်းတုံရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်ကြည်က ပြောကြားသည်။

ထို့နောက် ပွဲတော်လာရောက်သည့် ကလေးငယ်များက ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ အရုပ်ခေါက်ပြိုင်ပွဲ၊ အိမ်ဆောက်ပြိုင်ပွဲ၊ ခွက်နင်းပြိုင်ပွဲ၊ ဖိနပ်စီးပြိုင်ပွဲ၊ ပုဖောင်းညှပ်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲနှင့် စကားပုံဆက်ပြိုင်ပွဲများတွင် ပျော်ရွှင်စွာ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား ပိတ်ပွဲအခမ်းအနားတွင် ဆုများချီးမြှင့်ပေးမည်ဖြစ်သည်။

ပွဲတော်သို့ လာရောက်သူများအား လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များက လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးလျက်ရှိကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**



## Gang နဲ့ အတူ ပြန်လည်လှုပ်ရှားလာတဲ့ ရိန်း

တောင်ကိုရီးယားရဲ့ နာမည်ကျော်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ရိန်းဟာ ဖခင်တစ်ဦးအဖြစ်ရောက်ရှိခဲ့ပြီးနောက် လတ်တလောမှာတော့ တေးသီချင်းသစ်ရဲ့ တေးဗီဒီယိုနဲ့အတူ ပရိသတ်အရှေ့ပြန်လည်ရောက်ရှိလာခဲ့ပြီ ဖြစ်ပါတယ်။ အောင်မြင်တဲ့သရုပ်ဆောင်တစ်ဦးဖြစ်ပြီး တေးသံရှင်တစ်ဦးအဖြစ်လည်း ပရိသတ်အားပေးမှုကို အထူးရရှိထားတဲ့ ရိန်းက မကြာသေးမီက သူ့ရဲ့ တေးသီချင်းသစ် "Gang"ကို တေးဗီဒီယိုနဲ့အတူ စတင်ထုတ်လွှင့်ပေးခဲ့တာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက် ၃၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ရိန်းရဲ့ "Gang" တေးဗီဒီယိုဟာ သုံးမိနစ်ခန့်သာကြာမြင့်ပြီး ယင်းတေးသီချင်းမှာတော့ ရိန်းနဲ့အတူ ဂျိုဟွန်အာက ပါဝင်အားဖြည့်သီဆိုပေးထားဖြစ်ပါတယ်။ တေးဗီဒီယိုမှာတော့ ရိန်းရဲ့ အကစွမ်းရည်တွေကိုလည်း ပြန်လည်ခံစားခဲ့ရပြီး ကွဲပြားတဲ့ ရှုခင်းများစွာကို နောက်ခံထားကာ ရိုက်ကူးထားတာကိုလည်း တွေ့ရပါတယ်။ ဒ့ါအပြင် ဒီတေးသီချင်းမှာတော့ ရိန်းရဲ့ ရက်ပ်အဆိုစွမ်းရည်ကိုလည်း တွေ့မြင်ခဲ့ရတာဖြစ်ပါတယ်။

"Gang"တေးသီချင်းဟာ ရိန်းအတွက်တော့ ပရိသတ်တွေဆီက ကောင်းမွန်တဲ့ဝေဖန်မှုတွေကို ယူဆောင်လာနိုင်ခဲ့တာလည်း တွေ့ရပါတယ်။ အဆိုပါတေးသီချင်းထုတ်လွှင့်မှုအပေါ်ကို ရိန်းရဲ့ပရိသတ်တွေက ကောင်းမွန်တဲ့ တေးသီချင်းဖြစ်ကြောင်း၊ အကစွမ်းရည်မှာလည်း ကောင်းမွန်နေဆဲဖြစ်တာကိုတွေ့ရကြောင်း၊ ရိန်းရဲ့ ရက်ပ်သီဆိုမှုကိုလည်း ကြိုက်နှစ်သက်ကြောင်း၊ တကယ်ကို ကောင်းမွန်တဲ့ ပရိသတ်ရှေ့အရောက်ပြန်လာခြင်းဖြစ်ကြောင်း စသဖြင့် ဝေဖန်ခဲ့ကြပြီး ကေပေ့ါပ်လောကရဲ့ ဘုရင်တစ်ပါး ပြန်လာပြီဖြစ်ကြောင်း ဝေဖန်ခဲ့သူလည်းရှိတာကို တွေ့ရပါတယ်။

လတ်တလော ထုတ်လွှင့်ပြသခဲ့တဲ့ "Gang"တေးသီချင်းဟာ ရိန်းရဲ့ နောက်ဆုံးထုတ်လွှင့်ခဲ့တဲ့ မီနီတေးအယ်လ်ဘမ်တစ်ခုဖြစ်တဲ့ "My Life" မှာ ပါဝင်တဲ့တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး "My Life"တေးအယ်လ်ဘမ်ကိုတော့ ရိန်းက ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁ ရက်မှာ စတင်ထုတ်လွှင့်ပေးခဲ့တာလည်း ဖြစ်ပါတယ်။ ယင်းမီနီတေးအယ်လ်ဘမ်မတိုင်မီ ရိန်းရဲ့ နောက်ဆုံးထုတ်လွှင့်ခဲ့တဲ့ တေးအယ်လ်ဘမ်ကတော့ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်အတွင်း စတင်ထုတ်လွှင့်ခဲ့တဲ့ သူ့ရဲ့ခြောက်ခုမြောက် တေးအယ်လ်ဘမ် "Rain Effect" ဖြစ်ပါတယ်။ ဒ့ါကြောင့် "My Life"ဟာ ပြီးခဲ့တဲ့ သုံးနှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ပြန်လည်ထုတ်လွှင့်နိုင်ခဲ့တဲ့ ရိန်းရဲ့ တေးအယ်လ်ဘမ်လည်း ဖြစ်ပါတယ်။

ရိန်းဟာ ယခုနှစ်အစောပိုင်းမှာ နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်တဲ့ ကမ်တေဟီးနဲ့ လက်ထပ်ခဲ့ပြီး ပြီးခဲ့တဲ့လအတွင်းက သမီးဦးလေးကို ရရှိခဲ့တာကြောင့် လက်ရှိမှာတော့ ကလေးတစ်ယောက်ဖခင်အဖြစ် ရောက်ရှိခဲ့ပြီဖြစ်ပါတယ်။ အိမ်ထောင်ရှင်မဖြစ်မီက အလွန်အောင်မြင်ခဲ့တဲ့ ကြယ်ပွင့်တစ်ဦးဖြစ်ခဲ့တဲ့ ရိန်းအတွက် "My Life"ကတော့ ဖခင်တစ်ဦးအဖြစ် ရောက်ရှိခဲ့ပြီးနောက် ပထမဆုံးထုတ်လွှင့်လိုက်တဲ့ တေးအယ်လ်ဘမ်တစ်ခုလည်းဖြစ်ပါတယ်။

## ဝင်ငွေ အကောင်းဆုံးရုပ်ရှင်ဖြစ်နေဆဲ Coco



ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း မြောက်အမေရိကားမှာ ရုံတင်ပြသခဲ့တဲ့ ရုပ်ရှင်တွေအနက် ပိုက်ဇာက ထုတ်လုပ်တဲ့ ရုပ်သံဖန်တီးမှုရုပ်ရှင် "Coco"ဟာ ဝင်ငွေအကောင်းဆုံး ဖြစ်ခဲ့ပါတယ်။ "Coco"ကို နိုဝင်ဘာလကုန် သီတင်းပတ်အတွင်း စတင်ရုံတင်ခဲ့တာဖြစ်ပြီး အဖွင့်သီတင်းပတ်အတွင်းမှာ တစ်ပတ်အတွင်း ဝင်ငွေအကောင်းဆုံးသော ရုပ်ရှင်အဖြစ် ရပ်တည်နိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ယင်းရုပ်ရှင်ကို ဆက်လက်ပြသခဲ့ရာမှာ တစ်ပတ်အတွင်း ဝင်ငွေအကောင်းဆုံးအဖြစ် နံပါတ်တစ်နေရာမှာ ရပ်တည်နေခဲ့တာကြောင့် "Coco"ဟာ သီတင်းပတ်နှစ်ပတ်ဆက်တိုက် ဝင်ငွေအကောင်းဆုံးသောရုပ်ရှင်အဖြစ် ရပ်တည်နေခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

တေးဂီတကို ဦးစားပေးထားပြီး ပျော်ရွှင်ဖွယ် ရုပ်ရှင်တစ်ကားဖြစ်တဲ့ "Coco"ဟာ ရုပ်သံဖန်တီးမှု ရုပ်ရှင်အမျိုးအစားဖြစ်ပြီး ရုံတင်ပြသခဲ့တဲ့ ဒုတိယမြောက် သီတင်းပတ်အတွင်းမှာတော့ တစ်ပတ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၁ သန်း ရရှိခဲ့ကာ ဝင်ငွေအကောင်းဆုံး ဖြစ်ခဲ့တာဖြစ်ပါတယ်။ ဒီဝင်ငွေတွေကိုတော့ အမေရိကန်နဲ့ ကနေဒါမှာရှိတဲ့ ရုံတင်ပြသခဲ့တဲ့ ရုပ်ရှင်ရုံပေါင်း ၃၉၈၇ ရုံကနေ ရရှိခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

"Coco"ရုပ်ရှင်ဟာ ပြီးခဲ့တဲ့ ကျေးဇူးတော်နေ့ အားလပ်ရက် သီတင်းပတ်အတွင်း ခန့်မှန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၄၉ သန်း ရရှိခဲ့ပြီး ဒစ်စနေနဲ့ တွဲဖက်ထုတ်လုပ်ခဲ့တဲ့ ယင်းရုပ်ရှင်ဟာ လတ်တလောအချိန်အထိ နှစ်စဉ်နှစ်တိုင်း ကျေးဇူးတော်နေ့ အားလပ်ရက်တွေမှာ ရုံတင်ပြသခဲ့တဲ့ ရုပ်ရှင်တွေအနက် စတုတ္ထမြောက် ဝင်ငွေအကောင်းဆုံး ဖြစ်ခဲ့ပါတယ်။ အဆိုပါရုပ်ရှင်ရဲ့အရှေ့မှာ ကျေးဇူးတော်နေ့ အားလပ်ရက်တွေအတွင်း ပြသခဲ့တဲ့ ဝင်ငွေအကောင်းဆုံးသော ရုပ်ရှင်တွေကတော့ "Toy Story 2"၊ "Frozen (2013)"နဲ့ "Moana"တို့ ဖြစ်ကြကြောင်းလည်း သိရပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်ရဲ့ ဝင်ငွေအကောင်းဆုံးသော ရုပ်ရှင်ဆယ်ကားစာရင်းမှာပါဝင်ခဲ့တဲ့ ရုပ်ရှင်တွေအနက် ထိပ်ဆုံးမှာရပ်တည်နေတဲ့ ရုပ်ရှင်ငါးကားကတော့ ရှေ့တစ်ပတ်က မှတ်တမ်းတင်ထားတဲ့အတိုင်း အပြောင်းအလဲမရှိဘဲ သီတင်းပတ်နှစ်ပတ်ဆက်တိုက် နေရာမပြောင်းလဲခဲ့တာကိုလည်း တွေ့ရပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ဒုတိယမြောက် ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့တဲ့ ရုပ်ရှင်ကတော့ "Justice League" ဖြစ်ပြီး သီတင်းပတ်အတွင်း ရရှိခဲ့တဲ့ ဝင်ငွေကတော့ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၆ သန်း ဖြစ်တယ်လို့လည်း သိရပါတယ်။

တတိယမြောက် ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့တဲ့ ရုပ်ရှင်ကတော့ "Wonder"ဖြစ်ပြီး နံပါတ်လေးနေရာကိုတော့ "Thor: Ragnarok" ရုပ်ရှင်က ရယူထားနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ငါးကားစာရင်းမှာ နောက်ဆုံးပါဝင်နေတဲ့ ရုပ်ရှင်ကတော့ "Daddy's Home 2" ဖြစ်ပြီး "Murder on the Orient Express"၊ "Lady Bird"၊ "Three Billboards Outside Ebbing, Missouri"၊ "The Star"နဲ့ "A Bad Moms Christmas" ရုပ်ရှင်တွေဟာ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း မြောက်အမေရိကားရဲ့ ဝင်ငွေအကောင်းဆုံးသော ရုပ်ရှင်ဆယ်ကားစာရင်းမှာ ပါဝင်နေခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

အေးပြည့် စုစည်းသည်



ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁ ရက်က ဟောင်ကောင်မှာ ကျင်းပခဲ့တဲ့ MAMA ဆုပေးပွဲအခမ်းအနားကို တက်ရောက်ခဲ့တဲ့ တောင်ကိုရီးယားမင်းသမီး ဆောင်းဂျီဟို ဆုပေးပွဲအခမ်းအနားရဲ့ ကော်ဇောနီပေါ် လျှောက်လှမ်းစဉ်။
(ယင်းဆုပေးပွဲတွင် ဆောင်းဂျီဟို ဝတ်ဆင်ခဲ့သော ဝတ်စုံသည် ယခုနှစ် ဆုပေးပွဲ အခမ်းအနားတွင် တက်ရောက်ခဲ့သော ကြယ်ပွင့်များ၏ဝတ်စုံများအနက် အလှဆုံးသော ဝတ်စုံတစ်စုံအဖြစ် အများက ဝေဖန်ပြောကြားခဲ့ကြသည်)

## မျက်ရည်တွေနဲ့ ကျေးဇူးတင်စကားဆိုလိုက်တဲ့ ဆယ်လီနာဂိုမက်ဇ်

အမေရိကန်ပေ့ါပ်ကြယ်ပွင့် ဆယ်လီနာဂိုမက်ဇ်ဟာ ပြီးခဲ့တဲ့ ကြာသပတေးနေ့ကကျင်းပခဲ့တဲ့ ဆုပေးပွဲတစ်ပွဲမှာ တစ်နှစ်တာရဲ့ အမျိုးသမီးအဖြစ် ရွေးချယ်ဂုဏ်ပြုခြင်းခံခဲ့ရတာ ဖြစ်ပါတယ်။ ယင်းဆုပေးပွဲကြီးမှာ ဆုလက်ခံရယူခဲ့ပြီးနောက် အမှတ်တရစကားပြောကြားချိန်မှာတော့ ဆယ်လီနာဂိုမက်ဇ်က သူ့အတွက် ကျောက်ကပ်လှူဒါန်းပေးခဲ့တဲ့ သူငယ်ချင်းဖြစ်သူကို ကျေးဇူးအထူးတင်ရှိကြောင်း မျက်ရည်တွေအကြားက မှတ်မှတ်ရရထည့်သွင်းပြောကြားခဲ့တာဖြစ်တယ်လို့ ဒေးလီးမေးဒေ့ါကွန်းယူကေရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ကြာသပတေးနေ့က လော့စ်အိန်ဂျလိစ်မှာ ကျင်းပခဲ့တဲ့ ဘေဘုတ်ရဲ့ တစ်နှစ်တာအတွက် အမျိုးသမီး ဆုချီးမြှင့်ပွဲမှာတော့ လတ်တလောမှာ အသက် ၂၅ နှစ်ရှိပြီဖြစ်တဲ့ ဆယ်လီနာဂိုမက်ဇ်ကို ဘေဘုတ်ကရွေးချယ်တဲ့ ယခုနှစ်ရဲ့ အမျိုးသမီးအဖြစ် ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်ခဲ့တာဖြစ်ပါတယ်။ အဆိုပါဆုကို လက်ခံပြီးနောက် ဆယ်လီနာဂိုမက်ဇ်က "ကျွန်မရဲ့အထင်မှာတော့ ဒီဂုဏ်ပြုဆုကို ဖရန်စီယာသာ ရထိုက်ပါတယ်၊ သူက ကျွန်မရဲ့ဘဝကို ကယ်တင်ခဲ့တာပါ၊ ကျွန်မအနေနဲ့ မယုံကြည် နိုင်လောက်အောင် ကံကောင်းတယ်လို့ ခံစားရပါတယ်" လို့ ပြောကြားခဲ့ပါတယ်။

ဆယ်လီနာဂိုမက်ဇ် ဟာ ကျောက်ကပ်ဝေဒနာကို ခံစားခဲ့ရပြီး အစားထိုးကုသမှုခံယူခဲ့ရာမှာတော့ သူ့ရဲ့ အခင်ဆုံးသူငယ်ချင်းတစ်ဦးဖြစ်တဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ဖရန်စီယာရေဆာက ဆယ်လီနာအတွက် ကျောက်ကပ်လှူဒါန်းပေးခဲ့တာဖြစ်ပါတယ်။ ဒီလို ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု ခံယူခဲ့ရကြောင်းကိုတော့ ဆယ်လီနာဂိုမက်ဇ်က ဆေးရုံမှာရိုက်ကူးထားတဲ့ သူနဲ့ ဖရန်စီယာတို့ရဲ့ဓာတ်ပုံကို သူ့ရဲ့ လူမှုကွန်ရက် မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ် စာမျက်နှာပေါ်မှာ ဖော်ပြရင်း ပရိသတ်တွေကို အသိပေးခဲ့တာဖြစ်ပါတယ်။ ဒီသတင်းကြောင့် ပရိသတ်တွေလည်း အထူးအံ့အားသင့်ခဲ့ရပါတယ်။ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ကြိုက်နှစ်သက်မှုအများဆုံး ရရှိခဲ့တဲ့ ဆယ်လီနာဂိုမက်ဇ်ရဲ့ ဖော်ပြခဲ့ပြီးဖြစ်တဲ့ ဓာတ်ပုံတွေအနက် ဆေးရုံပေါ်မှာ ဆယ်လီနာနဲ့ ဖရန်စီယာတို့ အတူရိုက်ကူးထားတဲ့ ဓာတ်ပုံဟာ လူကြိုက်အများဆုံး ဓာတ်ပုံတစ်ပုံ ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။



# အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနား ဟားခါး၌ကျင်းပ




**ဟားခါး ဒီဇင်ဘာ ၄**

၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီက ဟားခါးမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ဗိုလ်ကြွန်ဘိခ့်ခန်းမ၌ ကျင်းပသည်။

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆုရကျောင်းသားကျောင်းသူများ၊ မသန်စွမ်းကလေးသူငယ်များနှင့် အုပ်ထိန်းသူမိဘများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က နိုင်ငံတကာက မသန်စွမ်းသူများအတွက် ဒီဇင်ဘာ ၃ ရက်ကို အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အဖြစ် သတ်မှတ်ပေးထားကြောင်း၊ ယနေ့ခေတ် လူမှုအသိုက်အဝန်းသည် ဒီမိုကရေစီလူမှုအသိုက်အဝန်းဖြစ်သလို လူသားတိုင်း၏အခွင့်အရေးကို တန်ဖိုးထားလေးစားရန် လိုအပ်ကြောင်း၊ ထိုနည်းတူ မသန်စွမ်းသူများကိုလည်း သူတို့၏တန်းတူအခွင့်အရေးရရှိရန် မိမိတို့လူမှုအသိုက်အဝန်း တစ်ခုလုံးတွင် တာဝန်ရှိကြောင်း၊ မသန်စွမ်းသူများအပေါ် ခွဲခြားဆက်ဆံမှု၊ ဖိနှိပ်ချုပ်ခြယ်မှုများ လျှော့ချထိန်းချုပ်ရန်လိုအပ်သလို နိုင်ငံဖွံ့ဖြိုးရေးတွင်လည်း မသန်စွမ်းသူများဖွံ့ဖြိုးရေး၊ ပြုစုပျိုးထောင်ရေးနှင့် ခန္ဓာကိုယ် မသန်ကြပေမယ့်လည်း စွမ်းဆောင်နိုင်သူများအဖြစ် ကြိုးပမ်းဆောင်ရွက်နိုင်ကြစေရန် အားလုံးက ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီးဟန်ဝင်းအောင်က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သော အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်သဝဏ်လွှာကို ဖတ်ကြားပြီး ဧဒင်မသန်စွမ်းသက်ငယ်များပြုစုရာ ရိပ်မြုံ မန်နေဂျင်းဒါရိုက်တာ ဦးထာအုပ်က အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ဖြစ်ပေါ်လာပုံအကြောင်းနှင့် ဆောင်ပုဒ်များအကြောင်းကို ရှင်းလင်းတင်ပြကာ ဟားခါးမြို့ မသန်စွမ်းသူများကိုယ့်အားကိုယ်ကိုးအဖွဲ့(HDO) အဖွဲ့ဝင်တစ်ဦးက မိမိ၏ဘဝအတွေ့အကြုံများကို ဝေမျှတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်တာဝန်ရှိသူများက ဆုရကျောင်းသားကျောင်းသူများနှင့် မသန်စွမ်းကလေးသူငယ်များအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# တနိုင်းမြို့နယ်တွင် အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်ထုတ်လုပ်နည်း သင်တန်းဆင်း

**တနိုင်း ဒီဇင်ဘာ ၄**

တနိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ဖွင့်လှစ်ထားသည့် အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်ထုတ်လုပ်နည်း သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၃ ရက်က တနိုင်းမြို့ ကင်ဆားရာရပ်ကွက်ရှိ အဆိုပါ ဦးစီးဌာနရုံး သင်တန်းခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်က သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။

"သင်တန်းမှာ ဒေသထွက်လိမ္မော်၊ သရက်၊ သံပရာ၊ ကျွဲကော၊ ကျောက်ဖရုံသီး၊ မန်ကျည်းသီး၊ ပင်မှည့်သီးစတဲ့ အသီးအနှံတွေက ပေါပေါများများ ထွက်ရှိပြီး အဲဒီအသီးအနှံတွေကို ကုန်ချောအဖြစ် အသင့်စားသုံးနိုင်တဲ့ဖျော်ရည်၊ ယို၊ ဂျယ်လီစတဲ့ စားသောက်ကုန်ပြုလုပ်နည်းတွေကို လက်တွေ့သင်ကြားပေးနိုင်ခဲ့ပါတယ်။ ဒီသင်တန်းကိုဖွင့်လှစ်ရတဲ့ ရည်ရွယ်ချက်ကတော့ ဒေသခံပြည်သူတွေ အသက်မွေးဝမ်းကျောင်း အတတ်ပညာ တတ်မြောက်ပြီး ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းတွေကို တစ်ပိုင်တစ်နိုင် လုပ်ကိုင်နိုင်အောင် ဖွင့်လှစ်ပေးရတာပါ။ ဒေသခံပြည်သူတွေကလည်းလိုလိုလားလားနဲ့ လေ့လာသင်ယူပါတယ်" ဟု မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသူရလှိုင်က ပြောကြားသည်။

သင်တန်းသူတစ်ဦးမှလည်း "ဒီဒေသမှာက အသီးအနှံတွေက ရာသီအလိုက် အမျိုးမျိုး ထွက်တယ်၊ ဒီအတိုင်းရောင်းတော့လည်း ဘာမှဈေးမရဘူးလေ၊ အခုတော့ စားသောက်ကုန်နဲ့မုန့်မျိုးစုံပြုလုပ်နည်းတွေသင်ပေးတော့ တန်ဖိုးမြှင့် ထုတ်ကုန်တွေပြုလုပ်ပြီး ရောင်းချနိုင်မှာဖြစ်ပါတယ်၊ နိုင်ငံတော်အစိုးရနဲ့တာဝန်ရှိတဲ့သူတွေ၊ နည်းပြတွေကို ကျေးဇူးတင်ပါတယ်" ဟုရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းအား နိုဝင်ဘာ ၂၀ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ဒေသခံအမျိုးသမီး ၃၀ တက်ရောက်ခဲ့ကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဒေသထွက်သီးနှံများမှ ဖျော်ရည်၊ ယိုနှင့်ဂျယ်လီပြုလုပ်နည်းများ၊ ဒေသထွက်ကုန်ကြမ်းသီးနှံများနှင့် ဓာတုဆေးဝါးများရောနှော၍ အိမ်သုံးဆပ်ပြာဆီ၊ ဆပ်ပြာရည်၊ ဆပ်ပြာခဲပြုလုပ်နည်းများကို စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ကာ တက်ရောက်လာသူများအား သင်တန်းတွင် လက်တွေ့လုပ်ဆောင်ခဲ့သည့် စားသောက်ကုန်နှင့် လူသုံးကုန်များအား တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသူများအား လက်ဆောင်အဖြစ် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဦးလေးကြီး**



# ရေစီးရေလာကောင်းမွန်ရေး မြို့လုံးကျွတ်စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဆီဆိုင် ဒီဇင်ဘာ ၄**

ဆီဆိုင်မြို့ပေါ်နှင့် အနီးအနားရှိကျေးရွာများမှပြည်သူများ အားကိုးအားထားပြုရသော မြို့ဦးရေထွက်ဦး ရေစီးရေလာကောင်းမွန်စေရေးနှင့် သန့်ရှင်းသောသောက်သုံးရေရရှိစေရေးအတွက် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့ မြကန်သာရပ်ကွက်ရှိ ရေထွက်ဦးတွင် ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက မြို့လုံးကျွတ်စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စုပေါင်းသန့်ရှင်းရေးကို မြို့ဦးရေထွက်ဦးမှ ရေသွယ်မြောင်းများ ရေစစ်ကန်များနှင့် မြောင်းနှင့်မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

အဆိုပါစုပေါင်းသန့်ရှင်းရေးသို့ ဆီဆိုင်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လှသိန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်တို့က တက်ရောက်အားပေးခဲ့ကြောင်းသိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

# အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်

**ကလေးဝ ဒီဇင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး မွမ်းမံသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၁၀နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ရာ ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်လင်းက အဖွင့်အမှာစကားပြောကြား၍ မြို့နယ်ရဲတပ်ဖွဲ့မှူး အရန်မီးသတ်တပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်က အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေးမွမ်းမံသင်တန်းသို့ ရပ်ကွက်ကျေးရွာအုပ်စုဆယ်အုပ်စုမှ သင်တန်းသား ၅၀တက်ရောက်ခဲ့ပြီးသင်တန်းကို ဒီဇင်ဘာ ၂၉ ရက်ထိ လက်တွေ့သရုပ်ပြလေ့ကျင့်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ဟန်(ကလေးဝ)**

# ဖျာပုံမြို့တွင် အရန်မီးသတ်လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**ဖျာပုံ ဒီဇင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်အတွင်း မီးလောင်မှုများကို လေ့လာဆန်းစစ် ကြည့်ပါက ၂၀၁၆ ခုနှစ်တွင် မီးလောင်မှုအကြိမ်ရေ စုစုပေါင်း ၁၁ ကြိမ်တွင် လျှပ်စစ်မီး နှစ်ကြိမ်၊ ပေါ့ဆမီး ခြောက်ကြိမ်၊ မီးဖိုမီး သုံးကြိမ် ဖြစ်ပွားခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် နိုဝင်ဘာလအထိ အကြိမ်ရေ စုစုပေါင်း ခုနစ်ကြိမ်တွင်၊ လျှပ်စစ်မီး နှစ်ကြိမ်၊ ရှို့မီး သုံးကြိမ်၊ မီးဖိုမီး နှစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရှိရပြီး မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက်တာဝန် လေးရပ်ဖြစ်သည့် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူအကျိုးပြု ဆောင်ရွက်ရေး ရည်မှန်းချက်တာဝန်များကို စေတနာ၊ အနစ်နာ၊ ဝါသနာ၊ ကရုဏာ၊ အကြင်နာ ဆိုတဲ့နာ ငါးနာဖြင့် ကောင်းမွန်သည့် စိတ်ထားများနှင့် သန္ဓေမီးသတ် တပ်ဖွဲ့ဝင်များနှင့်အတူ အရန်မီးသတ်တပ်ဖွဲ့ဝင်ရောက်ကြပြီး တာဝန်ကျေပွန်စွာ ဆောင်ရွက်ကြရန်လိုအပ်ကြောင်းတို့ကို ဒီဇင်ဘာ ၄ ရက် နံနက် ၁၀ နာရီက ဖျာပုံမြို့နယ် မီးသတ်စခန်းရုံးခန်းမ၌ ပြုလုပ်သော (၁/၂၀၁၇) အရန်မီးသတ် လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်မီးသတ်ဦးစီးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က အရန်မီးသတ်တူညီဝတ်စုံများကို သင်တန်းသားများထံ အသီးသီးပေးအပ်ခဲ့ပြီး အဆိုပါသင်တန်းတွင် သင်တန်းသားဦးရေ ၁၀၀ တို့ကို ဒီဇင်ဘာ ၄ ရက်မှ ၂၉ ရက်အထိ အခြေခံမီးသတ်ပညာများ၊ ရှာဖွေကယ်ဆယ်ရေးနည်းစနစ်များ၊ အခြေခံစစ်ရေးပြများကို တာဝန်ရှိသင်တန်းဆရာများက သင်ကြားပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(၅၄၀)**



# မယ်စဲ့မြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်လှစ်

**မယ်စဲ့ ဒီဇင်ဘာ ၄**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်မီးသတ်ဦးစီးဌာနက ကြီးမှူး၍နယ်စပ်ဒေသနေတိုင်းရင်းသားပြည်သူများ မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိပညာဗဟုသုတရရှိစေရန်နှင့် မီးဘေးအန္တရာယ်ရင်ဆိုင်ကြုံတွေ့ရပါက အန္တရာယ်ကင်းဝေးစွာစနစ်တကျလုပ်ကိုင်ဆောင်ရွက်တတ်စေရန်ရည်ရွယ်၍ အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၄ ရက် နံနက် ၉ နာရီက မယ်စဲ့မြို့ မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင်ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်အေးခန့်ကအမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူးဦးထန်ကျင့်ဟောက်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့်သင်တန်းတွင်ပို့ချမည့်ဘာသာရပ်များကို ရှင်းလင်းပြောကြားပြီး ရေစိုသရုပ်ပြကို လက်တွေ့ပြသဆောင်ရွက်ခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်အေးခန့်၊ ဘောလခဲခရိုင်မီးသတ်ဦးစီးမှူးဦးဖြူချေ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မယ်စဲ့မြို့ပေါ်ရပ်ကွက်နှင့်ကျေးရွာများမှ သင်တန်းသား ၅၀ တက်ရောက်ခဲ့ပြီး သင်တန်းကို ဒီဇင်ဘာ ၄ ရက်မှ ဒီဇင်ဘာ ၂၉ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# လူငယ်တိုင်းအတွက် ဘက်စုံဖွံ့ဖြိုးရေးပွဲတော်

ခင်မောင်ဌေး(ပညာရေး)



လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ကျောင်းသား ကျောင်းသူ လူငယ်များ နည်းပညာဆိုင်ရာ ပြခန်းတွင် စိတ်ဝင်တစား လေ့လာနေကြစဉ်။ ဓာတ်ပုံ-ဇော်မင်းလတ်

ခရေနံ့က သင်းပျံ့လွန်းလှသည်။ တက္ကသိုလ်နယ်မြေ၊ တက္ကသိုလ်ဝန်းကျင်အဖြစ် အလိုလိုသိနှင့်စေသည်။ တစ်ချိန်က ရန်ကုန်တက္ကသိုလ်ပရဝဏ်ကား ခြောက်သွေ့လွန်းလှသည်။ လူသူကင်းမဲ့နေသည့် ကန်တင်းဆိုင်များကား အသက်မဝင်။ လူသူအသွားအလာကျဲပါးလှသည့် အဓိပတိလမ်း၊ စာသင်ဆောင် စာသင်ခန်းများကား စာသင်သားတို့အလာ မျှော်နေရှာရသည့်အခြေ။

အစိုးရသစ်တက်လာပြီးအချိန်မှစ၍ တစ်စစ သစ်လွင်စိုပြည်လာသည့် တက္ကသိုလ်ဝန်းကျင်၊ အထူးပြုဘာသာတွဲများဖြင့် သက်ဝင်လှုပ်ရှားလာသည့် စာသင်ခန်းများ၊ အဆောင်များ၊ မကြားရကြာပြီဖြစ်သည်။ "မြကျွန်းညိုညို တက္ကသိုလ်" ဆိုသည့် လွမ်းမောဖွယ်တေးသံလွင့်ပျံ့နေသကဲ့သို့ ခံစားရ၏။ မကြာခင်ကပင် ပို၍ များပြားလာသည့် တက္ကသိုလ်ကျောင်းသားကျောင်းသူများ အဆင်ပြေစေရန် လှိုင်တက္ကသိုလ်နယ်မြေ စတင်ဖွင့်လှစ်နိုင်ခဲ့သည်။

**ဘက်စုံဖွံ့ဖြိုးရေးပွဲတော်**

ရန်ကုန်တက္ကသိုလ်အတွင်း၌ ယမန်နှစ်များကစ၍ သိပ္ပံပွဲတော်များ ခင်းကျင်းပြသနိုင်သည်။ ထိုမှတစ်ဆင့် နှစ်စဉ်ပြသနိုင်ရန် စီစဉ်လာကြ၏။ မကြာသေးမီကပင် ရန်ကုန်တက္ကသိုလ်အတွင်း လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တစ်ရပ်ကို ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ ကျင်းပသွားသည်ကို တွေ့ရ၏။ ဒီဇင်ဘာ ၁ ရက်သည်ပင် ရန်ကုန်တက္ကသိုလ်၏ မွေးနေ့ဖြစ်လေသည်။ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပရခြင်းမှာလည်း မြန်မာလူငယ်များအချင်းချင်း အသိပညာ၊ အတတ်ပညာ ဗဟုသုတနှင့် ကျင့်ဝတ်တန်ဖိုးများ မျှဝေနိုင်ရန်နှင့် အနာဂတ် လူ့ဘောင်အဖွဲ့အစည်းအား ၎င်းတို့၏ အတွေးအမြင်ကောင်းများဖြင့် အကောင်အထည်ဖော် တည်ဆောက်နိုင်ရန် ရည်ရွယ်ခဲ့၏။

ကျင်းပခဲ့သည့် သုံးရက်တာကာလအတွင်း စာပေဆိုင်ရာ လှုပ်ရှားမှုများ၊ အနုပညာဆိုင်ရာ လှုပ်ရှားမှုများ၊ အားကစားဆိုင်ရာ လှုပ်ရှားမှုများ၊ IT နှင့် သိပ္ပံနည်းပညာဆိုင်ရာ လှုပ်ရှားမှုများပါဝင်ပြီး စာအုပ်ဈေးပွဲတော်များ၊ လူငယ်ဆိုင်ရာ အသိပညာပေးအစီအစဉ်များ ဆွေးနွေးပွဲများ၊ အဆိုအကအတီးများဖြင့် ဖျော်ဖြေမှုများစွာပါဝင်ကာ ရန်ကုန်တက္ကသိုလ်ဘာသာရပ်ဌာန ၂၁ ခုမှ ပြခန်းများပါဝင်ကာ ဘာသာရပ်ဆိုင်ရာ ပါမောက္ခကြီးများ၏ ပြခန်းနှင့်ပတ်သက်သည့် ရှင်းလင်းဟောပြောမှုများ ပါဝင်ခဲ့သည်ကို တွေ့ရပါသည်။

ဦးစွာ ရန်ကုန်တက္ကသိုလ် အဓိပတိလမ်း တစ်ဖက်တစ်ချက်တွင် ဘာသာရပ်ဆိုင်ရာ ပြခန်းကလေးများကို တွေ့ရသည်။ ရန်ကုန်နှင့် ပဲခူးကဲ့သို့ တိုင်းဒေသကြီးအတွင်း အခြေခံပညာ အထက်တန်းကျောင်းအချို့မှ ပြခန်းများကိုလည်း တွေ့ရ၏။ ပြခန်းတစ်ခုသို့ ဝင်လိုက်သည်နှင့် ကျောင်းသား ကျောင်းသူအသီးသီးတို့သည် မိမိတို့ကျောင်းမှပြသထားသည့် သိပ္ပံဆိုင်ရာ တီထွင်မှုများကို တစ်ခုစီ စိတ်ရှည်လက်ရှည် ရှင်းပြကြသည်ကို တွေ့ရ၏။ ကျောင်းဝတ်စုံများနှင့်အတူ အချို့သော ပုဂ္ဂလိကကျောင်းများမှ လာရောက်လေ့လာကြသည်ကို တွေ့ရ၏။ အားကစားဆိုင်ရာ လှုပ်ရှားမှုပြုလုပ်သည့်နေရာတွင် ကျောင်းသား ကျောင်းသူအများစု ပါဝင်နေကြသည်ကို တွေ့ရ၏။ အားကစားနည်းများကလည်း စုံလှသည်။ လွတ်လပ်စွာ စိတ်တိုင်းကျ ပါဝင်လှုပ်ရှားနေရခြင်းကို နှစ်သက်ဖွယ်တွေ့ရမည်။

**ဆွေးနွေးဖျော်ဖြေ**

RC ခန်းမထဲတွင်မူ Talk Show အစီအစဉ်ပြင်ဆင်ထားသည်ကို တွေ့ရသည်။ တေးသံရှင်အောင်ထက်နှင့် စာရေးဆရာမပုညခင်တို့၏ အနုပညာဆိုင်ရာ ဆွေးနွေးခန်းအစီအစဉ်တွင် လူငယ်ကျောင်းသား ကျောင်းသူများ ခန်းလုံးပြည့် ပါဝင်ကြသည်ကို အားရဖွယ်တွေ့ရ၏။ တစ်နေရာတွင် ကဗျာရွတ်ဆိုခြင်း အစီအစဉ်ကို တွေ့ရ၏။ ကဗျာဆရာကြီးအချို့၏ ရသမြောက် ကဗျာရွတ်ဆိုခြင်းအပြင် လူငယ်ကဗျာဆရာမငယ်တစ်ဦး၏ ရင်တွင်းခံစားချက် ပေါက်ကွဲသံများကိုလည်း နောက်ခံတီးလုံးသရုပ်ဖော်ဖြင့် လူငယ်ပရိသတ်မြောက်မြားစွာတို့၏ အားပေးမှုကို ခံစားခဲ့ကြရ၏။



လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်လာရောက်လေ့လာကြသည့် ကျောင်းသူများ။ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

စာအုပ်ဈေးတန်းတွင် အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်မှုရှိ၏။ ခေတ်ပေါ်သီချင်းများအပြင် မြန်မာမှုတေးသံရှင်များဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ရာ ရန်ကုန်တက္ကသိုလ်အတွင်း တက္ကသိုလ်တေးသံသာများလည်း လွမ်းမောဖွယ်ရာ ဆွတ်ပျံ့ခဲ့လေသည်။ ကျောင်းသားကျောင်းသူလူငယ်များမှာ မိမိတို့စိတ်ပါဝင်စားရာ ဘာသာရပ်ပြခန်းများသို့ အထူးပြုလေ့လာခြင်း၊ ပါမောက္ခများ၏ အသိပညာပေးမှုများကို နားထောင်ရခြင်းဖြင့် မကြာခင်အခြေခံပညာအထက်တန်း စာမေးပွဲဖြေဆိုရမည့် ကျောင်းသားကျောင်းသူများအနေဖြင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရာတွင် များစွာအသုံးဝင်နိုင်မည်ဖြစ်သည်။

ပါမောက္ခဆရာကြီး ဆရာမကြီးများ၏ ဟောပြောချက်များကို ခြုံ၍ကြည့်လျှင်ပင် ဘာသာရပ်၏ သဘောသဘာဝ၊ ၎င်းဘာသာရပ်များကို အထူးပြုလေ့လာခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများ၊ အခွင့်အလမ်းများကို သိနိုင်သည့်အပြင် မိမိတို့နှစ်သက်သည့် ဘာသာရပ်အတွက် အခြေခံပညာအထက်တန်းတွင် ရရှိရမည့် ရမှတ်များအလိုက် လက်ခံနိုင်မည့် ကျောင်းသား ကျောင်းသူဦးရေများကိုပါ သိနိုင်မည်ဖြစ်သည်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် အဓိပတိလမ်း၏ တစ်ဖက်တစ်ချက်တွင် ကျယ်ကျယ်ပြန့်ပြန့်နေရာယူထားသည်မှာ စာအုပ်ဈေးရောင်းပွဲတော်ပင် ဖြစ်သည်။ စာအုပ်ဈေးတန်းတွင် လူကြီးများသာမက ကျောင်းသား ကျောင်းသူလူငယ်များပင် စာအုပ်ဈေးတန်းအနှံ့ မိမိတို့နှစ်သက်ရာ စာအုပ်စာပေများကို ရှာဖွေဖတ်ယူနေကြသည်ကို တွေ့ရသည်။ ပြန်ကြားရေးဝန်ကြီးဌာန စာပေဗိမာန်ပြခန်းတွင် ရှားပါးစာအုပ်များ ခင်းကျင်းပြသပေးထားပါတယ်။ ဦးနုလက်ထက်မှ စာအုပ်များ၊ နှစ်ပေါင်း ၅၀ ကျော်မှ လူမှုရေးရာ၊ ယဉ်ကျေးမှုရေးရာ၊ သိပ္ပံရေးရာများအပြင် ၁၉၅၂ ခုနှစ်မှ ၁၉၅၉ ခုနှစ်အထိ စာပေဗိမာန်မှ ထုတ်ဝေခဲ့သည့် စာပေဗိမာန်မဂ္ဂဇင်း၊ စာပေဗိမာန်စွယ်စုံကျမ်း၊ ပြည်သူ့လက်စွဲစာစဉ်များကို ပြသထားလေသည်။ အခြားထင်ရှားတဲ့ ပြခန်းများမှာ မူးယစ်ဆေးပြခန်း၊ တိုင်းရင်းသားမျိုးနွယ်စုများ၏ ဝတ်စားဆင်ယင်မှု အသုံးအဆောင်ပြခန်းနှင့် အလုပ်အကိုင် အခွင့်အလမ်းပြခန်းနှင့် ထင်ရှားသည့် စာရေးဆရာများ၏ ဓာတ်ပုံပြခန်း၊ ပန်းချီ၊ ကာတွန်းပြခန်းများသည် လူငယ်များကို အဓိကဆွဲဆောင်သည့် နေရာများပင်ဖြစ်၏။

**အကြံပြုစကား**

ယခုကျင်းပပြီးစီးသွားသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပပြီးစီးခြင်းနှင့် ပတ်သက်၍ လူငယ်အများအပြားကျေနပ်အားရမှုရှိကြောင်း သိရသည်။ ကျောင်းသား လူငယ်များ၏ ကာယဉာဏစာရိတ္တနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည့်အတွက် တက္ကသိုလ်ပရဝဏ်အတွင်းတွင် ကဏ္ဍပေါင်းစုံ ပါဝင်ပြသနိုင်ခဲ့ခြင်းဖြစ်သည်။ ကျောင်းသားလူငယ်အများစုတို့၏ နှစ်ခြိုက်သဘောကျခြင်းကိုလည်း တွေ့ခဲ့ရ၏။ နှစ်စဉ် တက္ကသိုလ်နယ်မြေတွင် ခင်းကျင်းပြသနိုင်မည့် အစဉ်အလာကောင်းကို ဆောင်ကြဉ်းကြရမည်ဖြစ်၏။ နီးစပ်ရာအခြေခံပညာကျောင်းအချို့နှင့် ပုဂ္ဂလိက ကျောင်းအချို့ လာရောက်လေ့လာသည်ကို တွေ့ရရာ အထူးသဖြင့် အခြေခံပညာအထက်တန်းကျောင်းများအားလုံး အလှည့်ကျလာရောက်လေ့လာသင့်လှသည်။

ထို့ပြင် ၎င်းကဲ့သို့ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်များကို တက္ကသိုလ်ကောလိပ်အခြေခံ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိုးချဲ့၍ ကျင်းပသင့်သည်။ ကလေးစာပေပွဲတော်များကဲ့သို့ စီစဉ်ပေးနိုင်လျှင် ပို၍အကျိုးရှိနိုင်ခြင်း။ ၎င်းသို့ဆိုလျှင် ရန်ကုန်တိုင်းဒေသကြီးအတွင်းသာမက တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့ ပြန့်ကျဲစွာတည်ရှိနေသည့် လူငယ်ထုတစ်ရပ်လုံးအတွက် များစွာအကျိုးရှိနိုင်မည်သာ ဖြစ်ပါသည်။

မည်သို့ပင်ဆိုစေ ကျောင်းသား ကျောင်းသူ၊ လူငယ်များ ကိုယ်တိုင်ပါဝင်ဆင်နွှဲနေသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ပါဝင်လှုပ်ရှားနေသည့် လူငယ်များ၏ တက်ကြွသည့် အားမာန်၊ ထက်သန်သည့် စိတ်နှလုံးသားကို အထင်အရှားတွေ့မြင်နေရလေပြီ။ စာရေးသူတို့ ပြန်လာချိန်တွင် နေရောင်ခြည်ပင် အတော်ကလေးကျသွားပြီဖြစ်၏။ အဓိပတိလမ်းမကြီးတစ်လျှောက် ရေတမာနံ့၊ ခရေနံ့တို့ကား သင်းရနံ့လှိုင်၍ နေချေပြီ။ သစ်ပုပ်ပင်ကြီးကား ခန့်ခန့်တည်တည်၊ လူငယ်ထု၏ တက်တက်ကြွကြွ အားမာန်အလှများကို ကျေနပ်နေသည့်ဟန်။ ထင်ဟပ်နေသည့်သင်္ကေတန်ပင် ဖြစ်ပေတော့သည်။ ။

# Thanlwin Education Services Co.,Ltd.

## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ သံလွင်ပညာရေးဝန်ဆောင်မှုလုပ်ငန်း၏ လုပ်ငန်းခွဲတစ်ခုဖြစ်သော သံလွင်ပုဂ္ဂလိကအလယ်တန်းကျောင်းကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၊ (၁-၆-၂၀၁၇)ရက်နေ့မှ စတင်၍ ဖွင့်လှစ်သင်ကြားလျှက်ရှိပါသည်။ ယခုအခါ အထက်တန်းကျောင်းအဖြစ် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့ ထပ်မံတိုးချဲ့ဖွင့်လှစ်သွားမည့် သံလွင်ပုဂ္ဂလိကအထက်တန်းကျောင်းအတွက် လိုအပ်လျှက်ရှိသော သင်ကြားရေးဝန်ထမ်းများအား ခန့်အပ်သွားမည်ဖြစ်ပါသည်။ လိုအပ်သောရာထူးနှင့် ပညာအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**(က) အထက်တန်းဘာသာရပ်ပြဆရာ / ဆရာမ** **ကျား / မ (၁၄)ဦး**

**အခြေခံလစာ(၅.၅)သိန်း**

**လျှောက်ထားနိုင်သည့်ဘာသာရပ်များ**

(၁) မြန်မာစာ (၂) အင်္ဂလိပ်စာ (၃) သင်္ချာ
(၄) ပထဝီဝင် (၅) သမိုင်း (၆) ဘောဂဗေဒ
(၇) ဓါတုဗေဒ (၈) ရူပဗေဒ (၉) ဇီဝဗေဒ

**အရည်အချင်းသတ်မှတ်ချက်**

(၁) အသက်(၃၀)နှစ်မှ (၄၅)နှစ်ကြားဖြစ်ရမည်။
(၂) ပညာရေးဘွဲ့/သင်ကြားရမည့် ဘာသာရပ်နှင့်ကိုက်ညီသော သက်မွေးဝမ်းကျောင်းဆိုင်ရာ ဘာသာရပ်ဘွဲ့/မဟာဘွဲ့နှင့် အထက်ရရှိပြီးသူဖြစ်ရမည်။
(၃) အင်္ဂလိပ်စာကျွမ်းကျင်မှုအနေဖြင့် IELTS (6.0) ရရှိသူများ (သို့မဟုတ်) ၎င်းအဆင့်နှင့် ညီမျှသော ကျွမ်းကျင်မှုရှိသူဖြစ်ရမည်။ အင်္ဂလိပ်စာဘာသာပြ လျှောက်ထားသူသည် IELTS (7.5) ရရှိရမည်။
(၄) သက်ဆိုင်ရာဘာသာပြလုပ်သက် အနည်းဆုံး(၄)နှစ်ရှိရမည်။
(၅) ကိုယ်ပိုင်ကျောင်းဆရာလက်မှတ်ထုတ်ပေးသော ကာလတွင် သွားရောက်လျှောက်ထားနိုင်သူဖြစ်ရမည်။

**(ခ) အလယ်တန်းဘာသာရပ်ပြဆရာ / ဆရာမ** **ကျား / မ (၁၀)ဦး**

**အခြေခံလစာ(၄.၅)သိန်း**

**လျှောက်ထားနိုင်သည့်ဘာသာရပ်များ**

(၁) မြန်မာစာ (၂) အင်္ဂလိပ်စာ (၃) သင်္ချာ
(၄) ပထဝီဝင် (၅) သမိုင်း (၆) သိပ္ပံ

**အရည်အချင်းသတ်မှတ်ချက်**

(၁) အသက်(၃၀)နှစ်မှ (၄၀)နှစ်ကြားဖြစ်ရမည်။
(၂) ပညာရေးဘွဲ့/ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ဆရာအတတ်သင်ပညာဒီပလိုမာ (သို့မဟုတ်) လက်မှတ်ရရှိပြီးသူဖြစ်ရမည်။
(၃) အင်္ဂလိပ်စာကျွမ်းကျင်မှုအနေဖြင့် IELTS (6.0) ရရှိသူများ (သို့မဟုတ်) ၎င်းအဆင့်နှင့် ညီမျှသော ကျွမ်းကျင်မှုရှိသူဖြစ်ရမည်။
(၄) သက်ဆိုင်ရာဘာသာပြလုပ်သက် အနည်းဆုံး(၄)နှစ်ရှိရမည်။
(၅) ကိုယ်ပိုင်ကျောင်းဆရာလက်မှတ်ထုတ်ပေးသော ကာလတွင် သွားရောက်လျှောက်ထားနိုင်သူဖြစ်ရမည်။

**(ဂ) မူလတန်းပြ(အငယ်တန်း)** **ကျား / မ (၁၀)ဦး**

**အခြေခံလစာ(၄)သိန်း**

**လျှောက်ထားနိုင်သည့်ဘာသာရပ်များ**

(၁) မြန်မာစာ (၂) အင်္ဂလိပ်စာ (၃) သင်္ချာ
(၄) သိပ္ပံ (၅) လူမှုရေး(ပထဝီ၊ သမိုင်း)

**အရည်အချင်းသတ်မှတ်ချက်**

(၁) အသက်(၂၅)နှစ်မှ (၃၅)နှစ်ကြားဖြစ်ရမည်။
(၂) ဘွဲ့တစ်ခုခုရရှိပြီး တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာကျောင်းများတွင်ဖြစ်စေ၊ နိုင်ငံတော်မှ ခွင့်ပြုထားသော ဘာသာရပ်ဆရာအဖြစ်ဖြစ်စေ အနည်းဆုံး(၅)နှစ်သင်ကြားရေး အတွေ့အကြုံရှိသူဖြစ်ရမည်။
(၃) အင်္ဂလိပ်စာကျွမ်းကျင်မှုအနေဖြင့် IELTS (5.0) ရရှိသူများ (သို့မဟုတ်) ၎င်းအဆင့်နှင့် ညီမျှသော ကျွမ်းကျင်မှုရှိသူဖြစ်ရမည်။
(၄) ကိုယ်ပိုင်ကျောင်းဆရာလက်မှတ်ထုတ်ပေးသော ကာလတွင် သွားရောက်လျှောက်ထားနိုင်သူဖြစ်ရမည်။

**(ဃ) သင်ကြားရေးအကူ** **ကျား / မ (၂၀)ဦး**

**အခြေခံလစာ(၂.၅)သိန်း**

**အရည်အချင်းသတ်မှတ်ချက်**

(၁) အသက်(၃၀)နှစ်နှင့် အောက်ဖြစ်ရမည်။
(၂) ဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရမည်။
(၃) English 4 Skills အသင့်အတင့်ရှိရမည်။
(၄) လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးအပ်ထားသော ECCD လက်မှတ်ရရှိထားပြီး ကလေးသူငယ်စောင့်ရှောက်ရေးလုပ်ငန်းခွင်အတွေ့အကြုံ အနည်းဆုံး (၂)နှစ်ရှိရမည်။

၃။ လျှောက်ထားသူများအနေဖြင့် အထက်ဖော်ပြပါ ရာထူး(၄)မျိုးအနက် **တစ်မျိုးတည်းသာ** လျှောက်ထားခွင့်ရှိမည်။ တစ်မျိုးထက် ပိုမိုလျှောက်ထားပါက ထည့်သွင်း စဉ်းစားသွားမည်မဟုတ်ပါ။

၄။ အဆိုပါရာထူးများအတွက် လျှောက်ထားရာတွင် www.thanlwinprivateschool.com မှ Applicant's Informations Form (လျှောက်ထားသူ၏ ကိုယ်ရေးအချက်အလက်ပုံစံ) အား ရယူပြီး အချက်အလက်များကို ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်း၍ စတင်ကြေညာသည့်နေ့မှစပြီး အောက်ဖော်ပြပါ စာရွက်စာတမ်းများနှင့်အတူ ပူးတွဲတင်ပြလျှောက်ထားရမည်-

(က) ကိုယ်တိုင်ရေးလျှောက်လွှာ ( လျှောက်ထားသည့်ရာထူး၊ ဘာသာရပ်တို့အား တိတိကျကျ ဖော်ပြပေးထားရမည်။)
(ခ) ကိုယ်ရေးအချက်အလက် (CV Form) အပြည့်အစုံ (ဓါတ်ပုံကပ်ပြီး)။
(ဂ) ပတ်စပို့ဆိုဒ်ဓါတ်ပုံ(၃)ပုံ (နောက်ခံအပြာရောင်)။
(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူ။
(င) ဘွဲ့လက်မှတ် မူရင်း/မိတ္တူ။
(စ) အခြားပညာအရည်အချင်းလက်မှတ် မူရင်း/မိတ္တူ။
(ဆ) လွန်ခဲ့သော(၃)လအတွင်းက ပြုလုပ်ထားသည့် ရဲစခန်းနှင့် ရပ်ကွက်ထောက်ခံစာ မူရင်း။
(ဇ) အလုပ်သမားမှတ်ပုံတင်(လေဘာ) မိတ္တူ။
(ဈ) အိမ်ထောင်စုစာရင်း မိတ္တူ။
(ည) Recommendation Letter ။

၅။ လျှောက်ထားသူများအနေဖြင့် လျှောက်လွှာများအား (၁၅-၁၂-၂၀၁၇)ရက်နေ့နောက်ဆုံးထား၍ Program Management Office ၊ အမှတ် (၆/၁)၊ ရန်အောင်လမ်းသွယ် (၃) ၊ (၂) ရပ်ကွက်၊ ရန်ကင်းမြို့နယ်နှင့် သံလွင်ပညာရေးဝန်ဆောင်မှုလုပ်ငန်း။ အမှတ်(၂၀၃)၊ (၅)လမ်းနှင့် (၆)လမ်းကြား၊ ကံကော်အိမ်ယာ(၂)၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်သို့ အထက်အပိုဒ်(၄)ပါ စာရွက်စာတမ်းများနှင့်အတူ **ရုံးချိန်အတွင်း လူကိုယ်တိုင်** လာရောက်လျှောက်ထားရမည်။

၆။ ပြည့်စုံမှုမရှိသော လျှောက်လွှာများနှင့် သတ်မှတ်ရက်ထက်နောက်ကျပြီးမှ ရောက်ရှိလာသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားသွားမည်မဟုတ်ပါ။

၇။ လျှောက်ထားသူများအား ပထမအကြိမ်ရေးဖြေစစ်ဆေးခြင်းအတွက် အောက်ဖော်ပြပါဘာသာရပ်များအား (၁)နာရီမေးခွန်းဖြေဆိုသွားရမည်-

(က) မြန်မာစာ (ခ) အင်္ဂလိပ်စာ (ဂ) သင်္ချာ
(ဃ) လျှောက်ထားသည့်ဘာသာ (အထက်တန်းပြများသာ)

၈။ အထက်ဖော်ပြပါဘာသာရပ်များအပြင် မြန်မာနိုင်ငံစိတ်ပညာအသင်းမှ စစ်ဆေးသော **စိတ်ပညာ(ရေးဖြေ)**ကို စစ်ဆေးခြင်းခံယူရမည်။

၉။ ရေးဖြေစာမေးပွဲကျင်းပမည့်ရက်အား ထပ်မံအကြောင်းကြားပေးသွားမည်ဖြစ်ပြီး ဖြေဆိုခွင့်ရရှိသူများအနေဖြင့် စာမေးပွဲဖြေဆိုခွင့်ကတ်အား **လူကိုယ်တိုင်** လာရောက်ထုတ်ယူရမည်။

၁၀။ ရေးဖြေအောင်မြင်ပြီးသူများ ဒုတိယအကြိမ်စစ်ဆေးခြင်းအား အောက်ဖော်ပြပါအတိုင်းပြုလုပ်သွားမည်-

(က) လက်တွေ့သင်ကြားပြသမှုစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်း။
(ခ) မြန်မာနိုင်ငံစိတ်ပညာအသင်းမှ **စိတ်ပညာ(လူတွေ့)** စစ်ဆေးခြင်း။

၁၁။ ဒုတိယအကြိမ် စစ်ဆေးအောင်မြင်သူများအနေဖြင့် သံလွင်ပညာရေးဝန်ဆောင်မှုလုပ်ငန်းက ဖွင့်လှစ်သင်ကြားသွားမည့် Professional Development Course for Teacher သင်တန်းတွင် သင်တန်းသား (Trainee) အဖြစ် တက်ရောက်သွားရမည်ဖြစ်သည်။

၁၂။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များတွင် **ရုံးချိန်အတွင်း** ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) Program Management Office (ရန်ကင်း)
၀၁-၅၅၈၀၈၄
(ခ) သံလွင်ပညာရေးဝန်ဆောင်မှုလုပ်ငန်း (မင်္ဂလာဒုံ)
၀၁-၆၃၉၃၉၇၊ ၀၁-၆၃၉၃၉၉၊ ၀၉-၂၄၂၄၂၂၄

**သံလွင်ပညာရေးဝန်ဆောင်မှုလုပ်ငန်း**

## ဆေးဝါးတက္ကသိုလ်-မန္တလေး ဒုတိယအကြိမ် မြတ်ဆရာကန်တော့ပွဲအခမ်းအနား

ဆေးဝါးပညာ သင်ကြားပို့ချပေးခဲ့ပါသော ဆရာကြီး/ ဆရာမကြီးများနှင့် ဆရာ/ဆရာမများကို ကန်တော့ကြမည်ဖြစ်ပါသဖြင့် ဆေးဝါးတက္ကသိုလ်-မန္တလေးတွင် 1st Batch မှ 15th Batch အထိ ပညာသင်ယူခဲ့ကြသော ကျောင်းသား/ကျောင်းသူဟောင်းများမှ တက်ရောက်ပူဇော်ကန်တော့ပေးနိုင်ကြပါရန် အသိပေးနိုးဆော်တိုက်တွန်းအပ်ပါသည်။

**ကျင်းပမည့်နေ့ရက် - ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက် (တနင်္ဂနွေနေ့)**
**ကျင်းပမည့်အချိန် - နံနက် ၉ နာရီမှ ၁၂နာရီအထိ**
**ကျင်းပမည့်နေရာ - ဆေးဝါးတက္ကသိုလ်-မန္တလေး**

PRIME-BOSS

Digital Multifunctional System

AR-6026N

30% Discount



* A3 Standard- Copy, Network Print & Color Scan
* Speed 26cpm, ppm
* Cost Efficient Toner Save Mode
* Password Protected User Accounts
* Build In Duplex Module
* မိတ္တူဆိုင်နှင့် High Volume သုံးသည့် Customer များအတွက် အထူး သင့်လျော်ပါသည်။
* A4 တစ်ရွက် ခန့်မှန်း Print Cost = ၄ ကျပ် ဝန်းကျင် (တိုနာမှုန့်)

Full Color Digital MFP နှင့် အခြားစက်ကြီးများလည်း ရရှိနိုင်ပါသည်။

Prime - Boss Company Limited Since 1996
» Yangon Office : G-7, MGW Tower, Bo Aung Kyaw Street, Botahtaung Township, Yangon.
Tel : 01 256644, 256508
Hot Line : 09 788888929 Fax -01 256158
» Naypyitaw : Tel: 067-421393
Email: sales@primeboss.com.mm

**(၂၆. ၁၁. ၂၀၁၇)ရက်စွဲပါ ကန်ထရိုက်တာဦးဇော်မင်းဦး (၁၂/ပဘတ (နိုင်) ၀၁၁၂၀၅) (မိုင်မိုင်းဆောက်လုပ်ရေး) နှင့် ဒေါ်အေးအေးမြင့်လှိုင် (၁၃/ တတန (နိုင်) ၂၀၉၇၀၇)တို့နှင့် သက်ဆိုင်သူများသိစေရန် မြေရှင်ဦးစံအုန်း နှင့် ဦးတင့်လွင်တို့၏ ရှေ့နေမှတဆင့်ကြေငြာခြင်း အပေါ်ပြန်လည်ရှင်းလင်းကြေငြာခြင်း။**

ရန်ကုန်မြို့ ၊ ဒေါပုံမြို့နယ် ၊မြေတိုင်းအမှတ် (၂)၊ မြေကွက်အမှတ်(၄၇၂) ၊ ဧရိယာ (၂၅ပေ X ၅၀ပေ) ဂရန်မြေ၏ မြေပေါ်တွင် (၂)ခန်းတွဲ ၊ (၆)ထပ်တိုက်အား မြေရှင်နှင့် ကန်ထရိုက်တာတို့ အကျိုးတူဆောက်လုပ်၍ ကန်ထရိုက်တာ ရရှိပိုင်ဆိုင်သည့်အခန်းများကို ဝယ်ယူ၍လက်ရောက်ရရှိပြီးဖြစ်နေသော တိုက်ခန်းပိုင်ရှင်များဖြစ်သည့် ၁။ ဦးရဲဝင်းအောင် ၂။ ဦးဇော်မျိုးဆွေ ၃။ ဒေါ်စန်းစန်းအောင် ၄။ ဒေါ်ယဉ်နု ၅။ ဦးစိုးဝင်း ၆။ ဒေါ်တီအိပြုံး တို့၏ လွှဲအပ်ညွှန်ကြားချက် များအရ ရှင်းလင်းသိစေအပ်ပါသည်။

အထက်အပိုဒ်ပါ မြေပေါ်တွင် (၂)ခန်းတွဲ ၊ (၆)ထပ်တိုက်ဆောက်လုပ်၍ မြေရှင်နှင့်ကန်ထရိုက်တာ မိုင်မိုင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့ အကျိုးတူခံစားရန် (၁ . ၅ . ၂၀၁၄ ) ရက်စွဲပါ စာချုပ်အရ ကန်ထရိုက်တာမှ ရာခိုင်နှုန်းပြည့်ပြီးစီးအောင်ဆောက်လုပ်ခဲ့၍ ယခုအခါတွင် မြေရှင်မိသားစုများမှ နေထိုင်သုံးစွဲလျက်ရှိပြီး သက်ဆိုင်ရာမှ လူနေထိုင်ခွင့် (B.C.C)လျှောက်ထား၍ခွင့်ပြုချက်ရယူရန်သာ ကျန်ရှိပြီး လိုအပ်သော အခွန်အခများမှာလည်း ကန်ထရိုက်တာမှကျခံ မည်ဖြစ်ပြီး အပျောက်စနစ်ဖြင့် ဝယ်ယူထားသည့် ကျွန်ုပ်၏မိတ်ဆွေ (၆)ဦးထံတွင် အသင့်ထားရှိခဲ့ပြီးဖြစ်ပါ၍ အထက်ပါမြေရှင် ဦးစံအုန်းနှင့် ဦးတင့်လွင် တို့၏ ကြေငြာချက်ပါမြေရှင်နှင့် ကန်ထ ရိုက်တာ တို့၏ (၁. ၅. ၂၀၁၄) ရက်စွဲပါ စာချုပ်အားပယ်ဖျက်ရန် အကြောင်းမပေါ်ပေါက်သကဲ့သို့ ပယ်ဖျက်ပိုင်ခွင့် မရှိပါ။

မြေရှင်များအနေဖြင့်သာ လူနေထိုင်ခွင့်(B.C.C) လျှောက်ထားရန်အတွက် လက်မှတ်ရေးထိုးပေးရန်နှင့်ပိုင် ဆိုင်မှုအထောက်အထားများ ပူးတွဲတင်ပြရန် ငြင်းဆန်နေခြင်း။ အပျောက်စနစ်ဖြင့် ကန်ထရိုက်တာထံမှ ဝယ်ယူ ထားသူများ၏ လက်ရှိအခန်းများ ကိုနေထိုင်သုံးစွဲ၍မရအောင် နည်းအမျိုးမျိုးဖြင့် တားမြစ်နှောက်ယှက်ခြင်းများပြုလုပ် ၍ အထက်ပါ (၂၆. ၁၁. ၂၀၁၇)ရက်စွဲပါ သတင်းစာကြေငြာချက်အား မမှန်မကန် ဖော်ပြကြေငြာနေခြင်းသာ ဖြစ်၍ အပျောက်စနစ်ဖြင့် ဝယ်ယူထားသူများ၏ ထိခိုက်နစ်နာ မှုများအပေါ် တည်ဆဲဥပဒေအရပ်ရပ်အရ အကာအကွယ် ရယူသွားမည်ဖြစ်ပါကြောင်း ရှင်းလင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးဝင်းနိုင် (တရားလွှတ်တော်ရှေ့နေ) (စဉ်-၇၄၅၄)
[illegible]
E-mail : winandassociate@gmail.com

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ ငါးထပ်ကြီး (တောင်) ရပ်ကွက်၊ စခန်းလမ်း၊ အမှတ်(၂၁၈) တည်ရှိရာ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၂အီး-၁)၊ မြေကွက်အမှတ် (၄၂၁အေ-၅/၈အေ-၂ ဘီ)၊ မြေပိုင်မြေအမျိုးအစား အမည်ပေါက် ဦးဘိုးလုံး မြေကွက်၏ တစ်စိတ်တစ်ဒေသ (၂၁'/၂၃'x၅၆'၈"/၅၇')= ၁၂၅၀ စတုရန်းပေကို လျှောက်ထားခြင်းဖြစ်ပါသည်။ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၇၉/၂၀၁၄ 'ပဋိညာဉ်အတိုင်း မြေအရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု' (တရားလိုဦးကိုကိုလတ်နှင့် တရားပြိုင် ဦးရဲထွဋ်)အမှု၏ ၁၆-၁၀-၂၀၁၄ ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီ၊ ၁၃-၁၁-၂၀၁၄ရက်စွဲပါ ဘီလစ်ဒေါ်စောယုမွန်အား ဘီလစ်ခန့်အပ်သည့်အမိန့်၊ ၁၆-၁၀-၂၀၁၄ရက်တွင် ခရိုင်တရားရုံးမှ ချမှတ်ခဲ့သည့်အမိန့်၌ မြေကွက်အမှတ် အတိုင်းအတာမှားယွင်းမှုအား ပြင်ဆင်ခွင့်ပြုရန် လျှောက်ထားမှု၏ ၂၆-၈-၂၀၁၅ ရက်စွဲပါ ပြင်ဆင်ခွင့်ပြုအမိန့်၊ ခရိုင်တရားရုံးမှ ၃၁-၁-၂၀၁၇ ရက်စွဲပါစာဖြင့် ဘီလစ်ဒေါ်ရတနာထွန်းအား ခန့်အပ်ကြောင်း ဌာနသို့ အကြောင်းကြားစာတို့ကိုတင်ပြ၍ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ဒုတိယဦးစီးမှူး ဘီလစ်ဒေါ်ရတနာထွန်း (တ/၃၂၄၃)မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ဤကြေညာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**




• ရန်ကုန် • ပြည် • မကွေး • တာချီလိတ် • စစ်တွေ • မြစ်ကြီးနား
• မန္တလေး • တောင်ကြီး • ပုသိမ် • မြဝတီ • ကျိုင်းတုံ • ဖားကန့်
• နေပြည်တော် • မော်လမြိုင် • ဟသာတ • မော်ဘီ • ဘားအံ • လားရှိုး
• ပဲခူး • ရွှေဘို • ပျဉ်းမနား • မြိတ် • ညောင်ဦး • ပြင်ဦးလွင်
• တောင်ငူ • မုံရွာ • ကလော • ထားဝယ် • လှိုင်ကော် • မူဆယ်

မြန်မာပြည်တွင် ပထမဦးဆုံးအဖြစ် အထူးမြန်နှုန်းဖြင့် 4x4 MIMO နည်းပညာကို MPT မှ သုံးစွဲသူများ လက်ထဲ အရောက်ပို့ပေးလိုက်ပါပြီ။

မြို့ကြီး (၃၀) အပါအဝင် မြို့နယ်ပေါင်း (၈၀) တွင် အသုံးပြုနိုင်ပါပြီ။

သာမန် 4G/LTE ထက် ၂ဆ ပိုမိုမြန်ဆန်သော Internet ကို အသုံးပြုနိုင်မှာ ဖြစ်ပါသည်။

*4G Internet အသုံးပြုနိုင်သော Mobile Phone ဖြစ်ရန် လိုအပ်ပါသည်။

*4x4 MIMO Internet အသုံးပြုလိုပါက သတ်မှတ်ထားသော Mobile Phone ဖြစ်ရန် လိုအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free 24 hours everyday

## Ever Clean Travel & Tour

* ပုဂံ(ရွှေဇီးခုံ... )-ပုပ္ပါး (၃ည ၄ရက်) Dec-15-22-29
* မြဝတီ-မဲဆောက် (၃ည ၄ရက်) Dec-15-22-29
* မန္တလေး၊ ပြင်ဦးလွင်၊ ဇစ်ကိုင်း၊ မင်းကွန်း (၄ည ၅ရက်) Dec-22-29
* တောင်ကြီး-အင်းလေး-ပင်းတယ-ကလော (၄ည ၅ရက်) Dec-22-29
* ကလော(Trekking)မိုင်းမရဲ့တောင်ပြေသပိတ်ရေပြာအိုင်(၄ည ၅ရက်) Dec-22-29
* လွိုင်ကော်-ပန်ပက်-ဒီမောဆို-ထီးစဲခါးရေတံခွန် (၄ည ၅ရက်) Dec-22-29
* ထားဝယ်-(ရှင်ကိုးရှင်)-မောင်းမကန်ကမ်းခြေ (၄ည ၅ရက်) Dec-29
* မော်လမြိုင်-ကျိုက္ကမီ-စက်ခဲ (နေ့ချင်းပြန်) Dec-15
* ဘားအံ-ဂူ(၅)ဂူ-ချစ်သူမြိုင် (နေ့ချင်းပြန်) Dec-15
* ဘားအံ တောင်ဝိုင်းတောင်၊ ချစ်သူမြိုင်စရီးစဉ် (နေ့ချင်းပြန်) Dec-15
* တောင်ငူ-သံတောင်ကြီး-ဖိုးကျားဆင်စခန်း (နေ့ချင်းပြန်) Dec-15
* ဆောင်နိုင်ကြီးရေတံခွန်-ကျိုက်ပေါ်လောမှုံရှင်-စိမ်းလုံတင် (နေ့ချင်းပြန်) Dec-15

ကားစင်းလုံး ငှားရမ်းနိုင်ပါသည်

09-33886666, 09-795185522

## ရွှေအိုးကြီး
Nov-24 Dec-1/8/15/22/29
မြဝတီ၊ မဲဆောက်၊ ဘားအံ
(၃)ရက်ခရီး -Hotel(70000)
ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန် Dec-15/22
မြိတ်၊ ကျွန်းစု၊ ရှင်ကျန်းမှန်တံတား
09421073634, 777636630

## မျိုး
380164
09 5017088
09250640699
ခရီးစဉ်အမျိုးမျိုးနှင့် လစဉ်ကားမျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

## ဟိန်း
01.2330054
095160048
09-782470755
ခရီးစဉ်အမျိုးမျိုးနှင့် လချုပ်/နှစ်ချုပ်ကားမျိုးစုံငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
www.heincarrental.com

## Hmwe Taunggyi Business Group Travel & Tours Co.,Ltd မှစီစဉ်သည်
License No(661)
# သာကီနွယ်
ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး
Hot Line - 01-200952

ဒီဇင်ဘာလနှင့်နှစ်သစ်အထူးထပ်ဆင့် Promotion ခရီးစဉ်ကြီး
ထွက်ခွာမည့်ရက် - ၂၇.၁၂.၂၀၁၇ ၊ ၃၀.၁၂.၂၀၁၇ ၊ ၇.၁.၂၀၁၈
(၁၅)ရက် - လေးဌာနနိပေါ၊ဒေလီ(ဟိုတယ်တည်း) - ၉.၅သိန်း စရိတ်ငြိမ်း
(၈)ရက် - သံဝေဇနီယလေးဌာနနိပေါ - ၈.၅သိန်း စရိတ်ငြိမ်း
အပိုငွေကြေး(လုံးဝ)ထပ်မကောက်ပါ၊ ညစောင်းခရီးမပါ၊ ပုံမှန်ခရီးစဉ်တွင်ဟိုတယ်(၃)ညအိပ်စား/တည်းစရိတ်ငြိမ်း
ပုံမှန်ခရီးစဉ်များ Feb,Mar,April လတိုင်းအပတ်စဉ်စနေနေ့ထွက်ရှိပါမည် (၁၀)ဦးလျှင်(၁)ဦးအခမဲ့
အထူးခရီးစဉ် ၁၅.၁၂.၂၀၁၇ နောက်ဆုံးသျှင်းရန်
ရန်ကုန် - အခန်းနံပါတ်(2Y)၊ ၂ လွှာ၊ ၁၂၃ လမ်းအပေါ်ထပ်၊ Shine Tower (Golden View Condo),ဗဟိုလမ်းတောင်ညွှန့်မြို့နယ်၊ ဖုန်း - ၀၉- ၇၇၈၈၂၂၂၆၀
မန္တလေးဖုန်း - ၀၉ - ၇၇၈၈၂၂၂၅၀ တောင်ကြီးဖုန်း - ၀၉ - ၇၇၈၈၂၂၂၄၀

ရန်ကုန်တိုင်း အောင်ချက်အကောင်းဆုံး (၉၂.၁၁)%
ပညာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်အမှတ် ကကယ-၁၃/၀၉/၀၂၈

# ပညာမြင်းမိုရ်ကိုယ်ပိုင်အထက်တန်းကျောင်း၏ ဂုဏ်ပြုဖွယ်ရာအောင်မြင်မှုများ

(၂၀၁၇) ရန်ကုန်တိုင်းဒေသကြီးတွင် အောင်ချက်အကောင်းဆုံး ပညာမြင်းမိုရ် ကိုယ်ပိုင်အထက်တန်းကျောင်း၏
ကြီးကျယ်ခမ်းနားသောဆုပေးပွဲကြီးကို Gandamar Grand Ballroom တွင်(၂၈. ၁၀. ၂၀၁၇)စနေနေ့ကဂုဏ်ယူစွာကျင်းပပေးခဲ့ပါသည်။




၅-တန်း၊ မှ ၁၀-တန်း၊ အထိ
ကိုယ်ပိုင်အထက်တန်းကျောင်း၊ နှင့် အဆင့်မြင့်ဘော်ဒါ
၂၀၁၈-၁၉
ပညာသင်နှစ် အတွက်
ကျောင်းအပ်လက်ခံပြီ
တနင်္ဂနွေနေ့ ရုံးခန်းဖွင့်သည်။

အမှတ် ၃၈/၄၀၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့။ ၀၉ ၉၆၅၈၀၀၉၆၁၊ ၀၉ ၄၄၅၃၄၀၀၇၇။ ၀၉ ၇၃၀၀၄၇၂၀၊ ၀၉ ၂၅၉၂၅၈၄၀၇၊ ၀၁ ၈၅၆၂၈၃၀ Ferry ရှိသည်




HONDA | NCX
HONDA
WAVE 100
295,000 ကျပ်
လူတိုင်း လက်ဝယ်ပိုင်ဆိုင်နိုင်ပါပြီ။
GENUINE
100% GENUINE
GL-AMMK
SUPPORTING CENTURY FINANCE
*စည်းကမ်းသတ်မှတ်ချက်များ
• ကနဦးပေးသွင်းငွေ ၂၉၅,၀၀၀ ကျပ်မှ စတင်ပေးသွင်းပြီး ကျန်ငွေကို လစဉ်အရစ်ကျစနစ်ဖြင့် ပေးသွင်းနိုင်ပါပြီ။ (HONDA Wave 100 Drum Brake အမျိုးအစား)
• အသေးစိတ်အချက်အလက်များအတွက် နီးစပ်ရာ Honda NCX Showroom များသို့ သွားရောက်စုံစမ်းနိုင်ပါသည်။

# MTG

၆ ကြိမ်မြောက်ထပ်မံကျင်းပသော
မြန်မာ့အပြည်ပြည်ဆိုင်ရာချည်မျှင်နှင့်
အထည်အလိပ်ဆိုင်ရာစက်ပစ္စည်းပြပွဲကြီး

**8–11 / 12 / 2017**
Myanmar Event Park ( MEP ) at Mindama
Min Dhama Road, Myangone Township, Yangon

ဧရိယာ ၇၀၀၀ ကျယ်ဝန်းသည့်ပြပွဲခန်းမကြီးတွင်နိုင်ငံပေါင်း(၁၃)နိုင်ငံမှနာမည်ကြီး
ပစ္စည်းအမျိုးအစားပေါင်း (၁၅၀)ကျော်တို့ကိုပြသပေးသွားမည့်ပြပွဲကောင်းကြီးတစ်ခု။




TICKET
ကြိုတင်စာရင်းပေးသွင်းခြင်း
ရန်ကုန်-ဘန်ကောက်(အသွား/အပြန်)လေယာဉ်လက်မှတ် ကံစမ်းခွင့် အခွင့်အရေးရရှိနိုင်ခြင်း ။
အသေးစိတ်ထက်မံသိရှိလိုပါက ဝက်ဆိုဒ်တွင်ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

www.myanmar-expo.com/MTG

Ms. Myo Kyi Phyu Tun 01-9010753 09-964703426 myokyiphyutun25@gmail.com အသက် (၁၂) အောက်ကလေးများဝင်ခွင့်မပြု ။

Organizer: Yorkers Trade & Marketing Service Co., Ltd
Co-Organizer: Myanmar Garment Manufacturers Association (MGMA)
Official Supporter: The Republic of Union of Myanmar Federation of Chambers of Commerce & Industry (U.M.F.C.C.I)



P T S H

medanta THE MEDICITY

အိန္ဒိယနိုင်ငံနယူးဒေလီရှိမီဒန်တာဆေးရုံကြီး (Medanta Hospital) မှ အသည်းခွဲစိတ်ကုဆရာဝန်ကြီးDr. A. S. Soin (Chief Hepatobiliary and Liver Transplant Surgeon, Chairman, Medanta Institute of Liver Transplantation and Regenerative Medicine) လာရောက်မည့်အစီအစဉ်

အသည်းရောဂါဝေဒနာပြင်းထန်စွာခံစားနေရသူများ နှင့်အသည်းကင်ဆာရောဂါဝေဒနာသည်များသည် မိမိရောဂါကုသမှုနှင့်ပတ်သက်ပြီးလာရောက်ဆွေးနွေးလိုပါကအောက်ပါအစီအစဉ်အတိုင်းဆက်သွယ်နိုင်ပါသည်။
အချိန် - ဒီဇင်ဘာလ (၁၁)ရက်နေ့ (တနင်္လာနေ့) မွန်းလွဲ(၂)နာရီ မှ (၄)နာရီအထိ
နေရာ - ပုလဲသီတာဆေးရုံ၊ ၈၁/၈၂ ဗဟိုစည်အိမ်ရာ၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်။

လူနာဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းရန်လိုအပ်ပါသည်။ ဒီဇင်ဘာလ (၉)ရက်နေ့နောက်ဆုံးထားပြီးအောက်ပါဖုန်းနံပါတ်များကိုဆက်သွယ်နိုင်ပါသည်။

ဖုန်း- 09799883613/ 09443146727



ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
**အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း**

၁။ အောက်ပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၇၂/မမ/CE | (1) Angle (တံတားချပ်တန်း) ( 75mm x 75mm x 9mm x 6m ) (119.8220 Tons)<br>(2) Chequered Plate (တံတားလျှောက်လမ်း) (1'-4" x 8' x 4 mm ) (10.636 Tons) |

တင်ဒါပိတ်မည့် နေ့/အချိန် - ၁၉.၁၂.၂၀၁၇ (အင်္ဂါနေ့) (၁၄:၃၀)နာရီ
၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်( ၄.၁၂.၂၀၁၇)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း: 294352, 291994



**အောင်မင်္ဂလာ**
ပြောင်းရွှေ့ဝန်ဆောင်မှု
မြို့တွင်း/နယ်ဝေး
09 428 77 33 00
09 428 77 33 55
09 428 77 33 88



**ဝန်ထမ်းအမြန်အလိုရှိသည်**

| | | |
|---|---|---|
| အရောင်းမန်နေဂျာ | ကျား/မ | (၃)ဦး |
| အရောင်းဝန်ထမ်း | ကျား/မ | (၁၀)ဦး |
| စာရင်းကိုင် | ကျား/မ | (၃)ဦး |
| ယာဉ်မောင်း | ကျား/မ | (၆)ဦး |

(၂၅မှ ၄၅နှစ်အထိ)
HI Liquit Soap ကုမ္ပဏီတွင်ခန့်အပ်ရန်
၁၅-၁၂-၂၀၁၇ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။
အမှတ် ၇၅၊ ၁၄ လမ်း၊ မြေညီထပ်၊ လမ်းမတော်မြို့နယ်။
ဖုန်း - ၀၉ ၃၁၈၀၆၆၆၆၊ ၀၉ ၃၁၇၉၉၉၉၉



ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်
စမ်းချောင်း၊ပန်းလှိုင်အိမ်ရာ/
အာရှတော်ဝင်ဆေးရုံအနီး
(20×40)(၁)ထပ် အိမ်နှင့်မြေ
Ph : 09-420044466,09-73187280



Aircon အဟောင်း/အပျက်များ ဈေးကောင်းပေးဝယ်သည်။
**ကိုမောင်မောင်တင်**
ဖုန်း-၀၉-၇၃၀၉၅၉၅၀၊
၀၉-၇၆၅၀၈၅၈၅၀



**ရောင်းမည်**
လှိုင်သာယာစက်မှုဇုန်(၂)၊ ဆရာစံလမ်း၊ မြေ(၁)ကေ၊ အရှေ့ဘက်လှည့်၊ ရုံးခန်းပေ(၂၀×၈၀)၊ (နှစ်)ထပ်၊ ဂိုဒေါင် ပေ(၁၆၅×၈၀)၊ ပေ(၈၀×၈၀)၊ ရေ၊ လျှပ်စစ်မီး(၃၁၅)ကေဗွီအေ
ဖုန်း-၀၉-၅၁၁၈၂၉၆၊ ၀၉-၇၃၀၃၈၁၂၃



**အမြန်ရောင်းမည်**
- ရွှေဂုံတိုင်မီးပွိုင့်အနီး၊ ကမ္ဘာအေးဘုရားလမ်းမတန်းအနီး လမ်းသွယ်၊ လမ်းသန့်၊ ဆိတ်ငြိမ်ရပ်ကွက်။
- 60' x 90'မြေကွက်၊ ၂ထပ်ခွဲRC,3540sqft
- 5MB,8AC,ရေပူရေအေး၊ လိုင်းဖုန်း၊ အရန်မီးစက်
- ကား(၅)စီးထားနိုင်
Ph: 09 254116293,09 263616698
09 783727857



မာ်
**SEVEN စံ**
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ?
အိမ်အရောက်ငွေပေးချေသည်၊
"ပွဲခ လုံးဝ မယူပါ"
09-33 333 511
09-33 333 514
09-33 333 644






နျူထရီဗိုက်တာမှာ ကိုယ်ခန္ဓာအတွက် မရှိမဖြစ်လိုအပ်တဲ့ ဗီတာမင်နဲ့ သတ္တုဓာတ် ၁၅ မျိုး ပါဝင်တဲ့အတွက် ကိုယ်စွမ်းအားကို အမြင့်ဆုံးအထိ မြှင့်တင်ပေးပြီး ကိုယ်ခန္ဓာကို တစ်နေ့တာလုံး ကျန်းမာအားပြည့်စေပါတယ်။ ဒါကြောင့် နျူထရီဗိုက်တာကို တစ်နေ့တစ်လုံး သောက်သုံးပြီး ကိုယ်ခန္ဓာကို ၁၀၀% အားဖြည့်လို့ တစ်နေ့တာ လှုပ်ရှားမှုအားလုံးအတွက် လုံလောက်တဲ့အားအင်ကို ရယူလိုက်ပါ။

## ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးဇာနည်အောင်မင်း (၃၃)နှစ်
**စကခ(၁၃)၊ စစ်ဦးစီးမှူး (ဒုတိယတန်း)**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်-ဒေါ်ခင်သန်းအေးတို့၏ သားသမက်၊ ဒေါ်ဖူးသန့်စင်၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးဇာနည်အောင်မင်းသည် ၂၉-၁၁-၂၀၁၇ ရက်နေ့တွင် ရုတ်တရက် ကွယ်လွန်သွားကြောင်းသိရှိပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် ဇနီး ဒေါ်စမ်းစမ်းငွေ**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးဇာနည်အောင်မင်း
**စကခ(၁၃)၊ စစ်ဦးစီးမှူး (ဒုတိယတန်း)**
**DSA(47)**
**အသက်(၃၃)နှစ်**

ဦးသန့်စင်မောင် (ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)-ဒေါက်တာဒေါ်ခင်သန်းအေးတို့၏ သားသမက်၊ ဒေါ်ဖူးသန့်စင်၏ ခင်ပွန်း၊ မောင်စွမ်းထက်ဇာနည် ၏ ဖခင်ဖြစ်သူ ဗိုလ်မှူးဇာနည်အောင်မင်း၊ စကခ(၁၃)၊ စစ်ဦးစီးမှူး(ဒုတိယတန်း)သည် ၂၉-၁၁-၂၀၁၇(ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးထွန်းထွန်းဦးနှင့်ဇနီး ဒေါ်တင်တင်ဝင်း**
**ပြည်ထောင်စုရှေ့နေချုပ်**

## ဗိုလ်ကြီးငွေအောင်(ငြိမ်း) (၆၂)နှစ်
**ဆေးလက်ထောက်(ငြိမ်း)**

(ဗိုလ်မှူးကိုကိုရီ-ဒေါ်သန်းရင်)တို့၏ သားကြီး၊ အေလာမြို့၊ ရွာမရပ်နေ (ဦးတင်ဖေ-ဒေါ်ငွေမြိုင်)တို့၏ သားသမက်၊ ဒေါ်သန်းသန်းအေး၏ ခင်ပွန်း၊ ဦးကျော်ထက်စံ (လက်ထောက်လဝကမှူး၊ သဲကုန်း)၏ဖခင် ဦးငွေအောင်သည် ၄-၁၂-၂၀၁၇ (တနင်္လာနေ့) နံနက် ၁ နာရီတွင် (တဆရ-၂၊ ခုတင် ၁၀၀၀) နပတဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၁၇(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် တပ်မတော်စစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ် ဒါယိကာမကြီး**
## ဒေါ်နီနီဝင်း (၆၁)နှစ်

မန္တလေးမြို့၊ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ၊ မစိုးရိမ်ကျောင်းတိုက် ဒါယကာ(ဦးကျော်)-ဒါယိကာမကြီး(ဒေါ်မမလေး)တို့၏မြေး၊ မစိုးရိမ်ကျောင်းတိုက် ဒါယကာကြီး (ဦးမောင်မောင်)-ဒါယိကာမကြီး (ဒေါ်ကြင်ကြင်)တို့၏သမီး၊ ရန်ကုန်မြို့နေ [ဦးမြင့်ထွန်း(ခ) ဦးဘွန်ကွန်း-ဒေါ်ပို]တို့၏ သမီးချွေးမ၊ ဦးကျော်ကျော်မောင် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)၊ ဒေါ်ညွန့်ညွန့်ရီ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး(ငြိမ်း)-(ဒေါ်ကြည်ကြည်အုန်း)၊ (ဦးကျော်ကျော်ညွန့်-ဒေါ်ရင်ရင်မြ)၊ (ဒေါ်ကြည်ကြည်ဝင်း)၊ ဒေါ်ကြည်ကြည်ဝေတို့၏ ညီမ၊ ဦးစိန်ဝင်း (MD-ရတနာစိန်သရဖူ ကုမ္ပဏီလီမိတက်)၏ ချစ်လှစွာသောဇနီး၊ မောင်မောင်မင်းသန့်၊ မောင်ကျော်ကိုကိုဇင်တို့၏ ချစ်လှစွာသော မိခင်၊ တူ/တူမ ၁၁ယောက်တို့၏ ဒေါ်လေးငယ် ဘုရား၊ ရဟန်း၊ သိမ် ဒါယိကာမကြီး ဒေါ်နီနီဝင်းသည် ၄-၁၂-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန် (ခန်းမ ၁/က)၌ တရားနာပြီး နံနက် ၁၁း၃၀ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးညီညီအောင်(ခ)ဆရာဦးမော်နီ(ပညာ့ရိပ်မွန်)
### အသက် (၅၅) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ အနောက်ပိုင်းရပ်ကွက်၊ လမ်းမတော်လမ်း၊ အမှတ် (၁၀၇)နေ (ဦးတင်မောင်)-ဒေါ်သန်းရွှေတို့၏သား၊ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နေ (ဦးသိန်းထွန်း-ဒေါ်သောင်းတင်)တို့၏ သားသမက်၊ ဦးခင်မောင်လတ်-ဒေါ်ခင်စိုး၊ ဦးစိုးဝင်း-ဒေါ်နန်းလှမြင့်၊ ဒေါ်တိုးတိုးယဉ်၊ ဦးကျော်ကျော်အောင်-ဒေါ်ရင်ရင်သန်း၊ ဒေါ်သင်းသင်းဆွေ၊ ဒေါ်မိမိခိုင်၊ (ဦးကျော်ကျော်ထွန်း)၊ ဒေါ်လွင်လွင်ထွန်း၊ ဦးထွန်းထွန်း-ဒေါ်သိန်းသိန်းအေးတို့၏ ညီ/မောင်၊ မောင်ကောင်းသုဝေ (Final Year, Phusics)၊ မနှင်းသုဝေ Second Year (TTU)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ဦးညီညီအောင်(ခ) ဆရာဦးမော်နီသည် ၃-၁၂-၂၀၁၇(တနင်္ဂနွေနေ့) ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၇ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှ ကျောက်တန်းမြို့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးမြင့်သူ(ခ)ဂျပန်ကြီး (၅၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗညားဒလလမ်း၊ အမှတ် (၁၇၀)၊ ငါးလွှာ(B)နေ (ဦးမြင့်သိန်း)-ဒေါ်ခင်မေလင်းတို့၏သား၊ ဦးမင်းဟန်-ဒေါ်ကေသွယ်လင်း (သစ္စာမွန်ပွဲရုံ၊ ဘုရင့်နောင်)တို့၏မောင်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်နေ (ဦးဟန်သိန်း-ဒေါ်သန်းရီ)တို့၏သားမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ (၂၀)ရပ်ကွက်၊ မောင်မကန်ကမ်းသာလမ်း၊ အမှတ်(၁၁၉/က)နေ ဒေါ်ခင်ခင်သန်း(ခ)မငယ်၏ခင်ပွန်း၊ မောင်ပြည့်ဖြိုးကျော်-မဇင်မာ၊ မောင်နိုင်းနိုင်း၊ မမြတ်သင်္ဂီကျော်၊ မောင်အောင်ခေတ်ပိုင် (အောင်သစ္စာအကယ်ဒမီကျောင်း)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးတစ်ယောက်၏ အဘိုးသည် ၃-၁၂-၂၀၁၇(တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၇(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ကျိုက်စုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်သန္တာမိုး(ပဲခူး) (၄၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၁၆)၊ ခုနစ်လွှာနေ (ဦးအံ့စိန်)-ဒေါ်စန်းမြင့်တို့၏ သမီး၊ ဦးအေးအောင်နိုင်ဦး-ဒေါ်နန်းကြည်လွင်၊ ဒေါ်ခင်ခင်မိုး(ဆက်သွယ်ရေး)၊ ဦးကျော်ကျော်မိုး-ဒေါ်ခင်မမတို့၏ညီမ၊ ဦးဇော်မျိုးအောင်-ဒေါ်ဝါဝါမိုးတို့၏အစ်မ၊ တူ/တူမ ခြောက်ယောက်တို့၏အဒေါ်သည် ၃-၁၂-၂၀၁၇(တနင်္ဂနွေနေ့) နံနက် ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၇(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁၂-၂၀၁၇ (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးတင်မောင်စိန် (လေ-၁၄၄၃၊ ငြိမ်း)
**ဗိုလ်သင်တန်းအပတ်စဉ် (၃၃)၊ ဒုအထွေထွေမန်နေဂျာ၊**
**မြန်မာ့ရေလုပ်ငန်း(ငြိမ်း)**
**ဥက္ကဋ္ဌ-မြန်မာဆီးဖုဒ်လီမိတက်(ငြိမ်း)**
**ဥက္ကဋ္ဌ-မြန်မာဂါးမင်းလီမိတက်(ငြိမ်း)**
**အသက်(၈၀)**

ထားဝယ်မြို့၊ တလိုင်းမရပ်နှင့် ရန်ကုန်မြို့၊ (၂၃) လမ်း၊ အမှတ်(၇၃)နေ (ဦးဟိုစိန်-ဒေါ်အင်စိန်)တို့၏သားကြီး၊ အမေရိကန်နိုင်ငံနေ (ဦးအီဟုန်-ဒေါ်မြမြ)တို့၏သားသမက်၊ အမေရိကန်နိုင်ငံ San Francisco, Bay Area, Newark နေ ဒေါ်ခင်မြတ်လင်း(ခ)ဒေါ်ကြူကြူ(ခ)Stella Sein ၏ ချစ်လှစွာသောခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးယဉ်မောင်စိန်(ငြိမ်း)-ဒေါ်မြင့်မြင့်အေး၊ ဒေါ်ညွန့်ညွန့်စိန်(ဦးစီးအရာရှိ၊ ငြိမ်း၊ သ/မဦးစီး)၊ ဒေါ်ခင်ခင်စိန်- (ဗိုလ်မှူးတင်ဝင်း၊ တပ်မတော်လေ၊ ငြိမ်း)၊ Captain ဦးခင်မောင်စိန်(Singapore)-ဒေါက်တာ ဒေါ်စန်းစန်းကြူ၊ ဒေါ်စုစုမိုး(ခ)ဒေါ်ခင်ခင်စု-ဒုတိယဗိုလ်မှူးကြီး ဇော်ဝင်း(ညွှန်ကြားရေးမှူး၊ အား/ကာ၊ ငြိမ်း)၊ ဒေါက်တာဦးအောင်သက်(ရွှေ့နေ)-(ဒေါက်တာဒေါ်ညွန့်ညွန့်သီ)၊ Captain ဦးတင်မောင်အေး(တပ်မတော်-ရေ၊ ငြိမ်း)-(ဒေါက်တာဒေါ်မာလာနေဝင်း)၊ ဒေါ်ယဉ်ယဉ်စိန်(အထက်တန်းပြ၊ ငြိမ်း၊ လသာ-၂)၊ ဒေါ်ချိုချိုမာ-ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ထူး(ဌာနမှူး၊ ရေကြောင်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)တို့၏ ချစ်လှစွာသောအစ်ကိုကြီး ဗိုလ်မှူးတင်မောင်စိန်(ငြိမ်း)သည် ၃-၁၂-၂၀၁၇ရက် အမေရိကန်စံတော်ချိန် မွန်းလွဲ ၂း၀၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးတင်မောင်စိန် (လေ-၁၄၄၃၊ ငြိမ်း)
**ဗိုလ်သင်တန်းအပတ်စဉ် (၃၃)၊ ဒုအထွေထွေမန်နေဂျာ၊**
**မြန်မာ့ရေလုပ်ငန်း(ငြိမ်း)**
**ဥက္ကဋ္ဌ-မြန်မာဆီးဖုဒ်လီမိတက်(ငြိမ်း)**
**ဥက္ကဋ္ဌ-မြန်မာဂါးမင်းလီမိတက်(ငြိမ်း)**
**အသက်(၈၀)**

ထားဝယ်မြို့၊ တလိုင်းမရပ်နှင့် ရန်ကုန်မြို့၊ (၂၃) လမ်း၊ အမှတ်(၇၃)နေ (ဦးဟိုစိန်-ဒေါ်အင်စိန်)တို့၏သားကြီး၊ အမေရိကန်နိုင်ငံနေ (ဦးအီဟုန်-ဒေါ်မြမြ)တို့၏ သားသမက်၊ အမေရိကန်နိုင်ငံ San Francisco, Bay Area, Newark နေ ဒေါ်ခင်မြတ်လင်း(ခ)ဒေါ်ကြူကြူ(ခ)Stella Sein ၏ ချစ်လှစွာသောခင်ပွန်း၊ဒေါ်အေးစန္ဒီတင်-ဦးဇော်ဝင်း(Byron Lim)၊ ဒေါ်ယုဇနတင်-ဒုတိယဗိုလ်မှူးကြီး အောင်လှိုင်(တပ်မတော်-ရေ၊ ငြိမ်း)၊ ဒေါ်အမရာတင်-ဦးသက်ဝင်းကျော်၊ ဒေါက်တာဒေါ်နန်းဒေဝီတင်(ခ)Major Nancy Sein (US-Army)-Mr.Damien Dunin Wasowicz တို့၏ ချစ်လှစွာသော ဖခင်၊ Aaron Lim (San Jose State University)၊ Sara Lim၊ ယုမြတ်သွယ်(San Francisco State University)၊ မင်းသန့်အောင် (San Francisco State University)၊ စုရတနာကျော်၊ ငုံပွင့်လွှာကျော်၊ ရှိန်းသက်ကျော်တို့၏ ချစ်လှစွာသောဘိုးဘိုး ဗိုလ်မှူးတင်မောင်စိန်(ငြိမ်း)သည် ၃-၁၂-၂၀၁၇ရက် အမေရိကန်စံတော်ချိန် မွန်းလွဲ ၂း၀၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး**
## ဒေါ်လှရှင် (၇၈)နှစ်
**(ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်၊ သက်ရွာ)**

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း (က)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ် (၂၅၁)နေ (ဦးဘရွှေ-ဒေါ်မယ်ရင်)တို့၏သမီး၊ (ဦးဉာဏ်-ဒေါ်ပို)တို့၏ သမီးချွေးမ၊ (ဦးအုန်းညွန့်)၏ဇနီး၊ ဦးဝင်းပိုင်-ဒေါ်နိုင်နိုင်၊ ဗိုလ်မှူးတင်ဝင်း-ဒေါ်မြင့်မြင့်သန်း(မြို့/မြေဌာန၊ မြို့တော်စည်ပင်)၊ ဦးသောင်းဟန် (စက်/ယာဉ်ဌာန၊ မြို့တော်စည်ပင်)-ဒေါ်မြတ်မြတ်နွယ်၊ ဦးသိန်းငွေ (ယာ/အုံဌာန၊ မြို့တော်စည်ပင်)၊ ဦးမြင့်သူ(သီတာရွှေဆိုင်)-ဒေါ်စန်းစန်းမြင့်တို့၏ မွေးသမိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၄-၁၂-၂၀၁၇ရက် မွန်းလွဲ ၁း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်တင် (၆၂)နှစ်
**မြန်မာ့စီးပွားရေးဘဏ်(ငြိမ်း)၊ ကျောက်တံခါးမြို့**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်စံပြရပ်ကွက်၊ ကျောက်မြောင်း၊ ဘယသုဒ္ဓိလမ်း၊ အမှတ်(၂၈)၊ လေးလွှာ(ခြေရင်း)နေ ဦးမြင့်သိန်း (မြန်မာ့စီးပွားရေးဘဏ်၊ ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ကျောက်တံခါးမြို့နေ (ဦးကြီးမောင်-ဒေါ်ငွေပို)တို့၏သမီး၊ ဦးကျင်သန်း-ဒေါ်ရွှေ (ဦးခင်စိုး-ဒေါ်ကျင်ဝင်း)၊ (ဦးစိုးတင့်)-ဒေါ်လှဆန်းနီတို့၏ညီမ၊ ကိုသန်းဝင်း-မသိန်းဂျူလိုင်မိုး၊ မသိန်းဗေရယ်နွေတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မောင်လွင်မင်းခန့်၏ အဘွားသည် ၄-၁၂-၂၀၁၇ (တနင်္လာနေ့) နံနက် ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၀-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ရဟန်းဒါယိကာမကြီး**
## ဒေါ်သန်းတင် (၇၈)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ တက်မကျေးရွာဇာတိ၊ မြောက်ဒဂုံမြို့နယ်၊ (၄၉)ရပ်ကွက်၊ အမှတ် (၂၀၄)နေ (ဦးကြာလှ)၏ဇနီး၊ မ/ဥက္ကလာ၊ ပုဂံညောင်ဦးကျောင်းတိုက် ဆရာတော် ဦးဥတ္တရ၊ ဦးခင်မောင်သန်း-ဒေါ်သန်းငွေ၊ ဦးဝင်းမြင့်-ဒေါ်စန်းစန်းဝင်း၊ ဦးသန်းငွေ-ဒေါ်ငွေရီ၊ ဦးဝင်းလှိုင်-ဒေါ်ကြင်ငွေ၊ ကိုမောင်သောင်း၊ ကိုငွေလွင်-မမိုးသီတာ၊ ကိုညွန့်ဝေ၊ မသီတာအေး၊ မခင်မာထွေးတို့၏ မွေးသမိခင်၊ မြေး ၂၀ ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၄-၁၂-၂၀၁၇ (တနင်္လာနေ့) နံနက် ၉း၃၀ နာရီတွင် ပုဂံညောင်ဦးကျောင်းတိုက်၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (မ/ဥက္ကလာပမြို့နယ်၊ ပုဂံညောင်ဦး ကျောင်းတိုက်မှ ကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဒေါ်သင်းအေးဖိုး (၅၈)နှစ်
**အထွေထွေအတွင်းရေးမှူး၊အငြိမ်းစား**
**Y.W.C.A (ရန်ကုန်)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မင်းကြီးလမ်း၊ အမှတ်(၁၄၈)နေ ဦးကက်နက်စီဖိုး-ဒေါက်တာလီလျံဖိုးတို့၏ သမီးကြီး၊ (Rev.ဦးသိန်းမောင်-ဒေါ်သိန်းတင်)တို့၏သမီးချွေးမ၊ Rev.ဦးစံဖိုး (ကံဘဲ့အသင်းတော်)၏ဇနီး၊ ဦးမင်းကျော်သူ-ဒေါ်အေးဖိုးသဉ္ဇာတို့၏ မိခင်၊ မောင်မင်းမြတ်သူ၏အဘွား၊ ဦးစောမြတ်ထွန်းဖိုး- ဒေါ်မြမြလှ၊ (ဦးသုတ)-ဒေါ်လှဲ့လှဲ့သာဖိုးတို့၏အစ်မကြီး၊ မမြတ်ကေခိုင်ဖိုး၊ မောင်အောင်စည်သုတ၊ မောင်ကောင်းမြတ်သုတ၊ မမြတ်သစ္စာဖိုးတို့၏ ကြီးတော်သည် ၃-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၆း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၇ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ကံဘဲ့နှစ်ခြင်းအသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## အနိစ္စ

**ခရစ်တော်၌ အိပ်ပျော်ခြင်း**
## ဦးစောညိုထွန်း (၈၆)နှစ်
**ဆိပ်ကမ်း(အငြိမ်းစား)**
**၂/ရပ်ကွက်အသင်းတော်**
**မြောက်ဥက္ကလာပ (အသင်းထောက်ကြီး)**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၄)ရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ် (၁၁၇၉)နေ ဖီးဖီး ဒေါ်နော်ကြည်အေး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစောထွန်းကြည်-နော်ကကေ၊ ဦးမြင့်ကြူ-(ဒေါ်နော်လှလှ)၊ ဦးစောဝင်းတင်-နန်းမူဂဲလီ၊ ဦးထွန်းနွယ် (ဒုအထွေထွေမန်နေဂျာ၊ R.B.E စက်ရုံ၊ မြန်မာ့မီးရထား)-ဒေါ်နော်စေးဖော၊ စောသာဂေး၊ စောချစ်ရွှေ၊ စောလေးအယ်အေး-နော်အေးအေးထွန်းတို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၄ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘိုးသည် ၄-၁၂-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၁း၄၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၆-၁၂-၂၀၁၇(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

## ဦးမောင်ကောင်း(ခ)
## ဦးအကောင်း(ခ)
## လိုင်ကောက်ကောင်း (၈၅)နှစ်
**(မော်လမြိုင်)**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပါရမီကွန်ဒို၊ 7+1(A)၊ အခန်း(၄၀၁)နေ (ဦးကြူ-ဒေါ်ဖြူ)တို့၏သား၊ (ဦးသန်းဆွေ-ဒေါ်ခင်ကျင်း)၊ (ဦးမျိုးခင်)-ဒေါ်ကြူကြူလွင်တို့၏မောင်၊ (ဒေါ်ကြည်ကြည်လွင်)၏အစ်ကို၊ ဒေါ်သန်းသန်းမြင့်(ခ)ဖောင်ထွေးရိန်၏ခင်ပွန်း၊ ဒေါ်ညိုညိုလွင်-ဦးကျော်လွင်၊ ဒေါ်ချိုချိုလွင်၊ ဒေါ်ဖြူဖြူလွင်-ဦးအောင်ထွန်း၊ (ဦးမျိုးလွင်)၊ ဒေါ်ခင်ခင်လွင်၊ ဒေါ်ခိုင်ခိုင်လွင်-ဦးကျော်နိုင်ထူး၊ ဦးစိုးမိုးအောင်တို့၏ ဖခင်၊ မသီရိရတနာ၊ မယွန်းဝတီထူးတို့၏ အဘိုးသည် ၄-၁၂-၂၀၁၇ (တနင်္လာနေ့) နံနက် ၅း၀၅ နာရီတွင် အကယ်ဒမီအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးကျော်ဝင်း(ငသိုင်းချောင်း)
### အသက်(၈၀)

ငသိုင်းချောင်းမြို့နေ (ဦးမောင်တင်-ဒေါ်သန်းစိန်)တို့၏ သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် (၂၂၅)၊ သုံးလွှာနေ မသန္တာဝင်း၊ ကိုသူရကျော်၊ ကိုတင်ထွန်းဦး-မသီတာဝင်း၊ ကိုကျော်စွာမြင့် - မအေးစန္ဒာဝင်း၊ ကိုဇော်မျိုးလွင်-မအေးမြင့်ခိုင်တို့၏ ချစ်လှစွာသောဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး၊ ဒေါ်တင်တင်ဝင်း(ခ) မရှုရန်၏ ချစ်လှစွာသောခင်ပွန်းသည် ၃-၁၂-၂၀၁၇ရက် ည ၁၀း၂၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၇ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁၂-၂၀၁၇ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်မြကျင် (၇၁)နှစ်
**(အသောကဈေး)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ အမှတ် (၁၀၇)၊ လေးလွှာ၊ စိတ္တသုခလမ်းနေ (ဦးသိမ်းမောင်-ဒေါ်သန်းတင်)တို့၏ သမီး၊ (ဦးထွန်းရှိန်-ဒေါ်ခင်ဆွေ)တို့၏ သမီးချွေးမ၊ မမြမြသွေး၊ ကိုဆွေသန်-မသန္တာမျိုး၊ မောင်ယဉ်မိုးတို့၏ မွေးသမိခင်၊ ဦးမှို၏ဇနီး ဒေါ်မြကျင်သည် ၃-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) ည ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၇ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၁၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁၂-၂၀၁၇ (စနေနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးညီပု(ခ)ဦးထွန်းမြတ် (၉၄)နှစ်
**(မော်လမြိုင်-ကွင်းကောက်ယောဂီ)**

ရန်ကုန်မြို့၊ အမှတ်(၂၁၁)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်နေ [ဒေါ်ကျင်တင့် (ကွင်းကောက်ယောဂီ)]၏ခင်ပွန်း၊ ဦးအောင်နိုင်-ဒေါ်မိမိအောင်၊ ဦးမင်းအောင်-ဒေါက်တာဝင်းစမ်းဝင်း (တွဲဖက်ပါမောက္ခ၊ ရူပဗေဒဌာန၊ မန္တလာဒီဂရီကောလိပ်)၊ ဦးကျော်ကျော်ဝင်း၊ ဒုတိယရဲမှူးကြီး တင်နွယ်ထွန်း(ငြိမ်း)-ဒေါ်ခိုင်စန်းဝင်းတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၃၀-၁၁-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့)နံနက်၆နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးမောင်သန်း(မြိတ်) (၈၁)နှစ်

မြိတ်မြို့၊ ကန်ဖျားရပ်၊ ရဲသိပ္ပံလမ်း၊ ရတနာအဆင့်မြင့်ဘော်ဒါနေ (ဒေါ်ကြူသင်)၏ ခင်ပွန်း၊ ဦးကြည်ဦး-ဒေါ်သီသီသန်း၊ ဦးညီသန်း-ဒေါ်အေးမွန်တို့၏ ဖခင်ကြီး၊ ဦးမြတ်အောင်၏ညီ၊ ဦးမောင်ကြည်-ဒေါ်ငွေမြင်၊ ဦးသိမ်းလွင်-ဒေါ်သန်းရှင်၊ (ဒေါ်ကြူဝါ)၊ ဦးအောင်မိုး၊ ဦးမင်းနွယ်-ဒေါ်ချိုတို့၏ အစ်ကို၊ (ဦးတိတ်အင်)-ဒေါ်ခင်စောမူတို့၏ညီ၊ ဦးသန့်အောင်-ဒေါ်ခင်မြင့်၊ (ဦးတွတ်နီ-ဒေါ်ညွန့်)တို့၏ အစ်ကိုသည် ၄-၁၂-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၁၂း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၁၇(ဗုဒ္ဓဟူးနေ့) နေ့လယ်တွင် ကလွင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ရဟန်းဒါယိကာမကြီး**
## ဒေါ်နှင်းခင် (၇၉)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ရေကူးဘူတာရုံလမ်း၊ အမှတ်(၂၆)နေ (ဦးညွန့်သောင်း)၏ ဇနီး၊ ဦးသိန်းထွန်းဇော်-ဒေါ်ရီရီစန်း၊ ဦးအောင်မြင့်ဦး (ပြန်/ဆက်ဦးစီးဌာန၊ ရန်ကုန်အရှေ့ပိုင်းခရိုင်)၊ ဦးသန်းနိုင်ဦး-ဒေါ်ခင်ခင်ငြိမ်း၊ မမြင့်မြင့်သန်း၊ ဦးခင်မောင်ဦး (ဦးစီးအရာရှိ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရုံးချုပ်)-ဒေါ်မိုးမိုးအေး (ဒုတိယညွှန်ကြားရေးမှူး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရုံးချုပ်)၊ မကြည်ကြည်သန်းတို့ ၏ မွေးသမိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၄-၁၂-၂၀၁၇ (တနင်္လာနေ့) နံနက် ၈း၄၀ နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၁၇(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် အ ထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးခင်မောင်ကြည်(ထူးကြီး) (၆၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျိုက်တော်ရပ်ကွက်၊ ကျိုက်တော်အိမ်ရာ၊ (၅/၂၀၂)နေ (ဦးကြီးမြင့်-ဒေါ်ကွန့်)တို့၏သား၊ (ဦးစောလွင်-ဒေါ်ခင်မြင့်)တို့၏ သားသမက်၊ ဒေါ်ခင်စောဦး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးခင်မောင်ဝင်း-ဒေါ်သန်းသန်းဝင်းတို့၏ညီ၊ ဦးခင်မောင်ဆွေ-(ဒေါ်ယဉ်ရွှေ)တို့၏ အစ်ကို၊ (မောင်ရာဇာဦး)၊ ဦးအောင်ပိုကြိုင်-ဒေါ်စောစောယုယုမော်၊ မောင်ထွန်းလင်းအောင်တို့၏ ချစ်လှစွာသောဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၃-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁၂-၂၀၁၇(စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အ ထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးဟုတ်ရှင်(မြိတ်မြို့)
### အသက်(၆၀)

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ အထက်ကန်ဖျားလမ်းမကြီး၊ အမှတ် (၁၂၅)နေ (ဦးဟိုက်ရုံ-ဒေါ်ရှုဝါ)တို့၏ သားကြီး၊ (ဦးသန်းညွန့်)-ဒေါ်ဟန်မြင့်တို့၏ သားသမက်၊ ဒေါ်မြင့်မြင့်ညွန့်၏ ခင်ပွန်း၊ ဦးအောင်ကိုဖြိုး-ဒေါ်နှင်းနှင်းဝေ၊ မောင်ရန်ပိုင်ဖြိုး၊ မောင်သန့်စင်ဖြိုး၊ မခင်ရတနာဖြိုးတို့၏မွေးသဖခင်၊ မဂျူဂျူး၊ မသဲသဲတို့၏ အဘိုးသည် ၂-၁၂-၂၀၁၇ (စနေနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ကလွင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်မြင့်မြင့်ကြူ(ကျုံပျော်) (၅၇)နှစ်
**B.E(Mechanical)**
**ဌာနမှူး(ငြိမ်း) MPE၊ (ကုန်ထုတ်ရေနံဓာတု)၊ စွမ်းအင်ဝန်ကြီးဌာန**

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ ဘဝမြင့်ရပ်ကွက်၊ ရတနာလမ်း၊ မလိခအိမ်ရာ၊ တိုက်(၁၀)၊ အခန်းအမှတ်(၂၄)၊ ဒုတိယထပ်နေ (ဦးချစ်ထွေး-ဒေါ်ခင်ရီ)တို့၏သမီးငယ်၊ (ဦးရှိန်)-ဒေါ်သောင်းခင်တို့၏သမီးချွေးမ၊ ဦးစိုးဝင်းရှိန်(အငြိမ်းစား၊ MPE၊ ကျော်စွာဓာတ်မြေဩဇာစက်ရုံ၊ စွမ်းအင်ဝန်ကြီးဌာန)၏ချစ်လှစွာသောဇနီး၊ (ဦးအုန်းမြင့်)၊ ဦးမြင့်ဝေ-ဒေါ်ခင်ဝင်း၊ ဦးအုန်းချို-ဒေါ်ချောချောတို့၏ ညီမသည် ၄-၁၂-၂၀၁၇(တနင်္လာနေ့) နံနက် ၆း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၁၇(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးကိုကိုဝင်း (၄၉)နှစ်
**CDC-23093, Bosun Uniteam Marine**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ စော်ဘွားလမ်း၊ အမှတ် (၁၇-က)နေ (ဦးလှဝင်း-ဒေါ်ဒေဝီ)တို့၏ သားငယ်၊ (ဦးမောင်စိန်-ဒေါ်ကြည်)တို့၏ သားသမက်၊ ဦးကိုကိုကြီး-ဒေါ်ဝင်းဝင်းကြည်၊ ဦးစိုးသိန်း-ဒေါ်အေးအေး၊ (ဦးကိုကိုလတ်)-ဒေါ်စောတင်ညိုမင်း၊ ဦးကိုကိုလေး-ဒေါ်စန္ဒာအေး၊ ဦးဝင်းစိန်-ဒေါ်လှလှမြင့်၊ဒေါ်လှလှဝင်း၊ ဒေါ်လှလှငွေးတို့၏ ညီ/မောင်၊ မသက်ထားသူဇာ (Victoria University College)၊ မောင်ကျော်ဇင်ဟိန်း[Grade-5,(F) TTC၊ ကမာရွတ်]တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်မြမြဝင်း(နံ့သာဆေးဆိုင်)၏ ချစ်လှစွာသောခင်ပွန်းသည် ၃-၁၂-၂၀၁၇ရက် နံနက် ၈ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးဟိန္ဒူသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၉-၁၂-၂၀၁၇(စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# မြန်မာ ယူ-၂၃ အသင်း ဦးဆောင်ဂိုးကို မထိန်းနိုင်၍ MNL ညွှန့်ပေါင်းအသင်းနှင့် သရေကျ

**ရန်ကုန် ဒီဇင်ဘာ ၄**

နိုင်ငံတကာပြိုင်ပွဲယှဉ်ပြိုင်ရန် လေ့ကျင့်နေသည့် မြန်မာ ယူ-၂၃ အသင်းနှင့် MNL ညွှန့်ပေါင်းအသင်းတို့၏ ခြေစမ်းပွဲကို ယနေ့ညနေပိုင်းက သုဝဏ္ဏ ကွင်း၌ ကျင်းပရာ တစ်ဂိုးစီသရေကျခဲ့သည်။

**မြန်မာ ယူ-၂၃ အသင်း - တစ်ဂိုး**
**MNL ညွှန့်ပေါင်းအသင်း - တစ်ဂိုး**

ထိုင်းနိုင်ငံ၌ ကျင်းပမည့် M-150 Cup ယူ-၂၃ ဖိတ်ခေါ်ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်နေသည့် မြန်မာ ယူ-၂၃ အသင်း၏ ဒုတိယ ခြေစမ်းပွဲမှာလည်း သရေရလဒ်ဖြင့် ကျေနပ်ခဲ့ရပြီး ပြိုင်ပွဲမတိုင်မီ ကစားသည့် နှစ်ပွဲစလုံး နိုင်ပွဲပျောက်ဆုံးခဲ့သည်။ မြန်မာ ယူ-၂၃ အသင်းသည် အမာခံ ကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သော်လည်း ခြေစွမ်းအရ သာမန်သာရှိခဲ့သလို ယခုပွဲတွင်လည်း ဦးဆောင်ဂိုးကိုမထိန်းနိုင်၍ သရေကျခဲ့ခြင်းဖြစ်သည်။ MNL ညွှန့်ပေါင်းအသင်းသည် မြန်မာ့လက်ရွေးစင် ကစားသမားအများစုကို အမာခံထားကာ

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ❖



MNL ညွှန့်ပေါင်းအသင်းအတွက် ချေပဂိုးသွင်းခဲ့သည့် အီမန်နျူရယ် မြန်မာ ယူ-၂၃ အသင်းဘက်သို့ ထိုးဖောက်ဂိုးသွင်းရန် ကြိုးပမ်းနေစဉ်။



UEHRD စေတနာ့ဝန်ထမ်းလူငယ်များ ငါးခူရကျေးရွာရှိ အစ္စလမ်ဘာသာဝင်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

# ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) စေတနာ့ဝန်ထမ်းလူငယ်များ လုပ်အားပေးအစီအစဉ် ဒုတိယခရီးစဉ်

**မောင်တော ဒီဇင်ဘာ ၃**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) စေတနာ့ဝန်ထမ်းလူငယ်များ လုပ်အားပေးအစီအစဉ် ဒုတိယအသုတ်မှ စေတနာ့ဝန်ထမ်းလူငယ်များသည် နိုဝင်ဘာ ၂၉ ရက်တွင် စစ်တွေမြို့သို့ရောက်ရှိပြီး နိုဝင်ဘာ ၃၀ ရက်တွင် မောင်တောခရိုင် ဘူးသီးတောင်နှင့် မောင်တော မြို့နယ်များရှိ ကျေးရွာများသို့ ကွင်းဆင်းပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

စေတနာ့ဝန်ထမ်းလူငယ်များသည် မောင်တောနှင့် ဘူးသီးတောင်ဒေသရှိ ကျေးရွာများသို့ ကွင်းဆင်းပြီး ပြည်သူများအတွက် စားနပ်ရိက္ခာထောက်ပံ့ပေးမှု အပိုင်းနှင့် လူသားချင်းစာနာမှု အကူအညီပေးမှုအပြင် ရေရှည်ပြန်လည်ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ပေးနိုင်ရန်အတွက် လိုအပ်သည့် အချက်အလက်မျိုးစုံနှင့် စာရင်းများကိုလည်း ကောက်ယူကြသည်။

စေတနာ့ဝန်ထမ်းလူငယ်များသည် ဒီဇင်ဘာ ၁ ရက်တွင် မောင်တောမြို့နယ်အတွင်းရှိ ငါးခူရကျေးရွာနှင့် ဘူးသီးတောင်မြို့နယ်အတွင်းရှိ ဒုံးသိမ်၊ ကြာညိုပြင်၊ ပြာရည်ကျေးရွာများသို့သွားရောက်၍ စာရင်းများကောက်ယူခဲ့ပြီး ဒီဇင်ဘာ ၂ ရက်တွင် ရခိုင်၊ ဟိန္ဒူဘာသာဝင်နှင့် အစ္စလမ်ဘာသာဝင်များ အတူတကွနေထိုင်လျက်ရှိသည့် မောင်တောမြို့နယ်မြောက်ပိုင်း ငါးခူရကျေးရွာသို့ သွားရောက်၍ ရိက္ခာများထောက်ပံ့ပေးခဲ့သည်။

သတင်းအဖွဲ့သည် စေတနာ့ဝန်ထမ်းလူငယ်များ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည့် ငါးခူရကျေးရွာသို့ သွားရောက်၍ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများကို တွေ့ဆုံမေးမြန်းခဲ့သည်။

**ဒေါက်တာမင်းသိမ်း**
**(ညွှန်ကြားရေးမှူး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန)**

ကျွန်တော်တို့ UEHRD အစီအစဉ်ကို ဆောင်ရွက်နေတဲ့နေရာမှာ ကျွန်တော်တို့က အပိုင်းနှစ်ပိုင်းအနေနဲ့ သွားပါတယ်၊ ပထမတစ်ပိုင်းက တစ်တိုင်းပြည်လုံးမှာရှိတဲ့ လူငယ်တွေရဲ့ပူးပေါင်းဆောင်ရွက်မှုနဲ့ လူသားချင်းစာနာမှုအကူအညီတွေကို ပေးအပ်ဖို့ဆောင်ရွက်ပါတယ်၊ နောက်တစ်ပိုင်းကတော့ တစ်နိုင်ငံလုံးမှာရှိတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက အစိုးရအဖွဲ့တွေရဲ့ ဦးဆောင်မှုနဲ့

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❂


'ရလဒ်' ကောင်းဖို့ 'ကျောင်းကောင်း' ရွေးပါ

သဉ္ဇာသန်းနိုင် တည်ထောင်သည့် ကိုယ်ပိုင်အထက်တန်းကျောင်း (KG မှ တက္ကသိုလ်ဝင်တန်းအထိ)

ကျောင်း ၁ ခြံအမှတ် ၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။
ဖုန်း ၀၁ ၂၃၀ ၂၀၀၇၊ ၀၁ ၂၃၀ ၂၀၀၉၊ ၀၉ ၂၅၀ ၃၁ ၂၀၂၀

မင်္ဂလာ ကိုယ်ပိုင်အထက်တန်းကျောင်း (KG မှ တက္ကသိုလ်ဝင်တန်းအထိ)

ကျောင်း ၂ အမှတ် (၁၅၉/၁၆၁)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း ၀၉ ၄၀၀ ၉၈ ၈၉ ၂၀-၂၅

ကျောင်းကြီး၊ ကျူရှင်၊ ဝိုင်း တက်စရာ မလိုတော့ပါ။ STUDY GUIDE နှင့် တသင်၊ တကျက်၊ တစစ် စီစဉ်ပေးသည်။

၂၀၁၈ - ၂၀၁၉ ပညာသင်နှစ် အတွက် ကျောင်းအပ် လက်ခံပါပြီ ကြိုအပ်ခြင်းဖြင့် သေချာမှုကို ရယူပါ

အဆင့်မြင့် ဘော်ဒါ
KG မှ တက္ကသိုလ်ဝင်တန်းအထိ
[ပြေ ၂၆ ကျောင်းသူ၊ ပြေ ၂၈ ကျောင်းသား ဘော်ဒါ စ,ဝင်ရမည်]
ဘော်ဒါ အမှတ်(၁၁၁/၁၁၃)၊ ၅၇ လမ်း ပုဇွန်တောင်မြို့နယ်။
ဖုန်း ၀၁ ၃၉၇၉၃၉၊ ၀၉ ၅၁၉ ၇၇၂၆၊ ၀၉ ၅၁၇ ၆၅၄၃၊

FORWARD အဆင့်မြင့် စာသင်ဝိုင်း
၁၀ တန်း၊ ၉ တန်း၊ ၈ တန်း (ဘာသာစုံ)
၁၀ တန်း [ ဉာဏ်ရည်မြင့်(၉)ယောက်ဝိုင်း ] အထူးသီးသန့် ရှိသည်။
၁၀ တန်း(မတ် ၁၄)၊ ၉ တန်း(ပြေ ၂၆)၊ ၈ တန်း(ပြေ ၂၈)စ,မည်။
ဝိုင်း အမှတ်(၄၄)၊ ဗိုလ်ရာညွန့်လမ်း ဒဂုံမြို့နယ်။
ဖုန်း ၀၁ ၂၄၉ ၆၄၉၊ ၀၁ ၃၈၅ ၀၉၇၊

ကျောင်း (သို့) ဘော်ဒါ (သို့) စာသင်ဝိုင်း ကြိုက်ရာ ရွေးချယ် အပ်နှံနိုင်သည်။

Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 01 397939




# ပြည်တွင်း အရည်အသွေးပြည့်ဆေးဝါး ထုတ်လုပ်ရေးနှင့် အရည်အသွေး အာမခံရေး


**ဒေါက်တာဝင်းအောင်**
**(ဆေးသုတေသန/ကာကွယ်ဆေး)**

လူသားများသည် ရောဂါများကို တားဆီးကာကွယ်ရန်၊ သက်သာပျောက်ကင်းရန်နှင့် ပိုမိုကျန်းမာသန်စွမ်းစေရန် အတွက် ဆေးဝါးများကို မှီဝဲသုံးစွဲမှု ပြုကြပါသည်။ အရည်အသွေးပြည့်မီခြင်း မရှိသော ဆေးဝါးများကို အသုံးပြုမိပါက ရောဂါကာကွယ်မှုနှင့် သက်သာပျောက်ကင်းမှု မရှိနိုင်ခြင်းများအပြင် ဆေးဝါးများ၏ မလိုလားအပ်သော ဘေးထွက်ဆိုးကျိုးများကို ခံစားရပြီး အချိန်ကုန်လွန်ခြင်းနှင့် ငွေကြေးကုန်ကျခြင်းတို့ ဖြစ်ကြရပါသည်။ သုံးစွဲမိသူပြည်သူလူထုအတွက်သာမက နိုင်ငံတော်အတွက်လည်း ကျန်းမာရေးပြဿနာများ ပိုမိုကြုံတွေ့ရင်ဆိုင်ရပြီး နိုင်ငံတော်ဘဏ္ဍာငွေလည်း အကျိုးမဲ့စွာ သုံးစွဲသကဲ့သို့ ဖြစ်ရပါသည်။

လက်ရှိကာလတွင် မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် လိုအပ်နေသော ဆေးဝါးများ၏ ၈၅ ရာခိုင်နှုန်းခန့်နှင့် ဆေးပစ္စည်းများ၏ ၉၅ ရာခိုင်နှုန်းခန့်ကို ပြည်ပမှတင်သွင်းနေရဆဲဖြစ်ကြောင်း မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၏ ၂၀၁၅ ခုနှစ် မတ်လအတွင်း ထုတ်ပြန်ချက်အရ သိရပါသည်။ ယခင်နှစ်ကာလများ အတွင်းက ပြည်တွင်းတွင် အနောက်တိုင်းဆေးဝါးများကို ပုဂ္ဂလိက အခန်းကဏ္ဍမှ စက်ရုံတည်ထောင်ခြင်းနှင့် ထုတ်လုပ်ခြင်းကို နိုင်ငံတော်အစိုးရက ခွင့်ပြုထားခြင်း မရှိသေးဘဲ အနောက်တိုင်း နိုင်ငံခြားဆေးဝါးများကိုသာ ပြည်တွင်းသို့ တင်သွင်းဖြန့်ဖြူးရောင်းချခွင့်ပြုလျက်ရှိပါသည်။ များမကြာမီကာလအတွင်း နိုင်ငံတော်အစိုးရက ဆေးဝါးများကို နိုင်ငံသား လုပ်ငန်းရှင်များကိုသာမက နိုင်ငံခြားလုပ်ငန်းရှင်များကိုပါ ပြည်တွင်းဆေးဝါးစက်ရုံများ တည်ထောင်ခွင့်နှင့် ရင်းနှီးမြှုပ်နှံ ထုတ်လုပ်ခွင့်ပြုတော့မည် ဖြစ်ကြောင်း သိရပါသည်။ ထိုကဲ့သို့ ထုတ်လုပ်ခွင့်လိုင်စင်များ ရရှိနိုင်ရန် ထုတ်လုပ်သူများအနေဖြင့် နိုင်ငံတကာအဆင့်မီ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် (Good Manufacturing Practice-GMP) သတ်မှတ်ချက်များကို လေးလေးနက်နက် တိကျစွာလိုက်နာဆောင်ရွက်ကြရမည် ဖြစ်သကဲ့သို့ သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများကလည်း အထက်ပါကဲ့သို့ လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ စနစ်တကျ လမ်းညွှန်ကြီးကြပ် ထိန်းသိမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ် (GMP) ဆိုသည်မှာ ထွက်ကုန်ပစ္စည်းတစ်ခု၏ အရည်အသွေးကို အာမခံရာတွင် မရှိမဖြစ် လိုအပ်သော နည်းစနစ်တစ်ခုဖြစ်ပြီး ယင်းစနစ်၏ ရည်ရွယ်ချက်မှာ ထုတ်လုပ်လိုက်သည့် ထွက်ကုန်ပစ္စည်း (Product) သည် အမြဲတမ်း အရည်အသွေးကောင်းမွန် မြင့်မားသည့်ပစ္စည်း (Consistently High Quality Product) ဖြစ်ကြောင်း အာမခံနိုင်ရန် ဖြစ်ပါသည်။ အရည်အသွေးကောင်းမွန် မြင့်မားသောပစ္စည်း (High Quality Product) ဆိုသည်မှာ ထုတ်လုပ်လိုက်သည့် ပစ္စည်းသည် ဆေးဝါးကိုအသုံးပြုရခြင်း၏ ရည်ရွယ်ချက် (Intended use)အတိုင်း ပြီးပြည့်စုံခြင်းအပြင် သက်ဆိုင်ရာ ဆေးဝါးထုတ်လုပ်ရောင်းချမှု ကြီးကြပ်မှုအာဏာပိုင် အဖွဲ့အစည်း၏ သတ်မှတ်ချက်၊ လမ်းညွှန်ချက်၊ ခွင့်ပြုချက်များနှင့်လည်း ကိုက်ညီမှုရှိခြင်းကို ဆိုလိုပါသည်။ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်တွင် အစဉ်အမြဲ အရည်အသွေးမြင့်မားသောပစ္စည်း (Persistently High Quality Product) ကို ရရှိစေရန်အတွက် ထုတ်လုပ်မှုအပိုင်း (Production) မှလည်း သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ အမြဲတမ်းထုတ်လုပ်နိုင်ရန်နှင့် အရည်အသွေး ထိန်းသိမ်းမှုအပိုင်း (Quality Control) မှလည်း သတ်မှတ်ထားသော စံချိန်စံညွှန်းများအတိုင်း အမြဲတမ်းစမ်းသပ် စစ်ဆေးနေရပါမည်။ ဖွံ့ဖြိုးပြီးနိုင်ငံများ၌ ဆေးဝါးထုတ်လုပ်ရေးတွင် GMP ကျင့်စဉ်နည်းစနစ်ကို ၁၉၇၀ ပြည့်နှစ်ဝန်းကျင်မှစ၍ ကျင့်သုံးခဲ့ကြပါသည်။ နိုင်ငံတကာတွင် ဆေးဝါးထုတ်လုပ်ရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ချမှတ်ထားသော GMP နည်းစနစ်အပြင် သက်ဆိုင်ရာနိုင်ငံအလိုက်၊ ဒေသများအလိုက် လိုက်နာသုံးစွဲရန်ချမှတ်ထားသော GMP လမ်းညွှန်ချက်များလည်း အသီးသီးရှိကြပါသည်။ နိုင်ငံအလိုက်၊ ဒေသအလိုက် အနည်းငယ်စီ ကွဲပြားကြသော်လည်း အခြေခံသတ်မှတ်ချက် (Basic Principles ) များမှာ တူညီကြပါသည်။ လက်ရှိအချိန်ကာလတွင် ကမ္ဘာပေါ်တွင် နိုင်ငံအများစုသည် နိုင်ငံတကာ အသိအမှတ်ပြု GMP ထောက်ခံချက် ရရှိထားသော ဆေးဝါးများကိုသာ ထုတ်လုပ်ခြင်း၊ တင်ပို့ရောင်းချခြင်းနှင့် ဝယ်ယူသုံးစွဲမှုပြုခြင်းတို့ကို ကျင့်သုံးဆောင်ရွက်လာပြီဖြစ်ပါသည်။

ဆေးဝါးထုတ်လုပ်ရာတွင် ယေဘုယျအားဖြင့် အရည်အသွေးထိန်းသိမ်းရေး(Quality Control) ဌာနခွဲသည် ထုတ်လုပ်မှု၏ နောက်ဆုံးအဆင့် ထွက်ရှိလာသည့် ကုန်ချောပစ္စည်း (Finished Product) ကိုသာလျှင် သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်ကိုက်ညီမှု ရှိ၊ မရှိ သတ်မှတ်ထားသော အရည်အသွေးများနှင့် ပြီးပြည့်စုံခြင်း ရှိ၊ မရှိ သွေဖည်ခြင်း ရှိ၊ မရှိ စစ်ဆေးမှတ်တမ်းတင်ခြင်းနှင့် အသုံးပြုစေရန် သင့်၊ မသင့်တို့ကို ဆုံးဖြတ်ပေးခြင်းကို သာလျှင် ဆောင်ရွက်ပေးရပါသည်။ တစ်နှစ်ထက်တစ်နှစ် တိုးတက်ပြောင်းလဲလာသော ဆေးဝါးထုတ်လုပ်မှုကျင့်စဉ် (GMP) အရ ဆေးဝါး၏အရည်အသွေးကို နောက်ဆုံး








အဆင့်ရရှိသည့် ကုန်ချောပစ္စည်းတွင်သာမက ဆေးဝါး ထုတ်လုပ်ရန် စတင်အသုံးပြုမည့်ကုန်ကြမ်းများ (Starting / Raw Materials) အပြင် ထုတ်လုပ်မှု အဆင့်ဆင့်တွင် ထွက်ရှိသော ကုန်ချောမဖြစ်မီ ကြားအလယ်အဆင့်ဆင့်တွင် ထုတ်လုပ်ရရှိသော ကြားအဆင့်ပစ္စည်းများ (Intermediate / In-process Products) ကိုပင် သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးမှတ်တမ်းတင်ခြင်းနှင့် ဆောင်ရွက်လျက်ရှိသော ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်များကို ဆက်လက်ဆောင်ရွက်ရန် သင့်၊ မသင့် မှတ်ချက်ပေးဆုံးဖြတ်ပေးရခြင်း တာဝန်များကိုပါ မဖြစ်မနေဆောင်ရွက်လာကြရပြီ ဖြစ်ပါသည်။ ခြုံငုံ၍ပြောရလျှင် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲသည် ထုတ်လုပ်မည့်/ဆဲ/ပြီး ထုတ်ကုန်ဆေးဝါးနှင့် သက်ဆိုင်သောပစ္စည်းများ (Material / Products) ကိုသာလျှင် သတ်မှတ်ထားသော အရည်အသွေးနှင့်ပြည့်စုံခြင်း၊ မှန်ကန်ခြင်း ရှိ၊ မရှိ စစ်ဆေးမှုဆောင်ရွက်ခြင်းဖြစ်ပါသည်။ အရည်အသွေးထိန်းသိမ်းရေး၏ ရည်ရွယ်ချက်မှာ ထုတ်လုပ်လိုက်သည့် ဆေးဝါးတွင် သတ်မှတ်ထားချက် ပြည့်စုံမှုနှင့် မှားယွင်းမှု ရှိ၊ မရှိ စစ်ဆေးခြင်း (error detection/defect identification) ကို ဆောင်ရွက်သည့်စနစ်ဖြစ်ပါသည်။ အမှန်တကယ်တွင် ဆေးဝါးများ၏ အရည်အသွေးကို အထက်ပါကဲ့သို့ စစ်ဆေးစမ်းသပ်ခြင်းဖြင့် ဆေးဝါး၏ သတ်မှတ်ထားသော စံချိန်စံညွှန်း အရည်အသွေးအာနိသင် (Potency) နှင့် အရေအတွက်ပမာဏ (Quantity of Active Ingredients) များကိုသာ သိရှိနိုင်ပေမည်။ အထက်ပါဆေးဝါးတွင် ပြင်ပမှ မလိုလားအပ်သော၊ သုံးစွဲသူလူသားများကိုအန္တရာယ်ပေးနိုင်သော ပြင်ပမှအရာများ ရောနှောပါဝင်နေခြင်း (Contamination) ရှိ၊ မရှိကို လုံးဝမသိနိုင်ပါ။ အာမခံချက်မပေးနိုင်ပါ။ ဆေးဝါးများကိုအသုံးပြုပြီး (သောက်ပြီး၊ ထိုးပြီး) မှသာ သိရှိနိုင်ပါမည်။ ထိုကဲ့သို့ သိသည့် အချိန်တွင် အဆိုပါ ပြင်ပမှအရာများကြောင့် မလိုလားအပ်သော ဘေးထွက်ဆိုးကျိုးများ၊ အသက်အန္တရာယ်အထိ ဒုက္ခပေးနိုင်သည့် ဆိုးကျိုးများကို ခံစားကြရပါမည်။ တစ်နှစ်ထက်တစ်နှစ် တိုးတက်ပြောင်းလဲလာသော ဆေးဝါးထုတ်လုပ်မှုကျင့်စဉ်အရ အထက်ပါ ဆိုးကျိုးများဖြစ်ပွားမှုကို ကာကွယ်နိုင်ရန်နှင့် ဆေးဝါးထုတ်ကုန်၏ အရည်အသွေးသည် လုံးဝကောင်းမွန်ကြောင်းနှင့် အန္တရာယ်ကင်းရှင်းကြောင်း လုံးဝတာဝန်ခံ/အာမခံနိုင်ရန်အတွက် အရည်အသွေး အာမခံရေးစနစ်ကို အကောင်အထည်ဖော်ဖွဲ့စည်းတည်ထောင်လာခဲ့ကြပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ အရည်အသွေးအာမခံရေး (Quality Assurance) ဆိုသည်မှာ ထုတ်လုပ်လိုက်သောပစ္စည်း၏ အရည်အသွေးကို တစ်ခုချင်းစီသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍



သော်လည်းကောင်း ထိခိုက်စေနိုင်သည့် အကြောင်းအရာများအားလုံးကို စနစ်တကျစီမံခန့်ခွဲစစ်ဆေး ထိန်းချုပ်သည့်စနစ် ဖြစ်ပါသည်။ အဆိုပါစနစ်ကို အကောင်အထည်ဖော် ဖွဲ့စည်းတည်ထောင်ရခြင်း၏ ရည်ရွယ်ချက်မှာ ထုတ်လုပ်ရရှိသောပစ္စည်း (ဆေးဝါး)တွင် (၁)လိုအပ်သော အာနိသင်(Efficacy) ပြည့်စုံကြောင်း၊ (၂)မည်သည့်ဆိုးကျိုးအန္တရာယ်ဖြစ်စေခြင်း မရှိကြောင်း(Safety)၊ (၃) သတ်မှတ်ထားသည့် စံချိန်စံညွှန်းအတိုင်း အမြဲတမ်း အရည်အသွေးပြည့်မီသည့် ပစ္စည်း (Quality Product) ဖြစ်ကြောင်းနှင့် (၄) မလိုလားအပ်သည့် ပြင်ပမှပစ္စည်းများပါဝင်ခြင်း (Contamination) မရှိကြောင်းကို သုံးစွဲသူများအား လုံးဝအာမခံနိုင်ရန် ဖြစ်ပါသည်။ ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ် (GMP) သည် အရည်အသွေး အာမခံရေးစနစ်အတွက် မရှိမဖြစ်လိုအပ်သော၊ တစ်စိတ်တစ်ဒေသအဖြစ် ပါဝင်သော ကျင့်စဉ်ဖြစ်ပါသည်။ ထို့ကြောင့် အရည်အသွေး အာမခံရေး၏ ရည်ရွယ်ချက်မှာ ထုတ်လုပ်လိုက်သည့် ဆေးဝါးတွင် ဖြစ်ပေါ်လာနိုင်သည့် အရည်အသွေးမပြီးပြည့်စုံခြင်းနှင့် မှားယွင်းခြင်းများမရှိအောင် ကာကွယ်ရန် (Risk Prevention) ဖြစ်ပါသည်။ အရည်အသွေးအာမခံရေး စနစ်သည် ဆေးဝါးထုတ်လုပ်ခြင်း မပြုလုပ်မီကပင် ကြိုတင်ဆောင်ရွက်ထားသည့် စနစ်ဖြစ်ပါသည်။ အထက်ဖော်ပြပါ GMP ကျင့်စဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ကြပ်မတ်ထိန်းသိမ်းဦးဆောင်လမ်းညွှန်ရမည့် တာဝန်ကို အရည်အသွေးအာမခံရေးဌာနခွဲမှ ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ ထို့ကြောင့် GMP ကျင့်စဉ်တွင် အဓိကပါဝင်သော အခြေခံလိုအပ်ချက် လေးခုဖြစ်သော ဆေးဝါးစက်ရုံ၏ဝန်ထမ်းများ (MEN)၊ အသုံးပြုမည့် ကုန်ကြမ်းပစ္စည်းများ (MATERIALS)၊ စက်ပစ္စည်းများ (MACHINERY) နှင့် နည်းစနစ်များ (METHODS) များကို သတ်မှတ်ထားသော စံချိန်စံညွှန်းများအတိုင်း လိုက်နာဆောင်ရွက်နိုင်ရန်၊ ကိုက်ညီပြည့်စုံစေရန်နှင့် အတိအကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်တို့သည် အရည်အသွေး အာမခံရေးဌာနခွဲ၏ ကြီးမားသော တာဝန်ပင် ဖြစ်ပေသည်။ ထို့ကြောင့် GMP ကျင့်စဉ်အရ အရည်အသွေးပြည့် ဆေးဝါးများကိုထုတ်လုပ်မည့် စက်ရုံများတွင် ထုတ်လုပ်ရေးဌာနခွဲနှင့် အရည်အသွေး ထိန်းသိမ်းရေး ဌာနခွဲများသာမက အရည်အသွေးအာမခံရေးဌာနခွဲသည် မရှိမဖြစ်ပါဝင်ရမည့် ဌာနခွဲတစ်ခုအဖြစ် ရပ်တည်လာခဲ့ကြရပါသည်။

ထို့ကြောင့် ဆေးဝါးထုတ်လုပ်သည့်စက်ရုံ၏ဖွဲ့စည်းပုံတွင် ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်အရ ဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းကို ဝန်ထမ်းများက ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကြရာတွင် အဓိကဌာနခွဲ သုံးခုပါဝင်ကြရပေမည်။ အဆိုပါဌာနခွဲများမှာ ကုန်ကြမ်းရရှိသည်မှ ကုန်ချောရရှိသည်အထိ ထုတ်လုပ်မှုအဆင့်ဆင့်ကို ဆောင်ရွက်ရသော ထုတ်လုပ်ရေး (Production) ဌာနခွဲ၊ ထုတ်လုပ်မှု အဆင့်ဆင့်တိုင်းတွင် ထွက်ရှိလာသည့်ဆေးဝါးများကို သတ်မှတ်ချက်နှင့်ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးပေးရသော အရည်အသွေးထိန်းသိမ်းရေး (Quality Control) ဌာနခွဲနှင့် ထုတ်လုပ်မှုအဆင့်ဆင့်တိုင်းနှင့် စက်ရုံတစ်ခုလုံးရှိ ဝန်ထမ်းများ၊ စက်ပစ္စည်းများ၊ အသုံးပြုမည့် ကုန်ကြမ်းပစ္စည်းများ ၊ ထုတ်လုပ်ရရှိသည့် ဆေးဝါးများသာမကနှင့် နည်းပညာများအားလုံးသည် သတ်မှတ်ထားသော အရည်အသွေး ပြည့်မီမှန်ကန်ကြောင်းနှင့် ကောင်းမွန်သော ထုတ်လုပ်မှု ကျင့်စဉ်ကို လိုက်နာဆောင်ရွက်ကြောင်း အာမခံနိုင်ရန် ထိန်းသိမ်းကြီးကြပ်ပေးရသည့် အရည်အသွေးအာမခံရေး (Quality Assurance) ဌာနခွဲတို့ဖြစ်ကြပါသည်။

ဆေးဝါးထုတ်လုပ်သည့်စက်ရုံတွင် အရည်အသွေးအာမခံရေးဌာနခွဲ၏ အဓိကတာဝန်များမှာ

(၁) မှတ်တမ်းအထောက်အထားများ ပြုစုထိန်းသိမ်းထားရှိခြင်း (Documentation)
(၂) လေ့ကျင့်သင်ကြားပေးခြင်း (Training)
(၃) ကြပ်မတ်စစ်ဆေးခြင်း (Audit)
(၄) စက်ကိရိယာပစ္စည်းများ ကြံ့ခိုင်ကောင်းမွန်ရေးအတွက် ဆောင်ရွက်ခြင်း (Preventive Maintenance)
(၅) စက်ကိရိယာများ၏ ပြသချက်များကို တိကျမှန်ကန်အောင် စံကိုက်ညှိပေးခြင်း (Calibration)
(၆) ဆောင်ရွက်ချက်များသည် သတ်မှတ်ချက်အတိုင်း ရရှိကြောင်းအထောက်အထားပြုမှတ်တမ်းတင်ထားရှိခြင်း (Validation )
(၇) ထုတ်လုပ်မှု ပတ်ဝန်းကျင်အခြေအနေအား ကြပ်မတ်ထိန်းသိမ်းခြင်း (Environmental Monitoring)
(၈) ထုတ်လုပ်မှုကုန်ကြမ်းပစ္စည်းနှင့် ထွက်ကုန်ပစ္စည်းများကို ထိန်းသိမ်းကြီးကြပ်ခြင်း ( Matereial and Product Control )
(၉) ထုတ်လုပ်မှု အဆင့်ဆင့်တွင် ကြီးကြပ်ထိန်းသိမ်းခြင်း (In- Process Control)
(၁၀) ပြုပြင်ပြောင်းလဲ ပြင်ဆင်ခြင်းများအား ကြပ်မတ်ထိန်းသိမ်းခြင်း(Change Control)
(၁၁) ပုံမှန်မှ သွေဖည်ခြင်းများအတွက် စစ်ဆေးဖော်ထုတ်ခြင်း(Investigation of Deviation)
(၁၂) သုံးစွဲသူများ၏တင်ပြတိုင်တန်းမှုနှင့် မကျေနပ်ချက်များကို စစ်ဆေးဖော်ထုတ်ခြင်း (Investigation of Customer’s Complaints)
(၁၃) နှစ်စဉ်ထုတ်လုပ်မှုနှင့် ထုတ်ကုန်ပစ္စည်း အခြေအနေပြန်လည်ဆန်းစစ်ခြင်း(Annual Product Review) တို့ ဖြစ်ပါသည်။

အရည်အသွေးအာမခံရေးဌာနခွဲသည် အထက်ဖော်ပြပါ လုပ်ငန်းတာဝန်များအားလုံးကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အာဏာပိုင်အဖွဲ့အစည်းများနှင့် လည်းကောင်း စက်ရုံအတွင်းရှိ ထုတ်လုပ်ရေးဌာနခွဲ၊ အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ၊ ကိရိယာပြုပြင်ထိန်းသိမ်းရေးဌာနခွဲနှင့် Logistics ဌာနခွဲတို့မှ ကျွမ်းကျင်ဝန်ထမ်းများနှင့်လည်းကောင်း၊ အခြားသော ပြည်တွင်းပြည်ပဆေးဝါးထုတ်လုပ်သည့်စက်ရုံများနှင့် အသင်းအဖွဲ့များ၊ ထုတ်လုပ်မှုကုန်ကြမ်းနှင့် စက်ကိရိယာပစ္စည်းများ တင်သွင်းသောကုမ္ပဏီများနှင့်လည်းကောင်း ပြင်ပပုဂ္ဂလိက Calibration ပြုလုပ်ပေးသည့် ကျွမ်းကျင်အဖွဲ့အစည်း၊ Standard စံချိန်စံညွှန်းဆောင်ရွက်ပေးသည့် ကျွမ်းကျင်အဖွဲ့အစည်းကုမ္ပဏီများနှင့်လည်းကောင်း

**စာမျက်နှာ ဆ သို့**

# လူငယ်နှင့် ဖွံ့ဖြိုးရေး

နေမျိုးသူရိန်

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဆိုပါနိုင်ငံအတွင်း အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသော လူငယ်များမွေးထုတ်ပေးရန် လိုအပ်ပါသည်။ ယနေ့လူငယ် နောင်ဝယ်လူကြီး ဆိုသည့်စကားအတိုင်း လူငယ်များသည် နောင်တစ်ချိန်တွင် လူကြီးဖြစ်လာသည့်အခါ ရပ်ရွာ၊ မြို့နယ်တာဝန်များအဆင့်ဆင့်မှ အစပြု၍ ကြီးမားသော နိုင်ငံ့တာဝန်များအထိ လွှဲပြောင်းတာဝန်ယူကြရမည့် မျိုးဆက်သစ်လူငယ်များဖြစ်ပါသည်။ အနာဂတ်နိုင်ငံတော်၏ အင်အားသည် မျိုးဆက်သစ်လူငယ်များ၏ လက်ဝယ်တွင် တည်ရှိသကဲ့သို့ ကောင်းမွန်သော အနာဂတ်နိုင်ငံတည်ဆောက်ရာတွင်လည်း လူငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် တည်မှီနေပါသည်။

ယနေ့ ကမ္ဘာ၏ပြောင်းလဲမှု၊ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်နှင့် ထိုပြောင်းလဲဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ်များကြောင့် ပေါ်ထွန်းလာသည့် စိန်ခေါ်မှုများသည် လူငယ်ထုအပေါ်တွင် ဩဇာသက်ရောက်လျက် ရှိပါသည်။ လူငယ်များသည် နိုင်ငံ၏လူ့စွမ်းအား အရင်းအမြစ်ဖြစ်ပြီး အဆိုပါစွမ်းအားဖြင့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရမည်ဖြစ်ပါသည်။

လူငယ်များသည် အမှန်တရားကို မြတ်နိုးကြသည်။ ဖျတ်လတ်တက်ကြွသည်။ စိတ်အားထက်သန်ပြီး စူးစမ်းလေ့လာလိုကြသည်။ ဖွဲ့၊ လုံ့လ၊ ဝီရိယရှိကြသည်။ ပတ်ဝန်းကျင်၏ ဆွဲဆောင်မှု၊ ရင်းနှီးမှုပေါ်မူတည်၍ လိုက်ပါသွားလေ့ရှိသည်။ စူးရှထက်မြက်သော ဉာဏ်ပညာ ကြွယ်ဝပြီး ပကတိအပြစ်ကင်းစင်သော နှလုံးသားကိုလည်း ပိုင်ဆိုင်၍ အတုယူလိုကြသည်။ ပင်ကိုအရည်အသွေး ကောင်းမွန်သည့် လူငယ်များကို အများအကျိုးအတွက် ကိုယ်ကျိုးစွန့်သော ပရဟိတစိတ်ထားနှင့် နောက်လိုက်ကောင်းစိတ်ဓာတ်ကိုမွေးမြူကာ ခေါင်းဆောင်ကောင်းတစ်ယောက်၏ အရည်အချင်းများကို လေ့ကျင့်သင်ကြားပေးလျှင် အနာဂတ်တွင် ရင့်ကျက်သော ခေါင်းဆောင်ကောင်းများ ဖြစ်လာနိုင်ပါသည်။

လူငယ်ဟု သတ်မှတ်ကြခြင်းသည် ယေဘုယျအားဖြင့် ငယ်ရွယ်သေးသည့် ကလေးဘဝနှင့် အရွယ်ရောက်ပြီး သက်ကြီးဘဝတို့အကြား သတ်မှတ်ခြင်းဖြစ်သည်။ အဆိုပါအသက်အပိုင်းအခြားတွင် လူငယ်သည် တစ်ဦးချင်းဘဝ ကိုယ်ပိုင်အရည်အသွေးနှင့် လူမှုဆက်ဆံရေးကို ပျိုးထောင်ကြသည့် ကာလဖြစ်သည်။ မိဘ(သို့မဟုတ်) အုပ်ထိန်းသူ (သို့မဟုတ်) သင်ဆရာတို့ကိုမှီခိုအားထားရသည့် ဘဝဖြစ်စဉ်နှင့် လွတ်လပ်စွာရပ်တည်နိုင်မှုကို ရှေးရှုသည့် ဘဝဖြစ်စဉ်တို့အကြား တည်ရှိနေသည့်ကာလလည်း ဖြစ်သည်။ ၎င်းအသက် အပိုင်းအခြားတွင် မိမိတို့ဘဝကို မိမိတို့ကိုယ်တိုင် ထိန်းကျောင်းထူထောင်ပြီး လူ့အဖွဲ့အစည်းအတွင်း လူမှုဆက်ဆံရေးတာဝန်ရှိမှုတို့ကို ခံယူသွားကြရသည်။ ကမ္ဘာတစ်လွှားလူငယ်များ၏ ယဉ်ကျေးမှု အလေ့အထ၊ တွေ့ကြုံရသောအခြေအနေ အခက်အခဲများအလိုက် ကွဲပြားခြားနားမှုများရှိသော်လည်း ထိုကာလအပိုင်းအခြားအတွင်း လူငယ်တို့၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ အသိဉာဏဆိုင်ရာနှင့် စိတ်ခံစားမှုဆိုင်ရာ အပြောင်းအလဲများဖြစ်ပေါ်မှုမှာ ကမ္ဘာတစ်ဝန်းလုံးတွင် ပင်ဖြစ်သည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းကြီးက အသက်(၁၅)နှစ်မှ (၂၄)နှစ်အတွင်းကို လူငယ်ဟူ၍ လည်းကောင်း၊ အသက်(၁၀)နှစ်မှ (၁၉)နှစ်အတွင်းကို ဆယ်ကျော်သက်လူငယ်ဟူ၍လည်းကောင်း ညွှန်းဆိုဖော်ပြခြင်းမျိုး ရှိသော်လည်း နိုင်ငံအလိုက် ထူးခြားသော အခြေအနေများအရ အသက်အုပ်စု ပြောင်းလဲသတ်မှတ်ကြကြောင်း လေ့လာမှတ်သားရပါသည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ စုစုပေါင်းလူဦးရေ၏ ၁၇ ဒသမ ၈၁ ရာခိုင်နှုန်းမှာ အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်းရှိ လူငယ်များဖြစ်ပြီး လူဦးရေ၏ ၂၇ ဒသမ ၈ ရာခိုင်နှုန်းမှာ အသက် ၁၀ နှစ်မှ ၂၄ နှစ်အတွင်းရှိ လူငယ်နှင့် ဆယ်ကျော်သက်များဖြစ်ပါသည်။

ယနေ့ခေတ်ကာလသည် မည်သည့်ခေတ်နှင့်မျှ မတူအောင် အရွေ့အပြောင်းများက မြန်ဆန်လွန်းလှပါသည်။ ဂလိုဘယ်လိုက်ဇေးရှင်း၊ အတတ်ပညာနှင့် နည်းပညာတို့က အဆိုပါအရွေ့အပြောင်းတို့ကို မောင်းနှင်ပေးလျက်ရှိသည်။ ကမ္ဘာကြီးတစ်ခုလုံး သေးကျုံ့သွားပြီး မည်သည့်အရေးကိစ္စမဆို ကြာရှည်ဖုံးကွယ်ထား၍ မရတော့ပေ။ သတင်းစီးဆင်းမှုများ လျင်မြန်လာသကဲ့သို့ စီးပွားရေး၊ ပညာရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုစသည့် ဖြစ်စဉ်များကလည်း တဖြည်းဖြည်းဘောင်ကျဉ်းလာသည်။

လူ့အဖွဲ့အစည်းတစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်သူများမှာ လူငယ်များဖြစ်သည့်အလျောက် လူငယ်ထုများ အင်အားကောင်းလေလေ၊ လူ့အဖွဲ့အစည်းဖွံ့ဖြိုးလေလေဟု ဆိုနိုင်ပါသည်။ သို့သော် လူငယ်များကို သက်ဆိုင်ရာလူ့အဖွဲ့အစည်း အသီးသီးက မည်သို့လေ့ကျင့်ပျိုးထောင်ထားသနည်း ဆိုသော အချက်ပေါ်မူတည်ကာ ဖွံ့ဖြိုးမှုအတိုင်းအတာ ကွာခြားသွားတတ်သည်။ လူငယ်ဟုဆိုလျှင် နုသစ်ပျိုမျစ်သော၊ ဖျတ်လတ်တက်ကြွသော၊ သန်မာကြံ့ခိုင်သော၊ လုပ်အားစွမ်းရည်မြင့်မားသော အရွယ်ရှိသူများဟု ယေဘုယျအားဖြင့် နားလည်ထားကြသည်။ စင်စစ်အားဖြင့် ထိုအုပ်စုဝင်လူငယ်တို့သည် တိုင်း၊ နိုင်ငံနှင့် လူ့ဘောင်လောကတစ်ခုလုံးအတွက် အင်မတန်အရေးကြီးသောနေရာတွင်ရှိနေကြသည့် ဖွံ့ဖြိုးမှု၏အင်အားစုများဖြစ်ကြသည်။

**အနာဂတ်၏စွမ်းဆောင်ရှင်၊ ဖန်တီးရှင်များဖြစ်သည့် လူငယ်များအနေဖြင့် ဖွံ့ဖြိုးရေးဖြစ်စဉ်များကို လက်တွေ့ကြိုးစားဖော်ဆောင်ပြီး မိမိတို့ပခုံးပေါ် ကျရောက်လာသည့် အနာဂတ်တာဝန်များကို ရဲဝံ့စွာ ကြိုးပမ်းထမ်းဆောင်သွားကြရမည်**

သိပ္ပံနှင့်နည်းပညာတိုးတက်လာသော ယနေ့အချိန်တွင် လူငယ်များဆီသို့ အသွင်သဏ္ဌာန်မျိုးစုံတို့သည် နည်းပေါင်းစုံဖြင့် ရောက်ရှိနေကြသည်။ ထို့ကြောင့် လူငယ်များ ခေတ်နှင့်အညီ လိုက်လျောညီထွေနေထိုင်ကြရာတွင် စိန်ခေါ်မှုများစွာ ရှိနေပါသည်။ ထိုစိန်ခေါ်မှုများကို ဖြေရှင်းရာတွင် ဦးနှောက်ကိုသာမက နှလုံးသားကိုပါ အသုံးချတတ်ရပါမည်။ အသစ်အသစ်သော စိန်ခေါ်မှုများ၊ ပြဿနာများနှင့် ဤကမ္ဘာတွင် အရည်အသွေးရှိသည့် လူငယ်များ အမှန်တကယ် လိုအပ်လှပါသည်။

ယနေ့ခေတ်လူငယ်များသည် ခေတ်နှင့်အညီ ပေါ်ပေါက်လာသည့်ပညာရပ်များကို မျက်ခြည်မပြတ် လေ့လာဆည်းပူးနေကြရန် လိုအပ်ပါသည်။ မိမိတတ်သလောက်၊ သိသလောက်နှင့် ရောင့်ရဲတင်းတိမ်နေ၍ မရဘဲ အနာဂတ်ကို အမြဲမျှော်မှန်းနေရမည်ဖြစ်သည်။ ပေ့ါပေ့ါဆဆမနေဘဲ ဖွံ့ဖြိုးတိုးတက်ရန် အမြဲကြံစည်နေကြရမည်ဖြစ်သည်။ ငယ်ရွယ်စဉ်အချိန်ကာလတွင် ကြိုးစားရမည်ဖြစ်ပါသည်။ ဝါသနာ၊ ဗီဇ၊ အလေ့အကျင့်နှင့် ကြိုးစားအားထုတ်မည်ဆိုလျှင် ဘဝတွင်အောင်မြင်မှုများနှင့် ကြုံတွေ့ရမည်ဖြစ်သည်။

လူငယ်အရွယ်၊ လူငယ်ဘဝတွင် အသိပညာ၊ အတတ်ပညာများကို ရှာဖွေစုဆောင်းပြီး မိမိဘဝတိုးတက်ရာ တိုးတက်ကြောင်းအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းနေရမည်ဖြစ်သည်။ ပညာခေတ်တွင် ပညာကိုမရှာ၍မဖြစ်တော့ပေ။ ပညာမတတ်လေ ပညာမသိလေဖြစ်ပေမည်။ ပညာတတ်ရန်၊ ပညာသိရန်နှင့် ပညာများလက်ဝယ်ရှိရန် လိုအပ်ပါသည်။ ပညာရှာသည့်အခါတွင်လည်း မိမိတတ်လိုသည့် ပညာကို အမှန်တကယ်တတ်အောင် သင်ယူထားမည်ဆိုလျှင် မိမိလုပ်ကိုင်ဆောင်ရွက်လိုသည်ကို သိရှိသည်နှင့် တစ်ပြိုင်နက် မည်သို့လုပ်ဆောင်ရမည်ကို အလွယ်တကူ သိပြီး ဖြစ်ပါမည်။

အတတ်ပညာကို အငမ်းမရရှာဖွေနေကြသည့် လူငယ်များသည် အတတ်ပညာကို သူ့ထက်ငါအပြိုင်ရှာဖွေနေကြသလို အသိပညာကိုလည်း သူ့ထက်ငါ အပြိုင်ရှာဖွေသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် အတတ်ပညာသာမက အသိပညာပါကြွယ်ဝပြီး အမှန်နှင့်အမှားကို ခွဲခြားသိမြင်၍ မှန်ကန်သောလမ်းကို လျှောက်လှမ်းနိုင်မည်ဖြစ်သည်။ သင်ကြားမှု သင်ယူမှုအလေ့အကျင့်ကောင်းများ ရရှိနိုင်သည့်သူများဖြစ်ပါက ကောင်းသည့်ဘက်တွင် ပိုမိုတိုးတက်လာနိုင်ပါသည်။

တိုင်းပြည်၏အနာဂတ်အတွက် အကောင်းအဆိုးများသည် ယနေ့လူငယ်များအပေါ်တွင် မူတည်လျက်ရှိပါသည်။ ပညာတတ်လိုသည့်စိတ်၊ ကြီးပွားလိုသည့်စိတ်ကို ပြုစုပျိုးထောင်ပေးရန် လိုအပ်သလို ရိုးသားဖြောင့်မတ်လိုသည့်စိတ်၊ အများအကျိုးဆောင်လိုသည့်စိတ် စသည့် စိတ်ကောင်းစိတ်မြတ်များကို ခိုင်ခိုင်မာမာဖြစ်ထွန်းလာအောင် ဆောင်ရွက်ရန်လိုအပ်ပါသည်။ နိုင်ငံတကာနှင့် ရင်ပေါင်တန်း လျှောက်လှမ်းနိုင်ရန်အတွက် နိုင်ငံတိုင်းက အသုံးပြုနေကြသည့် အင်္ဂလိပ်စာ၊ ကွန်ပျူတာ၊ အင်တာနက် စသည့် ပညာရပ်များကို မဖြစ်မနေတတ်မြောက်ထားရှိရန် လိုအပ်သလို အဓိကကျသည့် ပညာရပ်များကိုလည်း ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနေရမည် ဖြစ်သည်။

ယနေ့ခေတ်လူငယ်များသည် နည်းပညာဖွံ့ဖြိုးတိုးတက်မှုဒီလှိုင်းကြီးကို တပျော်တပါးဆော့ကစားရင်း စီးနင်းနေကြသည်။ ကမ္ဘာကြီး၏ ရေကြော၊ မြေကြော၊ လေကြောများကို ကျုံ့ပစ်သည့်နည်းပညာကြောင့် ယဉ်ကျေးမှုချင်း လက်ယှက်ထိုးစီးကူးနေလျက်ရှိသည်။ နည်းပညာဒီလှိုင်း စီးနိုင်ရေးအတွက် အသိပညာလိုအပ်ပါသည်။ အသိပညာ(knowledge)ကို မည်သူမဆို လွယ်လင့်တကူ သင်ယူရနိုင်ပြီး သင်ယူလိုစိတ်ရှိသူတိုင်း တတ်မြောက်နိုင်ပါသည်။ အဓိကအရေးကြီးသည်မှာ ဉာဏ်ပညာ(wisdom) ပိုင်ဆိုင်ရေးဖြစ်ပါသည်။ ဉာဏ်ပညာရှိမှသာ လူ့အဖွဲ့အစည်းကြီး သာယာငြိမ်းအေးစေနိုင်ပါသည်။ လူငယ်များကို အသိပညာသင်ကြားပို့ချရုံ သာမကဘဲ အသိပညာ ပိုင်ဆိုင်ရရှိစေရန် အခင်းအကျင်းများ ဖန်တီးပေးရမည်ဖြစ်ပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ ရပ်ရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များတွင် လူငယ်ထုတစ်ရပ်လုံး ပါဝင်လာနိုင်ရန် လိုအပ်ပါသည်။

လူငယ်များသည် ဖွံ့ဖြိုးရေးအတွက် အသက်မွေးဝမ်းကျောင်းပညာရပ် ကျွမ်းကျင်မှု၊ ဘာသာစကားကျွမ်းကျင်မှု၊ သတင်းအချက်အလက်နှင့် နည်းပညာကျွမ်းကျင်မှု၊ အသိပညာဗဟုသုတပြည့်စုံမှု စသည့်အချက်လေးချက်ကို အချိန်မီဖြည့်ဆည်းထားရန် အရေးကြီးပါသည်။

အကျင့်စာရိတ္တကောင်းမွန်ပြီး ဉာဏ်ပညာထက်မြက်ကြသည့် လူသားများအတွက် အကျိုးပြုအရာဝတ္ထုများနှင့် စမ်းသပ်တီထွင်မှုများရှိမှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်လာပြီး ငြိမ်းချမ်းသည့် ကမ္ဘာကြီးဖြစ်လာမည်ဖြစ်ပါသည်။ လူငယ်များသည်လည်း အကျင့်စာရိတ္တကောင်းပြီး အကြံဉာဏ်ကောင်းများကို မစဉ်းစား၊ မတွေးခေါ်၊ မတီထွင်ဘဲ ဖြစ်သလိုနေ၊ ရသလိုစားနေခဲ့လျှင် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်နှင့် မလွဲမသွေ လွဲချော်နေမည်ဖြစ်ပေသည်။

အရှိန်အဟုန်ဖြင့် ပြောင်းလဲနေသည့် ဖွံ့ဖြိုးမှုဖြစ်စဉ်များတွင် အသိပညာ၊ အတတ်ပညာပြည့်ဝ၍ အရည်အချင်းရှိသော လူငယ်များအားလုံးပါဝင်ရန် လိုအပ်ပါသည်။ အသိပညာဗဟုသုတပြည့်ဝသည်နှင့်အမျှ စဉ်းစားပုံ၊ တွေးခေါ်ပုံ ကောင်းမွန်စနစ်ကျလာပြီး အတတ်ပညာနှင့် လုပ်ကိုင်ဆောင်ရွက်ရသည့် စွမ်းဆောင်ရည်များလည်း တိုးတက်လာမည်ဖြစ်ရာ နိုင်ငံ့၏ဖွံ့ဖြိုးရေးဖြစ်စဉ်များတိုင်းတွင် လူငယ်များအားလုံး တစ်ထောင့်တစ်နေရာမှ ပါဝင်ဆောင်ရွက်လာနိုင်မည် ဖြစ်ပါသည်။

ယနေ့ကမ္ဘာကြီးသည် အပြောင်းအလဲဆီသို့ အဟုန်ပြင်းပြင်းဖြင့် ချီတက်လျက်ရှိပါသည်။ မထင်မှတ်သော ဖြစ်ရပ်များ၊ အပြောင်းအလဲများလည်း ဖြစ်ပေါ်လျက်ရှိရာ လူ့ဘောင်လောက၏သမိုင်းကို ဖန်တီးသူမှာ လူထုဖြစ်သည်။ အဆိုပါ လူထုကို ဦးဆောင်မည့်သူမှာ လူငယ်များဖြစ်ပါသည်။ လူငယ်များ၏ အရည်အသွေးကိုကြည့်၍လည်း နိုင်ငံ၏အနာဂတ်ကို အကဲဖြတ်မှန်းဆနိုင်ပါသည်။ ထို့ကြောင့် အနာဂတ်၏စွမ်းဆောင်ရှင်၊ ဖန်တီးရှင်များဖြစ်သည့် လူငယ်များအနေဖြင့် ဖွံ့ဖြိုးရေးဖြစ်စဉ်များကို လက်တွေ့ကြိုးစားဖော်ဆောင်ပြီး မိမိတို့ပခုံးပေါ် ကျရောက်လာသည့် အနာဂတ်တာဝန်များကို ရဲဝံ့စွာ ကြိုးပမ်းထမ်းဆောင်သွားကြရမည် ဖြစ်ပါသည်။

---

❒ စာမျက်နှာ ၈ မှ

ပူးပေါင်းလျက် နှစ်စဉ် Annual Master Plan စီမံချက်များကို ကြိုတင်ရေးဆွဲထားရှိကာ တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ်(သို့မဟုတ်) လုပ်ငန်းလိုအပ်မှုရှိလျှင် အခါအားလျော်စွာ ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် တင်ပြရလျှင် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သော မြန်မာနိုင်ငံသည် ၂၀၀၇ ခုနှစ်အတွင်း စင်ကာပူနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော (၁၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ဆုံးဖြတ်ကြေညာချက်အတိုင်း အာဆီယံစီးပွားရေးအသိုက်အဝန်း(ASEAN Economic Community-AEC)ကို ၂၀၁၅ ခုနှစ်တွင် ပူးပေါင်းပါဝင် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ AEC တွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံကုန်သွယ် ရောင်းချမှုပြုလုပ်ရာတွင် အခြားသော ကုန်သွယ်မှု ပစ္စည်းအမျိုးမျိုးသာမက ကျန်းမာရေးနှင့်သက်ဆိုင်သော ဆေးဝါးထုတ်လုပ်မှုများလည်း ပါဝင်လာမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် အာဆီယံကုန်သွယ်ဖက်နိုင်ငံများအချင်းချင်း ကတိကဝတ်များ၊ သဘောတူညီချက်များနှင့် လက်မှတ်ရေးထိုးစာချုပ်ချုပ်ဆိုခြင်းများ ပြုလုပ်ထားသည့်အလျောက် မိမိတို့နိုင်ငံ၏ အခြားထုတ်ကုန်များနည်းတူ ဆေးဝါးများကိုလည်း AEC မှချမှတ်ထားသော စည်းမျဉ်းစည်းကမ်းအတိုင်း ထုတ်လုပ်ရောင်းချရမည်သာ ဖြစ်ပါသည်။ ဆေးဝါးများကို ထုတ်လုပ်ရာတွင် ချမှတ်ထားသော ကောင်းသောထုတ်လုပ်မှု ကျင့်စဉ်နှင့်အညီ ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်မှသာလျှင် မိမိတို့နိုင်ငံထုတ် ဆေးဝါးများကို အခြားသောအာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တင်သွင်းခွင့်ပြုမည်၊ လက်ခံသုံးစွဲမည်ဖြစ်ပါသည်။ ထိုနည်းတူစွာပင် အခြားနိုင်ငံမှ မြန်မာနိုင်ငံသို့ တင်သွင်းလာသော အလားတူ ဆေးဝါးများသည် မိမိနိုင်ငံမှ ထုတ်လုပ်သော ဆေးဝါးများထက် အရည်အသွေးကောင်းမွန်ကြောင်း အာမခံချက်များရှိပါက မိမိတို့နိုင်ငံထုတ် ဆေးဝါးများအနေဖြင့် ပြည်တွင်း/ပြည်ပဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်း လျော့နည်းသွားမည် ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်( GMP) နှင့်အညီ အရည်အသွေးပြည့် အဆင့်အတန်းမီ ဆေးဝါးများကို ထုတ်လုပ်ရောင်းချနိုင်ရန် ပြည်တွင်း ဆေးဝါးထုတ်လုပ်သည့် လုပ်ငန်းရှင်များမှ ကြိုးစားအားထုတ် ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ တာဝန်ရှိ နိုင်ငံတော်အစိုးရ အာဏာပိုင်အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ ကျွမ်းကျင်ပုဂ္ဂိုလ်များကလည်း ပံ့ပိုးကူညီ လမ်းညွှန်မှုပြုရန် ယခုအချိန်ကတည်းက လိုအပ်နေပြီဖြစ်ပါသည်။ AEC အဖွဲ့အစည်း၏ ရည်မှန်းချက်တစ်ခုဖြစ်သော အာဆီယံဒေသတွင်း တင်ပို့/တင်သွင်းရောင်းချမည့် ဆေးဝါးနှင့်ဆေးပစ္စည်းများ အပါအဝင် ကုန်ပစ္စည်းအမျိုးအစားအားလုံး၏ အရည်အသွေးအဆင့်အတန်းကို တစ်ပြေးညီ သတ်မှတ်ရေးဆိုသည့်အချက်နှင့် ကိုက်ညီဆီလျော်မှုရှိရန် အထူးလိုအပ်ပါသည်။ ဆေးဝါးထုတ်လုပ်မှု လုပ်ငန်းကဏ္ဍအနေဖြင့် AEC ကြောင့် ဖြစ်ပေါ်လာမည့် ပြိုင်ဆိုင်မှုများ၊ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် မိမိတို့ မြန်မာနိုင်ငံအနေဖြင့် ကြိုတင်ပြင်ဆင်ထားရှိရမည် ဖြစ်ပါသည်။ ထို့ကြောင့် ပြည်တွင်းဆေးဝါးထုတ်လုပ်သည့် လုပ်ငန်းရှင်များက မိမိတို့ထုတ်လုပ်လိုက်သည့် ဆေးဝါးများ၏ အရည်အသွေး စံချိန်စံညွှန်းမြင့်မားရေးနှင့် အရည်အသွေး အာမခံနိုင်ရေးတို့ကို ဦးတည်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ထိုကဲ့သို့သော အရည်အသွေးပြည့် ဆေးဝါးများထုတ်လုပ်နိုင်ရေးအတွက် ဆေးဝါးထုတ်လုပ်သည့်စက်ရုံတွင် ဆေးဝါးထုတ်လုပ်ရေးဌာနခွဲသည် အရည်အသွေး ထိန်းသိမ်းရေးဌာနခွဲ၏ ကြီးကြပ်ထိန်းသိမ်းမှုကိုခံယူလျက် အရည်အသွေးအာမခံရေးဌာနခွဲ၏ လမ်းညွှန်ဦးဆောင်မှုအောက်တွင် ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ် (GMP)နှင့်ကိုက်ညီအောင် ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း နှိုးဆော်တိုက်တွန်းလိုက်ရပါသည်။

ဝ

# သမိုင်းဝင် မြန်မာပြည်ပန်းချီကောင်စီ

■ ဝင်းပ

၂၀၁၃ ခုနှစ် ဩဂုတ်လက ဝဏ္ဏကျော်ထင် ပန်းချီဆရာကြီး ဦးစံဝင်း ၁၀၉ နှစ်မြောက် အထိမ်းအမှတ် ပန်းချီဆရာကြီး ဦးစံဝင်း၏ ဘဝနှင့် သူ့လက်ရာစာအုပ်တစ်အုပ် ကျွန်တော် ရေးသားပြုစုခဲ့ပါသည်။ ကျွန်တော် အဌမတန်းကျောင်းသား ဘဝကစပြီး ဆရာ့ထံမှာ ပန်းချီပညာဆည်းပူးခဲ့သူဖြစ်ရာ ဆရာ့ဇနီး အန်တီ ဒေါ်ထူးရှင်၊ သား သတ္တိ၊ သမီးငယ် နုနုဝင်းတို့နှင့် ရင်းနှီးခင်မင်ခဲ့ပါသည်။

ထို့ကြောင့် ဆရာ့အကြောင်းရေးသားသည့်အခါ ဆရာ့ထံမှ သက်ကြီးစကား သက်ငယ်ကြားမှတ်တမ်းများ၊ ဆရာနှင့် အောက်ဒိုးလိုက်ထွက်ခဲ့သည့် အတွေ့အကြုံများ၊ အခွင့်ကြုံတိုင်း ဆရာကိုယ်တိုင်ပြောပြသည့် ပန်းချီသမိုင်း မှတ်တမ်းများ အပြည့်အစုံရှိပါသည်။ ဆရာ့အတ္ထုပ္ပတ္တိကို လက်တွေ့ပြုစုသည့်အခါ ဆရာ့သမီးထံမှ ရရှိသော ဆရာ့ ကိုယ်တွေ့မှတ်တမ်းဖိုင် မျိုးစုံကိုလည်း ရရှိခဲ့ပါသည်။ ဆရာ ကိုယ်ပိုင် ဆရာ့မှတ်တမ်း Personal ဖိုင်တစ်ခုတွင် မြန်မာပန်းချီသမိုင်းတစ်ကွေ့အတွက် တန်ဖိုးကြီးသော မှတ်တမ်းတစ်ခု တွေ့ရပါသည်။ သမိုင်းဝင်မြန်မာပြည် ပန်းချီကောင်စီ အကြောင်းကို တွေ့သိရခြင်းဖြစ်ပါသည်။ မြန်မာပန်းချီလောကသားများ၊ တစ်နိုင်ငံလုံး လေးစား အားကျရသော လူရိုသေ ရှင်ရိုသေ စာပေပညာရှင်ကြီးများ၊ ပန်းချီပညာရှင်ကြီးများ၊ နိုင်ငံတကာအတွေ့အကြုံ ရင့်ကျက်သူ အနုပညာရှင်ကြီးများ၏ လွန်ခဲ့သောနှစ်ပေါင်း ၆၅ နှစ်ကျော်က ကြိုးပမ်းအားထုတ်မှုအဖြစ် မြင်ရပါသည်။ မျက်မှောက်ခေတ်အနုပညာရှင်များ အားကျအတုယူစရာ ကောင်းလှသော အဖွဲ့အစည်းကြီးဖြစ်ပါသည်။


ထိုစဉ်က မြန်မာပြည်ပန်းချီကောင်စီ (Burma Art Council) ကြီးကို လွတ်လပ်ရေးရပြီး ၁၉၅၂ ခုနှစ်က ပြည်ထောင်စုဝန်ကြီး ပေါ်ပေါက်လာချိန်နှင့် တစ်ချိန်တည်း ဖွဲ့စည်းခဲ့ပါသည်။ မြန်မာပြည်ပန်းချီကောင်စီတွင် ပါဝင်ခဲ့သော စာပေပန်းချီအနုပညာရှင်ကြီးများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

| | | |
|---|---|---|
| ဥက္ကဋ္ဌ | - | ဗိုလ်မှူးကြီးလက်ျာ |
| အတွင်းရေးမှူး | - | ပန်းချီဆရာကြီးဦးစံဝင်း |
| အဖွဲ့ဝင် | - | ပန်းချီဆရာကြီးဦးငွေကိုင် |
| အဖွဲ့ဝင် | - | ပန်းချီဆရာကြီးဦးဘကြည် |
| အဖွဲ့ဝင် | - | ဆရာကြီးဦးလှရှိန်(I.C.S) |
| အဖွဲ့ဝင် | - | ဆရာကြီးဦးသိန်းဟန်(ဆရာဇော်ဂျီ) |
| အဖွဲ့ဝင် | - | ဆရာကြီးဦးဝန် (ဆရာမင်းသုဝဏ်) |
| အဖွဲ့ဝင် | - | စည်သူဦးကောင်း(ပညာမင်းကြီး) |
| အဖွဲ့ဝင် | - | စည်သူဒေါက်တာဦးဘ(ပညာမင်းကြီး) |
| အဖွဲ့ဝင် | - | ဒေါက်တာသာလှ(ပါမောက္ခချုပ်) |
| အဖွဲ့ဝင် | - | ဆရာကြီးဦးကြည် (I.C.S) |
| အဖွဲ့ဝင် | - | ဆရာကြီးဦးအောင်မြင် (ရန်ကုန်သတင်းစာ) |
| အဖွဲ့ဝင် | - | ဦးတင်မောင် တို့ဖြစ်ကြပါသည်။ |

ဖော်ပြပါမြန်မာပြည်ပန်းချီကောင်စီ (Burma Art Council) အမှုဆောင်အဖွဲ့မှာ ယဉ်ကျေးမှုဌာန၏ ယဉ်ကျေးမှုရေးရာများ၊ ရှေးရိုးမြန်မာပန်းချီ ထိန်းသိမ်း စောင့်ရှောက်ရေးလုပ်ငန်းများ၊ မြန်မာနိုင်ငံပန်းချီပညာ အဆင့်အတန်းမြင့်မားရေးအတွက် ပန်းချီပြပွဲပြိုင်ပွဲများ ကျင်းပရေး၊ ပန်းချီပန်းပုကျောင်းများတွင် သင်ရိုးညွှန်းတမ်း များ ရေးဆွဲရေးလုပ်ငန်းများအတွက် အကြံကောင်း ဉာဏ်ကောင်းများ ပေးနိုင်ရေးတို့အတွက် ကူညီဆောင်ရွက် ခဲ့ပါသည်။

အထူးခြားဆုံးနှင့်အထင်ပေါ်ဆုံးသော လုပ်ဆောင်မှု များမှာ ကမ္ဘာ့အဆင့်မီ ပန်းချီပန်းပုလက်ရာများ အဆင့် မီရေး ဦးတည်သော ရွှေတိဂုံအနောက်မုခ်တွင် ပန်းချီပြပွဲ ပြိုင်ပွဲများ ကျင်းပပေးရန် ယဉ်ကျေးမှုဌာနသို့ တိုက်တွန်း ခဲ့ပြီး ပြပွဲပြိုင်ပွဲများ ဖြစ်မြောက်ရေးအတွက် ဆရာကြီးများက ပါဝင်ကူညီခဲ့ကြပါသည်။ နှစ်ပတ်လည် စာပေဗိမာန် ပန်းချီ ပြပွဲများကိုလည်း အဆင့်အတန်းမြင့်မြင့် ကျင်းပနိုင်ရေး ကိုလည်း အားပေးကူညီ ဆောင်ရွက်ပေးခဲ့ကြပါသည်။

အဆင့်အတန်းမီသော ပန်းချီလက်ရာများကိုလည်း အမျိုးသားပြတိုက်အတွက် ဝယ်ယူစုဆောင်းပေးခဲ့ကြပါ သည်။ ယနေ့မြင်တွေ့ရသော အမျိုးသားပြတိုက်အတွင်းက ပန်းချီလက်ရာအများစုမှာ Burma Art Council လူကြီး များ ရွေးချယ်ဝယ်ယူပေးခဲ့သော ပန်းချီကားများဖြစ်ကြပါ သည်။ ထိုစဉ်က Burma Art Council အဖွဲ့ဝင်



**၁၉၅၃ ခုနှစ် ရွှေတိဂုံစေတီ အနောက်မုခ်တွင် ကျင်းပသော ယဉ်ကျေးမှုပြပွဲပြိုင်ပွဲအတွက် ဂျူဗလီဟော ပန်းချီပန်းပုကျောင်းတွင် ဆုချီးမြှင့်နိုင်ရန်အတွက် အဖွဲ့ဝင်လူကြီးများ စိစစ်ရွေးချယ်နေကြစဉ်။ ဝဲမှ ယာ - ဦးဘကြည်၊ ဦးစံဝင်း၊ ဦးလှရှိန်၊ ဦးငွေကိုင်၊ ဦးအုန်းလွင်၊ ပညာမင်းကြီး ဦးကောင်း၊ ကျောင်းအုပ်ကြီး ဦးခင်မောင်**

လူကြီးများမှာ အားလုံးလိုလိုပင် နိုင်ငံတကာအတွေ့အကြုံ ရှိသူ ပညာရှင်ကြီးများဖြစ်၍ နိုင်ငံတကာနှင့်ယှဉ်လျှင် မိမိနိုင်ငံ၏ ယဉ်ကျေးမှု အနုပညာလက်ရာများ အဆင့် မြင့်မားရေး နိုင်ငံတော်က ဆောင်ရွက်သင့်သည့်ကိစ္စများ ကို အသိပေးအကြံပြုရန် ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုမှတစ်ဆင့် အစိုးရအဖွဲ့သို့ အကြံပြုစာတစ်စောင်ကို လည်း တင်သွင်းခဲ့ကြပါသည်။ အင်္ဂလန်နိုင်ငံမှာကဲ့သို့ Royal Academy တော်ဝင်အကယ်ဒမီလို အဖွဲ့အစည်း ကြီးတစ်ခုပေါ်ထွန်းလာရေးကအစ အကြံပြုစာတွင် ထည့်သွင်းအကြံပြုခဲ့ပါသည်။ အကြံပြုချက်စာ မိတ္တူကို

**အထူးခြားဆုံးနှင့်အထင်ပေါ်ဆုံးသော လုပ်ဆောင်မှုများမှာ ကမ္ဘာ့အဆင့်မီ ပန်းချီပန်းပုလက်ရာများ အဆင့်မီရေး ဦးတည်သော ရွှေတိဂုံအနောက်မုခ်တွင် ပန်းချီပြပွဲ ပြိုင်ပွဲများ ကျင်းပပေးရန် ယဉ်ကျေးမှုဌာနသို့ တိုက်တွန်းခဲ့ပြီး ပြပွဲပြိုင်ပွဲများ ဖြစ်မြောက်ရေးအတွက် ဆရာကြီးများက ပါဝင်ကူညီခဲ့ကြ**

ဆရာကြီးဦးစံဝင်း၏ ဖိုင်ထဲက ရရှိခဲ့ပါသည်။ Burma Art Council အတွင်းရေးမှူး ပန်းချီဆရာကြီး ဦးစံဝင်း လက်မှတ်ထိုး၍ နိုင်ငံတော်သို့တင်ပြခဲ့သော အကြံပြုစာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**မြန်မာပြည်ပန်းချီကောင်စီမှအကြံပြုတင်ပြချက်**

**၁။ မြန်မာ့အနုပညာရပ်များကို ထိန်းသိမ်းရေး**

မြန်မာတို့၏ ယဉ်ကျေးမှုအနုပညာရပ်များ၏ ပြတိုက်သည် ဘုရားတန်ဆောင်းကျောင်းတည်းဟူသော ဘာသာရေးအဆောက်အအုံများဖြစ်ပေသည်။ သို့ရာတွင် တိုးတက်ပြောင်းလဲလျက်ရှိသော တိုင်းပြည်သည် ခေတ်နှင့် ရင်ပေါင်တန်းလျက် ပြုပြင်ပြောင်းလဲရသည်မှာ မှန်ပါ သည်။ သို့ရာတွင် ပြောင်းလဲရာ၌ လူမျိုး၏ ဓလေ့ထုံးစံ စရိုက်နှင့် အကြိုက်ကို မှီငြမ်းပြု၍ ပြောင်းလဲနိုင်မှသာလျှင် ဂုဏ်ယူစရာဖြစ်ပေသည်။

**၂။ သာသနာ့အဆောက်အုံများ**

ရွှေတိဂုံစေတီတော်ကို ရှေးဦးစွာကြည့်မည်ဆိုသော် ၁၉၃၃ ခုနှစ် မတိုင်မီကာလက တည်ရှိသော စေတီတော်၏ အရံအတားများဖြစ်သော တန်ဆောင်းပြာသာဒ်များသည် မြန်မာများဂုဏ်ယူစရာ လက်ရာမြောက် အဆောက် အအုံများ ဖြစ်ခဲ့သည်။ ရုပ်လုံးများ၊ ကနုတ်ပန်းများ၊ ချူးပန်း ချူးနွယ်များဖြင့် ရှုမငြီးသော အဆောက်အအုံများ ဖြစ်ခဲ့ သည်။ ပြည်ပခရီးသည်များသည် မြန်မာလူမျိုးကို အထင်ကြီးစရာ အဆောက်အအုံများဖြစ်ခဲ့သည်။ ၁၉၃၁ ခုနှစ်တွင် ရွှေတိဂုံစေတီတော်ကြီးမီးခသဖြင့် အနောက် ဘက်နှင့် မြောက်ဘက်မုခ်ဦး တန်ဆောင်းများအပြင် အရှေ့မုခ် ဗဟန်းဘက်အဆင်း လက်ျာဘက်တွင် တည်ရှိ သောဆေးရေးတန်ဆောင်းများ ပျက်စီးခဲ့ရသည်။ ထိုဆုံးရှုံး ခြင်းများသည် အစားထိုး၍ မရသောဆုံးရှုံးမှုများ ဖြစ်ပါ သည်။

**၃။ အစားထိုးခဲ့သော အဆောက်အအုံများ**

မကြာမတင်မှာပင် မီးလောင်ပျက်စီးသွားခဲ့သော တန်ဆောင်းများနေရာတွင် အဆောက်အအုံသစ်များ ပေါ်ပေါက်လာပေသည်။ ထိုအဆောက်အအုံသစ်များတွင် ယခင် သစ်သားပန်းပန်းပု ကနုတ်ချူးပန်းချူးနွယ်များ နေရာတွင် သံပန်းများကို အစားထိုး၍ လုပ်ထားသည်ကို တွေ့လာရသည်။ ယခင်ရှေးလက်ရာ တန်ဆောင်းများနှင့် မယှဉ်သာအောင် လက်ရာများမှာ ညံ့ဖျင်းလှကြောင်း တွေ့နိုင်ပေသည်။

လွတ်လပ်ရေးရပြီးသည့်ခေတ် ရွှေတိဂုံစေတီတော်ကြီး ၏ အခြံအရံတန်ဆောင်းများ အရှေ့ဘက်နှင့် မြောက်ဘက် မုခ်ဦး တန်ဆောင်းများသည် စိတ်ပျက်ဖွယ်ကောင်းလှ၏။ ချူးပန်းချူးနွယ် ကနုတ်ပန်းတို့သည် တိုက်ပုံအင်္ကျီဝတ်လျက် ခေါင်းပေါင်းမပါသော ရဟန်းလူထွက်များနှင့်တူလှ၏။ ယင်းတန်ဆောင်းများသည် လွတ်လပ်ရေးရပြီးခေတ်တွင် မြန်မာ့ယဉ်ကျေးမှုအနုပညာ ကင်းဝေးပပျောက်သွားသော သဏ္ဌာန်ကို ဆောင်လျက်ရှိပေသည်။

ရွှေတိဂုံမြောက်ဘက် တန်ဆောင်း (ဆာဘိုးသာ တန်ဆောင်း)သည် ရင်ပြင်တော်ပေါ်တွင် အကောင်းဆုံး အဆောက်အအုံတစ်ခုဖြစ်ခဲ့ပေသည်။ လွတ်လပ်ရေးရပြီး နောက် နှစ်အနည်းငယ်အတွင်း ဟောင်းနွမ်းသဖြင့် ပြင်ဆင်ခဲ့ရာ ပြာသာဒ်များ၌ ရုပ်လုံးချူးပန်း ပန်းဆွဲများ ဗလာနတ္ထိဖြစ်ခဲ့သည်။ မြန်မာလူမျိုး၏ အနုပညာ လက်ရာများ ပျောက်ခဲ့ရသည်။ ၎င်းတန်ဆောင်းလှေကား အထက်တွင် အမြင့်ငါးပေရှိ နတ်ရုပ်နှစ်ရုပ်ရှိသည်။ အလွန်လက်ရာမြောက်သော ရှေးပန်းပုဆရာကြီးများ၏ လက်ရာမွန်များဖြစ်သည်။ အရုပ်တစ်ရုပ်၌ နတ်ဝတ် တန်ဆာကျိုးပဲ့လျက်ရှိသည်။ ၎င်းသည် ယိုင်လုလုရှိနေပြီး လအနည်းငယ်အတွင်း ပျက်တော့မည့် အရိပ်ယောင်များ သန်းလျက်ရှိသည်။ ဤမှန်စီရွှေချ တန်ဆောင်းပန်းဆွဲများ၌ လက်ရာအလွန်ကောင်းသော ရုပ်လုံးများ အများအပြား ရှိသည်။ နှစ်ကာလကြာညောင်းလှသဖြင့် အချို့ စောင်း လျက်၊ အချို့ဇောက်ထိုး မိုးမျှော်နေသော အရုပ်များရှိသည်။ မည်သူမျှ ပြင်ဆင်သည်ကိုမတွေ့ရ၊ အချို့ပြုတ်ကျသဖြင့် အများအပြား ပျောက်ပျက်ကုန်သည်လည်းရှိသည်။

အထက်ဖော်ပြချက်များကာ ရွှေတိဂုံကုန်းတော်ရှိ အလွန်များပြားသော ချွတ်ယွင်းချက်များအနက် မြင်ကွင်း အချို့သာဖြစ်သည်။

ပုဂံမြို့ရှိ ရွှေစည်းခုံဘုရား၏ ရင်ပြင်တစ်လျှောက်တွင် သာသနာအဆောက်အအုံနှင့်မတူသော အဆောက်အအုံ များ၊ တန်ဆောင်းများ တစ်နေ့တခြား များပြားတိုးတက် လာသည်ကို တွေ့မြင်နိုင်ပါသည်။ အခြား တန်ခိုးကြီးဘုရား များလည်း ဤနည်းနှင်နှင်ဖြစ်သည်။

**ထို့ကြောင့် အောက်ပါအတိုင်းအကြံပေးပါသည်။**

၁။ ရွှေတိဂုံစေတီတော်၊ ပုဂံရွှေစည်းခုံ၊ အာနန္ဒာ၊ ပြည်ရွှေဆံတော်၊ ပဲခူးရွှေမော်ဓော အစရှိသော စေတီတော်မြတ် များရှိ ရှေးဟောင်းအဆောက်အအုံများ ချွတ်ယွင်းပျက်စီး သည့် အခါ မူလအတိုင်းပြင်ဆင်မွမ်းမံရန်၊

၂။ ပြန်လည်မွမ်းမံပြင်ဆင်ခြင်း၊ အသစ်တည်ဆောက် ခြင်းများ ပြုလုပ်သောအခါ မြန်မာပြည်ပန်းချီကောင်စီ၏ အကြံဉာဏ်ကို ဂေါပကအဖွဲ့မှ လက်ခံရန်နှင့် နိုင်ငံတော် အစိုးရကိုယ်စား ယဉ်ကျေးမှုဌာနက စီစဉ်ပေးရန် အကြံပြု ပါသည်။

ယခုအခါယဉ်ကျေးမှုဌာနကြီးရှိပါလျက် ပုဂံနယ်မြေ တွင် ဟိုတယ်အလုံးပေါင်း ၇၀ ကျော် တည်ဆောက်ထား သည်ကို ဆရာကြီးတို့တွေ့မသွားရ၍ တော်သေးတော့သည်။

ကမ္ဘာပေါ်ရှိ ထိပ်သီးနိုင်ငံအသီးသီးတွင် ပန်းချီ ကောင်စီ(Art Council) များ ထားရှိပါသည်။ နိုင်ငံတော်၏ ယဉ်ကျေးမှု အနုပညာအမွေအနှစ်ကိစ္စအဝဝကို ထိုပန်းချီ ကောင်စီနှင့်တိုင်ပင်၍ လုပ်ကိုင်ကြပါသည်။ မြန်မာပြည် ပန်းချီကောင်စီ(Burma Art Council) က နိုင်ငံတော် အစိုးရအား ကူညီရန်အသင့်ရှိပါသည်။ သုခုမ အနုပညာ ထွန်းကားရေးကို ရှေးရှု၍ အင်္ဂလန်နိုင်ငံရှိ Royal Academy ကဲ့သို့သော အဖွဲ့အစည်းကြီးတစ်ခု ရှိပါသည်။ ဤကဲ့သို့သော တော်ဝင် အနုပညာအသင်းကြီးတစ်ခု ပေါ်ပေါက်လာရေးကို နိုင်ငံတော်အစိုးရက မြန်မာပြည် ပန်းချီကောင်စီ (Burma Art Council) နှင့်တိုင်ပင်၍ အကောင်အထည်ဖော်ပေးရန် မေတ္တာရပ်ခံ တင်ပြပါသည်။

**ရည်ရွယ်ချက်နှင့်လုပ်ငန်း**

(က) ပန်းချီပြပွဲများကျင်းပရေး

(ခ) ပန်းချီပန်းပုပညာရှင်များကို ဘွဲ့ထူးဂုဏ်ထူးများ ပေးရေး

၁။ အထက်ပါအချက်များ အထမြောက်အောင်မြင်နိုင်ရန် အောက်ပါအချက်အလက်များကို နိုင်ငံတော်အစိုးရက ကူညီပါရန်

(က) ပန်းချီအနုပညာသည်များစုဝေးရန် အသင်းတိုက်နှင့် တွဲ၍ ပန်းချီကားရောင်းခန်းပြခန်းများတွဲပေးရန်

(ခ) မြန်မာပြည်ပန်းချီကောင်စီသို့ ယဉ်ကျေးမှုဝန်ကြီး ဌာနမှ ကိုယ်စားလှယ်တစ်ဦးထည့်ပေးရန်

(ဂ) နိုင်ငံတော်အစိုးရ၏နှစ်စဉ်ထောက်ပံ့ကြေးပေးရန်

၂။ ယဉ်ကျေးမှုလုပ်ငန်းတာဝန်ခံပုဂ္ဂိုလ်များ

(က) ယဉ်ကျေးမှုဝန်ကြီးတစ်ဦးကို ခန့်ထားသောအခါ ယဉ်ကျေးမှုအနုပညာများတွင် စိတ်ပါဝင်စားသူများ ကိုသာ ရွေးချယ်ခန့်ထားရန်

(ခ) ညွှန်ကြားရေးဝန် (ယခုအခေါ် ညွှန်ကြားရေးမှူးချုပ်) ကို ခန့်ထားသည့်အခါ ယဉ်ကျေးမှုအနုပညာရပ် များကို နားလည်တတ်ကျွမ်းသူကိုသာ ခန့်ထားရန်

အထက်ပါမြန်မာပြည်ပန်းချီကောင်စီ၏ အကြံပြု တင်ပြချက်စာတမ်းကို ဝန်ကြီးချုပ်ဦးနုအိမ်တွင် ကျင်းပ သော ညစာစားပွဲတစ်ခုတွင် ဝန်ကြီးချုပ် ဦးနုလက်သို့ အတွင်းရေးမှူး ပန်းချီဆရာကြီး ဦးစံဝင်းက တိုက်ရိုက်ပေးခဲ့ သည်ဟု သိရသည်။ ဝန်ကြီးချုပ်ဦးနုက မြန်မာပြည်ပန်းချီ ကောင်စီ၏တင်ပြချက်ကို အစိုးရအဖွဲ့သို့ တင်ပြပေးမည်ဟု ပြောခဲ့ကြောင်း ဆရာကြီး ဦးစံဝင်းထံမှ သိရပါသည်။

လွန်ခဲ့သော ၆၅ နှစ်ကျော်က မြန်မာပြည်ပန်းချီ ကောင်စီ (Burma Art Council) အဖွဲ့ဝင်စာပေ၊ ပန်းချီ ပညာရှင်ကြီးများ၏ အမြော်အမြင်ကြီးစွာ အားထုတ်မှုကို မျက်မှောက်ခေတ် စည်းရုံးရေးပျက်ပြားနေသော ပန်းချီ အစည်းအရုံး အနုပညာလောကသားများ သင်ခန်းစာ ယူစရာ ကောင်းလှပါသည်။ ယနေ့ ယဉ်ကျေးမှုဝန်ကြီး ဌာနကြီးကို တာဝန်ယူနေရသူ တာဝန်ရှိပုဂ္ဂိုလ်များလည်း လေ့လာမှတ်သားသင့်လှပါသည်။

အနုပညာကိုမြတ်နိုးသော မြန်မာပြည်ပန်းချီကောင်စီ အဖွဲ့ဝင် အမှုဆောင်စာပေ၊ ပန်းချီဂုရုကြီးများ၏ လွန်ခဲ့ သော ၆၅ နှစ်ကျော်က တောင့်တမျှော်မှန်းခဲ့သော ဆန္ဒများ ပြည့်ဝခဲ့ပြီလား။ အကယ်၍များ ယနေ့ မျက်မှောက်ခေတ် တိုင်အောင် အပြည့်အဝမရနိုင်သေးကြောင်း တွေ့ရမည် ဆိုလျှင် နတ်ပြည်ခြောက်ထပ်ရောက် ဆရာ့ဆရာကြီးများ စိတ်ချမ်းမြေ့မှုရကြပါ့မလားမသိ။ ကျွန်တော် တွေးပူနေမိ ပါသည်။ ။